
www.burmeseclassic.com

အောင်သင်း

# လူငယ်များသို့ မင်္ဂလာပါ



BURMESE CLASSIC .com

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## စွန်ပွင့်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိပြီးသော ဆရာ ဦးအောင်သင်း၏ စာအုပ်များ

၁။ အနာဂတ်ကို မကြောက်နဲ့
၂။ စဉ်းစားစရာလေးတွေ
၃။ သူတို့အလွမ်း ကျွန်တော်တို့အလှ
၄။ မင်္ဂလာနံနက်ခင်းသြဝါဒ
၅။ မင်္ဂလာသြဝါဒစကား
၆။ တစ်ခါတုန်းက တပည့်တွေ
၇။ နှလုံးသားကို လေးပေါ်တင်၍ပစ်သောအခါ
၈။ လှလိုက်တာနော်နှင့် ရသစာတမ်းငယ်များ
၉။ သံလွင်ရွက်သရဖူ
၁၀။ တိုလီမိုလီစာပေ
၁၁။ သေကိန်းဆိုက်တဲ့ညနှင့် အခြားဝတ္ထုတိုများ (ဘာသာပြန်)
၁၂။ ကိုယ်တွေ့စာစီစာကုံး
၁၃။ ရွှင်ရွှင်ပြုံးပြုံးစာစီကုံး
၁၄။ သိချင်စိတ်
၁၅။ ကျွန်တော်ကျောင်းဆရာ
၁၆။ အောင်သင်းစဉ်းစားမိသမျှ
၁၇။ ပညာသာလျှင်နှင့် သစ်လွင်အတွေးဆောင်းပါးများ
၁၈။ ဖတ်ကြည့်စမ်းပါ စွန့်စွန့်စားစား
၁၉။ သူ့အတွေးကိုယ့်အမြင်
၂၀။ ရှင်ဘုရင်ပါပဲနှင့် ရွှေပြည်တန်သော ဆောင်းပါးများ
၂၁။ အရွယ်
၂၂။ စကားကောင်းနှင့် အခြားဆောင်းပါးများ
၂၃။ ရည်မှန်းချက်နှင့် ပြဿနာအတွေတွေ
၂၄။ အောင်သင်း၏ အင်တာဗျူး
၂၅။ မျိုးဆက်သစ်တိုးတက်ရစ်ဖို့
၂၆။ ဝတ္ထုရေးရာဆောင်းပါးများ
၂၇။ သူတို့နှင့် ကျွန်တော်
၂၈။ မောင်မယ်တို့အတွက် လက်ဆောင်ကမ်းသြဝါဒ
၂၉။ ကိုယ်ကျင့်နဲ့ ပညာ
၃၀။ စာရိတ္တမာန
၃၁။ အောင်သင်း အကြိုက်ဆုံးဝတ္ထုတိုများနှင့် သုံးသပ်ချက်များ
၃၂။ လက်ဆောင့်ကမ်းခဲ့သော လုပ်အားတန်ဖိုး
၃၃။ အမွေ လက်ခံလိုက်စမ်းပါ တကယ့်အနုပညာ
၃၄။ သရက်ထောင် ဖောက်ခဲ့စဉ်က
၃၅။ လူငယ်တွေအတွက် လူကြီးတွေရဲ့ပန္နက်နှင့် ဘဝအမိဌာန်
၃၆။ ကံ့ကူလက်လှည့်

ယခု -

၃၇။ လူငယ်များသို့မင်္ဂလာပါ

### စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

၁၉၂၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် တောင်တွင်းကြီးမြို့ တောင်ပြင်ရပ်နေ သခင်ညီမောင်နှင့် ဒေါ်ရွှေကြင်တို့မှ ဖွားမြင်သော သားသမီး သုံးယောက်အနက် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာလည်း 'အောင်သင်း' ပင် ဖြစ်သည်။

အသက် ၅ နှစ်သားအရွယ်တွင် တောင်ပြင်ရပ်ရှိ ဆရာ ဦးသာဒွန်း၏ မူလတန်းကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည်။ စတုတ္ထတန်း အောင်ပြီးနောက် တောင်တွင်းကြီးမြို့ မိုးထိမြန်မာအထက်တန်းကျောင်းတွင် အလယ်တန်းပညာ ဆက်လက်သင်ကြားခဲ့သည်။ ဆဌမတန်းတွင် ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်နှင့် ကြုံခဲ့သည်။ ထိုနှစ်၌ ဖခင် ကွယ်လွန်သည်။

သတ္တမတန်း၌ ပညာသင်ကြားနေစဉ်တွင် ပညာဘက်၌ အာရုံလျော့နည်းလာသဖြင့် စာမေးပွဲ ကျရှုံးခဲ့သည်။ ထို့နောက် ကျောင်းထွက်နေစဉ် ဖခင် နောက်အိမ်ထောင်ပြုသည်။ ၁၉၄၁ ခုနှစ်တွင် ရှင်သာမဏေ ဝတ်သည်။ သာမဏေဘဝနှင့် ပညာသင်နေစဉ် ဒုတိယကမ္ဘာစစ်ဖြစ်လာ၍ သာမဏေဘဝမှ ထွက်လိုက်ရသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၇ ခုနှစ်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့သို့ ဝင်ရောက်လှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် ဆိုရှယ်လစ်ပါတီသို့ ရောက်သွားပြီး သင်တန်းများတက်၍ ခရိုင်စည်းရုံးရေးမှူး အဆင့်ထိတိုင်အောင် တာဝန်ယူဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၉ ခုနှစ် ရောင်စုံသူပုန်များ ပေါ်ပေါက်လာချိန်၌ ရဲဘော်ဖြူများ၏ ဖမ်းဆီးခြင်းခံရကာ မကွေးထောင်၊ တောင်တွင်းကြီးထောင်၊ ပြည်ထောင်၊ သရက်ထောင်များတွင် နေထိုင်ခဲ့ရပြီး ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလတွင် သရက်ထောင်ကို ဖောက်၍ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

၁၉၅၂ ခုနှစ်ရောက်မှ တောင်တွင်းကြီးမြို့သို့ ပြန်လာခဲ့ပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဝင်ရောက်ဖြေဆိုရာ ထိုနှစ်မှာပင် စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလတွင် မိုးထိ အထက်တန်းကျောင်း၌ အလယ်တန်းပြဆရာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် အလုပ်မှ ထွက်၍ မကွေးကောလိပ်၌ ဥပစာဝိဇ္ဇာတန်းကို စတင် တက်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ပြီး ၁၉၆၀ ခုနှစ်တွင် ဝိဇ္ဇာတန်းကို မြန်မာဘာသာစကားနှင့် အနုစာပေ၊ အင်္ဂလိပ်ဘာသာစကားနှင့် အနုစာပေ၊ ဒဿနိကဗေဒ ဘာသာတွဲဖြင့် အောင်မြင်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ဘီအီးဒီ ဆက်တက်နေစဉ် မြန်မာစာဌာန ပါမောက္ခ ဦးဝန်၏ လက်ထက်၌ မဟာဝိဇ္ဇာ အရည်အချင်းစစ် စာမေးပွဲဖြေခွင့် ပေါ်လာခဲ့သောကြောင့် မြန်မာစာ မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း တက်ရောက်ခွင့်ကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်၌ နည်းပြ ဖြစ်လာသည်။ ၁၉၆၃ ခုနှစ်တွင် မော်လမြိုင် ဒီဂရီကောလိပ်သို့ ပြောင်းရွှေ့ရသည်။ ၁၉၆၅ ခုနှစ် မေလတွင် ပြင်ဦးလွင် စစ်တက္ကသိုလ် မြန်မာစာဌာနသို့ လက်ထောက်ကထိက ရာထူးနှင့် ပြောင်းရွှေ့အမှုထမ်းရသည်။ ၁၉၇၀ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန် တက္ကသိုလ်သို့ ပြန်ပြောင်းရပြီး မဟာဝိဇ္ဇာတန်းကို ဆက်လက် တက်ရောက် ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် 'ဝတ္ထုတိုလေ့လာချက် စာတမ်း' ပြုစုတင်ပြပြီး မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည်။

၁၉၅၉ ခုနှစ်၊ မေလထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခံရသော 'သရက်ထောင်ဖောက်ခဲ့စဉ်က' ဆောင်းပါးသည် အောင်သင်း၏ ပထမဆုံး လက်ရာဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် ရေးပြီး ရှုမဝသို့ ဦးစွာပေးပို့ခဲ့သည်။ ရှုမဝအယ်ဒီတာအဖွဲ့က ပြည်တွင်းစစ်နှင့် ပတ်သက်သော အကြောင်း အရာများကို မထည့်ရန် ဆုံးဖြတ်ထားသောကြောင့် ပြန်ပို့ပေးခဲ့သည်။ အတန်ကြာမှ မြဝတီသို့ ပို့ခဲ့ရာ မြဝတီက ဖော်ပြခဲ့ခြင်း ဖြစ်သည်။

၁၉၆၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ ထုတ်ဝေသော ပုသိမ်မဂ္ဂဇင်းတွင် ဆောင်းပါးနှစ်ပုဒ် ('လူသေ လူမဖြစ်မီက သျှင်ဥက္ကဋ္ဌ' ဟူသော ဆောင်းပါးနှင့် အခြားဆောင်းပါးတစ်ပုဒ်)နှင့်



BURMESE CLASSIC .com



အင်္ဂလိပ်ကဗျာ ဘာသာပြန်တစ်ပုဒ်ကို ရေးသားခဲ့သည်။ လူတစ်ဦး၏စာမူ သုံးပုဒ် ဖော်ပြရန်မသင့်ဟု ဆုံးဖြတ်သောကြောင့် Henery Davibes ၏ The Welcome ကဗျာတွင် 'မောင်သံနိုင်' ဟူသော အမည်နှင့် ဖော်ပြခဲ့ သည်။

၁၉၆၂ ခုနှစ်တွင် 'စာဆိုတော်' ဟူသော ပြားငါးဆယ်တန် မဂ္ဂဇင်းကလေး ထွက်လာခဲ့ဖူးသည်။ ထိုမဂ္ဂဇင်း၏ စာပေညွှန်ကြားရေးမှူး အဖြစ် တာဝန်ခံခဲ့သည်။ (တာဝန်ခံအယ်ဒီတာမှာ တပ်မတော် မင်းရဲထွန်း ဖြစ်သည်။) ထိုစာစောင်တွင်လည်း လစဉ် သုံးလေးပုဒ် ရေးရသောကြောင့် 'မောင်သံနိုင်' ကို တစ်ခါထပ်ပြီး သုံးလိုက်သေးသည်။ သို့သော် နောက်ပိုင်း တွင် အောင်သင်းမှတစ်ပါး အခြားမည်သည့်နာမည်ကိုမျှ မသုံးတော့ပါ။ နာမည်ရင်းအတိုင်းသာ ရေးခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် 'ကဲ့ကော်မြိုင် စာတမ်းများ' စာစု၌ စာတမ်းသုံးပုဒ်ရေးခဲ့ရာ နှစ်ပုဒ်ကို ထိုစဉ်က အထက်တန်း၊ အလယ်တန်း မြန်မာစကားပြေ လက်ရွေးစင်တို့တွင် ကျောင်းသုံးစာအဖြစ် ပြဋ္ဌာန်းခဲ့သည်။

၁၉၆၆ ခုနှစ် ပတ်ဝန်းကျင်တွင် 'စိတ်ပင်လယ်စာတမ်းများ' အတွက် စာတမ်းငယ်နှစ်ပုဒ် ရေးပေးခဲ့သည်။ ၁၉၇၁ ခုနှစ် တွင် ရှုမဝ၌ 'မြန်မာဘာသာ စကားနှင့် ကာရန်မဲ့ကဗျာ' ဟူသော စာပေဝေဖန်ရေး ဆောင်းပါးကို ရေးခဲ့သည်။ ထိုအချိန်မှစ၍ စာပေသဘောတရား စာပေဝေဖန်ရေးများကို ဆက်တိုက်ရေးခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် 'စာပေရေးရာ ဆောင်းပါးများ' အမည်ရှိ စာပေဆောင်းပါးစာစုကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလတွင် သဘင်မဂ္ဂဇင်း အမှတ်(၁) ကို စတင်ထုတ်ဝေခဲ့ရာ ထိုမဂ္ဂဇင်း အမှတ်(၁)မှ စ၍ ၂၅ လတိုင်တိုင် 'အကြိုက်ဆုံး ဝတ္ထုတို' ကဏ္ဍကို လစဉ်ရေးသားခဲ့သည်။

၁၉၇၈ ခုနှစ်၊ ဧပြီလတွင် နိုင်ငံရေး လှုပ်ရှားမှု၌ ပါဝင်ပတ်သက် သည်ဟု မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ယူဆသောကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းခံရသည်။

၁၉၇၉ ခုနှစ်နောက်ပိုင်းတွင် အလွတ်နည်းပြသင်တန်းများ၌ မြန်မာစာသင်ပေးခြင်း၊ စာပေရေးသားခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။

ထို့နောက် အခါအားလျော်စွာ စာပေဟောပြောခြင်း၊ ရေးသူဖတ်သူ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခြင်း၊ စာပေဝေဖန်ရေးဆောင်းပါးများ ရေးသားခြင်း၊ လူငယ်များအတွက် စာကြည့်သင်းယဉ်ကျေးမှု ထွန်းကား ဖွံ့ဖြိုးရေးအတွက် ဆော်ဩရေးသား ဟောပြောခြင်း၊ ပညာရေးဆိုင်ရာ



www.burmeseclassic.com

ကျင့်ဝတ်ဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာပေများ ရေးသားခြင်း၊ ယနေ့တိုင် လူငယ်များ၏ ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝများ ကိုယ်ရည်ကိုယ်သွေးတောက်ပြောင် စိမ်းလန်းရေးအတွက် စာပေရေးသား ဟောပြောခြင်းအားဖြင့် စာပေအနုပညာ၌ ဘဝကို မြှုပ်နှံကာ အချိန်ပြည့်စာရေးဆရာအဖြစ် သက်ဝင်ရှင်သန် နေထိုင်လျက်ရှိပါသည်။

●

ဇွန်ပွင့်စာအုပ်အမှတ် (၁၃၃)

# အောင်သင်း

## လူငယ်များသို့ မင်္ဂလာပါ

အမှတ် ၂၅၇၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၉ ၈၆၀၆၊ ၀၉ ၅၀၄ ၃၁၆၄

www.burmeseclassic.com

www.burmeseclassic.com



# အောင်သင်း

## လူငယ်များသို့ မင်္ဂလာပါ

**ပုံနှိပ်မှတ်တမ်း**

**မျက်နှာဖုံးဒီဇိုင်း**
ဝင်းမြင့်ဦး

**ကွန်ပျူတာစာစီ**
ဗွန်ပွင့်ကွန်ပျူတာ

**ထုတ်ဝေသည့်အကြိမ်**
ဒုတိယအကြိမ်

**ထုတ်ဝေသည့်ကာလ**
မတ်၊ ၂၀၁၇

**အုပ်ရေ**
၁၀၀၀

**ထုတ်ဝေသူ**
ဒေါ်ဝင်းမာတင်(မြ-၀၀၆၆၉)၊ ဗွန်ပွင့်စာအုပ်တိုက်
အမှတ် ၂၅၇၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဒေါ်နီနီနိုင်(မြ-၀၀၂၀၅)၊ သီရိမေအော့ဖ်စက်
အမှတ်(၁၉)၊ ၉၀ လမ်း၊ ကန်တော်လေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

**တန်ဖိုး**
၃၅၀၀ ကျပ်

၀၀၈.၁၁

လူငယ်များသို့ မင်္ဂလာပါ/ အောင်သင်း
- ရန်ကုန်၊ ဗွန်ပွင့်စာအုပ်တိုက်၊ ဒုတိယအကြိမ်၊ ၂၀၁၇။
၂၆၄ - စာ၊ ၁၂ x ၁၃.၅ စင်တီ။
(၁) လူငယ်များသို့ မင်္ဂလာပါ

# နိဒါန်း

(၁)

ဒီစာကို လူငယ်များအတွက် ရည်ရွယ်ပြီး ရေးလိုက်ခြင်း ဖြစ်ပါတယ်။ ထပ်ပြီး ရှင်းပြလိုက်ချင်တာက အသက်ရှစ်ဆယ်ပြည့်လုနီးနီး အဘိုးကြီး တစ်ယောက်က အသက် ၂၀ တစ်ပိုက် စာဖတ်ဝါသနာပါတဲ့ လူငယ်တွေကို လှမ်းပြီး စကားဆိုနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် 'မင်းတို့' 'ငါတို့' စသည်အားဖြင့် ရင်းနှီးစွာ ရေးသွားတော့မှာ ဖြစ်ပါတယ်။

(၂)

'လူငယ်များသို့ မင်္ဂလာပါ' ဆိုတဲ့ ခေါင်းစဉ်ကို ပေးလိုက်ပါတယ်။ 'လူငယ်များသို့' ဆိုတာကတော့ စာရေးသူရည်ရွယ်တဲ့ ပရိသတ်ကို ညွှန်း လိုက်တာ ဖြစ်ပါတယ်။ 'မင်္ဂလာ' ဆိုတာကတော့ နှုတ်ခွန်းဆက်လိုက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



စကားဖြစ်ကြောင်း မြန်မာတွေကိုမဆိုထားနဲ့တော့ နိုင်ငံခြားသားတွေတောင် သိနေကြပါပြီ။

ဒီ 'မင်္ဂလာပါ' ဆိုတဲ့ နှုတ်ခွန်းဆက်စကားကို တွင်ကျယ်နိုင်မြဲလာအောင် ကျင့်သုံးပေးလိုက်တာကတော့ စာသင်ကျောင်းတွေပါပဲ။ ဆရာနဲ့ကျောင်းသားတပည့်တွေဟာ တွေ့လိုက်ရင် 'မင်္ဂလာပါ'လို့ နှုတ်ဆက်ကြရတယ်။ အဲဒီ 'မင်္ဂလာပါ' ဆိုတဲ့ နှုတ်ခွန်းဆက်စကားမပေါ်မီက ငါတို့မြန်မာလူမျိုးတွေမှာ ခိုင်ခိုင်မာမာ နှုတ်ခွန်းဆက်စကား မရှိခဲ့ကြဘူး။ 'နေကောင်းရဲ့နော်' 'ဘယ်သွားမလို့လဲ' 'ဘယ်ကပြန်လာသလဲ' စတာတွေနဲ့ နှုတ်ဆက်ကြတာပဲ။ ကမ္ဘာနိုင်ငံတွေနဲ့ ဆက်သွယ်မိတော့မှ 'နှုတ်ခွန်းဆက်စကား' လိုအပ်နေပြီဆိုတာ သိလာကြတယ်။ ဒါကြောင့် နှုတ်ခွန်းဆက်စကားအမျိုးမျိုး တီထွင်လိုက်ကြသေးတယ်။ ဒါပေမဲ့ အားလုံးကလက်ခံတွင်ကျယ်တဲ့ စကားဖြစ်မလာဘူး။ နောက်ဆုံး ကျောင်းတွင်းစာသင်ခန်းတွေမှာ ဆရာတပည့် နှုတ်ဆက်တာကို အစပျိုးလိုက်တော့မှ 'မင်္ဂလာပါ' ဆိုတဲ့ နှုတ်ခွန်းဆက်စကားဟာ ခိုင်မြဲလာပါတော့တယ်။

ဒါကြောင့် 'မင်္ဂလာပါ' လို့ နှုတ်ခွန်းဆက်ပြီး ဖွင့်လိုက်ပါတယ်။

(၃)

ကောင်းပြီ၊ ဒါဖြင့် 'မင်္ဂလာ' ဆိုတာဘာလဲ။

'မင်္ဂလာပါ' ဆိုတာ 'မင်္ဂလာရှိပါစေ' လို့ ပြောတာပေါ့လို့ ပြန်ပြောလိုက်ရင်လည်း အလွယ်သားပဲ။ ဒါပေမဲ့ 'မင်္ဂလာရှိပါစေဆိုတာက ဘာလဲ၊ ဘာရှိစေချင်တာလဲ'လို့ ဆက်မေးလိုက်ရင် ဘယ်လိုဖြေကြမလဲ။ အတော်လေး ခက်သွားပြီ မဟုတ်လား။

မင်းတို့ ငါတို့ ဗုဒ္ဓဘာသာဝင်တွေဟာ ကလေးလူမမယ်ဘဝကတည်းကစပြီး ဘုရားရှိခိုးခဲ့ကြတာပဲ။

သြကာသ၊ သြကာသနဲ့ ရွတ်ခဲ့ကြတာပဲ။ ကဲ . . . 'သြကာသဆိုတာဘာလဲ' လို့ မေးရင် ဖြေနိုင်ပါ့မလား။ အဲဒီလိုပဲ 'မင်္ဂလာ' ဆိုတာကို





လည်း သိနေကြတာပါပဲ။ အဲ . . . သူများက မမေးသေးရင်ပေါ့လေ။

ရေးနေရင်း ငါကြားဖူးတဲ့ အင်္ဂလိပ်စကားလေးတစ်ခုကိုသွားပြီး သတိရမိတယ်။ ဒါလည်း ဆရာဇော်ဂျီ ရယ်ကာမောကာ ရွတ်ပြခဲ့တာလေးပါ။ "If you don't ask me I know. If you ask me I don't know." တဲ့။ မမေးရင် သိတယ်၊ မေးရင် မသိတော့ဘူးပေါ့ကွယ်။

'မင်္ဂလာပါ' မှာလည်း ဒီလိုပဲ ဖြစ်နေကြတာပေါ့။ မင်းတို့တင်လား ဆိုတော့ ငါလည်း ဒီလိုပဲ ဖြစ်နေခဲ့တာပါပဲ။ နောက်တော့ ကျောင်းဆရာတစ်ယောက်ဖြစ်နေတာမို့ 'မင်္ဂလာ'ဆိုတာလေးတော့ သိမှဖြစ်မယ်၊ ကလေးတွေက မေးလိုက်ရင် ဒုက္ခရောက်ရချည်ရဲ့ဆိုပြီး ရှာဖွေမှတ်သားထားလိုက်ရတယ်။ ဒါတောင် အခု ဒီစာကို ရေးမယ်ကြံတော့ ပြန်ကြည့်လိုက်ရသေးတယ်။

ဆရာကြီး ဦးဟုတ်စိန်ရဲ့ ပါဠိ–မြန်မာအဘိဓာန်မှာ –

*'မင်္ဂလာ–ကောင်းခြင်း၊ ပွားခြင်းသို့ရောက်ခြင်း၊ ချီးမွမ်းအပ်သော ကောင်းမြတ်သော တရား၊ စီးပွားချမ်းသာ၏ အကြောင်းဖြစ်သော တရား'*

လို့ ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။ ဒီတော့ 'မင်္ဂလာပါ' ဆိုတာ 'ကောင်းမြတ်သောတရားနှင့် ပြည့်စုံပါစေ' ဆိုတဲ့ 'ဆုတောင်းခွန်းဆက်စကား' လို့ ဆိုသင့်တာပေါ့။

တစ်ဆက်တည်းမှာပဲ ရှေ့နားက စကားစပ်မိခဲ့တဲ့ 'သြကာသ' ဆိုတာကို (ကြုံတုန်းကြုံခိုက်) ပြောလိုက်ရဦးမယ်။ အဲဒီ ပါဠိ–မြန်မာအဘိဓာန်မှာ ဖွင့်ဆိုတာက 'ခွင့်တောင်းခြင်း၊ ခွင့်ပြုခြင်း' ဆိုတဲ့ သဘောပါပဲ။ ဒီတော့ ဘုရားရှိခိုးရာမှာ 'သြကာသ' လို့ အစချီလိုက်တဲ့ သဘောက အလွန်ရှိသေအပ်သော ဘုရားရှင်ထံမှာ သို့မဟုတ် သီလယူရင် သံဃာတော်ထံမှာ 'တပည့်တော်အား လျှောက်ထားခွင့် ပြုတော်မူပါဘုရား' လို့ တောင်းပန်လိုက်တာပါပဲ။

(၄)

'မင်္ဂလာပါ' လို့ နှုတ်ခွန်းဆက်ပြီး ဘာအကြောင်းရေးမှာလဲလို့ မေးစရာရှိ



www.burmeseclassic.com

www.burmeseclassic.com



လာပြန်ပါတယ်။ 'မင်္ဂလာ' အကြောင်းကို ရေးမှာပါပဲ။ ဘယ်လိုမင်္ဂလာ အကြောင်းတွေ ရေးမှာလဲလို့ ဆက်ပြီးမေးရင်တော့ ဘုရားရှင်တော် ဟောကြားတော်မူခဲ့တဲ့ 'မင်္ဂလသုတ်' အကြောင်းကို ရေးမှာပါပဲ။

ဒီလိုဆိုတော့ မင်းတို့ဘက်ကလည်း ဆက်ပြောစရာရှိလာပြန်တာ ပါပဲ။ ''အဲဒါမှ ဗုဒ္ဓဝါဒ ဓမ္မမင်္ဂလာပေ ဆိုတာတွေကို ကျွန်တော်တို့ ကုန်းအော်ပြီး ကျက်ခဲ့ရတာ ခုထက်ထိ အလွတ်ရနေပါသေးတယ်၊ ဘာပြုလို့ ဒါကို ရေးနေဦးမှာလဲ'' စသည်အားဖြင့် ပြောစရာရှိပါတယ်။

ဒီလိုဆိုရင် ငါကလည်း မင်းတို့ကို ပြန်မေးလိုက်ဦးမှာပဲ။ မင်းတို့ တွေ 'သြကာသ' နဲ့ 'မင်္ဂလသုတ်' ဘယ်သင်းနဲ့ အရင်တွေ့ခဲ့သလဲ။ သြကာသကို အရင်တွေ့ခဲ့ကြတယ် မဟုတ်လား။ ဒါပေမဲ့ တကယ်သိခဲ့ ကြသလား။ စာမေးပွဲဖြေနိုင်ရုံတော့ သိခဲ့ကြမှာပေါ့။ မင်းတို့မှသာ မဟုတ် ပါဘူး။ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းသားတွေလည်း 'ဇဝံ မေ သုတံ၊ ဧကံ သမယံ၊ ဘဂဝါ သာဝတ္ထိယံ' ဆိုတာမျိုးတွေ၊ 'အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ' ဆိုတာမျိုးတွေကို ကျွက်ကျွက်ညံနေအောင် အော်ဟစ်ပြီး ကျက်ခဲ့ကြတာပါပဲ။

မင်းတို့လို မင်္ဂလသုတ်လောက်သာမကဘဲ ရတနသုတ်၊ မေတ္တသုတ်၊ ဓမ္မစကြာဆိုတာတွေကိုလည်း ပါဠိရော အနက်အဓိပ္ပာယ်ကိုပါ အော်ပြီး ကျက်မှတ်ခဲ့ကြရတာပါပဲ။ ကျက်တော့ ဘာဖြစ်လဲ၊ အလွတ်ရတာပေါ့။ အလွတ်ရတော့ ဘာဖြစ်လဲ၊ ရွတ်ရတာပေါ့။ ရွတ်တော့ ဘာဖြစ်လဲ။ ဘာဖြစ်မှန်းကို မသိတော့ဘူး။

ရွတ်ကြတော့ ဘာဖြစ်လာလဲ။ ဘာဖြစ်လာမှန်း မသိတော့ဘူး။ ဒီတော့ ဒါတွေ ရွတ်လိုက်ရင် အန္တရာယ်ကင်းတယ်၊ ကျက်သရေရှိတယ် လောက်ပဲ ထင်လာတယ်။ လာဘ်ရွှင်တယ်၊ စီးပွားတက်တယ်။ ဘီလူး သရဲ စုန်း တစ္ဆေတွေ ထွက်ပြေးတယ်ဆိုတာမျိုးတွေ ဖြစ်လာတယ်။

မင်္ဂလသုတ်လိုဟာမျိုး မဆိုထားနဲ့ ဘုရားဟောတရားတော်မှာ နိဗ္ဗာန်ရောက်ကြောင်း တရားအကျဉ်းချုပ် (အကျဉ်းဆုံးတရားအချုပ်)လို့





ဆိုနိုင်တဲ့ ဓမ္မစကြာသုတ်ကိုတောင်မှ ရွတ်တာလောက်နဲ့ပဲ ကျေနပ်နေကြ တယ်။ ဆင်ခြင်ကြံဆဖို့ အားထုတ်ကြိုးပမ်းဖို့ သတိမရကြတော့ဘူး။

ဒီကိစ္စနဲ့ ပတ်သက်ပြီး စိတ်ဆင်းရဲခြင်းဖြစ်တော်မူကြတဲ့ 'ကျမ်းတတ်' ဆရာတော်ကြီးများရဲ့ 'ပင့်သက်ချသံ'ကို မင်းတို့တွေ နားထောင်ကြည့် ကြစမ်းပါ။

''သာသနာတော်မှာ ဒီလောက်အရေးပါတဲ့ တရားတော်ကြီးတစ်ခု ဟာ ဇရပ်ပေါ်က ဝတ်အသင်းသူကလေးများရဲ့ ပါးစပ်ဖျားမှာတင် လမ်းဆုံးနေရတာဟာ သာသနာတော်နဲ့ ကြုံတွေ့ရသူတို့ရဲ့ နစ်နာချက်ကြီး တစ်ခုပါပဲ''

အဲဒါဟာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ကြီး 'အရှင်သေဋ္ဌိလ' နဲ့ တောင်တွင်းကြီး 'နတ်မှီဆရာတော်ကြီး' တို့ရဲ့ ပင့်သက်ချသံတွေပါပဲ။ ဆိုလိုတာက ကျောက်မျက်ရတနာမျိုးစုံထွက်တဲ့ 'ဝေဘူလ၊ ဝေဘာရ' တောင်ကို ရောက်ပါလျက် မီးခတ်ကျောက် (အင်ကြင်းကျောက်) ကို ကောက်ပြီး ပြန်လာတဲ့ လူမိုက်လို ဖြစ်နေကြပြီလို့ ပြောလိုက်တာပါပဲ။

နိဗ္ဗာန်ရောက်ကြောင်း အနှစ်သာရကိုချုပ်ပြီး ပြလိုက်တဲ့ ဓမ္မစကြာ တောင်မှ အရွတ်စခန်းမှာ လမ်းဆုံးနေတော့ မင်္ဂလသုတ်ကိုတော့ ပြောမနေ နဲ့တော့။ ဒီကြားထဲမှာ မင်္ဂလသုတ်ကို ပရိတ်ကြီးဆယ့်တစ်သုတ်မှာ သွင်း လိုက်ပြန်တော့ ဒီသုတ်ကို ပရိတ်အဖြစ် ရွတ်ကြပြန်တယ်။ ရွတ်တာနဲ့ပဲ ကျေနပ်နေတော့ စဉ်းစားချိန်၊ ကျင့်ချိန် မရတော့ဘူး။

ဒါကြောင့် မင်းတို့တစ်တွေကို ရွတ်ရုံနဲ့ ကျေနပ်မနေကြဘဲ ကိုယ်တိုင် ကြံဆအားထုတ်ဖို့ သတိရကြအောင် နှိုးဆော်တဲ့သဘောနဲ့ ရေးမှာပါ။ မင်းတို့ မသိသေးတာကို သိအောင် တွန်းပြမှာ မဟုတ်ပါဘူး။ သိပြီးသား တွေကို နောက်တစ်ခါ ပြန်ကြည့်မိအောင် လက်တို့သတိပေးလိုက်ရုံ ရေးမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ငါတို့မြန်မာလူမျိုးတွေအဖို့ လူကြီးလူငယ်အားလုံး ရင်းနှီးနေကြတဲ့ 'မင်္ဂလသုတ်' ဒေသနာတော်အကြောင်းကို ရေးမှာဖြစ်ပါတယ်။ သို့သော်လည်း မင်းတို့မသိတာတွေကို ရေးမှာမဟုတ်ပါဘူး။ ငါက အဲဒီလောက်လည်း ပညာကြီးသူ မဟုတ်ပါဘူး။ ဒါကြောင့် ကိုယ်တတ်သမျှ သိသမျှ ဗဟုသုတလေးနဲ့ မင်းတို့သိပြီးသားကို နောက်တစ်ကြိမ် ပြန်ကြည့်မိအောင် သာလျှင် သတိပေးတဲ့သဘောနဲ့ ရေးမှာပါလို့လည်း ကြိုတင်ပြီး ဝန်ခံခဲ့ပါတယ်။

ပြောလိုက်ရဦးမယ်။

မင်းတို့အတွက် ရေးဖို့ပြင်ဆင်ခိုက်မှာကိုပဲ ငါ့မှာ ကျေးဇူးဖြစ်ထွန်းလိုက်တာ ပြောမပြနိုင်အောင်ပါပဲ။ ဒီလိုကွယ့်။

မင်္ဂလသုတ်က 'ပရိတ်ကြီးဆယ့်တစ်သုတ်' မှာ ပါနေတယ် မဟုတ်လား။ ဒီတော့ ပရိတ်ကြီးကို ပြန်ရှာကြည့်ရပြန်တာပေါ့။ ဒီတော့လည်း အလွယ်သားပဲ၊ ရဟန်းပညာရှိ၊ လူပညာရှိအပေါင်းက 'ကောင်းလှပါချေရဲ့' လို့





ချီးကျူးပူဇော်ရတဲ့ 'ပရိတ်ကြီးနိဿယသစ်' ကို ပြန်ဖတ်ရတာပေါ့။ ဒါကြောင့် အလွယ်သားပဲလို့ ပြောခဲ့တာပါ။ ငါတို့အဖို့တော့ သက်သာလွယ်ကူစွာဖတ်ရတာမို့သာ လွယ်တယ်လို့ ပြောလိုက်ရတာပါ။ ဒီကျမ်းကို ပြုစုခဲ့တဲ့ 'သပြေကန်' ဆရာတော်ကြီးမှာတော့ (ပိဋကတ်ကို ချောက်ချားပြီး ဖြစ်နေပါလျက်) ချွေးတလုံးလုံးနဲ့ လပေါင်းများစွာ ပင်ပန်းတော်မူခဲ့ရရှာမှာပေါ့။

ကျမ်းပြုတဲ့ဆရာတော်ကို မဆိုထားနဲ့ 'နိဒါန်း' ရေးလိုက်တဲ့ 'အဘယာရာမ' ဆရာတော်ရဲ့ ကြိုးပမ်းအားထုတ်မှုကလည်း ကြောက်ခမန်းလန့်ခမန်းပါပဲ။

မင်းတို့တစ်တွေ ရှိသေစွာ သတိပြု မှတ်သားသင့်တာကြောင့် ဆရာတော်ကြီးနှစ်ပါးရဲ့ ဘွဲ့တော်တွေကို ထည့်ပြီး ရေးလိုက်ပါဦးမယ်။ စာပေပရိယတ္တိနဲ့ ပတ်သက်ပြီး ဆက်ကပ်လိုက်တဲ့ ဘွဲ့တော်တွေကို မရေးတော့ဘူး။ 'သပြေကန်' ဆိုလိုက်ရင် စာပေသမားတိုင်း သိကြပါတယ်၊ ဘွဲ့အမည်တော်က 'အရှင်ဝါသေဋ္ဌာဘိဝံသ' တဲ့၊ နိဒါန်းရေးတဲ့ ဆရာတော် 'ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်' ဆိုရင် အားလုံးသိကြပါတယ်။ ဘွဲ့အမည်တော်ကတော့ 'အရှင်သီလာနန္ဒာဘိဝံသ' တဲ့၊ နောင်အခါမှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ မိန့်ကြားချက်အရ အမေရိကမှာ သီတင်းသုံး သာသနာပြုရတာမို့ 'ကာလီဖိုးနီးယား ဆရာတော်' ရယ်လို့ တွင်လာခဲ့ပြန်ပါသေးတယ်။

နိဒါန်းကိုရော၊ ပရိတ်ကြီးနိဿယသစ်ကိုရော ဖတ်လိုက်ရတာ ငါ့မှာ အရသာရှိလွန်းလို့ ပြောမပြနိုင်လောက်အောင် ကျေးဇူးဖြစ်ထွန်းတယ်လို့ ဆိုခဲ့ရပါတယ်။ ကဲ . . . 'မင်္ဂလသုတ်' ဆီကို သွားလိုက်ကြဦးစို့။

*

လောကမှာ ကောင်းကျိုးဖြစ်ထွန်းပွားများသော တရားတွေဟာ ဘာတွေလဲဆိုတာကို လူနတ်အပေါင်းတို့ ကြံစည်တွေးတောကြတာ ၁၂ နှစ်တိုင်ကြာခဲ့ပြီးမှ မထင်ရှားတဲ့ နတ်တစ်ပါးက ဘုရားရှင်ထံ သန်းခေါင်ယံလောက်မှာ ရောက်လာပြီး 'လောကမှာ ကောင်းကျိုးချမ်းသာ စီးပွားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းစေသော မှတ်သားဖွယ်ရာ တရားများဟာ အဘယ်တရားများ ဖြစ်ပါသလဲ အရှင်ဘုရား' လို့ လျှောက်ထားမေးမြန်းတယ်။ အဲဒီအခါ ဘုရားရှင်က သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတွေကို ဟောကြားမိန့်မြွက်တော်မူခဲ့ပါတယ်။ ဒါတွေကိုတော့ မင်းတို့အားလုံး သိကြပြီး ဖြစ်ပါတယ်။

ကဲ . . . ဘုရားရှင်ရဲ့ မှာကြားချက်တွေဆီကို သွားကြစို့။

မင်းတို့လည်း ရင်းနှီးပြီးဖြစ်နေတာမို့ ပါဠိတော်ကလေးနဲ့ပဲ ဖွင့်လိုက်ပါရစေ။

အသေဝနာ စ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊
ဧတံ မင်္ဂလ မုတ္တမံ။
ပြောလိုက်ရဦးမယ်။

မင်းတို့အထက်က ဂါထာလေးကို ဖြည်းညင်းသက်သာ ရွတ်ကြည့်စမ်းပါ။ အလွန်ကိုရွတ်လို့ကောင်း၊ နာလို့ကောင်းတဲ့ 'နှုတ်ချိုနားချို' ကဗျာလေးဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ 'ဂါထာ' ဆိုတာ 'ကဗျာ' ပါပဲ။ ပါဠိကဗျာပေါ့။

'ဒေဝပုတ္တ၊ နတ်သား၊ ဗာလာနံ၊ လူမိုက်တို့ကို၊ ယာ အသေဝနာ စ၊ အကြင် မပေါင်းမသင်း မမှီဝဲခြင်းသည်လည်းကောင်း၊ ပဏ္ဍိတာနံ၊ ပညာရှိသူတော်ကောင်းတို့ကို၊ ယာ သေဝနာ စ၊ အကြင်ပေါင်းသင်းမှီဝဲခြင်းသည်လည်းကောင်း၊ ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို၊ ယာ ပူဇာ စ၊ အကြင်ပူဇော်ခြင်းသည်လည်းကောင်း၊ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤတရားသုံးပါးကား၊ ဉတ္တမံ၊ ကောင်းမြတ်သော၊ မင်္ဂလံ၊ မင်္ဂလာပေတည်း။'

လူမိုက်ကို ရှောင်ခွာခြင်း၊ ပညာရှိသူတော်ကောင်းကို ပေါင်းသင်းဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းတို့ဟာ ကောင်းမြတ်သော မင်္ဂလာတရားဖြစ်တယ်ပေါ့။

*





ဗာလ-လူမိုက်?

အဲဒီမှာ ငါ့အဖို့ပထမဆုံး စဉ်းစားမိတာက 'ဗာလ-လူမိုက်' ဆိုတဲ့ စကားလုံးပါပဲ။

ဘယ်လိုလူမျိုးကို လူမိုက်လို့ခေါ်သလဲ။ ရှေ့ပိုင်းမှာပြောခဲ့သလိုပေါ့။ မမေးရင်တော့ သိသလိုလိုပဲ။ မေးလိုက်ရင် ယောင်ချာချာဖြစ်သွားတာမျိုးပေါ့။

သပြေကန်ဆရာတော်ဘုရားကြီးကတော့ –

'လူမိုက်ဟုသိနိုင်သော အမှတ်အသားများကား၊
မကောင်းသောအကြံကို ကြံခြင်း၊ မကောင်းသောစကားကို
ပြောခြင်း၊ မကောင်းသောအလုပ်ကို လုပ်ခြင်းတို့တည်း။
ဤလက္ခဏာသုံးပါးရှိသူကား အမျိုးမြတ်သူပင်ဖြစ်စေ၊
ပစ္စည်း၊ ဥစ္စာကြွယ်ဝသူပင်ဖြစ်စေ၊ အစိုးရသူပင်ဖြစ်စေ၊
မည်သူမဆို (ဗာလ) လူမိုက်ပင်တည်း။'

လို့ ဖွင့်ဆိုထားပါတယ်။

အလွယ်အားဖြင့် မှတ်ထားလိုက်ဖို့ကတော့ ကိုယ်၊ နှုတ်၊ နှလုံး မကောင်းတဲ့သူကို လူမိုက်လို့ ခေါ်နိုင်တယ်လို့ ဆိုလိုတာပေါ့။

*

'လူမိုက်' ဆိုတာကြောင့် သတိရနေမိတာလေးတစ်ခုကို ပြောလိုက်ရပါဦးမယ်။ မင်းတို့တစ်တွေ နားယဉ်နေပြီးသားပါ။ ဒသမတန်းမှာ ပြဋ္ဌာန်းထားတဲ့ 'မြန်မာစကားပြေလက်ရွေးစင်' စာအုပ်မှာ 'သိဃ်သူ့သမီးကျောက်စာ' ကို မှတ်မိကြဦးမှာပေါ့။ အဲဒီကျောက်စာထဲက 'သိဃ်သူ့သမီး' ဆုတောင်းကို ငါကိုယ်တိုင် နောက်ပိုင်းကျမှ အလေးအနက် သတိထားမိလာပါတယ်။

သူ့ဆုတောင်းက –

'ငါလည်း ရမ္မက်ကြီးသော၊ အပေးအကမ်းမရှိသော၊
အမျက်ကြီးသော၊ သူတစ်ထူးကို ညှဉ်းပန်းတတ်သော၊
ပညာမရှိသော၊ မိုက်သောမဖြစ်မူ၍၊ ရမ္မက်နည်းသော၊



www.burmeseclassic.com

www.burmeseclassic.com



အပေးကမ်းရှိသော၊ အမျက်နည်းသော၊ သနားတတ်သော၊

ပညာရှိသော၊ အကြောင်းကိုသိသော’

ရယ်လို့ ဆုတောင်းထားတာ မင်းတို့ တွေ့ကြပါလိမ့်မယ်။ ရမ္မက်၊ အမျက်၊ ပညာဆိုတာတွေဟာ လောဘ၊ ဒေါသ၊ မောဟကို မြန်မာလို ပြန်ဆိုထားတာဖြစ်ကြောင်း သိသာပါတယ်။ သတိထားသင့်တာက ‘မောဟ’ ကို ပညာမရှိသောလို့ ပြန်ဆိုထားခြင်း ဖြစ်ပါတယ်။ ဒီတော့ သေချာစဉ်းစား လေ့လာကြည့်လိုက်ရင် –

ပညာမရှိသော = မိုက်သော

ပညာရှိသော = အကြောင်းကိုသိသောလို့ ဖြစ်မလာပေဘူးလား။

မိုက်သော = အကြောင်းကိုမသိသောလို့ အဖြေထွက်လာတယ်။

ဒါဖြင့် ‘အကြောင်းကိုသိသော’ ဆိုတာ ဘာကိုဆိုလိုသလဲဆိုတာကို ထပ်ပြီး စဉ်းစားကြရပြန်ပြီ။

ငါတို့တစ်တွေဟာ ‘အကျိုး–အကြောင်း’ ‘အကြောင်း–အကျိုး’ ဆိုတဲ့ စကားတွေကို နေ့စဉ်သုံးနေကြတာပဲ။ ‘ဒီကောင် အကျိုးအကြောင်း ဘာမှမဆင်ခြင်ဘူး’ဆိုတဲ့ စကားမျိုးတွေလည်း ပြောတတ်ကြတယ်။ ‘ကြောင်းကျိုးမြင်သိ၊ ပညာရှိ’ လို့လည်း ပြောတတ်ကြပါတယ်။

နောက်ပြီး ဘုရားရှင်ကိုယ်တော်မြတ်ကလည်း ‘အကြင်တရားဟူသမျှ၌ အကြောင်းရင်းတို့ ရှိကုန်၏’ လို့ မိန့်တော်မူခဲ့တယ် မဟုတ်လား။ အကျိုးတရားတစ်ခုပေါ်လာလိုက်ရင် အဲဒါရဲ့ရင်းမြစ် အကြောင်းတရားက ရှိစမြဲပဲ။

ဒီနေရာမှာ စကားဖောက်ပြီး ပြောလိုက်ချင်တာက အကြောင်းတရားနဲ့ အကျိုးတရားဟာ ထင်သာမြင်သာနေရာတိုင်းမှာ ဆက်စပ်နေတာ မဟုတ်ဘူး။ သီးခြားဖြစ်ရပ်တွေ မဟုတ်လား။

ဆိုကြပါစို့ကွယ်။





နေမင်းကြီးထွက်လာတယ်။ ပူလာတယ်။ နေထွက်တာက အကြောင်း၊ ပူလာတာက အကျိုး။ အဲဒီအကြောင်းနဲ့ အကျိုးကို လူက ဆက်စပ်ပြီး သိယူရတာ။ ကောက်ချက်ဆွဲယူရတာ။ နေထွက်လာတယ်။ ပူတယ်။ နေဝင်သွားတယ်။ အေးသွားတယ်။ ဒါကြောင့် နေထွက်ခြင်းသည် အကြောင်း၊ ပူလာတာသည် အကျိုးရယ်လို့ ဆက်စပ်ယူကြရတာ မဟုတ်လား။

အဲဒီလိုပဲ မီးခိုးကို မြင်လိုက်ရင် မီးရှိနေတယ်လို့ သိလိုက်တယ်။ မီးခိုးထွက်ခြင်းသည် ‘အကျိုး’။ မီးရှိနေခြင်းသည် ‘အကြောင်း’။ အကျိုးကို မြင်လိုက်တွေ့လိုက်လို့ အကြောင်းကို သိတာပေါ့။ ဒီတော့ အကျိုးတရားကို တွေ့လိုက်ရင် အကြောင်းတရားကို ချက်ချင်းသိလိုက်တယ်လို့ ထင်မိစရာ ဖြစ်လာတယ်။ ဆိုလိုတာက အကြောင်းနဲ့အကျိုးဟာ ဆက်စပ်နေတယ်လို့ ပုံသေမှတ်သားရပလို ဖြစ်နေတယ်။

သို့သော် ‌ရှေးခေါ်ပညာရှင်တွေပြောတာက –

အကြောင်းသည်လည်း ဖြစ်ရပ်တစ်ခု။

အကျိုးသည်လည်း ဖြစ်ရပ်တစ်ခု။

အဲဒီဖြစ်ရပ်နှစ်ခုကို ဆက်စပ်တွေးတောလိုက်ခြင်းသည်ပင်လျှင် ကြောင်းကျိုးဆင်ခြင်မှုဖြစ်တယ်။ ဆိုလိုတာက ဖြစ်ရပ်နှစ်ခုကို တွေးတောခြင်းက (ဝါ) ဆင်ခြင်မှုကသာ ဆက်စပ်ပေးထားခြင်းဖြစ်တယ်။ ဒါကြောင့် တွေးတောဆင်ခြင်မှုဆိုတာဟာ ဖြစ်ရပ်တွေရဲ့ ကြောင်းကျိုးဆက်စပ်မှုကို စူးစမ်းခြင်းဖြစ်တယ်လို့ ဆိုလိုတယ်။

ဒီလိုဆိုလိုက်တော့ –

ကြောင်း–ကျိုး ဆက်စပ် ဆင်ခြင်မှုဆိုတာဟာ အလွယ်သားပဲလို့ ယူမှတ်လိုက်စရာ ဖြစ်နေတယ်။

အဲဒီလောက်မလွယ်လှပါဘူး။

စောစောကပြောခဲ့တဲ့ ‘နေထွက်လာတယ်။ ပူလာတယ်’၊ ‘မီးရှိတယ်၊ မီးခိုးထွက်ပါတယ်’ ဆိုတာမျိုးကတော့ ထင်သာမြင်သာရှိနေတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကျိုးဆက်စပ် တွေးတောဖို့ လွယ်တာပေါ့။ ဒါပေမဲ့ ကြောင်းကျိုးဆက်စပ်မှုဆိုတာ နေရာတိုင်းမှာ အဲဒီလို ထင်သာမြင်သာရှိနေတာ မဟုတ်ဘူး။

ဆိုကြပါစို့ –

'ချောင်းဆိုးတယ်'။ အဲဒါ အကျိုးတရား။

'ဘာကြောင့် ချောင်းဆိုးသလဲ'။ အကြောင်းကို ရှာပြီ။ အလွယ်တကူ တွေ့နိုင်တာ ရှိတယ်။ မတွေ့နိုင်တာ ရှိတယ်။

'လည်ချောင်းထဲ ဖုန်ဝင်လို့' 'မီးခိုးသီးသွားလို့' ဆိုတာမျိုးတွေမှာ လွယ်တယ်။ သို့သော် အဲဒီလို ထင်သာမြင်သာ အနီးကပ်အကြောင်းတွေကို မတွေ့တော့ဘူးဆိုရင် ဆက်ပြီး တွေးတောဆင်ခြင်ရပြီ။ အအေးမိလို့လား၊ အဆုတ်မှာ ပြဿနာဖြစ်လို့လား စသည်ဖြင့်ပေါ့။

ဒီလိုပဲ ကိုယ်ပူလာတယ်၊ ဘာကြောင့်လဲ၊ အဖျားဝင်လို့၊ ဘာကြောင့် အဖျားဝင်သလဲ၊ အကြောင်းတွေ ဆက်ရှာရပြန်ပြီ။ ရှာလို့မရတော့ဘူးဆိုရင် မရှာတတ်တော့ရင် ဘာလုပ်ရလဲ။ ဆေးဆရာ၊ သမားတော်ဆီကို သွားရမှာပေါ့။ သူက အကြောင်းကို ရှာတတ်တယ် မဟုတ်လား။

ဒီတော့ ထင်ရှားနေတာတစ်ခုက မင်းတို့ ငါတို့တွေဟာ အကျိုးတရားတွေကိုသာ တွေ့ရတာ။ အကျိုးတရားကိုတွေ့ပြီးမှ အကြောင်းကို ရှာကြရတာ။ ဒီတော့ . . .။

အကြောင်းကို သိရင် အကျိုးကို သိဖို့ လွယ်တယ်။

အကျိုးကို တွေ့ရုံနဲ့ အကြောင်းကို သိဖို့ မလွယ်လှဘူး။ အကြောင်းရင်းကို ရှာတတ်သူဟာ ပညာကို ရလာတာပါပဲ။

ဒါကြောင့် သိင်္ဃသုံ့သမီးက 'ငါလည်း ပညာမရှိသော၊ မိုက်သော မဖြစ်မူ၍ ပညာရှိသော၊ အကြောင်းကိုသိသောသူ ဖြစ်လိုသတည်း' လို့ ဆုတောင်းခဲ့တာပေါ့။

'သိင်္ဃသုံ့သမီး' ရဲ့ ဆုတောင်းကို သေချာလေ့လာကြည့်လိုက်ရင် အကြောင်းအကျိုး ဆက်စပ်ပြထားတာ တွေ့ရလိမ့်မယ်။





ရမ္မက်ကြီးသော၊ မရောင့်ရဲသော (အကြောင်း–အကျိုး)

အမျက်ကြီးသော၊ သူတစ်ထူးကို ညှင်းပန်းတတ်သော (အကြောင်း–အကျိုး)

ပညာမရှိသော၊ မိုက်သော (အကြောင်း–အကျိုး)

ရမ္မက်နည်းသော၊ ရောင့်ရဲတတ်သော (အကြောင်း–အကျိုး)

အမျက်နည်းသော၊ သနားတတ်သော (အကြောင်း–အကျိုး)

ပညာရှိသော၊ အကြောင်းကိုသိသော (အကြောင်း–အကျိုး)

*

ဟာလ–လူမိုက်အကြောင်းကို ရေးလိုက်တာ ရှည်လှချည်လားလို့ မထင်ပါနဲ့။ အရေးကြီးတဲ့ကိစ္စမို့ ဘုရားရှင်ကလည်း ထိပ်ဆုံးကတင်ပြီး ဟောတော်မူခဲ့တာဖြစ်မှာပေါ့။ ဒါကြောင့် အကျယ်တဝင့်ရေးနေတာပါ။

နောက်ပြီး ခြေခြေမြစ်မြစ်စဉ်းစားတတ်တဲ့ အလေ့အကျင့်လေး ရသွားစေချင်တာကြောင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၂)

မင်္ဂလာတရားတော်ရဲ့ ပထမဆုံးအဖွင့်စကား 'အသေဝနာ စ ဗာလာနံ' နဲ့ ပတ်သက်ပြီး 'ဗာလ–လူမိုက်'အကြောင်းကို ရေးခဲ့ပါတယ်။ အခုလည်း အဲဒီအကြောင်းကို ဆက်ချင်ပါသေးတယ်။

စိတ်မပျက်ကြပါနဲ့။ သေချာစဉ်းစားပြီး ဖတ်ကြည့်ပါ။ အရာရာမှာ ခြေခြေမြစ်မြစ် စဉ်းစားပြောဆိုတတ်တဲ့အလေ့ကို ထူထောင်ကြစေချင်လို့ ရေးပေးနေရတာပါ။

သိင်္ဃသူ့သမီးက 'ပညာမရှိသော မိုက်သော၊ ပညာရှိသော အကြောင်းကိုသိသော' လို့ရေးခဲ့တယ်။ ရေးသွားပုံကိုက အကြောင်းအကျိုး ဆက်စပ်ပြီး ရေးထားတာ ဖြစ်ပါတယ်။ ပညာမရှိခြင်းသည်–အကြောင်း၊ မိုက်ခြင်းသည်–အကျိုး ဖြစ်မလာပေဘူးလား။ အဲဒီလိုပဲ ပညာရှိခြင်းဆိုတဲ့ အကြောင်းခံကြောင့် အကြောင်းကို သိခြင်းဆိုတဲ့ အကျိုးကို ရရှိတယ်ပေါ့။

ဒီတော့ လိုရင်းအချုပ်ကို ကြည့်လိုက်ရင် ဖြစ်ပေါ်လာသမျှ၊ တွေ့ကြုံလာသမျှ၊ ကိစ္စအရပ်ရပ်တို့ကို ပေါ်ပေါက်လာအောင် ဖန်တီးတဲ့





အကြောင်းရင်းတွေကို တွေ့အောင် ရှာတတ်ဖွေတတ်ရင် ပညာရှိလို့ ခေါ်နိုင်တယ်ဆိုတဲ့ အဖြေ ထွက်လာတယ်။

အဲဒီအပြင် 'ပညာ' ဆိုတာ 'အကြောင်းကို ရှာတတ်သော ဉာဏ်' ဆိုတဲ့ သဘောလည်း ထင်ရှားလာတယ်။

တိရစ္ဆာန်တွေလည်း –

ဒီနေရာမှာ လူနဲ့တိရစ္ဆာန်တို့ ခြားနားပုံ၊ တိရစ္ဆာန်တွေမှာလည်း အဆင့်ခြားနားကြပုံကို လေ့လာသင့်တယ်လို့ ထင်မိတယ်။

'ပိုးဖလံမျိုး မီးကိုတိုး' ဆိုတဲ့ စကားကို မြန်မာတိုင်း သိနေကြတာပါပဲ။ ပိုးဖလံလို့ခေါ်တဲ့ ပလူကောင်တွေဟာ မီးတောက်ထဲ တိုးဝင်ကြတာ မင်းတို့လည်း မြင်ဖူးကြမှာပါပဲ။ ကိုယ့်ရှေ့က ဖလံကောင်တွေ သေနေတာကို တွေ့ရပေမဲ့ မီးတောက်ကို ဇွတ်တိုးကြတာပဲ။

အဲဒီလိုပဲ ဘဲတွေဟာလည်းပဲ တစ်ကောင် ရှေ့က ဇွတ်သွားလိုက်ရင် နောက်က အကုန်လိုက်ကြတော့တာပဲ။ ရှေ့ဆုံးက ဘဲ ကျင်းထဲကို ကျသွားလို့ ပြန်မတက်နိုင်ဘဲဖြစ်နေရင်လည်း နောက်က အကုန်လိုက်ပြီး ကျင်းထဲကျတာပဲ။ ရှောင်သွားရကောင်းမှန်း မသိကြဘူး။

တိရစ္ဆာန်ချင်းမှာတောင် အသိဉာဏ်အဆင့်ချင်း ကွာခြားမှုရှိနေတတ်ကြသေးတာပါပဲ။

ပျဉ်းမနား–လယ်ဝေးဘက်က ဆင်တစ်ကောင်အကြောင်းကို တစ်ခါက ရေးခဲ့ဖူးပါသေးတယ်။ လူတွေစိုက်ပျိုးထားတဲ့ လယ်ယာလုပ်ခင်းတွေကို ညအခါမှာ ခိုးစားတတ်လွန်းလို့ အဲဒီဆင်ကို သံခြူခလောက်ကြီး ဆွဲပေးလိုက်တယ်။ ခလောက်သံ ဒေါင်ဒေါင်ဒင်ဒင်ကြောင့် ဆင်လာတာကို သိကြတော့ မောင်းလွှတ်တာပေါ့။ နောက်တော့ ဆင်က ခလောက်ထဲမှာ ရွှံ့တွေဆို့ပြီး ခိုးစားတာကိုပါ လူက မိသွားတယ်။ အဲဒီတော့ အဲဒီဆင်ဟာ အသံမြည်တာရဲ့ အကြောင်းအရင်း 'ခလောက်ဆံ' သတ္တိကို သိသွားတယ် ဆိုရမှာပေါ့။

စိတ်ပညာလက်တွေ့စမ်းသပ်ခန်းမှာ ကြွက်ကလေးတွေကို စမ်းသပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြတယ်။ ကြွက်ကို လှောင်ချိုင့်ထဲမှာ ပိတ်ထားတယ်။ လှောင်ချိုင့်အမိုးပေါ်မှာ မြေပဲဆံထည့်ထားတဲ့ ခွက်ကလေး ရှိတယ်။ လှောင်ချိုင့်ထဲက ကြမ်းပြင်ပေါ်မှာ ခလုတ်ကလေးတစ်ခု ရှိတယ်။ အဲဒီခလုတ်ကလေးကို ကြွက်က နင်းမိလိုက်ရင် မြေပဲဆံကလေးတစ်ခု ကျလာအောင် စီမံထားတယ်။ ကြွက်က ဆာလွန်းလို့ တောင်သွားမြောက်ပြေးလုပ်နေရင်း ခလုတ်ကလေးကို မတော်တဆနင်းလိုက်မိတော့ မြေပဲဆံကလေးတစ်ခု ကျလာတယ်။ စားရတာပေါ့။ အဲဒီလိုပဲ သွားလာလှုပ်ရှားနေရင်း နောက်တစ်ခါ နင်းမိတော့ မြေပဲဆံကျလာပြန်တယ်။ အဲဒီလို လေးငါးဆယ်ကြိမ် နင်းမိတော့ ကြွက်က ခလုတ်ရဲ့သဘောကို သိလာပြီး ခလုတ်ကို နင်းလိုက်၊ စားလိုက်လုပ်တော့တာပဲ။ 'အကြောင်း'ကို သိသွားပြီပေါ့။

ဖြစ်ရပ်တစ်ခုပေါ်လာလိုက်တိုင်း အဲဒီဖြစ်ရပ်ကို ပေါ်ပေါက်လာစေတဲ့ အကြောင်းရင်းဟာ ရှိစမြဲပဲ။ အဲဒါကို ရှာကြရတယ်။ မရှာတတ်တော့ ဘာဖြစ်သလဲ။

ဒီကနေ့ မင်းတို့၊ ငါတို့ဟာ မိုးရွာတာ ဘာ့ကြောင့်လဲဆိုတာကို သိနေကြပြီ။ ကမ္ဘာဦးကလူတွေကတော့ မသိခဲ့ကြဘူး။ ဒါ့ကြောင့် တစ်စုံတစ်ယောက်သော တန်ခိုးရှင်က ကောင်းကင်က ရေသွန်ပေးနေတယ်လို့ ယုံမှတ်ကြတာပေါ့။ ဒါ့ကြောင့် မိုးနတ်ရယ်လို့ မှန်းဆပူဇော်ကြတယ်။

ဒီကနေ့ မင်းတို့ ငါတို့ဟာ မိုးကြိုးပစ်တယ်ဆိုတာ ဘာလဲ သိနေကြပြီ။ ကမ္ဘာဦးလူသားတွေမှာတော့ ဘယ်လိုလုပ်သိကြမှာလဲ။ မိုးနတ်မင်းရဲ့ လက်နက်လို့ ထင်ကြမှာပေါ့။ ဒါ့ကြောင့် မိုးနတ်၊ မိုးကြိုးနတ်ရယ်လို့ ကြောက်ရွံ့ကိုးကွယ်ကြရပြန်တာပေါ့။ ဒီလိုပဲ လျှော်လှုပ်တာ၊ မုန်တိုင်းကျတာ၊ တောင်ပြိုတာ အားလုံးကို ထိတ်လန့်ကြောက်ရွံ့ကြတာကြောင့် ယောင်ယောင်မှားမှား ကိုးကွယ်ပူဇော်ရာကနေပြီး ယုံယုံမှတ်မှတ် ဖြစ်လာကြရတာပေါ့။

အခုခေတ်ကနေပြီး ပြန်စဉ်းစားလိုက်တော့ ကမ္ဘာဦးလူသားတို့ရဲ့ မိုက်မဲမှုလို့ ယူဆလိုက်ကြတာပေါ့။ 'အကြောင်းကိုမသိတာ မိုက်လို့' ပေါ့။ ပညာမရှိလို့ပေါ့။





## လူသားရဲ့ဉာဏ်

နယူတန်ဟာ သိပ္ပံပညာရှင်ကြီးရယ်လို့ သမိုင်းတင်ရတဲ့ ပညာကျော်ပဲ။ သူ့ရဲ့တွေ့ရှိချက်က 'ကမ္ဘာမြေကြီးရဲ့ ဆွဲငင်မှုသတ္တိ' ပဲ။ ဘယ်လိုတွေ့ခဲ့သလဲ။ ပန်းသီးကြွေကျတာကိုမြင်လို့ ဆင်ခြင်မိခဲ့တာပဲ မဟုတ်လား။ ပန်းသီးဟာ ဘာ့ကြောင့် တခြားဘက်ကို လွင့်စင်မသွားသလဲ။ ဘာ့ကြောင့် မြေကြီးပေါ်ကျရသလဲ။ အကျိုးတရားကိုတွေ့လို့ အကြောင်းတရားကို စဉ်းစားရှာဖွေခဲ့တာ မဟုတ်လား။

ရှေးခေတ်က ငှက်ဖျားရောဂါဖြစ်တယ်။ အကြောင်းအရင်းကို မသိခဲ့ကြဘူး။ စမ်းရေသောက်လို့၊ ငှက်ပျောသီးစားလို့၊ နတ်ဖမ်းစားလို့ စသည်အားဖြင့် ထင်မိထင်ရာ ယူမှတ်ခဲ့ကြတာပဲ။ နှစ်ပေါင်းများစွာကြာတော့မှ ငှက်ဖျားရောဂါဖြစ်စေတဲ့ ကပ်ပါးပိုးပါတဲ့ 'ခြင်'က ကိုက်လို့ဆိုတာ သိလာကြရတာပဲ။

ဒီလိုပဲ ပလိပ်ရောဂါ၊ ဝမ်းရောဂါ စတဲ့ ကပ်ရောဂါကြီးတွေ ဖြစ်လာရတဲ့အကြောင်းအရင်းကို သိအောင် စူးစမ်းခဲ့ကြရတယ်။

အကြောင်းရင်းတွေကို သိလာတော့ ဘာဖြစ်သလဲ။

အကြောင်းရင်းတွေ ဖြစ်မလာအောင် တားဆီးလိုက်ကြတယ်။

ပလိပ်ရောဂါကာကွယ်ဆေးတွေ၊ ဝမ်းရောဂါကာကွယ်ဆေးတွေ၊ ကျောက်ရောဂါကာကွယ်ဆေးတွေ ထိုးကြတယ်။ ဒီတော့ အကျိုးတရား 'ရောဂါတွေ' ပေါ်မလာတော့ဘူးပေါ့။

ဒီကနေ့ 'ကြက်ငှက်တုပ်ကွေး'ရောဂါ ပြဿနာပေါ်နေပြန်တယ်။ အကြောင်းရင်းအဆင့်ဆင့်တွေကို ရှာနေကြပြန်ပြီ။ ဘာ့ကြောင့်လဲ။ အကြောင်းရင်းတွေကို တားဆီးနိုင်မှသာ ရောဂါကို ကာကွယ်နိုင်မယ် မဟုတ်လား။

## ထန်းသီးကြွေခိုက် ကျီးနင်းခိုက်

အကြောင်းရင်းကို ရှာဖွေစူးစမ်းတဲ့အခါမှာ လွယ်ကူမြင်သာတာတွေ ရှိသလို



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲရှုပ်ထွေးတဲ့နေရာတွေလည်း ရှိတာပဲ။

'ထန်းသီးကြွေခိုက် ကျီးနင်းခိုက်'ဆိုတဲ့ စကားကို မင်းတို့ ကြားဖူးကြမှာပေါ့။ ထန်းသီးက သူ့ဘာသာသူ ကြွေတာ၊ ကျီးကန်းက နင်းလိုက်လို့ ထန်းသီးကြွေတယ်ရယ်လို့ ကြောင်း–ကျိုး ဆက်စပ်တွေးတောမိတတ်ကြတာပေါ့။ ကောက်ချက်ဆွဲပုံ (conclusion) မှားသွားတာပေါ့။

ဟာသပုံပြင်လေးတစ်ခုကို ပြောလိုက်ရဦးမယ်။

တစ်ခါက တောတွင်းသားတစ်ယောက်က မင်းနေပြည်တော်ကို ရောက်သွားသတဲ့။ မင်းနေပြည်တော်ဆိုတာကို တစ်ခါမှမမြင်ဖူးတော့ တွေ့သမျှ၊ မြင်သမျှ အံ့သြစရာချည်းဖြစ်နေတာပေါ့။ ဒါနဲ့ ပဲကြီးလှော်ဝယ်၊ ခါးပိုက်ထောင်ထဲထည့်ပြီး တကြွပ်ကြွပ်ဝါးရင်း မြို့ထဲလျှောက်ကြည့်တာပေါ့။

ဒီအချိန်မှာ ဖြစ်ပုံက ဘုရင်မင်းမြတ်ကိုယ်တော်တိုင် မြို့ပေါ်လှည့်ကြည့်မှာမို့ လမ်းတွေမှာ သဲဖြူခင်း၊ ရာဇမတ်ကာလုပ်ထားတယ်။ အဲဒီ သဲဖြူးခင်းလမ်းပေါ်မှာ ဘယ်သူမှမနင်း၊ မလျှောက်ရဘူး။ အဲဒါကို 'ကြိမ်တော်'က စောင့်ကြပ်ရတယ်။ သဲဖြူလမ်းမှာ လျှောက်တဲ့၊ နင်းတဲ့သူတွေ့ရင် 'ကြိမ်တော်'က ကြိမ်နဲ့ရိုက်ရတော့တာကိုး။

အဲ . . . တောတွင်းသားက ဘာသိတာမှတ်လို့၊ ပဲလှော်တွေဝါးစားရင်း မြို့တော်ကို လျှောက်ကြည့်လိုက်တော့ သဲဖြူခင်းလမ်းပေါ်လျှောက်မိပါလေရော။ ဒီတော့ 'ကြိမ်တော်'ကလည်း တရွှမ်းရွှမ်းရိုက်တော့တာပေါ့။ တောတွင်းသားလည်း လန့်ဖျတ်ပြီး ပြေးလိုက်တာ ရွာရောက်မှ နားတော့တာပဲ။ ရွာရောက်တော့မှ အမောတကောပြောလိုက်ပုံက –

''မင်းတို့တစ်တွေ မင်းနေပြည်တော်ဘက်များရောက်ခဲ့ရင် ပဲကြီးလှော် မစားမိကြစေနဲ့၊ ငါ့ဖြင့် ပဲကြီးလှော်စားမိလို့ ကြိမ်ရိုက်ခံခဲ့ရပြီ''တဲ့။

ဟာသပုံပြင်ပါပဲ။ အကြောင်းရင်းကောက်ချက်ဆွဲပုံ တလွဲဖြစ်နေလို့ ဟာသဖြစ်နေတာ မဟုတ်လား။

သို့သော်လည်း မကြာသေးမီက လူဖြစ်သွားခဲ့ကြတဲ့ ငါတို့တိုးဘွား





တွေဟာလည်း ငှက်ဖျားဖြစ်ရခြင်းရဲ့ အကြောင်းရင်းတွေကို ဆင်ခြင်ကြတဲ့အခါမှာ ရေစိမ်းတွေသောက်မိလို့၊ စမ်းရေသောက်လို့၊ ငှက်ပျောသီးစားလို့၊ နတ်ဖမ်းစားလို့ စသည်အားဖြင့် အလွဲလွဲအမှားမှား ကောက်ချက်တွေဆွဲခဲ့ကြဖူးတာပဲ မဟုတ်လား။ စိုးရိမ်ကြောက်ရွံ့စိတ်တွေ ကြီးနေတာကြောင့် စမ်းရေသောက်တိုင်း ဖြစ်သလား၊ ငှက်ပျောသီးစားတိုင်း ဖြစ်သလား မစဉ်းစားမိကြဘူး။ စမ်းရေသောက်တိုင်း မဖြစ်ဘူး။ ငှက်ပျောသီးစားတိုင်း မဖြစ်ဘူး၊ 'ငဖြူနဲ့ ငနီ'လည်း ငှက်ပျောသီးစားတာပဲ၊ ငှက်ဖျားမဖြစ်ဘူး၊ 'ငနက်'ကျမှ ငှက်ဖျားဖြစ်လာတယ်၊ တန်တော့ နတ်မင်းဖမ်းစားတာဖြစ်မှာပဲ၊ ''သူက ညောင်ပင်ကြီးအောက်မှာ အပေါ့စွန့်ခဲ့တယ်ဆိုကိုး''လို့ ကောက်ချက်ဆွဲလိုက်မိတာပေါ့။

ထန်းသီးကြွေခိုက် – ကျီးနင်းခိုက်တွေပေါ့။

ပဲလှော်စားခိုက် – ကြိမ်တော်ရိုက်ပေါ့။

ပြောချင်တာက ပြဿနာတစ်ခုပေါ်လာလိုက်ရင် အကြောင်းကို ရှာရစမြဲပဲ။ ဒါပေမဲ့ အကြောင်းရင်းကို ရှာကြရတာ အခါခပ်သိမ်း မလွယ်ဘူးဆိုတာကို အလေးအနက် သိထားသင့်ကြတယ်။

## သိပ္ပံနည်းကျစူးစမ်းမှု

သိပ္ပံနည်းကျစူးစမ်းမှုဆိုတာဟာလည်း ပြဿနာရဲ့အကြောင်းရင်းကို ရှာကြတာပါပဲ။ မင်းတို့နဲ့ နီးစပ်တဲ့ ဥပမာပြရရင်တော့ 'စုံထောက်ဦးစံရှား' ဝတ္ထုတွေထဲက ဦးစံရှားရဲ့ စဉ်းစားနည်းတွေပါပဲ။ မှုခင်းနဲ့အကျုံးဝင်နေတဲ့ ဖြစ်ရပ်ဟူသမျှကို စုဆောင်းလိုက်တယ်၊ ပြီးမှ မဖြစ်နိုင်တာတွေကို တစ်ခုပြီး တစ်ခု ဖယ်ထုတ်သွားတယ်။ နောက်ဆုံး ဖြစ်နိုင်ချေရှိတာတွေကို အသေးစိတ်စူးစမ်းတယ်။ ဒီလိုနည်းနဲ့ တရားခံကို တွေ့အောင်ရှာတာပဲ မဟုတ်လား။

အထက်မှာပြောခဲ့သလို ငှက်ဖျားဖြစ်တယ်။ စမ်းရေသောက်တိုင်း မဖြစ်ဘူး။ ငှက်ပျောသီးစားတိုင်း မဖြစ်ဘူး။ ဖယ်ထုတ်ပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ဖမ်းစားလို့ဖြစ်တယ်ဆိုတာကျတော့ ဘယ်လိုဖယ်ထုတ်ရမှန်း မသိတော့ဘူး။ နောက်ထပ်ပြီး ဖြစ်နိုင်ချေ အချက်အလက်တွေကိုလည်း မရှာတတ်တော့ဘူး။ ဒါကြောင့် နတ်ဖမ်းစားတာမှာပဲ ရပ်သွားရတော့တယ်။

သိပ္ပံကတော့ ကြောင်းကျိုးဆက်သွယ်မှု ထင်ရှားမရှိတာတွေကို လုံးဝ လက်မခံဘူး။ ကြောင်းကျိုးဆက်သွယ်နေတာကို တွေ့ရှိစေဦးတော့ ဘယ်လိုဆက်သွယ်နေတယ်ဆိုတာကို မသိရင် မသိဘူးလို့ ကောက်ချက်ဆွဲရတယ်။ ရေးနေရင်း နှလုံးရောဂါအထူးကု ဆရာဝန်ကြီးတစ်ယောက်ရဲ့ စာတစ်ပိုဒ်ကို သွားပြီး သတိရမိပြန်တယ်။ စိတ်သောက၊ စိတ်ဖိစီးမှု၊ ပူပန်မှုတွေများလာရင် နှလုံးရောဂါဖောက်လာတယ် မဟုတ်လား။ သူရေးသွားပုံက –

*'ဤသို့အားဖြင့် စိတ်နှင့် နှလုံးတို့သည် ဆက်စပ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် အဘယ့်ကြောင့်မှန်း မသိ၊ စိတ်နှင့် နှလုံး ဆက်စပ်နေသည်မှာကား အမှန်ပင်ဖြစ်ပေသည်'* တဲ့။

ဒီတော့ မသိရင်လည်း မသိသေးကြောင်းကိုသိအောင် ကြိုးစားကြရတာပဲ။

ဒီတော့ 'ဘာ့ကြောင့်?' ဆိုတာမျိုးကို မေးလိုက်တော့သာ လွယ်တာဖြေနိုင်ဖို့က သိပ်ခက်တယ်။

ဆိုကြပါစို့ကွယ်။

'ကြောင်' ဆိုတာ အသားငါးကိုပဲ စားတယ်။ အသီးအရွက် မစားကြဘူး။ ဒါပေမဲ့ 'ကြောင်ဆေးပင်' ဆိုတဲ့ သစ်ပင်ကျတော့ အမြစ်တွေကို အားရပါးရစားတော့တာပဲ။ သူ့ကို ဘယ်သူက သင်ကြားပို့ချထားလို့လဲ။ မိဘကလား။ မိဘနဲ့မနေရတဲ့ကြောင်ကလည်း စားနေတာပဲ။ ဒီတော့ ကောက်ချက်ဆွဲရမှာက -

'ကြောင်တို့သည် ကြောင်ဆေးပင်ကို သိကြကုန်၏။ အဘယ့်ကြောင့်ဆိုသော် အဘယ့်ကြောင့်မှန်း မသိ။ ကြောင်ဆေးပင်ကို သိကြကုန်၏။'





အဲဒီလို ပြောရမလို ဖြစ်မနေပေဘူးလား။

ဒီတော့ 'ဘာကြောင့်?' ဆိုတဲ့ မေးခွန်းဟာ အမေးလွယ်သလောက် အဖြေခက်နေတယ်ဆိုတာ မထင်ရှားပေဘူးလား။

## ပို၍ပို၍ခက်ခဲသော 'ဘာ့ကြောင့်?' များ

လူတစ်ယောက် မြွေပွေးကိုက်လို့ သေတယ်။ ဘာ့ကြောင့် သေသလဲ။ မြွေပွေးကိုက်လို့ သေတယ်။ မြွေပွေးကိုက်တာနဲ့ ဘာ့ကြောင့် သေသလဲ၊ မြွေဆိပ်ကြောင့် သေတာပေါ့။ မြွေဆိပ်က ဘာကြောင့် သေစေသလဲ။

ကဲ . . . ဘာ့ကြောင့်တွေ ဆက်ကာဆက်ကာ မေးလိုက်ရင် အမယ်ဘုတ်ရဲ့ သူ့ချည်ခင်ဆိုတာလို ရှုပ်ထွေးမလာဘူးလား။

ဒီ့ထက်ရှုပ်တာတွေက ရှိသေးတယ်။

ဒီကမ္ဘာကြီးမှာ ဆင်းရဲချမ်းသာကွာဟမှု ဘာ့ကြောင့် ကြီးထွားနေရသလဲ?။

အကြမ်းဖက်တိုက်ခိုက်မှုတွေ ဘာ့ကြောင့် များလာသလဲ?။

နိုင်ငံရေးစနစ်တွေ ဘာ့ကြောင့် မတည်ငြိမ်ရသလဲ?။

ကဲ . . . မေးဖို့က မလွယ်ဘူးလား။

ဖြေဖို့က မခက်ဘူးလား။ တစ်ချက်ဖြေလိုက်တိုင်း နောက်မေးခွန်းတစ်ကွက်က လိုက်လာနေမှာပဲ မဟုတ်ဘူးလား။

## မိုက်တယ်ဆိုတာ

'မိုက်' တယ်ဆိုတာကို မှောင်ခြင်း၊ အလင်းရောင်မရခြင်းလို့ အဘိဓာန်မှာ ဖွင့်ပါတယ်။ ရခိုင်ပြည်နယ်မှာဆိုရင် မှောင်တာကို 'မိုက်' တယ်လို့ သုံးနေကြဆဲပါ။

ဒီတော့ 'ပညာမရှိသော-မိုက်သော' ဆိုတာဟာ အလင်းမရ၊ မှောင်မည်းနေသောကြောင့် အမှန်ကို မမြင်သော၊ အကြောင်းရင်းကို မသိသောဆိုတာမျိုး ဖြစ်မလာဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဒ့ါကြောင့် -

'ပညာမရှိသော ➤ မိုက်သော ➤ အကြောင်းကို မသိသော' ကဲ . . . ငါ အကြောင်း အကျိုးသဘော ပြောနေခဲ့သမျှဟာ လျှာရှည်တာ မဟုတ်ပါဘူး။ လိုအပ်လို့ ပြောခဲ့တာပါ။ ဆက်ကြသေးတာပေ့ါ။

●

(၃)

'မင်္ဂလာပါ' ဆောင်းပါးတွေကို ရေးနေတာမှာ 'လူမိုက်' အကြောင်းရေးခဲ့တာ နှစ်ပုဒ်လောက်ရှိသွားပါပြီ။ အခုလည်း လူမိုက်အကြောင်းကို ဆက်ရဦးမှာပါပဲ။ လွန်လှချည်လားလို့ နှုတ်ခမ်းမဲ့၊ မေးငေါ့ခြင်း မလုပ်ကြစေချင်ဘူး။ ဘုရားရှင်ကိုယ်တော်တိုင်က ၃၈ ဖြာ မင်္ဂလာမှာ ထိပ်ဆုံးတင်ပြီး ဟောတော်မူခဲ့တာထောက်ရင် ဘယ်လောက်အရေးကြီးတယ်ဆိုတာကို သိလောက်ပါတယ်။

နောက်ပြီး ၃၈ ဖြာ မင်္ဂလာကို သေချာဖတ်ပြီး စဉ်းစားကြည့်ပါ။ ထိပ်ဆုံးဂါထာဖြစ်တဲ့ 'အသေဝနာ စ ဗာလာနံ'တစ်ပုဒ်ကို ပြည့်စုံလိုက်ရင် မင်္ဂလာတရား အပါး ၃၀ လောက် ပြည့်စုံသွားပါတယ်။ တကယ်ပြောတာပါ။ သေချာဆင်ခြင်ကြည့်ပါ။ ငါ့အဆိုကို ငြင်းဖို့ခက်ပါလိမ့်မယ်။

မောဟနှင့် ဗာလ

'လူမိုက်'နဲ့ ပတ်သက်ပြီး 'သပြေကန်' ဆရာတော်ကြီးရဲ့ ဖွင့်ဆိုချက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တင်ပြခဲ့ပါပြီ။ ပုဂံခေတ် 'သိင်္ဃသူ့သမီး' ကျောက်စာရဲ့ မြန်မာပြန်ဆိုချက်ကိုလည်း တင်ပြခဲ့ပါပြီ။ သိင်္ဃသူ့သမီးရဲ့ ကျောက်စာထဲက 'မိုက်သော' ဆိုတာကို သေချာစူးစမ်းကြည့်ကြရအောင်။

'ငါလည်း ရမ္မက်ကြီးသော၊ အပေးအကမ်း မရှိ
သော၊ အမျက်ကြီးသော၊ သူတပါးအား ညှင်းဆဲတတ်သော၊
ပညာမရှိသော၊ မိုက်သော (မဖြစ်မူ၍)'

ဆိုတဲ့စကားရပ်တွေကို ထောက်ကြည့်လိုက်ရင် 'လောဘ၊ ဒေါသ၊ မောဟ'ကို မြန်မာပြန်ထားတာဖြစ်ကြောင်း ထင်ရှားလှပါတယ်။

နောက်တစ်ခါ ဆက်ထားပုံက –

'ပညာရှိသော = အကြောင်းကို သိသော'ဆိုတဲ့ စကားရပ်နဲ့ စပ်ကြည့်လိုက်တော့ 'မိုက်သော = အကြောင်းကို မသိသော' ဖြစ်လာပြန်တယ်။ ဒီတော့ 'မောဟ = အကြောင်းကို မသိသော' ဖြစ်လာပြန်ပါလေရော။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ကလည်း 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' ရယ်လို့ ဟောကြားတော်မူခဲ့တယ်။ 'အကြင်တရားဟူသမျှ၌ အကြောင်းတရားတို့ ရှိကုန်၏' ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဆက်ပြီးရှင်းရရင် ဘာပဲဖြစ်လာဖြစ်လာ ဖြစ်လာသမျှတို့မှာ အကြောင်းရင်းတရား (ဖြစ်စေမှုတရား) ရှိတာချည်းပဲပေါ့။

ဘုရားအဖြစ်ရောက်တော်မူတဲ့အခါ 'မနသာဥဒါန်း' (စိတ်ထဲမှာကျူးရင့်တဲ့ ဥဒါန်း)က "ငါ၏ခန္ဓာကိုယ် အသစ်အသစ်တို့ကို အဖန်တလဲလဲဆောက်လုပ်ခဲ့သော တဏှာယောက်ျား လက်သမား။ သင့်ကို ငါတွေ့ပြီ။ (သင့်ကို ငါအဆုံးသတ်နိုင်ပြီ)။ ငါ့အတွက် ခန္ဓာကိုယ်အသစ်ဆောက်ခွင့်သင့်မှာ မရှိတော့ပြီ" လို့ ဥဒါန်းကျူးခဲ့တယ် မဟုတ်လား။ အကြောင်းတရားကို ငါသိပြီ။ ထိုအကြောင်းတရား တဏှာကို ငါ သတ်နိုင်ခဲ့ပြီပေါ့။ အကြောင်းတရားကြောင့် အကျိုးဖြစ်လာရတယ်၊ ဒါကြောင့် လိုလားသော အကျိုးတရားကိုရအောင် အကြောင်းတရားကို ဖန်တီးရတယ်။ မလိုလားသော အကျိုးတရားကို မပေါ်လာအောင် အကြောင်းတရားကို တားဆီး





ပိတ်ပင်ရတယ်။ (ဝမ်းရောဂါဖြစ်ပွားခြင်းရဲ့ အကြောင်းရင်းဟာ ဝမ်းရောဂါပိုးကြောင့်ဖြစ်တယ်။ ဝမ်းရောဂါပိုး ဘာကြောင့် ကူးစက်ရသလဲ၊ ယင်ကောင်ကြောင့် ကူးစက်လာရတယ်။ ရောဂါပိုးကူးစက်ခြင်းရဲ့ အကြောင်းရင်းက ယင်ကောင်ပဲ။ ဒါကြောင့် အစားအသောက်တွေမှာ ယင်မနားအောင် ဖုံးအုပ်တယ် စသည်အားဖြင့် အကြောင်းရင်းတွေကို ပိတ်ပင်တားဆီးလိုက်တယ်။ ဒီတော့ ဝမ်းရောဂါဖြစ်ခြင်းဆိုတဲ့ မိမိ မလိုလားတဲ့ 'ဆိုးကျိုး'ဟာ ပေါ်ပေါက်မလာတော့ဘူးပေါ့။)

မန်ကျည်းမှည့်ဟာ ဝမ်းကို သက်စေတယ်။ ဒီတော့ ဝမ်းချုပ်တဲ့အခါမှာ မန်ကျည်းမှည့်ဖျော်ရည်ကို သောက်တယ်။ အဲဒီလို အကြောင်းကိုပြုလိုက်တော့ 'ဝမ်းသက်ခြင်း' ဆိုတဲ့ မိမိ လိုလားတဲ့ ကောင်းကျိုးကို ရတာပေါ့။

ဒါကြောင့် 'မိုက်သော = အကြောင်းကို မသိသော' လို့ သိင်္ဃသူ့သမီးက ကျောက်စာထိုးခဲ့တာပေါ့။

## အကြောင်းကိုသိခြင်းနှင့် သင်္ချာသိပ္ပံ

အကြောင်းအကျိုးတွေကို ရေးလှချည်လားလို့ မင်းတို့က ငါ့ကို မေးငေါ့ရင် မင်းတို့ကို ငါက အပြစ်မတင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ငါ့ကို မလိုလားတဲ့ စာပေသမားတချို့ကတောင် ငါ့ကို ကွယ်ရာမှာ 'အကြောင်းအကျိုးဆရာကြီး' လို့ လှောင်ပြီး မေးငေါ့တတ်ကြတာကို သိနေလို့ပါပဲ။

သို့သော်လည်း အဲဒီအကြောင်းအကျိုးဆက်စပ်မှုဟာ မင်းတို့လေ့လာသင်ယူမှုပြုနေကြတဲ့ သင်္ချာတို့၊ သိပ္ပံတို့မှာ မပြတ်တွေ့နေရတာပါ။ အဲဒီ သင်္ချာသိပ္ပံတွေမှာပါတဲ့ ကြောင်းကျိုးခြေမြစ်သိအောင် စူးစမ်းတဲ့ အလေ့အထ ပါစေချင်တာကြောင့် ရေးနေရတာပါ။

ကဲကွယ် . . . ငါ မင်းတို့ကို မေးခွန်းတစ်ခု မေးမယ်။ အက္ခရာသင်္ချာမှာတွေ့ရတဲ့ ညီမျှခြင်းကိန်းတန်းတစ်ခုဆိုပါတော့။

၄၈ – ၁၅ = ၂၀

၄၈ = ၂၀ + ၁၅



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား။ အဲဒီမှာ လက်ဝဲဘက်မှာရှိတဲ့ (−၁၅)ကို တစ်ဘက်ကို ပို့လိုက်တော့ (−၁၅)က (+၁၅)ဖြစ်သွားတယ် မဟုတ်လား။

ညီမျှခြင်း (=)တစ်ဘက်ကကိန်းကို အခြားတစ်ဘက်ကို ပြောင်းလိုက်ရင် အပေါင်းဆိုရင် အနုတ်၊ အနုတ်ဆိုရင် အပေါင်း ပြောင်းသွားတယ်။

ဘာကြောင့် ပြောင်းသွားရသလဲ။ မင်း သိသလား။

မင်းသိနေရင် မဆိုးဘူး။ ငါမေးကြည့်တဲ့ အလယ်တန်း၊ အထက်တန်းကျောင်းသားတွေမှာတော့ ဆယ်ယောက်မှာ ကိုးယောက် မသိကြဘူး။ (ဒါဟာ စကားကို ထိန်းပြောလိုက်တာ။ တကယ်တော့ ဆယ်ယောက်လုံး မသိကြဘူး။ ငါ့မြေးတွေအပါအဝင်ပေါ့။)

ငါက စစ်ကြီးပြီးလို့ အသက် (နှစ်ဆယ့်သုံးနှစ်လောက်ရှိမှ) ဆယ်တန်းကို ပြန်ဖြေရတာ။ အလယ်တန်း (ခုနစ်တန်းထိ) သင်ခဲ့ဖူးလေတော့ ညီမျှခြင်းရဲ့ ဝဲဘက်ညာဘက်ပြောင်းထုံးကို သိပါတယ်။ သို့ပေမဲ့ ဘာကြောင့် အပေါင်းအနုတ်ပြောင်းသွားရသလဲဆိုတာကို မသိဘူး။ ဒါကြောင့် သင်္ချာကို ခြေခြေမြစ်မြစ် စိတ်ဝင်စားတဲ့ ဆရာတစ်ယောက်ကို မေးကြည့်လိုက်ပါတယ်။ (ဒီအချိန်မှာ ငါကိုယ်တိုင်က အလယ်တန်းပြဆရာ ဦးအောင်သင်းဖြစ်နေပြီ။)

အဲဒီဆရာ ရှင်းပြတာက –

"ဒီလိုလေ ဦးအောင်သင်းရဲ့၊ ညီမျှခြင်းရဲ့ အက္ခရာအုပ်စုထဲမှာ ဂဏန်းတွေက ရောနေတယ် မဟုတ်လား။ (၄က−၁၅)ဖြစ်နေတယ်လေ၊ ဒီတော့ (−၁၅)ကို ဂဏန်းအုပ်စုဘက်ကို ပို့ချင်တာပေါ့။ အဲဒီတော့ ဘာလုပ်သလဲ။

"ဒီနေရာမှာ သတိထားစဉ်းစားရမှာက ညီမျှခြင်း (=)သဘောပဲ၊ ဆိုကြပါစို့၊ ချိန်ခွင်တစ်ခုရဲ့ ချိန်ခွင်ခွက်တစ်ခုစီမှာ တစ်ပိဿာစီထည့်ထားတယ်၊ ညီမျှနေမှာပဲ၊ ချိန်ခွင်လျှာမတ်နေမှာပဲ၊ တစ်ဘက်ကို ၂၅ ကျပ်သားစီ တိုးလိုက်ရင်လည်း ညီမျှနေမှာပဲ၊ ၂၅ ကျပ်သားစီလျှော့လိုက်ရင်လည်း





ညီမျှနေမှာပဲ မဟုတ်လား၊ နှစ်ဘက်လုံးမှာ တိုးသည်ဖြစ်စေ လျှော့သည်ဖြစ်စေ အညီအမျှတိုးလိုက်ရင် သို့မဟုတ် လျှော့လိုက်ရင် ညီမျှခြင်း မပျက်ဘူးမဟုတ်လား။

"ဒီတော့ ကိန်းတန်းက –

၄က−၁၅ = ၂၁

ဂဏန်းအုပ်စုကို ညာဘက်မှာ သီးသန့်ဖြစ်စေချင်တယ်၊ ဒီတော့ (−၁၅)ရဲ့ ပြိုင်ဘက် ချေဘက် (+၁၅)ကို နှစ်ဖက်လုံးမှာ တိုးလိုက်တယ်။ ဒီတော့

၄က − ၁၅ + ၁၅ = ၂၁ + ၁၅

ဖြစ်သွားတာပေါ့။ ဖြည့်လိုက်တာက ကိန်းတူဆိုတော့ နှစ်ဘက်လုံး ညီမြဲပဲနေ်။

"အဲ . . . လက်ဝဲဘက်မှာက (−၁၅ + ၁၅)ရယ်လို့ ကိန်းချေဘက် ၁၅ တွေ ပြိုင်လာတယ်။ ကိန်းချေဘက် အပေါင်းနဲ့ အနုတ်တွေ ချေလိုက်တော့ –

၄က − ၁၅ + ၁၅ = ၂၁+၁၅

၄က = ၂၁+၁၅

၄က = ၃၆

က = ၉

ဖြစ်သွားတာပေါ့။ ဒါကို အကျဉ်းချုပ်မှတ်သားရမယ့် ဖော်မြူလာက ညီမျှခြင်းရဲ့ လက်ဝဲက လက်ျာပြောင်းလိုက်ရင် အပေါင်းအနုတ်ပြောင်းသွားတယ်ဆိုတာမျိုး ဖြစ်လာတာပေါ့။ အမှန်ကတော့ ပြောင်းတာ မဟုတ်ဘူး၊ ကိန်းချေတာ"

ငါ့မှာလေ အဲဒီဆရာကို ခုထက်ထိ ကျေးဇူးတင်လို့မဆုံးပါဘူး။

(ငါတို့မြန်မာတွေမှာ ကိန်းချေတယ်၊ ကိန်းချေတယ်ဆိုတာတွေဟာ အဲဒီသဘောတွေပေါ့။ မေဒင်သဘော၊ ကိန်းခန်းသဘောအရ ဘုရင်မင်းမြတ်ဟာ ထီးနန်းဆုံးရှုံးရမယ့်ကိန်း၊ ထီးနန်းစွန့်လွှတ်ရမယ့်ကိန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်ဆိုပါတော့။ သူက ထီးနန်းထဲကထွက်ပြီး ယာယီတဲနန်းလေးနဲ့ စံနေတယ်။ ပေဒင် 'ကိန်း' ကို (–X)နဲ့ ချေပစ်လိုက်တာပေါ့။ ဒါကတော့ ကြုံလာလို့ ဗဟုသုတအဖြစ် ပြောလိုက်တာပါ။)

အကြောင်းအကျိုးဆီ ပြန်သွားလိုက်ကြဦးစို့။

ကောင်းပြီ။ ငါ ထပ်ပြီးမေးပါရစေ။ ညီမျှခြင်းရဲ့ဝဲယာ အပေါင်း အနုတ်ပြောင်းလဲမှုရဲ့ အကြောင်းရင်းကို မင်းကိုယ်တိုင် သေချာသိခဲ့ဖူး သလား။ အခု ငါပြောလိုက်မှ သိတာလား။ သေချာစဉ်းစားကြည့်ပေါ့။ အခု ငါပြောလိုက်မှ သိလာတာဆိုရင် မင်းဟာ အကျိုးတရားကိုသာ သိပြီး အကြောင်းတရားကို မသိသေးခဲ့လို့ပဲ။

မင်းတို့က ရူပဗေဒ၊ ဓာတုဗေဒစတဲ့ သိပ္ပံဘာသာရပ်တွေကို လေ့လာသင်ယူကြရတယ်။ အဲဒီဘာသာရပ်တွေ (အထူးသဖြင့် ရူပဗေဒ ဆိုရင်) သင်္ချာပေါ်မှာ အခြေခံရတာပဲ။ ဒါကြောင့် သင်္ချာသည် သိပ္ပံ၏ ဘာသာစကားဖြစ်သည်။ (Mathematics is the language of Sciences.) လို့ ပြောလေ့ရှိကြတယ်။

မင်းဟာ ရူပဗေဒရဲ့ညီမျှခြင်းကိန်းတန်း (Equation) တွေနဲ့ ဖော်မြူလာတွေရဲ့ ရင်းမြစ်အကြောင်းခံတွေကို ဘယ်လောက်များသိသလဲ။ အဲဒီ အီကွေးရှင်းတွေ၊ ဖော်မြူလာတွေကို အလွတ်ကျက်ပြီး အောင်လာတာ လား။ ငါ့ကိုလာပြီးဖြေပြနေဖို့ မဟုတ်ပါဘူး။ မင်းကိုယ်မင်း စစ်ဆေး မေးမြန်းကြည့်ဖို့ပါ။

'မင်္ဂလာပါ' ဆိုတဲ့ ခေါင်းစဉ်နဲ့ မင်္ဂလာ တရားတော်တွေကို ဖွင့်ဆို ပြီး ရေးတာမှာ အစဦးဆုံးဂါထာ 'အသေဝနာ စ ဗာလာနံ' မှာ 'ဗာလ'ကို ရှင်းလိုက်တာ သုံးကြိမ်တောင်ရှိပြီ။ အကြောင်းအကျိုးသဘောကို ရှင်းတာက နှစ်ကြိမ် မဟုတ်လား။ အကြောင်းအကျိုး အရေးကြီးပုံကို မင်းတို့ သင်ယူလေ့လာနေတဲ့ ဘာသာရပ်တွေထဲက သာဓကထုတ်ပြလိုက်တာပါ။ ကိုယ်သင်ယူရတဲ့ ဘာသာရပ်၌ အကြောင်းရင်းတရားတို့ ရှိကုန်၏လို့ သိပြီး အကြောင်းတရားကို ခြေခြေမြစ်မြစ်လေ့လာတဲ့ ကျောင်းသား(စာသင်သား)





တွေဟာ တကယ့်လူချွန်လူမွန်တွေ ဖြစ်ကြမှာပဲ။ စာမေးပွဲအောင်တာတို့၊ ဘွဲ့ယူတာတို့ဆိုတာကတော့ ဒီလိုပဲ ရသွားကြတာပါပဲ။ ဦးနှောက်ခါးတောင်း ကျိုက်နေဖို့ မလိုပါဘူး။ ဦးနှောက်ခါးတောင်းကျိုက်ရင်တော့ ပင်ပန်းမှာပဲ။ ပင်ပန်းမှ ပန်းဝင်စမြဲ မဟုတ်လား။

ဒီနေရာမှာ ယောအတွင်းဝန် ဦးဖိုးလှိုင် ပြောတာလေးကို မှတ်ထား သင့်တယ်။

'မရှိတာထက် မသိတာခက်။ မသိတာထက် မလုပ်တာခက်။ မရှိတာကို ရှိအောင်လုပ်ရင် ရှိ၏။ မသိတာကို သိအောင်လုပ်ရင် သိ၏။ မလုပ်တာကား ဘာမှမဖြစ်နိုင်တော့။ ထို့ကြောင့် မလုပ်တာသည် အခက်ဆုံး' တဲ့။

*

သိဃ်သူ့သမီးဆုတောင်းထဲက 'မိုက်သော' ဆိုတာဟာ 'မောဟ' ကို မြန်မာပြန်တာဖြစ်ကြောင်း ပြောခဲ့ပြီးပြီ။ လောကုတ္တရာသဘောနဲ့ ပြောရ ရင် ဒီရုပ်နာမ်ခန္ဓာကြီးကို စွဲလမ်းပြီး အတ္တ (ငါ)လို့ ထင်လာတာကြောင့် ရမ္မက်လောဘတွေ ပေါ်လာတယ်။ အမျက်ဒေါသတွေ ပေါ်လာရတယ်။ ဒါကြောင့် မှောင်သော မိုက်သော မောဟ။

'ဗာလ'ကို စဉ်းစားကြစို့။

'ဗာလ' ကို သပြေကန်ဆရာတော်ဘုရားက –

လူမိုက် = မကောင်းသော အကြံအစည်၊ မကောင်းသော စကား၊ မကောင်းသော အလုပ်ပြုသူရယ်လို့ မနောကံ၊ ဝစီကံ၊ ကာယကံဆိုတဲ့ ကံသုံးပါးနဲ့ ဖွင့်တယ်။

အဲဒီဖွင့်ဆိုချက်မှာတော့ ကိုယ်ကျင့်တရားသဘောပါဝင်လာပြီ။

ဘာကြောင့် မကောင်းတဲ့၊ မိုက်မဲတဲ့ ကံသုံးပါး ကိုယ်ကျင့်တရား တွေ ပေါ်လာရသလဲ။ လောဘ၊ ဒေါသ၊ မောဟတရားကြောင့်ပဲ ပေါ်လာ ရပြန်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခြေခြေမြစ်မြစ်စဉ်းစားကြည့်ရင် ကိုယ်ကျင့်တရားဆိုတာ ဘာလဲ။ ဒါကစပြီး စဉ်းစားကြရတော့မယ်။

ကိုယ်ကျင့်တရားဆိုတာကို အလွယ်ဆုံးနဲ့ အတိုဆုံးပြောလိုက်ကြမယ်ဆိုရင် မိမိကိုယ်တိုင်က ကျင့်သုံးရမယ့်တရားပဲပေါ့။ ဘယ်သူနဲ့ ပတ်သက်လို့လဲလို့ ပြောလိုက်ရင်တော့ လူ အစရှိသော အခြားသတ္တဝါများနဲ့ ပတ်သက်ပြီး ဆက်ဆံတဲ့အခါမှာ မိမိက ကျင့်သုံးရမယ့်တရားဟာ ကိုယ်ကျင့်တရားလို့ ဆိုရမှာပေါ့။

အဲဒီကျတော့မှ ကိုယ်ကျင့်တရား ကောင်းတယ်၊ ဆိုးတယ်ဆိုတာ ပေါ်လာပြန်တယ်။

ကိုယ်ကျင့်တရား ကောင်းတယ်။ မြင့်မြတ်တယ်ဆိုတာက မိမိ၏ ကံသုံးပါးအပြုအမူကြောင့် တစ်ပါးသော လူသူသတ္တဝါတွေမှာ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုဖြစ်စေရင် ကိုယ်ကျင့်တရား ကောင်းတယ်ပေါ့။ မိမိ၏ ကံသုံးပါးအပြုအမူကြောင့် တစ်ပါးသော လူသူသတ္တဝါတွေမှာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေရင် ကိုယ်ကျင့်တရား မကောင်းဘူးပေါ့။

ဒါတွေကတော့ အခြေခံအကျဆုံး အလွယ်ဆုံးကို ပြောပြလိုက်တာပါ။

ဒီပညာရပ်ကြီးကို တကယ်လေ့လာစူးစမ်းမယ်ဆိုရင် အလွန်သိမ်မွေ့နက်နဲလှပါတယ်။ ဒဿနနယ်ပယ်မှာဆိုရင် Ethics လို့ ခေါ်ပါတယ်။ အလွန်သိမ်မွေ့ခက်ခဲတဲ့ ပြဿနာတွေပါပဲ။ ပုံစံအားဖြင့် မင်းတို့သိလောက်ရုံ ပြောပြလိုက်ပါ့မယ်။

ကလေးငယ်တစ်ယောက် နေမကောင်းလို့ ဆေးခါးကို တိုက်တယ်။ သူက ငြင်းနေရင် ဘာလုပ်မလဲ။ နှာခေါင်းပိတ်၊ ပါးစပ်ကို အတင်းဖြဲပြီး ဇွန်းနဲ့ ကလန့်တိုက်ရတော့မယ်။ ကလေးမှာ ကိုယ်စိတ်နှစ်ပါး မဆင်းရဲဘူးလား။ ဆင်းရဲတာပေါ့။ အဲဒါကို မကောင်းမှု အကုသိုလ်လို့ ပြောမလား။

ကြေးရတတ်တစ်ယောက်က သူတောင်းစားတစ်ယောက်ကို အမြင်ကတ်တာကြောင့် ဒဂၤါးတစ်ပြားနဲ့ သူတောင်းစားရဲ့ ခေါင်းကို လှမ်းပစ်





လိုက်တယ်။ မှန်တော့လည်း မှန်သွားပါတယ်။ ဒါပေမဲ့ သူတောင်းစားက ဝမ်းမြောက်ဝမ်းသာကောက်ယူပြီး စားစရာ၊ သောက်စရာလေးတွေ ဝယ်စားရတာပေါ့။ တစ်ဖက်သားမှာတော့ ကိုယ်စိတ်နှစ်ပါး ချမ်းသာတာ အမှန်ပဲ။ သို့သော် အဲဒီငွေကြေးရှင်ဟာ ကောင်းမှုပြုတာလား။ မကောင်းမှုပြုတာလား။ သူ့ရဲ့ အပြုအမူဟာ ကုသိုလ်လား၊ အကုသိုလ်လား။

ဒီလိုကျပြန်တော့လည်း စေတနာဆိုတဲ့ ပြဿနာက ဝင်လာပြန်တယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

'ဗာလ' လူမိုက်အကြောင်းကို ဆွေးနွေးကြရင်း မကောင်းသော ကြံစည်မှု၊ ပြောဆိုမှု၊ လုပ်ကိုင်မှုတွေနဲ့ပတ်သက်ပြီး ကိုယ်ကျင့်တရားပြဿနာ၊ ကောင်းမှု၊ မကောင်းမှု၊ မြင့်မြတ်မှု၊ ယုတ်မာမှုတွေအကြောင်းကို ရောက်သွားခဲ့တယ်။

ကိုယ်ကျင့်တရားပြဿနာဟာ တွေးလို့ ဆွေးနွေးလို့ မဆုံးနိုင်လောက်အောင် ကျယ်ပြန့်သိမ်မွေ့လှကြောင်းကိုလည်း ပြောခဲ့ပါသေးတယ်။ အဲဒါတွေကိုရေးနေရင်း ငါ့စိတ်ထဲမှာ The Republic of Plato ဆိုတဲ့ 'ကထာ' ကိုသွားပြီး သတိရမိပါတယ်။ အဲဒီစာအုပ်က ငါ့ဆီမှာ အလွယ်မရှိပါဘူး။ ဒါကြောင့် မှတ်မိသလောက်နဲ့ပဲ သဘောသွားကို ရိပ်မိလောက်ရုံ တင်ပြလိုက်ချင်ပါသေးတယ်။

ဆရာဇော်ဂျီ ပြန်ဆိုရေးသားတဲ့ 'ပလေတိုနိဒါန်း' ကို ဖတ်ဖူး





ကြမယ် ထင်ပါတယ်။ (မဖတ်ဖူးသေးရင် မင်းတို့လူငယ်တွေ မလွတ်တမ်းဖတ်ကြရမယ့် စာအုပ်ဖြစ်ပါတယ်။) အခုလည်း The Republic of Plato (ပလေတို၏ စံပြနိုင်ငံတော်) ငါမှတ်မိသမျှ ပြန်ပြီးရေးတဲ့အခါမှာ ဆရာဇော်ဂျီရဲ့ ရေးဟန်ကိုပဲ အတုယူပြီး ရေးပါ့မယ်။

*

– သင်၏စိတ်၌ 'ကောင်းခြင်းအမှန်' ဟု ယူဆနိုင်သော အရာကို ဆိုပါဘိ။

* အားနည်းသူတို့အား ကူညီစောင့်ရှောက်ခြင်းကား မုချကောင်းပါ၏။

– သို့ဆိုလျှင် အားနည်းသူကို တွေ့၍ သင် တတ်နိုင်လျှင် ကူညီစောင့်ရှောက်မည်ပ။

* မှန်ပါ၏။ စောင့်ရှောက်ကူညီပါမည်။

– သို့ဆိုပါလျှင် ငါတို့ 'အေသင်' နိုင်ငံကို 'စပါးတား' နိုင်ငံက စစ်ပြုလာရာတွင် စပါးတားတို့ အရေးနိမ့်အားနည်းသွားလျှင် သူတို့အား သင် ကူညီပါမည်လော။

* အဘယ်မှာလျှင် ကူညီနိုင်မည်နည်း။ မကူညီနိုင်ပါ။

– အားနည်းသူအား ကူညီစောင့်ရှောက်ခြင်းသည် မုချကောင်းမှုဟု သင် ဆိုခဲ့သည်မဟုတ်လော။

* ဆိုခဲ့ပါ၏။

– သို့ပါလျက် ယခုသော် အဘယ်ကြောင့် အားနည်းသူဖြစ်ပါလျက် မကူညီလေသနည်း။

* စပါးတားတို့ကား ငါတို့၏ ရန်သူဖြစ်နေသောကြောင့် မကူညီနိုင်ပါ။

– အချင်း . . . သို့ဖြစ်လျှင် ရန်သူကိုမူကား အားနည်းနေစေကာမူ မကူညီသင့်ဟု ဆိုရတော့မည်ပ။

* မှန်ပါသည်။ ထိုသို့ဆိုရမည်ပ။



www.burmeseclassic.com

www.burmeseclassic.com



– သို့ဖြစ်လျှင် မိတ်ဆွေဖြစ်သူက အားနည်းလျှင် ကူညီအပ်သည်ဟု ဆိုရမည်ပ။

* မှန်ပါ၏။ ထိုသို့ပင် ဆိုလိုပါသည်။

– မည်သို့သောသူကို မိတ်ဆွေ၊ မည်သို့သောသူကို ရန်သူဟု ခွဲခြားဆိုရပါမည်နည်း။

* မိမိအား ကိုယ်စိတ်ဆင်းရဲအောင်ပြုသူကား ရန်သူ။ မိမိအား ကိုယ်စိတ်ချမ်းသာအောင်ပြုသူကား မိတ်ဆွေဟု ဆိုရပါမည်။

– သင်၏ အဖြေကား သင့်ပေစွ။ သို့သော် သင် ငယ်စဉ်ကလေးဘဝက နာဖျားမကျန်းဖြစ်ခဲ့ဖူးမည် ထင်ပါ၏။

* ဖြစ်ခဲ့ဖူးသည်ပ။

– ထိုအခါ သင့်မိဘများကလည်း ဆေးအတတ်ကျွမ်းသော ဆရာများ၊ သမားတော်များနှင့် သင့်အား ပြသကုစားစေခဲ့စေသည် မဟုတ်လော။

* မှန်ပါ၏။ ဆေးဆရာများနှင့် ကုသစေခဲ့ပါ၏။

– ထိုအခါတွင် ရောဂါပျောက်စေရန် ခါးသီးသောဆေးများကို ကျွေးမည်မှာလည်း မုချ။

* မှန်ပါ၏။ ဆေးခါးကြီးများကို တိုက်ကျွေးခဲ့ကြပါ၏။

– သင်ကလည်း မသောက်လို၍ ငြင်းဆိုခဲ့မည်မှာ မုချ။

* မှန်ပါ၏။ ငြင်းဆန်ရုံမျှမက အော်ဟစ်ငိုကြွေးခဲ့မိသည်ပ။

– ထိုအခါတွင် သူတို့က မည်သို့ပြုခဲ့ကြသနည်း။

* ငါ့အား ချုပ်ကိုင်၍ ဆေးခါးကို တိုက်ကြတော့သည်သာ။

– ထိုအခါတွင် သင်လည်း ကိုယ်စိတ်ပင်ပန်းမည်မှာပ။

* မှန်ပါ၏။ ကိုယ်စိတ်ပင်ပန်းခဲ့ပါ၏။

– မိမိအား ကိုယ်စိတ်ဆင်းရဲစေသူသည် မိမိ၏ရန်သူဟု သင်ဆိုခဲ့သည် မဟုတ်လော။





* ဆိုခဲ့ပါ၏။

– ယခု သင်၏ မိဘများနှင့် သမားတော်ဆေးဆရာတို့သည် သင်၏ ကိုယ်စိတ်နှစ်ပါးကို ဆင်းရဲစေခဲ့သည် မဟုတ်လော။

* မှန်ပါ၏။ ကိုယ်စိတ်ဆင်းရဲစေခဲ့ပါ၏။

– သို့ဖြစ်လျှင် သူတို့သည် သင်၏ ရန်သူများလော။

* မဟုတ်ပါ။ မိတ်ဆွေများသာ ဖြစ်ကြပါကုန်၏။

*

[အဲဒါလေးက ငါမှတ်မိသလောက်လေးကို မင်းတို့ရိပ်မိသိသာရုံ ရေးပြလိုက်တာပါ။ အဲဒီ The Republic of Plato ကို ကြိုက်လွန်းလို့ ဘာသာပြန်ခဲ့သေးတာ။ လေးငါးမျက်နှာလောက်ပြီးတော့မှ ဆင်ခေါင်းခွေးချီသလိုဖြစ်နေပြီဆိုတာသိလို့ ရပ်ထားလိုက်ခဲ့ပါတယ်။ ဒီတုန်းက ငါက ဝိဇ္ဇာ (ပထနှစ်) B.A(Jr.) ပါ။ မင်းတို့ ဒီခေတ်စနစ်နဲ့ပြောရရင်တော့ ဝိဇ္ဇာ (တတိယနှစ်)ပေါ့။ အခု ပြန်စဉ်းစားမိတော့ တစ်ယောက်တည်း ပြုံးမိသေးတယ်။]

ကိုယ်ကျင့်တရားပြဿနာဟာ ဘယ်လောက်သိမ်မွေ့ကျယ်ပြန့်တယ်ဆိုတာကို သိစေချင်လို့ ထုတ်ပြလိုက်တာပါ။

အဲဒီလိုပဲ သိပ္ပံနယ်ပယ်မှာဖြစ်စေ၊ ဝိဇ္ဇာနယ်ပယ်မှာဖြစ်စေ ပြဿနာတစ်ရပ်ကို ခုနစ်စဉ်အမျှင်တန်းလိုက်ပြီဆိုရင် မဆုံးနိုင်တော့ဘူး။ ဒါကြောင့် ဗုဒ္ဓရှင်တော်ဘုရားက မဂ်ဖိုလ်ရကြောင်း အားထုတ်တဲ့သူတွေကို ပြင်ပသိမှုတွေထက် မိမိရဲ့ အဇ္ဈတ္တကိုယ်တွင်းသိမှုကို အာရုံပြုပါ။ "ရင်ဝ၌မြားမှန်သောသူသည် မည်သည့်အရပ်ကလာသော မြားနည်း၊ မည်သူပစ်လိုက်သောမြားနည်း ဟူသည်ကို စူးစမ်းမနေဘဲ မြားကို အလျင်တစောနုတ်အပ်ဘိသကဲ့သို့ စကြဝဠာစသောအရာများကို မတွေးဘဲ မိမိ၏ကိုယ်တွင်းသန္တာန်ကိုသာ တွေးတောစူးစိုက်လေလော့" လို့ သတိပေးဆုံးမခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံဘက်မှာ တီထွင်မှုပညာရှင်ကြီးလို့ မော်ကွန်းတင်ရတဲ့ မစ္စတာ အယ်ဒီဆင်ဟာ လျှပ်စစ်မီးလုံး၊ တယ်လီဖုန်း၊ အသံဖမ်းဓာတ်စက်စသည် အားဖြင့် တီထွင်ခဲ့တာ အများကြီးပါပဲ။ တစ်ခုကို စူးစမ်းနေနိုက်မှာ စိတ်ဝင်စားစူးစမ်းစရာ နောက်တစ်မျိုးတွေ့နေရော။ အဲဒီနောက်တစ်မျိုး ကို စူးစမ်းလိုက်ရင် စူးစမ်းစရာနောက်တစ်မျိုး ထပ်တွေ့ပြန်ရော၊ အဲဒီတော့ မြစ်ကို အလျားလိုက်ကူးသလို ဖြစ်နေတော့မှာပဲဆိုပြီး စိတ်ဝင်စားစူးစမ်း စရာတွေကို အရင်တေးမှတ်ထားပြီး မူရင်းစူးစမ်းရှာဖွေနေတဲ့ ပြဿနာ ကို မျက်ခြည်မပြတ် လိုက်ရတယ်လို့ ဆိုပါတယ်။

အဲဒီလိုပဲ ငါတို့လည်း ကိုယ်ကျင့်တရားဆိုတာ ဘာလဲဆိုတဲ့ ပြဿနာမှာ ပေါ်လာသမျှ မေးခွန်းတွေကို ဆက်ပြီးလိုက်နေရင် အလုပ် ဖြစ်မှာမဟုတ်တော့ဘူး။ မင်းတို့မှတ်မိကြဦးမလားမသိဘူး။ တို့များ ငယ်ငယ်က ကြားခဲ့ဖူးတဲ့ 'ကြောင်းကျိုးဆက်' လင်္ကာကလေးပေါ့။ ကလေးဘဝ အော်ကြဟစ်ကြနဲ့ ဆိုခဲ့ကြဖူးပါတယ်။ "ပေါက်ပင် ဘာလို့ ကိုင်းတယ်၊ ဖျင်းနားလို့ ကိုင်းတယ်၊ ဖျင်း ဘာလို့နားတယ်" ဆိုတာ လေးပေါ့။ ဘာနဲ့အဆုံးသတ်သွားသလဲ မှတ်မိကြသေးလား။ မြွေဘာလို့ ကိုက်တယ်။ ငါ့ဝမ်းပူဆာ မနေသာလို့ကိုက်ရတယ်ဆိုတာနဲ့ နိဂုံးသတ်လိုက် တယ်။ အဲဒီလိုပဲ ငါတို့ရဲ့ကောင်းသော ကိုယ်ကျင့်၊ ဆိုးသောကိုယ်ကျင့်ကို 'တစ်ပါးသော လူသူသတ္တဝါတို့အား ကိုယ်စိတ်ချမ်းသာစေသော ကံသုံးပါး အမူအရာကို ကောင်းသောကိုယ်ကျင့်၊ တစ်ပါးသောလူသူသတ္တဝါတို့အား ကိုယ်စိတ်ဆင်းရဲစေသော ကံသုံးပါးအမူအရာကို ဆိုးသော ကိုယ်ကျင့်' ရယ်လို့ အလုပ်ဖြစ်စေသော ကောက်ချက် *(workable conclusion)* အဖြစ် သတ်မှတ်ကြရတော့မှာ ဖြစ်ပါတယ်။

ဒီနေရာရောက်တော့မှ တတ်သိခြင်းနဲ့ ကိုယ်ကျင့်တရား ပြဿနာ ပေါ်လာတော့တာပဲ။

## တတ်သိခြင်းနှင့် ကိုယ်ကျင့်တရား

တတ်သိခြင်းလို့ပဲ ပြောထားပါတယ်။ ပညာရှိခြင်းလို့ မဆိုတာကို သတိပြု





လိုက်စေချင်ပါတယ်။ ငါတို့မြန်မာများရဲ့ သမားစဉ်အတွေးအခေါ်မှာ ပညာရှိ ဆိုတာဟာ တတ်သိရုံမျှသာမကဘဲ ကိုယ်ကျင့်သီလကောင်းမွန်ခြင်းပါ အကျုံးဝင်နေတာကြောင့် 'တတ်သိခြင်း' ရယ်လို့ တမင်ခွဲပြီး သုံးလိုက် တာပါ။

ကျိုးကြောင်းဆင်ခြင်ဉာဏ်ကိုရရင် စူးစမ်းရှာဖွေတတ်ရင် တတ်သိ ခြင်းကို ရနိုင်တာပါပဲ။ လူကိုမဆိုထားနဲ့ တိရစ္ဆာန်များတောင်မှ ကျိုးကြောင်း ဆင်ခြင်ဉာဏ်မှာ ထိုက်သင့်သလောက်တော့ ရှိကြမြဲပါပဲ။ 'ခဲမှန်ဖူးတဲ့ စာသူငယ် ရွှယ်ရုံနဲ့လန့်' ဆိုတဲ့ စကားပုံဟာ ကျိုးကြောင်းမှတ်သားတတ် တယ်ဆိုတာကို ညွှန်းနေတယ် မဟုတ်လား။

လူကတော့ ပြောမနေနဲ့တော့။ ကျိုးကြောင်းဆင်ခြင်ဉာဏ်မှာ အကြီးဆုံးသတ္တဝါပါပဲ။ ကျောက်ခေတ် ကျောက်လက်နက်တွေကစပြီး ဒီနေ့ နျူကလီးယားဗုံးထိအောင် လက်နက်တွေကို လုပ်နိုင်စွမ်းရှိတယ်။ ကျောက်လက်နက်တွေနဲ့ တိရစ္ဆာန်တွေကို ပစ်ခတ်သတ်ဖြတ်ပြီး တိရစ္ဆာန်ရဲ့ အရေခွံတွေကို ဝတ်ရာကနေစပြီး ဒီကနေ့ နိုင်လွန်၊ ချည် အမျိုးမျိုး ထိအောင် ဝတ်ဆင်နိုင်ခဲ့တယ်။ ကျောက်လိုဏ်ဂူကြီးထဲမှာ နေခဲ့ကြရာက မိုးပျံတိုက်ကြီးတွေ ဆောက်နိုင်လာတယ်၊ ကျန်တာတွေကို ပြောမနေတော့ ဘူးကွယ်။ ထင်ရှားလွန်းနေပါပြီ။

ဒါပေမဲ့ ဒဿနပညာရှင်တွေက 'လူ' ဆိုတာကို ဖွင့်ဆိုရာမှာ . . .

*Human being = animalty + nationalty*

*လူသတ္တဝါ = တိရစ္ဆာန် + ဆင်ခြင်ဉာဏ်*

ငါတော့ဖြင့် အဲဒီအဆိုကို သဘောကျမိတယ်။ ဗုဒ္ဓဘာသာနဲ့ တွေးပြီး ပြောလိုက်မယ်ဆိုရင်တော့ Human being ဆိုတာကို 'ပုထုဇဉ်' လို့ ဘာသာပြန်ရရင် ပိုပြီးဆီလျော်လေမလားလို့လည်း စဉ်းစားမိတယ်။ ပုထုဇ္ဇနော ဥမ္မတ္တကော (ပုထုဇဉ်တို့ကား အရူးအနှမ်းမျှသာတည်း)လို့ လည်း ဆိုတယ် မဟုတ်လား။

တိရစ္ဆာန်တွေမှာ ကိုယ်ကျင့်တရားဆိုတာတွေ၊ တရားတယ်



www.burmeseclassic.com

www.burmeseclassic.com



မတရားဘူးဆိုတာတွေ၊ သီလဆိုတာတွေ မရှိဘူး။ သူတို့မှာ instinct လို့ခေါ်တဲ့ ဗီဇစိတ်နဲ့ လှုပ်ရှားနေထိုင်သွားကြတာပဲ။ ကြောင်တစ်ကောင်က ကြွက်တစ်ကောင်ကိုဖမ်းပြီး စားလိုက်တာမှာ တရားတယ်၊ မတရားဘူး၊ ကောင်းတယ်၊ ဆိုးတယ် သူ့မှာပြဿနာမပေါ်ဘူး။ ဗီဇစိတ်ရဲ့ လှုံ့ဆော်ချက်အတိုင်း လုပ်လိုက်တာပဲ။

လူမှာတော့ အဲဒီလိုမဟုတ်တော့ဘူး။ လုပ်သင့်၊ မလုပ်သင့်၊ တရားတယ်၊ မတရားဘူး စတဲ့ စောင့်ထိန်းရသော သီလတွေ ရှိလာတယ်။ အဲဒီလို သီလတွေ စောင့်ထိန်းရမယ်ဆိုတဲ့ 'လူ့စည်းကမ်းတွေ' ရှိနေပါလျက် လူ့စည်းကို ဖောက်ဖျက်ပြီး လုကြ၊ ယက်ကြ၊ ခိုးကြ၊ ဝှက်ကြ၊ သတ်ကြ၊ ဖြတ်ကြ ဖြစ်နေတာပဲ မဟုတ်လား။ အဲဒါတွေဟာ တိရစ္ဆာန်စိတ်တွေလို့ ဆိုရမှာပေါ့။

ဒီတော့ ဘာဖြစ်လာသလဲ။ တိရစ္ဆာန်စိတ် လွှမ်းကဲတဲ့သူတွေဟာ လူ့စည်းကမ်း၊ သီလ(တစ်နည်းအားဖြင့် သူတော်ကောင်းစိတ်) မရှိကြတော့ဘူး။ သူက အသာစီးလိုချင်တယ်။ အနိုင်ယူချင်တယ်။ လွှမ်းမိုးချင်တယ်။ အသာစီးရအောင် လုပ်တယ်။ အပိုင်ရအောင် လုပ်တယ်။ လွှမ်းမိုးရအောင် လုပ်တယ်။

ကောင်းပြီ။ အဲဒီလူက တတ်သိဆင်ခြင်ဉာဏ် မရှိဘူး။ ဉာဏ်ခေါင်းပါးတယ်ဆိုပါတော့။ လူ့လောက (တစ်ပါးလူသားတွေအတွက်) အန္တရာယ်မကြီးမားလှဘူးပေါ့။ တကယ်လို့ သူက တတ်သိဆင်ခြင်ဉာဏ်လည်း ကြီးနေပြီဆိုရင်တော့ ကျားကို အတောင်တပ်ပေးလိုက်သလို ဖြစ်တော့မှာပေါ့။

ဒါကြောင့် *ဉာဏ်ကြီးသူများ ယုတ်မာပြီလားဆိုရင် ပတ်ဝန်းကျင်လောကတစ်ခုလုံး ဒုက္ခရောက်ကြပြီသာမှတ်ကြပေရော့။* ဒါတွေကို ထင်ရှားစေဖို့အတွက် ပုံပြင်သာဓကတွေ မပြတော့ဘူး။ ဗီဒီယိုတွေ၊ ရုပ်ရှင်တွေထဲက လူကြမ်းလူယုတ်တွေကို ပြန်သတိရရုံနဲ့လုံလောက်ပါတယ်။

ဒါကြောင့် ဆွေးနွေးလို့ရရုံ (အလုပ်ဖြစ်အောင်) အနားသတ်ပြီး





ပြောလိုက်ချင်တာကတော့ . . .

*ဗာလဆိုတာ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကင်းသော၊ မကောင်းသောကံသုံးပါးရှိသော၊ ကျိုးကြောင်းဆင်ခြင်ဉာဏ်ရှိစေဦးတော့ မကောင်းသောကံသုံးပါးအမှုအရာရှိသောလူများလို့ ဆိုလိုက်ရတော့မှာပါပဲ။*

မင်းတို့တစ်တွေလည်း ဆက်ပြီးစဉ်းစားကြဦးပေါ့ကွာ။ ဒီလိုပဲ တတ်နိုင်သမျှ ခြေခြေမြစ်မြစ်ရှိအောင် စဉ်းစားကြရတယ်မဟုတ်လား။

●

www.burmeseclassic.com

www.burmeseclassic.com

## (၇)

မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့တဲ့ မင်္ဂလာတရား ၃၈ ပါးမှာ အစဦးဆုံးဖြစ်တဲ့ 'အသေဝနာ စ ဗာလာနံ' ထဲက ဗာလဆိုတာရယ်၊ ကျိုးကြောင်းဆင်ခြင်မှုရယ်ကို ရေးခဲ့ပါတယ်။

နောက်ဆုံးဆောင်းပါးမှာ ဗာလနဲ့ပတ်သက်ပြီး နိဂုံးစကားအဖြစ် ကောက်ချက်ချဆွဲခဲ့တာကိုလည်း မှတ်မိကြပါလိမ့်ဦးမယ်။

ဗာလ . . . လူမိုက်ဆိုတာ . . .

- အကြောင်းအကျိုးမသိသူ (တစ်နည်းအားဖြင့် ကောင်းကျိုးဆိုးပြစ် မသိသူ)
- ထို့ကြောင့် မကောင်းသော မနော၊ ဝစီ၊ ကာယကံသုံးပါးကို ပြုတတ်သူလို့ ရေးခဲ့ပါတယ်။ အခုဆက်ရမှာက 'အသေဝန' ဆိုတဲ့ ပုဒ်ပါပဲ။





### အသေဝနာစ

သပြေကန်ဆရာတော်ဘုရားကြီးက –

'ဗာလာနံ၊ လူမိုက်တို့ကို ယာ အသေဝနာစ၊ အကြင် မပေါင်းသင်း မမှီဝဲခြင်းသည်၎င်း' လို့ ဖွင့်ဆိုခဲ့ပါတယ်။

ဒီနေရာမှာ 'ပေါင်းသင်းဆက်ဆံခြင်း' ဆိုတာကိုရော၊ 'မှီဝဲခြင်း' ဆိုတာကိုရော သေချာစဉ်းစားသင့်တယ်လို့ ထင်ပါတယ်။

### ဆက်ဆံခြင်းနှင့် ပေါင်းသင်းခြင်း

မင်းက ဈေးသည်တစ်ယောက်ဖြစ်နေရင် ဈေးဝယ်သူနဲ့ ဆက်ဆံရတာပဲ။ ကျောင်းဆရာတစ်ယောက်ဖြစ်နေရင် ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေနဲ့ ဆက်ဆံရမှာပဲ။ ဘတ်စ်ကားစပယ်ယာဖြစ်နေရင် ဘတ်စ်ကားစီးခရီးသည် လူမျိုးစုံနဲ့ ဆက်ဆံရမှာပဲ။ ဒါတွေဟာ မလွှဲမရှောင်သာတဲ့ ဆက်ဆံမှုတွေဖြစ်တယ်။ ကိုယ့်အိမ်မှာကိုယ်နေရင်တောင် အိမ်နီးချင်း၊ အခန်းနီးချင်းနဲ့ ဆက်ဆံမှုရှိလာရတော့မယ် မဟုတ်လား။ အဲဒါဟာ ပေါင်းသင်းမှု မဟုတ်သေးဘူး။ ပေါင်းသင်းမှုဆိုတာ လူချင်းခင်မင်ရင်းနှီးမှု ရှိလာတဲ့သဘောကို ဆောင်တယ်။

ပေါင်းသင်းတာကို မဆိုထားနဲ့။ ဆက်ဆံတာတောင်မှ လူတွေရဲ့ စရိုက်ကို အတန်အသင့်အားဖြင့် ပြောင်းလဲစေနိုင်တဲ့သဘောရှိတယ်။ မကြာသေးမီက CRIME (ခရိုင်းမ်) ဂျာနယ်မှာ ရဲအရာရှိကလောင်ရှင် 'ထန်လှိုင်' ရဲ့ ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရပါသေးတယ်။ ရဲအဖွဲ့ဝင်တွေရဲ့ဘဝမှာ လူဆိုးသူခိုး လူလိမ်လူကောက်များနဲ့သာ တွေ့ကြုံဆက်ဆံရလေ့ရှိကြောင်း၊ ဒါကြောင့် အချို့သောရဲများဟာ စာရိတ္တမပျက်စေဦးတော့ ဆက်ဆံရေးမှာ စရိုက်ကြမ်းလာတတ်ကြောင်းကို ရေးထားတာပါ။ ငါကိုယ်တိုင် ခပ်ငယ်ငယ်က လူကြီးတွေပြောသံ ကြားဖူးနေတဲ့စကားလေးကို သတိရမိပါတယ်။

"ဒီကောင်က ပုလိပ်ကွ၊ လူမြင်ရင် တရားခံချည်းထင်နေတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်'' ဆိုတဲ့ စကားပါပဲ။ ဆက်ဆံပုံ ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်းဖြစ်နေလို့ ပြောတာဖြစ်မှာပေါ့။ ခက်တာက လူဆိုးသူဆိုးတွေကို စစ်လား၊ ကြောလား၊ မေးလား၊ မြန်းလားလုပ်ကြတဲ့အခါမှာ နူးညံ့ယဉ်ကျေးနေလို့ ရတာမှ မဟုတ်တာပဲကလား။ မောက်မောက်ကြမ်းကြမ်း၊ ငေါက်ငေါက် ငမ်းငမ်း ဆက်ဆံကြရတယ် မဟုတ်လား။ ဒီအကျင့်ဝသီက အမှတ်မထင် စွဲလာတော့တာပေါ့။

အဲဒါဟာ ဆက်ဆံတာပဲရှိသေးတယ်။ ပေါင်းသင်းတဲ့အထိ မရောက် သေးဘူး။ ပေါင်းသင်းတဲ့အထိကို ရောက်သွားပြီဆိုရင် ဘယ်လိုစရိုက်မျိုး ပဲဖြစ်ဖြစ် ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် ကူးစက်လာတတ်စမြဲပါပဲ။ ငါကိုယ်တိုင် ခပ်ငယ်ငယ်က အပေါင်းအသင်းကြောင့် ကျောင်းပြေးခဲ့ဖူး တာတွေ၊ ငါးမျှားခဲ့ဖူးတာတွေ 'မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့' စာအုပ်ထဲမှာ ရေးခဲ့ဖူးပါသေးတယ်။ ရလာတဲ့ငါးတွေကျတော့ အိမ်ကို ယူမလာခဲ့ဘူး။ သူများကို ပေးပစ်ခဲ့ရတာ။ ငါတင်လားဆိုတော့ 'သရုပ်ပြ သုတေသန အဘိဓာန်' ကျမ်းကြီးကို ဦးစွာပထမ ပြုစုတော်မူခဲ့တဲ့ 'အရှင်သြဘာသဘိဝံသ' ဆိုတဲ့ဆရာတော်ကြီးရဲ့ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိမှာ ငါ့လိုပဲ အိမ်က မသိအောင် ငါးမျှားတာတွေ၊ ငါးတွေကို အိမ်မယူဝံ့လို့ သူများကို ပေးပစ်ခဲ့ရတာတွေကို ဖတ်ရတော့ ငါ့မှာ ဖတ်နေရင်း ပြုံးမိသေးတယ်။

အဲဒါတွေဟာ ကျောင်းပြေးတဲ့ သူငယ်ချင်းနဲ့ပေါင်းမိ၊ ငါးမျှားတတ် တဲ့ သူငယ်ချင်းနဲ့ပေါင်းမိတာလောက်ပဲရှိသေးတာ။ လူမိုက်နဲ့ပေါင်းမိတယ် လို့ မဆိုနိုင်သေးဘူး။

နောက်တစ်ခုပြောလိုက်ရဦးမယ်။ ငါ့အသက် ၁၆ နှစ်လောက်မှာ သူငယ်ချင်းအပေါင်းအသင်းတစ်ယောက်နဲ့ တွေ့ခဲ့ဖူးပါသေးတယ်။ တစ်ညနေမှာတော့ မှောင်ရီဖျိုးဖျအချိန်မှာ သူက ''စိမ်ရည်သောက်ရ အောင်ကွာ'' လို့ ဆွယ်ပါတယ်။ 'စိမ်ရည်' ဆိုတာက ထန်းလျက်ကို 'တဆေး' နဲ့ ဖောက်ထားတဲ့ ကစော်ရည်ပါပဲ။ ငါက တစ်ခါမှမသောက်ဖူး တော့ ကြောက်နေမိပါတယ်။ ဒါကြောင့် ငြင်းပါတယ်။ သူက ဘာမှမမူး





ယစ်ပါဘူး ဘာညာနဲ့ပြောတာကြောင့် စိမ်ရည်တစ်မူးဖိုး (လက်ဖက်ရည် ကြမ်းပန်းကန်တစ်လုံးနီးပါး)လောက်ကို သောက်လိုက်ပါတယ်။ မမူးလှ ပါဘူး။ ရီဝေဝေနဲ့ စိတ်မြူးလာရုံလောက်ကလေးပါပဲ။ သို့သော်လည်း နှစ်သက်မိတဲ့စိတ်ကလေး ဝင်သွားတာအမှန်ပဲ။ နောက်တော့ တစ်ဆင့်ပြီး တစ်ဆင့် အရက်ထိအောင် ရောက်သွားခဲ့ရပါသေးတယ်။

ကောင်းပြီ . . . ဆက်ဆံမှုသက်သက်ကရော ဘယ်လိုလဲ။

အထက်မှာ ဆက်ဆံမှုသက်သက်ကို ပြောပြခဲ့ပါပြီ၊ ဆက်ဆံပါများ လာတော့ ဈေးသည်နဲ့ ဈေးဝယ် ဖောက်သည်ဖြစ်လာသလို မျက်မှန်း တန်းမိပြီး အပေါင်းအသင်းဖြစ်လာတတ်တာပဲ။ နောက်တော့ ရင်းနှီးလာ တတ်စမြဲပေါ့။

ခရိုင်းမ်ဂျာနယ်မှာ ရဲအရာရှိ 'ထန်လှိုင်' ရေးခဲ့တဲ့ ရဲအဖွဲ့ဝင်တွေဟာ လူဆိုးသူဆိုး၊ ခါးပိုက်နှိုက် စတဲ့သူတွေနဲ့ မလွှဲမရှောင်သာ ဆက်ဆံ ကြရကြောင်း၊ ဒါကြောင့် စာရိတ္တမပျက်စေဦးတော့ ဆက်ဆံရေးစရိုက်မှာ ကြမ်းတမ်းသွားတတ်ကြောင်းကို အထက်မှာ ဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့ ပင်ကိုယ်စာရိတ္တမခိုင်တဲ့သူများကျတော့ စာရိတ္တပါပျက်စီးသွားနိုင်တယ်လို့ ထင်ပါတယ်။

စာရိတ္တ၊ ကိုယ်ကျင့်တရားဆိုတာ တစ်ချက်လောက် ယိုင်မိသွားရင် ပြန်ပြီးတည့်မတ်ဖို့ အလွန်ခက်တယ်။ ဆက်ပြီး ယိုင်သွားတာသာ များတယ်။

သတိရလာလို့ ပြောလိုက်ရဦးမယ်။

မင်းတုန်းမင်းကြီးလက်ထက်တော်မှာ 'လယ်တွင်းကိုးခရိုင်'က လူဆိုး သူဆိုး အလွန်ကို ထူပြောခဲ့သတဲ့။ ဒါနဲ့ မင်းတုန်းမင်းကြီးက ''လယ်တွင်း ကိုးခရိုင်က အလွန်ကိုဆိုးသွမ်းကြမ်းတမ်းနေပြီ၊ ဒီတော့ သူတို့ထက် ကြမ်းတဲ့ သရဲဝန် ငရွှေလုံးလက်ကို အပ်ရမှာပဲ''ဆိုပြီး သရဲဝန် ဦးရွှေလုံး လက်ထဲ လွှဲပေးလိုက်တယ်။ ကိုးခရိုင်နယ်မြေကလူတွေလည်း အတော် လေး ထိတ်ထိတ်ပျာပျာဖြစ်သွားကြသတဲ့။ သိပ်မကြာလိုက်ခင်မှာပဲ 'ခရမ်းသီးခိုးမှု' တစ်ခု ပေါ်ပေါက်လာတယ်။ ဒီတော့ ဦးရွှေလုံးက –



www.burmeseclassic.com

www.burmeseclassic.com



''မောင်မင်းဟာ အခု ခရမ်းသီးခိုးတယ်၊ နောက်တော့ ပဲကြီးခိုးမယ်၊ နောက်တော့ အပေါင်းအသင်းများလာပြီး ဓားပြတိုက်မယ်၊ ဓားပြအပေါင်းအသင်းများလာတော့ လူစုပြီး သူပုန်ထမယ်၊ ဒီတော့ မီးပွားကတည်းက သတ်မထားရင် မီးတောက်ဖြစ်လာတတ်တာကြောင့် မီးပွားကတည်းက ငြိမ်းလိုက်မှ တော်မယ်'' လို့ ပြောပြီး အဲဒီလူကို ကားစင်မှာတင်၊ သူခိုးယူခဲ့တဲ့ခရမ်းသီးကို လည်ပင်းမှာဆွဲပြီး သတ်ပစ်တယ်။ သူခိုးရဲ့အလောင်းကို ကားစင်မှာ သုံးရက်တိုင်ထားပြီး ပြည်သူတွေကို ကြည့်စေတယ်။ ကိုးခရိုင်တစ်ခုလုံးဟာ ငြိမ်ကျသွားတာပဲလို့ ပြောကြပါတယ်။

ခရမ်းသီးလေးခိုးတာလောက်နဲ့ ဒီလောက် ရက်ရက်စက်စက်သတ်ရသလားလို့ မင်းတို့ ပြောချင်ပြောကြပေါ့။ ငါပြောချင်တာက ဦးရွှေလုံးရဲ့ စကားပါပဲ။ ခရမ်းသီးကစလိုက်တာဟာ ဓားပြ၊ သူပုန်ထိအောင်ဖြစ်သွားတတ်တယ်ဆိုတဲ့စကားပါပဲ။ အဲဒါမျိုးဟာ ဒုစရိုက်နယ်ပယ်မှာတကယ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်သွားတတ်တာတော့ အမှန်ပဲ။

ကျန်းမာခြင်းဟာ မကူးစက်တတ်သော်လည်း အနာရောဂါဆိုတာမျိုးကျတော့ အလျင်အမြန် ကူးစက်တတ်တယ် မဟုတ်လား။ အဲဒီလိုပဲကောင်းသော ကုသိုလ်စရိုက်ဟာ ကူးစက်ဖို့ခက်သော်လည်း မကောင်းတဲ့အကုသိုလ်စရိုက်ကတော့ အလျင်အမြန် ကူးစက်သွားတတ်တယ်။ ဘာကြောင့်လဲဆိုတော့ မင်းတို့ ငါတို့လို ပုထုဇဉ်တွေမှာ မကောင်းတဲ့အကုသိုလ်ဓာတ်တွေက မွေးရာပါ ကိန်းအောင်းလာလို့ပါပဲ။

'ပါပသ္မိံ ရမတိ မနော'၊ စိတ်သည် မကောင်းမှု၌ မွေ့လျော်၏ဆိုတဲ့စကားအတိုင်း ငါတို့ရဲ့ ဓာတ်ခံစိတ်ကိုက အကုသိုလ်ကို နှစ်သက်နေတတ်ကြတယ်။ တခြားဟာကို ပြောမနေနဲ့တော့ကွာ။ မင်းတို့ ကြိုက်လှပါချည်ရဲ့ဆိုတဲ့ ရုပ်ရှင်ကားတွေ၊ ဗီဒီယိုကားတွေကို ပြန်ပြီးစဉ်းစားကြည့်ပါလား။ 'အက်ရှင်ကား' လို့ခေါ်တဲ့ ဇာတ်ကားတွေဟာ ထိုးတာ၊ ကြိတ်တာ၊ ခုတ်တာ၊ ထစ်တာ၊ သတ်တာ၊ ဖြတ်တာတွေနဲ့ ပြည့်နေတာပဲ မဟုတ်လား။ အဲဒါတွေကို အသည်းတယားယား ရင်တထိတ်ထိတ်နဲ့ ကြည့်နေရတာကို





နှစ်သက်နေတာပဲ မဟုတ်လား။ အဲဒါတောင် တကယ်မဟုတ်မှန်းသိသိကြီးနဲ့ကိုပဲ အရသာတွေ့နေတတ်ကြတာ။

ဒါဖြင့် တကယ်ဖြစ်နေရင်ကောလို့ မေးစရာရှိတယ်။ လက်ဝှေ့ပိုလ်လုပွဲတွေ၊ ရွှေခါးပတ်စိန်ခေါ်ပွဲတွေကျတော့ကော လက်မှတ်တစ်စောင်ကိုထောင်ဂဏန်းချီပြီး ပေးရတာကိုတောင် နေရာကောင်းရရန် စောစောကြိုကြသေးတယ် မဟုတ်လား။ အဲဒီကနေပြီး ချဲ့ပွားပြီး စဉ်းစားကြပေတော့ကွာ။ ကိုယ့်အဖြစ်၊ ကိုယ့်စိတ် ဓာတ်ခံကိုလည်း ပြန်ပြီး သုံးသပ်ကြည့်ကြပေါ့ကွာ။

အားကျတတ်ခြင်း

စိတ်ဓာတ်ဟာ မကောင်းမှုမှာ မွေ့လျော်တတ်ကြောင်းကို ပြောခဲ့ပြီးပြီ။ မကောင်းမှုမှာ ( မွေ့လျော်ရုံမကဘူး။ မကောင်းမှုပြုခြင်းမှာ အားကျတတ်တာကျတော့ အလွန့်ကို အညာလွယ်တယ်ကွယ့်။

ဆိုကြပါစို့ကွယ်။ အတန်းထဲမှာ ကျောင်းသားတစ်ယောက်ကစာသိပ်ကြိုးစားတယ်။ ဒါကြောင့် စာသိပ်တော်တယ်။ ဒါကြောင့် စာမေးပွဲတိုင်းမှာ ပထမရတယ်။ အဲဒါမျိုးကို တွေ့ဖူးကြသားပဲ။ အားကျစိတ်ဖြစ်ခဲ့ဘိခြင်း။ သူ့ဘာသာ ပထမ အကြိမ်တစ်ထောင်လောက်ရနေစေဦးတော့ကိုယ်နဲ့မဆိုင်သလို နေလိုက်မိတာများတယ်။

အဲ . . . ကိုယ့်အပေါင်းအသင်းထဲက တစ်ယောက်က လေးခွအလွန်လက်ဖြောင့်တာမို့ တစ်ချက်တစ်ကောင်ဆိုလောက်အောင်စာကလေးတွေ၊ ဆက်ရက်တွေကို ရပြီဆိုပါတော့ အဲဒါမျိုးကျတော့ အလွန်ကို အားကျတယ်။ အင်္ဂလိပ်လိုတော့ admiration လို့ ဆိုရမှာပေါ့။ နှစ်သက်အထင်ကြီးတာ၊ ချီးကျူးမိတာပေါ့။

ဒါတွေကို ငါက စိတ်ကူးနဲ့ရေးနေတာ မဟုတ်ဘူး။ ငါ လေးတန်းငါးတန်းလောက်တုန်းက အဲဒီလို သူငယ်ချင်းတစ်ယောက်ကို အားကျပြီး ရွံ့တွေခူး၊ လောက်စာတွေလုံး၊ လေးခွနဲ့ လက်တည့်စမ်းလိုက်၊ ကျင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာ အမောပါပဲ။ မှတ်မှတ်ရရ စာကလေးတစ်ကောင်ပဲ ရခဲ့ဖူးတယ်။ အဲ . . . ပုတ်သင်ကျတော့ အတော်များများ လေးခွနဲ့ပစ်သတ်ခဲ့ဖူးတယ်။

ပြောချင်တာက မကောင်းမှုပြုခြင်းမှာ နှစ်သက်ပျော်မွေ့ရှိသာမက ဘူး။ အားကျသွားမိတတ်တယ်လို့ ဆိုလိုတာ။ ဒါတောင်မှ အဲ . . . လေးခွ လက်ဖြောင့်တဲ့သူငယ်ချင်းဟာ အကုသိုလ်ပြုတယ်ဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ လူမိုက် လူယုတ်မာလို့ မဆိုနိုင်သေးဘူး။

ပြောချင်တဲ့ ပဓာနအချက်က မကောင်းတဲ့အပေါင်းအသင်းကို ငါတို့က ပိုပြီးနှစ်သက်တတ်ကြတယ်။ ငါတို့စိတ်အခြေခံကြီးကိုက မကောင်းမှုဘက်ကိုရောက်ဖို့ အညွှာလွယ်တယ်ဆိုတာပါပဲ။

မင်းတို့လည်း မင်းတို့ရဲ့ငယ်ဘဝကို ပြန်ပြီး ဆင်ခြင်ကြည့်ကြစေ ချင်တယ်။ ငါ့လိုပဲ ကြုံခဲ့ကြဖူးမှာပါပဲ။

●

(၆)

လူမိုက်တို့ကို မမှီဝဲမပေါင်းသင်းရခြင်းကို မင်္ဂလာတစ်ပါး ဖြစ်ပါပေ တယ်ရယ်လို့ ဘုရားရှင်က ထိပ်ဆုံးတင်ပြီး ဟောတော်မူခဲ့တယ်။

ငါကလည်း အဲဒါကို ရေးနေလိုက်တာ ခုထက်ထိ မပြီးသေးဘူး။

အရင်တစ်ပုဒ်က ဆက်ဆံမှုနဲ့ ပေါင်းသင်းမှုကို ခွဲခြားပြခဲ့ပါတယ်။ ဆက်ဆံမှုကနေပြီး ပေါင်းသင်းမှုအထိ ရောက်သွားတတ်ပုံကိုလည်း ပြောခဲ့ ပါတယ်။ ပေါင်းသင်းမှုထိအောင် ရောက်သွားလိုက်တော့ အကျင့်၊ အလေ့၊ စရိုက်ကလေးတွေ ကူးစက်လာတတ်ပုံကိုလည်း ပြောခဲ့ပါတယ်။

## အပေါင်းအသင်း၏ ဩဇာ

အပေါင်းအသင်း ပတ်ဝန်းကျင်ရဲ့ ဩဇာမှ ရုန်းထွက်နိုင်ဖို့ဆိုတာ အလွန်ကို ခက်ခဲတဲ့ကိစ္စမျိုးဖြစ်တယ်။ မင်းတို့တစ်တွေဟာ မှန်တိုင်းတိုက်လို့ တကွဲစီ ဖြစ်သွားတဲ့ ကျေးညီနောင်အကြောင်းကို ဖတ်ကြဖူးမှာပေါ့။ တစ်ကောင်က



www.burmeseclassic.com

www.burmeseclassic.com



နိုးသားမားပြုတွေဆီ ရောက်သွားတယ်။ တစ်ကောင်က ရသေ့ကျောင်းသခ်မ်းကို ရောက်သွားတယ်။ နိုးသားကြားမှာ ကြီးပြင်းခဲ့ရတဲ့ ကျေးသားက သတ်ဟ၊ ဖြတ်ဟ၊ လုကြ ယက်ကြလို့ အော်တယ်။ ရသေ့ကျောင်းသခ်မ်းမှာ ကြီးပြင်းခဲ့ရတဲ့ ကျေးသားကတော့ ရေအေးကို သောက်ပါလော့။ သစ်သီးတို့ကို စားပါလော့လို့ မြည်ကြွေးတယ်။ မှတ်မိကြမှာပေါ့။

မင်းဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်မဟုတ်လို့ အဲဒီလို ဇာတ်ဝတ္ထုတွေကို မယုံချင်ထားလိုက်ပါ။ ဒါပေမဲ့ ဒီပုံပြင်ရဲ့ ဆိုလိုရင်း အနှစ်သာရကိုတော့ဖြင့် မင်းလည်း နှလုံးပိုက်ထားသင့်တယ်။ ပတ်ဝန်းကျင်စရိုက်ရဲ့ သြဇာကို ရှန်းပယ်ဖို့ ခက်လှပါတယ်။

ငါ ခပ်ငယ်ငယ်က ကြုံတာလေးတစ်ခုကို ပြောရဦးမယ်။ ကုန်စုံရောင်းတဲ့ အိမ်ဆိုင်လေး တစ်ခုမှာထိုင်ပြီး ဆိုင်ရှင်နဲ့ စကားစမြည် ပြောနေကြတုန်းမှာ အနီးအနား အိမ်တန်းလျားက မိန်းကလေးတစ်ယောက်က ရေနံဆီလာဝယ်ပါတယ်။ "ရေနံဆီတစ်ပိုင်းပေးပါ" တဲ့။ အဲဒီခေတ်ကာလက ရေနံဆီပုလင်းဝက်ဆံ့ ၊င် 'အာတာ' လို့ ခေါ်လေ့ရှိကြပါတယ်။ "ရေနံဆီ တစ်အာတာ" လို့ ပြောရမှာပေါ့။ တစ်ပိုင်းတို့၊ တစ်စိတ်တို့ ဆိုတာက 'အရက်' မှာ သုံးတဲ့ ဝေါဟာရ။ ဒါပေမဲ့ အဲဒီမိန်းကလေးက အရက်ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရတော့ 'တစ်အာတာ' ဆိုတာကို မသိတော့ဘူး။ တစ်ပိုင်းဆိုတာကိုပဲ သိတော့တယ်။ ပတ်ဝန်းကျင်ရဲ့ သြဇာပေါ့။

ငါတွေ့ဖူးတဲ့ ဟာသလေးတစ်ခုကို ပြောလိုက်ရဦးမယ်၊ ကျေးလက်တွေမှာ ရှာသူကြီးတွေ သြဇာတက်နေတဲ့ ကာလပေါ့။ ကာလသားတစ်ယောက်က သူကြီးသမီးကို လက်ဆွဲပြီး လူပျိုစကားပြောတာကိုး။ ဒီတော့ သူကြီးသမီးက ကာလသားကို သတိပေးလိုက်ပုံက "ရှင် ကျွန်မလက်ကို ၂၄ နာရီ အတွင်း လွှတ်ပါ၊ မလွှတ်ရင် အဖေ့အော်တိုင်လိုက်မယ်" ဆိုကိုး။ ၂၄ နာရီအတွင်းတို့၊ ၂၄ နာရီ ဖမ်းချုပ်တယ်တို့ ခေတ်စားနေချိန် မဟုတ်လား။ အဲဒါကို လှောင်ထားတဲ့ ဟာသလေးပါပဲ။ ဘာပဲ





ဖြစ်ဖြစ် ပတ်ဝန်းကျင်ရဲ့ သြဇာဟာ ခွန်အားကြီးကြောင်း ပေါ်လွင်စေပါတယ်။

ရှေ့ပိုင်းမှာ 'အားကျစိတ်' အကြောင်းကိုရေးခဲ့တာ မှတ်မိကြဦးမှာပေါ့။ ငါ့ကိုယ်ငါ တစ်ခါ တစ်ခါပြန်ပြီး စစ်ဆေးကြည့်မိတယ်၊ ခပ်ငယ်ငယ်ကလေးဘဝက ပုံနားထောင်ရတာကို အသည်းလိုက်အူလိုက် ကြိုက်တယ်၊ ဇာတ်နိပါတ်ပုံပြင် အပြောကောင်းတဲ့လူကြီးတွေ အိမ်ရောက်လာလို့ သူတို့လူကြီးချင်း ပုံပြောကြပြီဆိုရင် ငါက (လူရာမဝင်သေးပေမဲ့)အနားက အသက်ရှူမေ့မော နားထောင်မိတယ်။ ငါမှတ်မိသေးတယ်။ ဦးဖိုးဆင့်ဆိုတဲ့ အဘိုးကြီးပေါ့။ ငါတို့က ဘကြီးဆင့်လို့ ခေါ်တယ်။ သူပြောခဲ့တဲ့ ပေါရိသာဒ လူသားစားမိခန်းကို ပြောတာမှာ စကားလုံးတွေသာမက သူ့ဟန်ပန်တွေကိုပါ ခုထက်ထိ မှတ်မိနေသေးတယ်။ အဲဒါ သူ့ကို အားကျတဲ့စိတ် ပါဝင်သွားတဲ့ သဘောပါပဲ။

နောက်တော့ ငါ့ကိုယ်ငါတောင် မသိလိုက်ဘဲ (တမင်ကြိုးစားတာမဟုတ်ဘဲ) ပုံပြောကောင်းသူတစ်ယောက် ဖြစ်လာခဲ့တယ်၊ စာသင်ခန်းထဲမှာ အကြောင်းဆိုက်လာလို့ ပုံတွေ၊ ဝတ္ထုတွေ ပြောလိုက်မိရင် အတန်းသားအားလုံးဟာ သက်ရှူမေ့မော နားထောင်ကြရတယ်။

စောစောပိုင်းက ပြောခဲ့တာ မှတ်မိဦးမှာပေါ့။ လေးခွလက်ဖြောင့်တဲ့ သူငယ်ချင်းတစ်ယောက်ကို အားကျမိလို့ လေးခွလက်တည့်အောင် ကျင့်ခဲ့မိတယ်။ အဲဒီလိုပဲ စကားပြောကောင်းတဲ့ လူတွေကို အားကျစိတ် ပေါ်လာပြန်တယ်။

အဲဒီလိုပဲ နောက်ပိုင်းမှာ စာဖတ်ဝါသနာပါလာတော့ စာတွေကို ဖတ်တယ်။ ကိုယ့်စိတ်ထဲမှာ သိပ်ကောင်းတယ်လို့ထင်တဲ့ စကားအသုံးအနှုန်း၊ အရေးအသားတွေ၊ တင်စားတာတွေ၊ အလင်္ကာတွေဟာ တမင်ကျက်မှတ်တာ မဟုတ်ဘဲနဲ့ ခေါင်းထဲမှာ စွဲကျန်ရစ်ခဲ့တော့တာပဲ။ နောက်တော့ အဲဒီလို စာရေးဆရာမျိုးတွေရဲ့ဘဝကို အားကျမိလာတာပါပဲ။ "သူတို့လို ဖြစ်လိုက်ချင်စမ်းပါဘိ" ဆိုတာမျိုး အတွင်းစိတ်က တောင့်တမိ



www.burmeseclassic.com

www.burmeseclassic.com



လာပါတယ်။ ငါ့ကို စာရေးဆရာဖြစ်အောင် တွန်းပို့လိုက်တာ အဲဒီ 'အားကျစိတ်' ပါပဲ။

ဒီတော့ ငါပြောခဲ့တာတွေကို လမ်းကြောင်းဆွဲပြရရင် –

*ဆက်ဆံမှု ➢ ပေါင်းသင်းမှု ➢ ပတ်ဝန်းကျင် ➢ အားကျစိတ်*

အဲဒီလမ်းကြောင်းအတိုင်း ဖြစ်လာတတ်တယ်လို့ ထင်ပါတယ်။

## အပေါင်းအသင်းနှင့် မိတ်ဆွေ

အပေါင်းအသင်းတိုင်းဟာ မိတ်ဆွေအဆင့်ကို ရောက်ချင်မှ ရောက်လာတတ်ပါတယ်။ သွားဖော်လာဖက်၊ ကစားဖော် ကစားဖက်၊ သောက်ဖော်စားဖက်ဆိုတာတွေဟာ အပေါင်းအသင်းတွေပဲ။ မိတ်ဆွေရယ်လို့ ပြောဖို့ခက်တယ်။ 'သောက်ဖော်စားဖက်' ဆိုရင် အရက်သောက်တဲ့ အချိန်လောက်မှာပဲတွဲပြီး ကျန်တဲ့အချိန်မှာ တွဲချင်မှ တွဲမှာပေါ့။ လုပ်ဖော်ကိုင်ဖက်ဆိုရင်လည်း အလုပ်ခွင်မှာသာ တွဲချင်တွဲမယ်။ အလုပ်ခွင်ပြင်ပကို ရောက်လာရင် တွဲချင်မှ တွဲမှာပေါ့။ သို့သော်လည်း အလုပ်တူ တွဲဖက်လုပ်ကိုင်ကြရင်း တစ်ယောက်အကြောင်း တစ်ယောက်သိလို့ ယုံကြည်အပ်နှင်း မိတ်ရင်း ဆွေရင်း ဖြစ်ချင်လည်း ဖြစ်သွားတတ်တာပေါ့။

အပေါင်းအသင်းများတိုင်း မိတ်ဆွေများနိုင်တာမှ မဟုတ်ပဲကလား။ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်၊ ကိုယ့်အတွင်းရေးကို ဖွင့်ဟတိုင်ပင်၊ တစ်ဦးကိုတစ်ဦး အကူအညီပေးကြ၊ ယူကြဖြစ်လာမှ မိတ်ဆွေအဆင့်ကို ရောက်တယ် မဟုတ်လား။ မိတ်ဆွေစစ်၊ မိတ်ဆွေတုဆိုတာမျိုးလည်း ရှိတတ်သပေါ့။ သို့သော်လည်း ဒီနေရာမှာတော့ဖြင့် 'အပေါင်းအသင်း' အဆင့်နဲ့ 'မိတ်ဆွေ' အဆင့်ကွဲပြားပုံကို သိသာရုံ ခွဲခြားပြလိုက်ရတာပါ။

## မိတ်ဆွေ၏ သြဇာ

ရှေ့ပိုင်းမှာ 'အပေါင်းအသင်း၏ သြဇာ' 'ပတ်ဝန်းကျင်၏ သြဇာ' အကြောင်းတွေကို ရေးခဲ့ပါတယ်။ ဒီမှာတော့ဖြင့် မိတ်ဆွေရဲ့ သြဇာအကြောင်းကို





ဆက်ချင်ပါသေးတယ်။ အလွန်ခင်မင်သော၊ ယုံကြည်သော အပေါင်းအသင်းကို မိတ်ဆွေအဖြစ် သဘောထားပြီး ရွေးချယ်ပေါင်းသင်းလာတတ်တာဟာ ငါတို့ရဲ့ သဘာဝပါပဲ။ ဒီတော့ သာမန်အပေါင်းအသင်းရဲ့ သြဇာထက် မိတ်ဆွေရဲ့ သြဇာက ငါတို့ကို ပိုမိုလွှမ်းမိုးလာတတ်စမြဲပါပဲ။

ဒီနေရာမှာ မြတ်စွာဘုရားသခင်နဲ့ ညီတော် အာနန္ဒာတို့ စကားဆိုခန်းလေးကို ထည့်ပေးလိုက်ချင်ပါသေးတယ်။ ညီတော်အာနန္ဒာက ဘုရားရှင်ရဲ့ အလုပ်အကျွေးသာဝက ဖြစ်ပါတယ်။ မင်းတို့ ဒီခေတ်သဘောပြောရရင် ကိုယ်ရေးအတွင်းဝန်၊ အပါးတော်မြဲဆိုတာမျိုးပေါ့။ ညီတော် အာနန္ဒာက –

"မြတ်စွာဘုရား . . . မိတ်ဆွေကောင်း (ကလျာဏမိတ္တ)တို့ဟာ လူတစ်ယောက်အဖို့ မဂ်ဖိုလ်ကိစ္စကို ထက်ဝက်ပြီးစေနိုင်တယ်လို့ ထင်မိပါတယ်ဘုရား"

"အာနန္ဒာ . . . ဤသို့ မဆိုလင့်။ မိတ်ဆွေကောင်းတို့သည် မဂ်ဖိုလ်ကိစ္စကိုတောင် အလုံးစုံပြီးစေနိုင်၏"

ကဲ . . . ဒီမှာ မြတ်စွာဘုရားသခင် မိန့်ကြားတော်မူတာကို သတိထားကြည့်လိုက်စမ်း။ မဂ်ဖိုလ်ကိစ္စကိုတောင် အလုံးစုံ ပြီးစေနိုင်တယ်တဲ့။

ဒီတော့ ငါဆက်ပြီး စဉ်းစားမိတာ အလွန်ကိုခဲယဉ်းတဲ့ မဂ်ဖိုလ်ကိစ္စကိုတောင် အလုံးစုံ ပြီးစေနိုင်တယ်လို့ မိန့်ကြားတော်မူလေတော့ အလွန်ကို လွယ်ကူတဲ့ 'အဝီစိကိစ္စ' မှာတော့ တစ်ခဲနက် အလုံးစုံ ကမန်းကတန်း ပြီးစေနိုင်မယ်ဆိုတာ ဘုရားကို လျှောက်ထားမေးမြန်းနေဖို့ မလိုတော့ဘူးပေါ့။

လွန်ခဲ့တဲ့ များမကြာမီက ဖြစ်ခဲ့လို့ တစ်နိုင်ငံလုံး ဟိုးဟိုးကျော်သွားတဲ့ ရန်ကုန်တရုတ်တန်းက သုံးလောင်းပြိုင် လူသတ်မှုကြီးအကြောင်းကို ပြောပြချင်ပါတယ်။

မှတ်မိဦးမှာပါ။ ကလေးမလေးတစ်ယောက်ကြောင့် ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်မှာ အငြိုးအတေး ရန်မီးပွားလာကြတာ။ နောက်တော့ သေသူ ကောင်လေး အိမ်ကိုသွား။ ကောင်လေးကို သတ်၊ အသံကြားလို့ အိမ်အပေါ် ထပ်က ဆင်းလာတဲ့ ဖခင်ကိုပါ သတ်၊ နောက် မိခင်ကိုပါ သတ်။ ဒီတော့ သုံးလောင်းပြိုင်လူသတ်မှု ဖြစ်သွားတော့တာပေါ့။

လူသတ်မှု ကျူးလွန်ကြသူက နှစ်ယောက်။ တစ်ယောက်က သူနဲ့ သက်ဆိုင်တယ်လို့ မဆိုနိုင်ဘူး။ သေသူနဲ့ ရန်ငြိုးရန်စ မရှိဘူး။ ဒါပေမဲ့ လူသတ်တရားခံက သူငယ်ချင်းဖြစ်နေလို့ ကူညီပြီး သတ်ပေးတာ။ ဒါပေမဲ့ နှစ်ပေါင်းများစွာ အုတ်နံရံအတွင်းမှာ နေရရှာတော့မယ်။ ပြစ်မှုကြီး မဟုတ်လား။

ကိုင်း . . . ဒီအမှုကြီးကို ငါတို့ သေချာဝိုင်းဝန်း စဉ်းစားကြည့် ရအောင်။

သေသူက မိန်းကလေးနဲ့ ရင်းနှီးခဲ့ဖူးတယ်။ သတ်တဲ့လူငယ်က နောက်မှတွေ့တာ။ သေသူ လူငယ်က အရင်က ကောင်းကျိုးဆိုးပြစ်တွေ ကို အခြေခံပြီး အနိုင်ကျင့်တဲ့သဘော၊ ခြိမ်းခြောက်တဲ့ သဘောနဲ့ မိန်းကလေးကို အနှောင့်အယှက် ပေးတယ်လို့ဆိုတယ်။ (သတင်းစာစောင် တွေထဲမှာ ပါတာလောက်ကိုသာ ပြောရတာ။ ငါ့တပည့်တပန်းတွေ ပြောပြ သလောက်ဆိုရင် အတော်လေးကို ဆိုးရွားပါတယ်။)

ဒီတော့ ဒီမိန်းကလေးဟာ ရင်းနှီးချစ်ခင်တဲ့ မိတ်ဆွေရယ်လို့ ယုံ ကြည်ပေါင်းသင်းလိုက်မိတာဟာ ခင်ပွန်းယုတ်၊ မိတ်ဆွေမိုက်ကို ပေါင်းမိ လျက်သား ဖြစ်မလာပေဘူးလား။

သတ်တဲ့လူငယ်လေးနဲ့လည်း သူငယ်ချင်းဟောင်း၊ မိတ်ဟောင်းဆွေ ဟောင်းတွေပဲ။ ဒါပေမဲ့ ခင်ပွန်းယုတ်၊ မိတ်ဆွေမိုက်ကို ကြုံရပြီ။ ဒီတော့ မခံမရပ်နိုင်တော့ဘူး။ ဒါကြောင့် ကြိုတင်ပြင်ဆင်ပြီး သတ်ဖို့လာခဲ့တာပေါ့။

ပါလာတဲ့ အဖော်ကတော့ သူငယ်ချင်းကောင်းအဖြစ်နဲ့ ကျူးလွန်ဖို့ လိုက်လာခဲ့တာပဲ။ ဒါပေမဲ့ သူ့အဖို့မှာ မိုက်မဲသောသူကို မိတ်ဆွေအဖြစ် ပေါင်းမိလျက်သား ဖြစ်နေပြီ။





ဒီကြားထဲမှာ ဘုမသိ၊ ဘမသိ သနားစရာကောင်းတာ မိဘနှစ်ပါး ပဲ။ သူတို့မှာ ဘာအပြစ်ရှိသလဲ။ သားဆိုးသားမိုက်ဆိုတာ မူးရမ်းပေတေ နေမှ မဟုတ်ဘူး။ အသက်ဘေးဆိုတဲ့ အန္တရာယ်ကြီးကို သယ်ဆောင် လာတာကို သားဆိုးသားမိုက်လို့ မခေါ်ရင် ဘယ်လိုခေါ်ကြမလဲ။

ဒါကြောင့် ဘုရားရှင်က –

လူမိုက်ကြောင့် ဘေးရန်တို့ ဖြစ်လာ၏။

(ဗာလေန ဇာယတေ ဘယံ)

လူမိုက်ကြောင့် ဆင်းရဲဒုက္ခ ဖြစ်တတ်ရ၏။

(ဗာလေန ဒုက္ခံ ဥပ္ပဇ္ဇတိ)

လို့ ဟောတော်မူခဲ့တာပဲ။ ဒါကြောင့်လည်း မင်းတို့ ငါတို့လို ပုထုဇဉ် လူသားတွေအတွက် ဟောကြားတော်မူခဲ့တဲ့ မင်္ဂလာတရားတော်မှာ 'အသေ ဝနာ စ ဗာလာနံ' ကို ထိပ်ဆုံးကတင်ပြီး ဟောတော်မူခဲ့တာပေါ့။

ငါတို့ မျက်စိအောက်မှာတင် ဖြစ်နေတာလေးတွေကို ရေးလိုက်ချင် သေးသကွာ။

ပထမဆုံး ပြောချင်တာကတော့ (၁၁–၃–၂၀၀၇)ထုတ် ခရိုင်းမ် (CRIME) ဂျာနယ်မှာ ပါတဲ့ သတင်းတစ်ပုဒ်ပါပဲ။ သတင်းခေါင်းစဉ်က 'သံသယကြောင့် ချစ်သူကို ဓားနှင့် ထိုးသတ်သူအား ဖမ်းဆီး' တဲ့။

ဖြစ်ပုံက ကောင်လေးက သူ့ချစ်သူကောင်မလေးကို ကောင်မလေး စီးနေကျ ဘတ်စ်ကားဒရိုင်ဘာနဲ့ မသင်္ကာဖြစ်နေတယ်။ ဒါနဲ့ပဲ သူတို့ချင်း တွေ့ကြရာမှာ နာသာခံခက် စကားပြောရင်းက ကတောက်ကဆ ဖြစ်လာလို့ ကောင်လေးက "ဓားနဲ့ ထိုးလိုက်ရမလား"လို့ ပြောလိုက်တော့ ကောင်မလေးက ဒေါသနဲ့ "ထိုးလိုက်ပါလား . . . သေဝံ့တယ်" လို့ ပြောလိုက်တာကြောင့် ဓားနဲ့ ထိုးသတ်လိုက်တာပဲ။

ကိုင်း . . . စဉ်းစားကြည့်ကြစမ်း။ ချစ်သူနှစ်ဦးမှာ တစ်ဦးက သေပြီး တစ်ဦးက ဘဝပျက်ကျန်ရစ်ခဲ့ပြီ။ ကောင်းကျိုးဆိုးပြစ် ရှေ့နောက် မစဉ်းစားတာတွေပေါ့။ ဒီထဲမှာ မင်းတို့ ငါတို့ တယုတယ မြတ်နိုးစွာ



www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲလေ့ရှိကြတဲ့ 'အချစ်ဒုက္ခ' စစ်စစ်ကြီး ဆိုက်လာတော့တာပဲ။ တစ်နည်းအားဖြင့် ချစ်ဒုက္ခမှ အချစ်ဘေးဆိုးကြီးအဖြစ် ရောက်သွားတော့တာပဲ။ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက ရေးတော်မူခဲ့တာ။

'သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံး၍ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်၏ . . .' တဲ့။

လကွယ်ညသန်းခေါင်ယံ၊ တောအုပ်ကြီးအလယ်၊ မိုးသားထူထပ်ဆဲ၊ လျှပ်လည်းမလက်ဆိုတဲ့ အင်္ဂါ ၄ ပါးနဲ့ ပြည့်စုံနေတဲ့ မှောင်မိုက်ခြင်းကြီးထက် ပိုပြီးမှောင်မိုက်သော 'ကာမမှောင်'လို့ ဆိုလိုတာပါ။

အဲဒီစာစောင်ထဲမှာပဲ 'ခင်မောင်ထွန်း(လမ်းမတော်)' ရဲ့ 'ကျွန်မဘယ်သူလဲဆိုတာ မသိချင်ပါနဲ့' ဆိုတဲ့ ဆောင်းပါးမှာလည်း လင်ကမယားကိုသတ်တဲ့ အမှုအကြောင်း ပြန်ပြီးရေးထားတာပါ။

သေချာစဉ်းစားကြည့်လိုက်တော့ အပေါင်းအသင်းမိတ်ဆွေထဲမှာ အရင်းနှီးဆုံး ပေါင်းရတာဟာ လင်နဲ့မယားပဲ မဟုတ်လား။ မိုက်မဲတဲ့ လင်၊ မိုက်မဲတဲ့ မယားကို ပေါင်းမိတော့ ဒုက္ခတွေ ပင်လယ်ဝေပြီး ဘဝပျက်ရပြန်တာပါပဲ။

*

'အသေဝနာ စ ဗာလာနံ' ဆောင်းပါးတွေ နိဒါန်းပျိုးစဉ်ကပဲ 'အကြောင်းနဲ့ အကျိုး ဆက်စပ်ပြီး စဉ်းစားမှု' ရဲ့ အရေးကြီးပုံကို အတော်လေး အကျယ်တဝင့် ရေးခဲ့ပါတယ်။ နောက်ပိုင်းမှာ 'အကောင်းနဲ့ အဆိုး' ကိုပါ ထည့်သွင်းစဉ်းစားရမယ်လို့ ဆက်ပြီး ရေးခဲ့ပါတယ်။

နောက်ပြီး ဆက်ဆံမှုက မျက်မှန်းတန်းမိပြီး အပေါင်းအသင်း၊ အပေါင်းအသင်းက ရင်းနှီးလာတော့ မိတ်ဆွေ၊ အဲဒီမိတ်ဆွေက မိုက်မဲယုတ်မာရင် သူ့ညဩဇာကြောင့် (သူ့လွှမ်းမိုးမှု အငွေ့အသက်ကြောင့်) ပစ္စုပ္ပန်ဘဝသာမက သံသရာပါ ဆုံးရှုံးနစ်နာသွားတတ်ပါတယ်။





ဒါကြောင့် 'အသေဝနာ စ ဗာလာနံ' ကို အလေးအနက်ထားပြီး သုံးသပ်သင့်ပါတယ်။ CRIME ၊ ပြစ်မှု စတာတွေကို ဖတ်ရင်လည်း 'သတင်း'လောက်အဖြစ်သာ သဘောမထားဘဲ အကြောင်းအကျိုး အကောင်းအဆိုး ဆက်စပ်ပြီး ဖတ်ကြည့်သင့်ပါတယ်။

နောက်တစ်ဆင့်တက်လိုက်ရင် ကိုယ့်အပေါင်းအသင်း ရင်းနှီးသူတွေရဲ့ စရိုက်အထွေထွေကို (ချစ်စိတ်မသွင်းဘဲ) ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်ကြည့်သင့်ပါတယ်။

နောက်တစ်ဆင့်ဆိုရင်တော့ မိမိမှာ သူတို့ရဲ့ စရိုက်ကောင်းဆိုး ဘယ်မျှထိအောင် ကူးစက်နေပြီလဲဆိုတာကို အားမနာ ပါးမနာ မညာမတာ စစ်ဆေးပြီး အကဲဖြတ်သင့်ပါတယ်။

နောက်တစ်ဆင့် မကောင်းတဲ့ အပေါင်းအသင်းမိတ်ဆွေကို ခွာမှန်းမသိ ခွာသင့်ပါတယ်။

အထက်မှာ ငါပြောခဲ့သမျှဟာ မိတ်ဆွေအဖြစ် ပေါင်းသင်းမိခြင်းလောက်ကိုသာ ပြောခဲ့တာ၊ ဒါပေမဲ့ 'အသေဝနာ'ကို သပြေကန်ဆရာတော်ဘုရားကြီး အနက်ပေးထားတာက လူမိုက်ကို 'မပေါင်းမသင်း မမှီဝဲရခြင်းသည်လည်းကောင်း' တဲ့။

ဒီတော့မှ 'မှီဝဲ' ဆိုတဲ့ ဝေါဟာရကို မြန်မာအဘိဓာန်မှာ ရှာကြည့်မိပြန်တယ်။

*မှီဝဲ – (၁) အာဟာရအလို့ငှာ စွဲမြဲစားသုံးသည်။ (၂) ဆည်းကပ်သည်။ (ပညာရှိကို မှီဝဲရာ၏။)*

ငါတို့အရပ်သုံးစကားနဲ့ ပြောမယ်ဆိုရင် လူမိုက်ကို ဆရာတင်မိတာမျိုးပေါ့ကွယ်။ ဒေဝဒတ်ကို ဆရာတင်ပြီး မှီဝဲဆည်းကပ်မိတာကြောင့် အဇာတသတ်မင်းသား ဘဝပျက်သွားတာကိုတော့ မင်းတို့ သိကြပြီးသားပါ။

ဘိုးတော်ယောင်တွေ၊ ပျောက်စေယောင်တွေကို ဆရာတင်ပြီး ကိုးကွယ်မိသူတွေရဲ့ အကြောင်းကိုလည်း မင်းတို့ ကြားဖူးပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အတွေ့အကြုံအရ ပြောရမယ်ဆိုရင် နိုင်ငံရေးလောကမှာ မိုက်မဲသော၊ အာဏာကို အငမ်းမရ မက်မောသော သူတွေကို ခေါင်းဆောင်အဖြစ် မှိဝဲတာကြောင့် ရည်မှန်းချက်မပေါက်ဘဲ ဘဝပျောက်သွားကြရတာတွေ တစ်ပုံကြီးပဲ။

ဒါကြောင့် နိုင်ငံရေးဖြစ်ရပ်မှန် မှတ်တမ်းတွေ၊ အတ္ထုပ္ပတ္တိတွေ၊ သမိုင်းမှတ်တမ်းတွေကို နှံ့စပ်အောင် ဖတ်ကြည့်ဖို့သင့်ပါတယ်။ ဖတ်ရုံသာမကဘဲ အကျိုးအကြောင်း၊ အဆိုးအကောင်းတွေကိုလည်း ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်သုံးသပ်သင့်ပါတယ်။

အဲဒါ မင်္ဂလာတရားတော် ပထမဆုံးဂါထာထဲက 'အသေဝနာ စ ဗာလာနံ' ရဲ့ သဘောနဲ့ တန်ဖိုးကို မင်းတို့ သိဖို့ ရေးလိုက်ရတာပါ။

မင်္ဂလာတရား ၃၈ ပါးမှာပါတဲ့ အဲဒါလေး ပြည့်စုံလိုက်ရင်ကိုပဲ အတိုင်းမသိ အကျိုးကျေးဇူးရှိပါတယ်။ ဒါကြောင့် "မင်္ဂလာပါ" လို့ ခေါင်းစဉ်ပေးလိုက်ရတာပါ။

●

(၇)

မင်္ဂလာတရားတော်မှာ ထိပ်ဆုံးက ပါလာတဲ့ 'အသေဝနာ စ ဗာလာနံ' ကို ရေးခဲ့တာ အတော်လေးများသွားခဲ့ပါတယ်။ လူမိုက် (ဗာလ)အကြောင်းကိုလည်း ရေးခဲ့တယ်။ အသေဝနာနဲ့ ပတ်သက်ပြီး ဆက်ဆံခြင်း၊ ပေါင်းသင်းခြင်း၊ မှိဝဲခြင်း ဆိုတာတွေကိုလည်း ရေးခဲ့ပါတယ်။ ဒီတစ်ခါတော့ဖြင့် 'ပဏ္ဍိတာနဉ္စ သေဝနာ' ကို ရေးပါတော့မယ်။

ပဏ္ဍိတာ။ ။ 'ပဏ္ဍိတ' ဆိုတာ 'ပညာရှိ'ကို ဆိုလိုကြောင်း ငါတို့ မြန်မာလူမျိုးတိုင်း သိကြပါတယ်။ ဒါဖြင့်ရင် ပညာရှိဆိုတာ ဘာလဲလို့ ဆက်ပြီး မေးလိုက်ရင်တော့ ရုတ်တရက် ကောက်ကာ ငင်ကာ ဖြေနိုင်ဖို့ တယ်ပြီး မလွယ်လှပေဘူး။

သေချာတာတစ်ခုကတော့ ဗာလ(လူမိုက်)ရဲ့ ဆန့်ကျင်ဘက် ဖြစ်နေတာပါပဲ။ ဒါကြောင့် လူမိုက်ဆိုတာကို သေချာ (သေသေချာချာ) သိနေခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ပညာရှိကိုလည်း ငုံမိလောက်အောင် သိပြီးဖြစ်သွားတာပါပဲ။

သို့သော်လည်း ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီးရဲ့ မိန့်ဆိုချက် ကို ဖတ်ကြည့်လိုက်ကြဦးစို့။

*'ပဏ္ဍိတ။ ။ ကောင်းသောအကြံကို ကြံခြင်း၊ ကောင်းသောစကားကို ဆိုခြင်း၊ ကောင်းသောအလုပ်ကို လုပ်ခြင်း။ ဤသုံးပါးကား ပညာရှိဟု သိရန် အမှတ်အသားတည်း . . . စာပေနှင့် အခြားအတတ်အမျိုးမျိုးကို တတ်မြောက်သူကို တစ်နည်းတစ်လမ်းအရ ပဏ္ဍိတဟုခေါ်ဆိုကြသော်လည်း ထိုသူမှာ ဆိုအပ်ခဲ့ပြီးသော လက္ခဏာသုံးပါး မရှိလျှင် "ပဏ္ဍိတနဋ္ဌ သေဝနာ" အရ "ပဏ္ဍိတ"ဟု မဆိုအပ်တော့ပေ။'*

ဒီတော့ 'ပညာရှိ' ဆိုတာဟာ တတ်သိ နားလည်ခြင်းမျှလောက်ကိုသာ မဆိုလိုဘဲ ကိုယ်ကျင့်ကောင်းမှုကိုပါ ရည်ညွှန်းကြောင်း သိသာနေတယ်။ နောက်ပြီး ငါတို့တစ်တွေ သုံးစွဲနေကြတဲ့ 'ပညာရှိ' နဲ့ 'ပညာရှင်' ဆိုတဲ့ စကားနှစ်လုံးကိုလည်း စဉ်းစားကြည့်မိပြန်ပါတယ်။ 'တတ်သိပညာရှင်'ဆိုတဲ့ စကားကိုလည်း စဉ်းစားမိကြမှာပါပဲ။

မင်္ဂလာတရားတော်လာ ဘုရားရှင်ရဲ့အာဘော်ကို သပြေကန်ဆရာတော်ကြီးက တကယ့် 'ပညာရှိ' ကို မှီဝဲဆည်းကပ်မှု၊ တစ်နည်းအားဖြင့် အတတ်ပညာလည်း ရှိသော၊ ကံသုံးပါးလည်း ကောင်းမွန်သော၊ ပညာရှိကို မှီဝဲမှသာလျှင် ပစ္စုပ္ပန် သံသရာတည်းဟူသော ကောင်းကျိုးနှစ်ခုကို ပေးနိုင်တယ်လို့ မိန့်ကြားရေးသားတော်မူခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့ မိန့်မှာချက်ကို ဖတ်လိုက်ရတော့ ခရစ်ယာန်သာသနာ့ဝန်ထမ်း C.H Spurgeon ရဲ့ စကားလေးကို သတိရမိတာနဲ့ပြန်ပြီး ရှာကြည့်လိုက်မိပါသေးတယ်။ ဖတ်ကြည့်ပါဦး။

*Wisdom is the right use of knowledge. To know is not to be wise. Many men knew a great deal, and all the*





*greater fools for it. There is no fool so great as a knowing fool. But to know to use knowledge is to have wisdom.*

*(ပညာဆိုသည်မှာ အသိကို တော်မှန်စွာ အသုံးချခြင်းဖြစ်သည်။ သိခြင်းသည် ပညာရှိခြင်း မဟုတ်။ လူတော်တော်များသည် အလွန်သိကြသည်။ ထို့ကြောင့် အလွန်မိုက်မဲသူများ ဖြစ်နေကြသည်။ 'သိမိုက်' လောက် ကြီးမားသော လူမိုက်မရှိတော့ပြီ။ အသိကို သုံးနည်း သိမှ ပညာဖြစ်သည်။)*

*ကျိုးကြောင်းမြင်သိ၊ ပညာရှိ။* ။ ကျိုးကြောင်းမြင်သိ၊ ပညာရှိ ဆိုတဲ့ စကားကလေးကို ကြားဖူးကြပါလိမ့်မယ်။ သို့သော် ဒီနေရာမှာ ထပ်ပြီးစဉ်းစားကြရမှာ 'ကျိုးကြောင်း' ဆိုတဲ့ ကိစ္စပါပဲ။ အကျိုးတရားဟူသမျှမှာ (ဝါ) ဖြစ်ဖြစ်လာသမျှသော တရား(ဖြစ်ရပ်)တို့မှာ အကြောင်းရင်း (အကြောင်းခံ) ရှိကြကုန်၏တဲ့။ အကြောင်းမရှိဘဲ အကျိုးတရား မပေါ်နိုင်ဘူးပေါ့။ *cause and effect* ပေါ့ကွယ်။

ကောင်းပြီ။ အကြောင်းတရား အကျိုးတရားဆိုတာ နေရာတိုင်းမှာ ရှိနေကြတာပဲ။ အကျိုးတရားကို တွေ့ရတယ်။ ဒါကြောင့် အကြောင်းတရားကို ရှာကြည့်တယ်။ အကြောင်းတရားကိုတွေ့တော့ အကျိုးတရားကို လှမ်းကြည့်နိုင်ပြန်တယ်။ မှန်းသိနိုင်တယ်။

ဆိုလိုတာက။ မိုးရွာတယ်။ အဲဒါအကျိုးတရား။ မိုးရွာခြင်းရဲ့ အကြောင်းတရားကို ရှာကြည့်တယ်။ ရေနိုးရေငွေ့တွေဟာ ကောင်းကင်က အအေးဓာတ်နဲ့တွေ့လို့ ရေဖြစ်ပြီး ပြန်ကျလာတယ်။ အဲဒါက အကြောင်းတရား။ ဒါဖြင့် အဲဒီလို အကျိုးအကြောင်းတွေကို သိလာရင် ပညာရှိလို့ခေါ်မလို့၊ ထားလိုက်တော့။

နောက်အကျိုးအကြောင်းတစ်မျိုးကို စဉ်းစားကြဦးစို့။

*'တစ်ယောက်ချမ်းသာ၊ ကိုယ်ဖို့ရှာ၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း'*တဲ့။

ဒီစကားကို မင်းတို့လည်း ကြားဖူးကြမှာပါ။ လူတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



မိမိချမ်းသာဖို့အတွက်သာလျှင် ရည်မှန်းလုပ်ဆောင်လျှင် ကျန်တဲ့လူ သတ္တဝါများ ဆင်းရဲတတ်တယ်ပေါ့။ ဒီတော့ သတ္တဝါအများ ဆင်းရဲခြင်းရဲ့ အကြောင်းရင်းဟာ တစ်ယောက်ယောက်က ကိုယ်ကျိုးရှာ လုပ်ဆောင်မှု ဖြစ်မလာပေဘူးလား။

မင်းတို့ ငါတို့ ဒီနေ့ ကြားသိနေရတဲ့ သာဓကလေးတွေကို ပြချင်ပါတယ်။

ချောင်းငယ် မြောင်းငယ် ရေကန်ငယ်လေးတွေမှာ ဘက်ထရီအိုး လျှပ်စစ်လွှတ်ပြီး ငါးဖမ်းကြသတဲ့။ ငါးသေး ငါးမွှားလေးတွေပါ သေပြီး ငါးမျိုးတုံးဖို့ ဖြစ်လာပြီပေါ့။ တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာပြီပေါ့။

ဒီမှာ စဉ်းစားကြည့်ရမှာက ဘက်ထရီအိုးလျှပ်စစ်သည် ‘အကြောင်း’။ ငါးတွေ သေကုန်တာသည် ‘အကျိုး’။ ဒီကျိုးကြောင်းကို သိလို့ ဒီလိုလုပ်ကြတာပေါ့။

သို့သော် ဒီလိုလုပ်လိုက်ခြင်းသည် အကြောင်း၊ ထို့ကြောင့် ငါးမျိုး တုံးသွားလို့ အခြားလူတွေ ဒုက္ခရောက်မှာသည် အကျိုး။

ဒီလိုလုပ်တာ ကောင်းသလား။ မကောင်းဘူးလား။

ဒါကျတော့ မိုးရွာခြင်းရဲ့ ကြောင်းကျိုးဆင်ခြင်မှုနဲ့ မတူတော့ဘူး။

ဆရာကြီး ပါဂျီယွန် (Purgeon) ပြောနည်းမျိုးဆိုရင် (The right use of knowledge) ဟုတ် မဟုတ် ပြဿနာ ဖြစ်လာပြီ။ သပြေကန် ဆရာတော်ဘုရားရဲ့စကားကို သုံးရရင် ကောင်းသော အကြံအစည်၊ ကောင်းသော အလုပ် ဟုတ် မဟုတ် ပြဿနာဖြစ်လာပြီ။

ဒီတော့ လျှပ်စစ်ဓာတ်နဲ့ ငါးဖမ်းသူဟာ လျှပ်စစ်ဓာတ်နဲ့ ပတ်သက်တဲ့ အကျိုးအကြောင်းကို သိတယ်။ ကျိုးကြောင်း ဆင်ခြင်တတ်တယ်။

အဲဒီလိုပဲ ငါးသေးငါးမွှားတွေပါ သေကုန်နိုင်တာကိုလည်း သူ သိတယ်။ ကျိုးကြောင်း ဆင်ခြင်တတ်တယ်။ သို့သော် ဒီလိုလုပ်သင့်သလား မလုပ်သင့်ဘူးလား ဆိုတာကိုကျတော့ သူ့အတွက်ကိုပဲ သူ စဉ်းစားတော့တယ်။





ဒီနေရာမှာ ငါတို့ မြန်မာတွေ သုံးလေ့ရှိတဲ့ စကားလေးတစ်ခွန်းကို သတိရမိပြန်ပါတယ်။ ‘ဆင်ခြင်တုံတရား’ ဆိုတာလေးပေါ့။

ကျိုးကြောင်းဆင်ခြင်မှုနဲ့ ကျိုးကြောင်းဆင်ခြင်တုံဆိုတဲ့ စကားလေး ပါပဲ။ ဆင်ခြင်တုံတရားဆိုတာက ကျိုးကြောင်းသက်သက်ကိုသာ မဟုတ်၊ ကောင်းကျိုး ဆိုးပြစ်ကိုပါ စဉ်းစားတာနဲ့ သက်ဆိုင်လာတယ်။

ဒီတော့ ပညာရှိဆိုတာ ကျိုးကြောင်းသိမြင်ရုံသက်သက်၊ အသိ သက်သက်သာလျှင် မမှတ်ဘဲ လူတို့ရဲ့ ကံသုံးပါး အပြုအမူကိုပါ ထည့်သွင်း စဉ်းစားတတ်ခြင်း၊ ကောင်းကျိုးဆိုးပြစ်ကို သိရုံသာမက ကောင်းကျိုး ဖြစ်အောင် အားထုတ်ခြင်းတို့ ပြည့်စုံမှသာ ပညာရှိလို့ ခေါ်နိုင်တယ်ဆိုတာ ထင်ရှားလာတယ်။

ပဏ္ဍိတာနဉ္စ သေဝနာ။ ။ ပညာရှိကို မှီဝဲဆည်းကပ်ရတယ်လို့ မင်္ဂလာတရားတော်မှာ ဘုရားက ဟောကြားမိန့်မှာတော်မူခဲ့တယ်။ သို့သော် လည်း ကျိုးကြောင်း ဆင်ခြင်သိမြင်သူတိုင်းဟာ ပညာရှိ မဟုတ်ပြန်ဘူး။ ဆရာကြီး ပါဂျီမွန်ပြောခဲ့သလို အသိပညာကြီးသလောက် မိုက်မဲနေတဲ့ လူတွေလည်း ရှိနေနိုင်သေးတာပဲ မဟုတ်လား။ အဲဒီလို ‘သိမိုက်’ ကြီးတွေကို မှီဝဲဆည်းကပ်မိပြန်ရင်လည်း ဆရာတင်တာ မှားပြီး ကိုယ်ကျိုး နည်းတတ်ပြန်တာပဲ။ မင်းတို့ ငါတို့အားလုံး သိနေကြတဲ့ ‘အဇာတသတ်မင်း’ ဟာ ‘ဒေဝဒတ်’ ကို ဆရာတင်မှားတာကြောင့် သံသရာထိအောင် နစ်သွားခဲ့ ရတယ် မဟုတ်လား။

အဲဒါတွေကတော့ ဗုဒ္ဓဘာသာတွေအတွက် အလွယ်တကူ သိနိုင် ကြတာမို့ ပြောလိုက်ရတာပါ။ မကြာသေးမီက ဖြစ်ခဲ့တဲ့ သမိုင်းအကြောင်း လေးတစ်ခုကို ပြန်ပြီး ပြောလိုက်ချင်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လုပ်ကြံ ခဲ့ကြတဲ့ ဂဠုန်ဦးစောရဲ့ တပည့်တွေအကြောင်းပါပဲ။

အာဇာနည်ကြီးများကို လုပ်ကြံခဲ့တဲ့ စိန်ကြီး၊ မှုံကြီး၊ ခင်မောင်ရင် စတဲ့ တရားခံတွေအကြောင်းကို ကြုံလာလို့ ဖတ်မိပါတယ်။ လူထုဦး



www.burmeseclassic.com

www.burmeseclassic.com



ရေးတဲ့ 'ထောင်နှင့် လူသား' စတဲ့ စာမျိုးတွေပေါ့ကွယ်။ သူတို့တစ်တွေဟာ ဆရာဖြစ်သူ ဦးစောက ခိုင်းလိုက်လို့သာ လုပ်လိုက်ကြတာ။ ဘယ်လောက် ဆိုးရွားတဲ့ အမှုကြီးလဲဆိုတာကို သိချိန် မရလိုက်ဘူး။ နောင်အခါမှာ တစ်မျိုးသားလုံးရဲ့ အသည်းနှလုံးကို ကြိတ်ချေမိသလို ဖြစ်ခဲ့ပြီဆိုတာ သိလာလိုက်တော့ သူတို့ကိုယ် သူတို့တောင် မုန်းတီးစက်ဆုပ်မိသွားတယ်။ တရားခွင်မှာ ရောက်ကြတော့ သူတို့ခေါင်းဆောင် ဦးစောဘက်ကို လှည့်ပြီး ကြည့်ဖော်တောင် မရကြတော့ဘူး။ တကယ့်ကို ကြေကွဲစရာကောင်းတဲ့ ဖြစ်ရပ်ကြီးပါပဲ။

အဲဒီဖြစ်ရပ်ကြီးရဲ့ အကြောင်းရင်းကို ပြန်ရှာလိုက်တော့ –

ဦးစောကို နယ်ချဲ့ဘက်တော်သားဆိုပြီး လုပ်ကြံဖို့ ကြိုးစားခဲ့ကြသေးတယ် မဟုတ်လား။ ဦးစောက မြို့ထဲက အိမ်အပြန် မြေနီကုန်း အတက်မှာ သေနတ်နဲ့ လိုက်ပစ်သွားတာ။ အသက်တော့ မသေဘူး။ နှာခေါင်းကို လျှပ်ပြီးထိသွားတယ်။ မျက်မှန်ကွဲပြီး မှန်စ ဝင်သွားလို့ မျက်စိတစ်ဖက်တော့ ပျက်သွားတယ်။ ဦးစောက ဗိုလ်ချုပ်အောင်ဆန်းတို့ဘက်က တစ်ယောက်ယောက်ရဲ့ လက်ပါးစေတွေ လုပ်တာပဲရယ်လို့ ထင်သွားပုံရပါတယ်။ သူလည်း ခံပြင်းမှာပေါ့။ သူ့မှာလည်း မာန်ရှိမှာပေါ့။ မြန်မာပြည်ရဲ့ နန်းရင်းဝန် (ဝန်ကြီးချုပ်)ဟောင်း မဟုတ်လား။ ဦးစောကို လုပ်ကြံတာ ဘယ်သူတွေက၊ ဘယ်သူက ခိုင်းတယ်ဆိုတာတွေ ခုထက်ထိ ဆုပ်ဆုပ်ကိုင်ကိုင် မပြောနိုင်သေးပါဘူး။ ဒါပေမဲ့ အဲဒီလူရဲ့ သို့မဟုတ် အဲဒီလူတွေရဲ့ အမှားကြောင့် မြန်မာ့သမိုင်းဟာ အရေးမလှ ဖြစ်သွားခဲ့ရတာတော့ အမှန်ပါပဲ။

ဒီလူတွေဟာ ခပ်ညံ့ညံ့လူတွေ မဟုတ်တာတော့ သေချာတယ်။ အဲဒီလိုပဲ ပညာရှိ မဟုတ်တာလည်း သေချာတယ်။ ပညာရှိထင်ပြီး ဆရာအတင်မှားခဲ့တာတွေပေါ့။

နောက်တစ်ခု ပြောချင်သေးတယ်။

'သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ' ဆိုတဲ့ စာအုပ်ကို ငါဖြင့်





ဖတ်မိတာ သုံးခါလောက်ရှိပြီ။ အထူးသဖြင့် ဒုတိယပိုင်းပေါ့။ အဖွဲ့အနွဲ့ အလင်္ကာ အဆင်တန်ဆာတွေ မပါဘဲနဲ့ ကြေကွဲစရာဖြစ်နေတဲ့ ပွပွန္ဒေးနွေး သမိုင်းကြီးပါပဲ။

တကယ့်ကို အသိဉာဏ်ရှိသော၊ ပညာအခြေခံကောင်းသော၊ တိုင်းပြည်ကို ချစ်တတ်သော ကိုယ်ကျိုးစွန့်သော တက်ကြွသော လူငယ်၊ လူရွယ်တွေ၊ လူကြီးတွေ အသေဆိုးနဲ့ အဆုံးစီရင်ခြင်းခံရတာတွေ။ ခေါင်းဆောင်ကြီးရဲ့ စီရင်ချက်အရ ရက်ရက်စက်စက် အသတ်ခံရတာတွေကို ပြန်တောင် မစဉ်းစားချင်ဘူး။ မဖတ်ဘဲလည်း မနေနိုင်ဘူး။

(ဒါကြောင့် မင်းတို့တစ်တွေကို စာများများဖတ်ဖို့ ပြောနေရတာပါ။ သမိုင်းတွေ၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွေ၊ သမိုင်းဝင် ပုဂ္ဂိုလ်ကြီးတွေရဲ့ ဘဝဇာတ်ကြောင်း အတွေးအမြင်တွေကို များများဖတ်ကြစေချင်တယ်။ ဒီလိုဖြစ်ရပ်မျိုးတွေဟာ ငါတို့မြန်မာပြည်မှာသာ မဟုတ်ပါဘူး။ ကမ္ဘာ့သမိုင်းမှာလည်း ဖတ်လို့ မှတ်လို့ မကုန်နိုင်အောင်ပါပဲ။ စာဖတ်တယ်ဆိုတာ သူတစ်ပါးရဲ့ အတွေ့အကြုံကို တစ်ဆင့်ခံ သင်ကြားနာယူတာပဲ မဟုတ်လား။ ဒီတော့ ဘဝသက်တာပေါင်းများစွာကို ဖြတ်သန်းရသလို ဖြစ်သွားနိုင်တာပေါ့။)

ဉာဏ်ရှိယောက်ျား

ဦးစောတို့ သခင်သန်းထွန်းတို့ကို အသိပညာကင်းမဲ့သူတွေရယ်လို့ ဆိုဖို့ အတော်လေးကို ခက်ပါတယ်။ သူတို့ကို မဆိုထားနဲ့၊ သူတို့ရဲ့ နောက်လိုက်တွေကိုလည်း လူမိုက်တွေပဲ၊ လူ့ဗာလတွေပဲလို့ ဆိုဖို့ ခက်ပါတယ်။ သခင်သန်းထွန်းရဲ့ စီရင်ချက်ကြောင့် သေပွဲဝင်ခဲ့ရသူတွေဟာ ဉာဏ်ပညာအားဖြင့် ထက်မြက်သူတွေ များပါတယ်။ အလွန်နှမြောစရာကောင်းတယ်လို့ ပြောချင်ပါတယ်။ သခင်သန်းထွန်းကို လူ့ဗာလစာရင်းမှာ သွင်းဖို့ ခက်ပါတယ်။ သူလည်း တို့ဗမာအစည်းအရုံးထဲက ခေါင်းဆောင်တစ်ယောက်ဖြစ်ခဲ့သူမဟုတ်လား။ ဗိုလ်ချုပ်အောင်ဆန်းတို့ထက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ဝါရင့်ခဲ့တဲ့ သခင်တစ်ယောက် မဟုတ်လား။ ဖဆပလအဖွဲ့ကြီး ပေါ်ပေါက်လာတော့ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌ၊ သူက အတွင်းရေးမှူး ဖြစ်ခဲ့တယ် မဟုတ်လား။ ဒီတော့ ဉာဏ်ပညာနည်းပါးသူလို့ ပြောဖို့ မဖြစ်နိုင်ပေဘူး။

သူတို့အကြောင်းကို စဉ်းစားမိလိုက်ရင် ငါတော့ဖြင့် မဃဒေဝထဲက မန်လည်ဆရာတော်ကြီးရဲ့စကားကို သွားပြီး သတိရမိတာပဲ။

*'ဉာဏ်ရှိယောကျ်ား၊ မှားလတ်သောအခါ၊*

*ဆေးလွန်နာကို၊ ဆရာနောက်ဆက်၊*

*အကုခက်သို့၊ ဖျက်၍ အမြဲ၊ ပြင်နိုင်ခဲ၏။'*

ဆရာတော်ကြီးကတော့ အဲဒီလိုလူတွေကို 'ဉာဏ်ရှိယောကျ်ား' လို့ ရေးဖွဲ့ခဲ့ပါတယ်။ ဉာဏ်ရှိယောကျ်ားများ မှားပြီလားဆိုရင် 'ဆေးလွန်နာ' လိုပဲတဲ့။

ဆေးလွန်နာဆိုတာက သမားတစ်ယောက်က လူနာရဲ့ ရောဂါ သုံးသပ်မှု ချွတ်ယွင်းပြီး မှားယွင်းသော ဆေးကို သုံးစွဲမိတာကြောင့် 'အနာတစ်ခြား၊ ဆေးတစ်ပါး' ဖြစ်လို့ ရောဂါပိုဆိုးလာတာကို ပြောတာပါ။ အဲဒီလိုပဲ သူတို့တစ်တွေကို မင်္ဂလာတရားတော်အဖွင့်အရ ပညာရှိစာရင်းမှာ မသွင်းနိုင်သော်လည်း ဉာဏ်ရှိယောကျ်ားတွေဆိုတာတော့ မငြင်းနိုင်ကြပေဘူး။

ဒီတော့ ဒီဉာဏ်ရှိယောကျ်ားတွေဟာ ဒီလောက်ထိအောင် ဉာဏ်ပညာရှိပါလျက် ဘာကြောင့် ဒီအမှုကြီးတွေကို ကြံစည်၊ ပြောဆို၊ လုပ်ကိုင်ခဲ့ကြသလဲဆိုတာ စဉ်းစားဖို့ မသင့်ဘူးလား။ စဉ်းစားကြရမှာပေါ့။ 'ဆေးလွန်နာ' တွေ မဟုတ်လား။

ငါလည်း တတ်အားသမျှ စဉ်းစားကြည့်မိတာပါပဲ။

အဲဒီလိုအကြောင်းရင်းကို (ငါဉာဏ်မီသမျှ) စဉ်းစားကြည့်တော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ 'လက်ရှိုးတရားကြီး' တွေကို တွေ့မိပြန်တော့တယ်။

နှစ်ပွင့်စာအုပ်တိုက်



ဒီတော့ 'ပဏ္ဍိတာနဉ္စ သေဝနာ'–ပညာရှိတို့ကို မှီဝဲဆည်းကပ်ခြင်း၊ (ဝါ) ဆရာတင်ထိုက်သော ပညာရှိကို ဘယ်လိုရွေးကြမလဲ။

●

www.burmeseclassic.com

www.burmeseclassic.com

## (၈)

အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ–'လူမိုက်ကို ရှောင်ကြဉ်ခြင်း၊ ပညာရှိကို ပေါင်းသင်းမှီဝဲခြင်း' အကြောင်းကို ရေးလိုက်တာ အတော်ကြီးကို ရှည်လျားသွားခဲ့တယ်။

အကြောင်းမဲ့ လျှာရှည်နေတာ မဟုတ်ပါဘူး။ ငါ့တစ်သက်တာ ဖြတ်သန်းလာခဲ့သမျှမှာ ကြုံတွေ့ခဲ့ရတာရော ပြန်လည်သုံးသပ်ပြီး တွေးတောမိတာတွေရောကြောင့် တကယ့်ကို အရေးကြီးတဲ့ မင်္ဂလာတရားတွေပါလား လို့ ယူဆမိတဲ့အတွက် ရေးနေရတာပါ။

ငါတင်မဟုတ်ပါဘူး။ ပရိတ်ကြီးနိဿယသစ်ကျမ်းကြီးကို ပြုစုတော်မူတဲ့ သပြေကန်ဆရာတော်ကြီးကလည်း ဒီမင်္ဂလာတရားနှစ်ပါးကို အလွန် အလေးထားခဲ့ပါတယ်။ ဆရာတော်ကြီးရေးပုံကို ဖတ်ကြည့်စမ်းပါ။





'လူမိုက်ကို ပေါင်းသူ၊ ပညာရှိကို မပေါင်းသူတို့၌ ဆိုလတ္တံ့ မင်္ဂလာများတွင် ဘယ်မင်္ဂလာမှ ပြည့်စုံမည် မဟုတ်။ ဤမင်္ဂလာနှစ်ပါးကား အားလုံးသော မင်္ဂလာများ၏ အခြေခံဖြစ်၍ မြတ်စွာဘုရားက ရှေးဦးစွာ ဟောတော် မူသည်။'

ကဲ . . . တွေ့ပြီမဟုတ်လား။ ဒီတရားနှစ်ပါးနဲ့ မပြည့်စုံခဲ့ရင် ကျန်တဲ့ မင်္ဂလာတရားတွေမှာ ဘယ်မင်္ဂလာတရားနဲ့မှ မပြည့်စုံနိုင်တော့ ဘူးလို့ကို ကိစ္စပြတ် မိန့်ဆိုတော်မူခဲ့တာ။ အရေးအကြီးဆုံး မင်္ဂလာတရား တွေဖြစ်လို့ ဘုရားရှင်ကတောင် ထိပ်ဆုံးက တင်ပြီး ဟောတော်မူခဲ့တာ လို့တောင် ကောက်ချက်ဆွဲလိုက်သေးတယ်။

အရင်တစ်ခါက ပညာရှိဆိုတာကို ဆွေးနွေးခဲ့ပါတယ်။ စာမေးပွဲ တွေအောင်၊ ဘွဲ့ထူးဂုဏ်ထူးတွေရ၊ ဝိဇ္ဇာသိပ္ပံပညာရပ်တွေမှာ သိမြင်နှံ့စပ် ဖြစ်သူတိုင်းကို ပဏ္ဍိတ (ပညာရှိ)လို့ မခေါ်ဆိုနိုင်ကြောင်း၊ သူတော်ကောင်း တရားလို့ ဆိုရမယ့် ကောင်းသော ကံသုံးပါးလက္ခဏာလည်း ပြည့်စုံမှ သာလျှင် ပဏ္ဍိတလို့ ခေါ်ဆိုအပ်ကြောင်း၊ ထိုသို့သော ပညာရှိများကိုသာ လျှင် မှီဝဲဆည်းကပ်သင့်ကြောင်း (ဆရာတင်အပ်ကြောင်း)ကိုလည်း ရေးခဲ့ပါတယ်။

အဲဒီမှာ သာဓကပြခဲ့တာက ဂျူနိဦးစောနဲ့ သခင်သန်းထွန်းကို ထည့်ပြီး ပြောခဲ့ပါတယ်၊ အမှန်ပြောတာပါ။ သူတို့ကို မုန်းစိတ်၊ နာကြည်း စိတ်ဆိုတာမျိုး တစ်ငွေ့မှတောင် မရှိပါဘူး။ တကယ်ဆိုတော့ မှုန်ဝါးဝါးမှုံ သာ ခံစားမိတော့တဲ့ သမိုင်းဖြစ်ရပ်တွေ အဖြစ်လွန်သွားခဲ့ပြီ။

ဒီလို အသိပညာကြီးမားတဲ့ ခေါင်းဆောင်တွေဟာ ဘာကြောင့် ဒီလိုအမှုကြီးတွေကို လုပ်ခဲ့ကြသလဲဆိုတာ မင်းတို့ငါတို့ သုံးသပ်ခြင်း မပြုသင့်ကြပေဘူးလား။ သင်ခန်းစာယူသင့်တယ်လို့ မင်းတို့ ငါတို့ သုံးသပ် ခြင်း မပြုသင့်ကြပေဘူးလား။ သင်ခန်းစာ ယူသင့်တယ်လို့ထင်ရင် နှလုံး မသွင်းထိုက်ကြပေဘူးလား။ ဒါကြောင့် အကျယ်ချဲ့ပြီး ရေးနေရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဂျူနီဦးစောနဲ့ သခင်သန်းထွန်းကို ခေါင်းဆောင်တွေလို့ ရေးခဲ့လိုက်တာ မင်းတို့က အဲဒီခေတ်ကို မမီတဲ့အပြင် အသက်ကလည်း ငယ်သေးတော့ နားမလည်နိုင် ဖြစ်ကောင်းဖြစ်လိမ့်မယ်။

ဦးစောဟာ ဗမာပြည်ရဲ့ နန်းရင်းဝန်(ဝန်ကြီးချုပ်)ဖြစ်တဲ့အပြင် ဂျူနီအဖွဲ့ရဲ့ ခေါင်းဆောင်လည်း ဖြစ်တယ်။ အင်္ဂလိပ်နဲ့ ဂျာမနီစစ်ဖြစ်ကြတယ်။ အဲဒီအနောက်နိုင်ငံ စစ်ဖြစ်နေစဉ်မှာပဲ ဦးစောက ဘိလပ်ကို သွားခဲ့သေးတယ်။ ဗမာပြည်ရဲ့ လွတ်လပ်ရေးအတွက်လည်း ဝန်ကြီးချုပ် ချာချီလ်ဆီမှာ အရေးဆိုခဲ့သေးတာ။ မစ္စတာချာချီလ်က ဗမာပြည်ဟာ ဗြိတိသျှ အင်ပါယာထဲရောက်မှ ဒီလောက်ထိအောင် တိုးတက်ဖွံ့ဖြိုးလာခဲ့ပါလျက် ဘာကြောင့် သီးခြားလွတ်လပ်ရေး လိုချင်သလဲလို့ မေးလိုက်တဲ့ အခါမှာ "အခု ဂျာမနီက အင်္ဂလိပ်ကို စစ်ပြုနေပါတယ်၊ တကယ်လို့ ဟစ်တလာက စစ်နိုင်သွားလို့ အင်္ဂလိပ်က လွတ်လပ်ရေး တောင်းမယ် ဆိုပါစို့။ ဟစ်တလာက ဘာကြောင့် လွတ်လပ်ရေးလိုချင်ရတာလဲလို့ မေးတဲ့အခါမှာ လူကြီးမင်း ပြန်ဖြေမယ့်အဖြေနဲ့ ကျွန်တော့်အဖြေဟာ အတူတူပဲ ဖြစ်ပါလိမ့်မယ်"လို့ ပြောခဲ့တယ်လို့ မှတ်တမ်းတစ်ခုမှာ ဖတ်လိုက်ရဖူးတယ်။ မစ္စတာချာချီလ်ဆိုတာ ရှူးရှူးရှဲရှဲဖြစ်အောင် ဒေါကန်သွားသတဲ့။ ကဲ- ဦးစောကို လူညံ့လို့ခေါ်မလား။

သူ့ကိုလုပ်ကြံဖို့ ကြိုးပမ်းတာခံလိုက်ရတာကြောင့် ဗိုလ်ချုပ်တို့ အဖွဲ့ကို နာကြည်းသွားတာ။ ဒီလို လုပ်ကြံမှုကြီးကြောင့်လည်း သူ့ဘဝကြီး တစ်ခုလုံး အမှောင်ကျသွားခဲ့ရတာ။ ဒါကိုလည်း ဆင်ခြင်မိပုံရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့သမီး ဘေဘီစောဆီကို ရေးခဲ့တဲ့ နောက်ဆုံးမှာတမ်းစာမှာ (အာဃာတ စိတ်ထားဟာ မကောင်းကြောင်း သင်ခန်းစာယူပါ။) ဆိုတဲ့ သဘောကို ရေးထားခဲ့တယ်။ သူ့ကို လုပ်ကြံတာဟာ ဗိုလ်ချုပ်တို့ မဟုတ်ဘူးဆိုတာလည်း သိသွားပုံရပါတယ်။

ရှေ့မှာရေးခဲ့သလို သခင်သန်းထွန်းဟာလည်း တို့ဗမာအစည်းအရုံး အစောကြီးပိုင်းကစပြီး ခေါင်းဆောင်တစ်ယောက်ပေပဲ။ သူတို့ကို လူညံ့တွေ၊





လူမိုက်တွေ ဗာလတွေလို့ ပြောကြမလား။ ငါ့အနေနဲ့ပြောရရင်တော့ အသိဉာဏ်ထက်မြက်တဲ့ လူတွေဆိုတာ ယုံမှားမရှိ လက်ခံမိပါတယ်။

ဒါပေမဲ့ သူတို့ကို ဆည်းကပ်ကိုးကွယ်သူတွေ (ဝါ) ဆရာတင်မိတဲ့ သူတွေမှာ ဘာကြောင့် ဒုက္ခရောက်ကြသလဲဆိုတာ ပြန်တွက်ကြည့်လိုက်တော့ မင်္ဂလာတရားတော်အရဆိုရင် ဒီလိုမကောင်းသော ကံသုံးပါးကြောင့် ဒီလိုနိဂုံးမျိုး ကြုံကြရတယ်လို့ ဆိုမှာပဲ။ မကောင်းသော ကံသုံးပါး လက္ခဏာတွေ ဘာကြောင့် ပေါ်လာရသလဲဆိုတော့ လက်ရိုးတရားကြီးတွေဖြစ်တဲ့ လောဘ၊ ဒေါသတွေကြောင့် ဒီလိုဖြစ်ရတာပဲလို့ အောက်မေ့မိပါတယ်။

လောဘတရားဆိုတာ ပုထုဇဉ်ဟူသမျှမှာ ပါနေတဲ့ အခြေခံစိတ်ကြီး ဖြစ်နေတာပဲ။ အဲဒီလို လိုချင် တပ်မက်တတ်တဲ့ လောဘတွေထဲမှာ အပြင်းထန်ဆုံးကတော့ ငွေကြေးစည်းစိမ် အာဏာ ကာမ ဆိုတာတွေလို့ ထင်မိပါတယ်။ အဲဒီအထဲမှာ အာဏာဟာ အဆိုးရွားဆုံးလို့လည်း ထင်မိပါတယ်။ ကာမမှောင်ကြောင့် ဒုက္ခရောက်ရတယ် ဆိုတာက သက်ဆိုင်ရာ လူနည်းစုလောက်ပဲ ဖြစ်မှာပေ့ါ။ ငွေကြေးစည်းစိမ်နဲ့ ပတ်သက်ရင် ပိုပြီး ကျယ်ပြန့်စွာ ဒုက္ခရောက်ကြနိုင်တယ်။ အာဏာနဲ့ ပတ်သက်ပြီဆိုရင်တော့ အတောမသတ်သူတွေ ဒုက္ခရောက်တတ်ကြစမြဲပါ။ နောက်ပြီး အကြိတ်အခဲ အရှိန်သတ္တိလည်း ပိုပြီး ပြင်းထန်တယ်လို့ ထင်ပါတယ်။

ဂျာမနီပြည်ကြီးရဲ့ စီးပွားရေးချွတ်ခြုံကျမှုဟာ ဂျူးလူမျိုးတွေကြောင့်လို့ ယူဆမိတဲ့အတွက် ဟစ်တလာ ရက်စက်ခဲ့ပုံကို သတိထားပြီး စဉ်းစားကြည့်ပေ့ါ။ ရုရှအာဏာရှင် စတာလင်ဟာလည်း တိုင်းပြည်က ထွက်ပြေးသွားတဲ့ ထရော့စကီးကိုတောင် ချမ်းသာမပေးခဲ့ဘူး မဟုတ်လား။

ဒီတော့ 'ပဏ္ဍိတ'ဆိုတာဟာ၊ သို့မဟုတ် ပညာရှိဆိုတာဟာ အသိဉာဏ်ကြီးမားရုံသာမက ကိုယ်ကျင့်တရားပါကောင်းမှ တစ်နည်းအားဖြင့် စည်းစိမ် အာဏာ ကာမနဲ့ ပတ်သက်လာရင် ချုပ်တည်းထိန်းသိမ်းမှု ထိုက်သင့်သလောက်တော့ ရှိပါမှ ပညာရှိအဖြစ် ဆည်းကပ်မှု ဆရာတင်မှု



www.burmeseclassic.com

www.burmeseclassic.com



ပြုသင့်တယ်ဆိုတာ ပေါ်မလာပေဘူးလား။

ဒါတွေကို ဘာကြောင့် ဒီလောက်အကျယ်ချဲ့ပြီး ရေးနေရသလဲ ဆိုတော့ မင်းတို့ ငါတို့ဟာ သာမန်လူတွေ၊ သာမန်ပုထုဇဉ်တွေ မဟုတ်လား။ လောဘ ဒေါသတွေ တစ်ထွေးကြီးနဲ့ လှုပ်ရှားနေကြသူတွေ မဟုတ်လား။

ငါတို့လို လူ၀တ်ကြောင်တွေမှာ မဆိုထားနဲ့ ၀တ်ကြောင်ကို လွတ်အောင်ရုန်းပြီး လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးအောင် အားထုတ်ကျင့်ကြံနေပါတယ်ဆိုတဲ့ ရဟန်းတော်များမှာတောင် ဒီလိုအဖြစ်က လွတ်ကင်းနိုင်တာ မဟုတ်ဘူး။ မန်လည်ဆရာတော်တို့ ဗန်းမော်ဆရာတော်တို့က တုံ့ပြန်ရေးသားတဲ့ ကဗျာတွေကို ကြည့်လိုက်ရင် ဒေါသ၊ မာနအသံတွေကို ကြားနေရတာပဲ။

ငါတို့ မကြာခဏ ကိုးကားနေရတဲ့ 'သုတေသန သရုပ်ပြ အဘိဓာန်' ကြီးကို စီရင်တော်မူခဲ့တဲ့ ကျေးဖူးရှင် အရှင်ဩဘာသာဘိ၀ံသရဲ့ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိကို ဖတ်ကြည့်လိုက်ရင် အဲဒီလောဘတွေ ၀န်တိုမှုတွေရဲ့ သဘောကို အခဲလိုက် တွေ့ကြရမှာပဲ။

ဒီကြားထဲမှာ ငါ တွေးမိတာလေးတစ်ခုကို ပြောလိုက်ချင်မိပါသေးတယ်။

အထက်မှာ ငွေကြေးစည်းစိမ်၊ ကာမ၊ အာဏာနဲ့ ပတ်သက်တဲ့ လောဘ ဒေါသမီးတွေဟာ အရှိန်အဟုန် သိပ်ပြီးပြင်းထန်တယ်လို့ ရေးခဲ့ပါတယ်။

ငါဟာ ပုဂ္ဂိုလ်ကျော်တွေရဲ့ အတ္ထုပ္ပတ္တိတွေ၊ သူတို့ရဲ့ ဘ၀အကြောင်း စရိုက်အကြောင်းတွေကို တတ်အားသမျှ ဖတ်ခဲ့ပါတယ်။ မင်းတို့ကိုလည်း ကြိုးစားပြီး ဖတ်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။

ငါ စဉ်းစားမိသမျှကို ပြောချင်ပါတယ်။ ငါ့သုံးသပ်ထင်မြင်ချက်ကို သင့်၏ မသင့်၏တော့ မင်းတို့ ကိုယ်တိုင်လည်း စဉ်းစားကြည့်ပေါ့။

သတိထားမိသလောက်ကို ပြောရရင် သိပ္ပံပညာ လေ့လာ စူးစမ်း





ကြသူတွေမှာ အဲဒီလို ပဋိပက္ခ အလွန်နည်းပါးတယ်။ မရှိသလောက်ပဲလို့ ထင်မိတယ်။ အယူအဆ ကွဲလွဲကြတာ ငြင်းခုံကြတာ ရှိကောင်းရှိမယ်။ ပညာရပ်နဲ့ ပတ်သက်တာလောက်ပဲ ရှိကြတာ ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ အာဏာ၊ စည်းစိမ်၊ အခြွေအရံဆိုတဲ့ လောကီအာရုံတွေအတွက် စူးစမ်းကြတာ မဟုတ်ဘဲ သိချင်စိတ်သက်သက်၊ ပညာသက်သက်၊ အသစ်တွေ့ရှိမှု သက်သက်ကိုသာ မက်မောတာကြောင့် လောကီအာရုံတွေက လွတ်ကင်းသွားသလားလို့ ထင်မိတယ်။

အဲဒီလို စဉ်းစားလိုက်ပြန်တော့ လောကုတ္တရာ ပဋိပတ္တိသက်သက်၊ ၀ိပဿနာ အားထုတ်တော်မူကြတဲ့ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ဟာလည်း မိမိရဲ့ ခန္ဓာကိုယ်သဘော၊ ရုပ်နာမ်သဘောရဲ့ နောက်ကွယ်က ပရမတ္ထတရားကို ရှာနေကြတာမို့ သိပ္ပံသုတေသီတွေနဲ့ ခပ်ဆင်ဆင် တူနေပြန်ရောလို့ ထင်မိလာပြန်ပါတယ်။ ဒါကြောင့် သူတို့အဖို့မှာ ပရမတ္ထသစ္စာတရားကလွဲလို့ ဘာဆိုဘာမှ တပ်မက်ခြင်း မရှိကြတော့ဘူး။ သိချင်စိတ် ပြင်းပြင်းပြပြနဲ့ လောကုတ္တရာပညာကို စူးစမ်းနေကြတာပဲလို့ အတွေးပေါက်မိပြန်ပါတယ်။

မင်္ဂလာတရားတော်အကြောင်းကို ရေးနေရင်းက စကားအူပေါက်သွားတာကို သည်းခံကြပါတော့။ ငါ့စေတနာက မင်းတို့တစ်တွေ ပညာရှိသူတော်ကောင်းအဖြစ် ရောက်အောင် အားထုတ်ကြစေချင်လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၉)

### ပူဇာ စ ပူဇနေယျာနံ

ပူဇော်ထိုက်သောသူကို ပူဇော်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး ဆိုတာကို မင်းတို့လို ဗုဒ္ဓဘာသာဝင် လူငယ်တွေကို မဆိုထားနဲ့ မြန်မာပြည်မှာ နေထိုင်ကြတဲ့ တခြားဘာသာဝင် လူမျိုးခြား လူငယ်ကလေးတွေတောင် သိနေကြပြီဖြစ်ပါတယ်။ ဒီလောက်ထိအောင် ရိုးစင်းပြီး လူသိများနေတဲ့ တရားကြီးကို ဘာကြောင့်ပြန်ပြီး ရေးနေရသလဲဆိုတာကိုက ရုတ်တရက် ကြည့်လိုက်ရင် အူကြောင်ကြောင်ပါပဲ။ သို့သော်လည်း မင်းတို့ကို ခြေခြေမြစ်မြစ် စဉ်းစားတတ်တဲ့ အလေ့အကျင့်လေး ရသွားစေချင်တာကြောင့်ရယ်၊ ကိုယ်လုပ်သမျှအမှုကို ဘာကြောင့်လုပ်ရတယ် ဆိုတာကို သိသိမှတ်မှတ် ဖြစ်တတ်တဲ့ အကျင့်ကလေးရစေချင်တာကြောင့်ရယ်မို့ ရေးလိုက်ရတာပါ။





ဒီတော့ 'ပူဇော်တယ်ဆိုတာဘာလဲ' ဆိုတာက စပြီး စဉ်းစားကြည့်ကြရအောင်။

မင်းတို့ ငါတို့အားလုံး သိနေကြတဲ့ စကားလုံးပါပဲ။ အထူးအဆန်းတော့ မဟုတ်လှပါဘူး။ သို့သော်လည်း သေချာ စဉ်းစားကြည့်ကြရအောင်။ ရတနာသုံးပါး ဆရာသမား မိဘကို ရှိသေ ပူဇော်တယ်။ နောက်ပြီး ဘုရားကို ပန်း ဆီမီး ပူဇော်တယ်။ ရွာစောင့်နတ်၊ အိမ်စောင့်နတ်ကို ပူဇော်တယ်။ သက်ကြီးဝါကြီးများကို ပူဇော်တယ်။ သက်ကြီးပူဇော်ပွဲတွေ လုပ်တယ်။ ဒါတွေကို မင်းတို့ ငါတို့ နေ့စဉ်လိုလို သုံးစွဲနေကြတာပဲ။ ဖြတ်ပြီး မေးလိုက်ရဦးမယ်။ ပူဇော်တယ်ဆိုတာဘာလဲ။

ဒါကြောင့် ငါက အဘိဓာန်တွေကို ရှာကြည့်ပါတယ်။ ပူဇော်တယ်ဆိုတာ အရိုအသေပြုခြင်း၊ အလေးအမြတ်ပြုခြင်း စသည်အားဖြင့် ဖွင့်ဆိုကြပါတယ်။ ကောင်းပြီ၊ နိုင်ငံတော်အလံကို၊ ကျဆုံးလေပြီးသောရဲဘော်များကို ငါတို့ အလေးပြုကြတာပဲ။ ပူဇော်တယ်လို့ မဆိုကြဘူး။ စစ်ဘက်မှာဆိုရင် အရာရှိငယ်တစ်ယောက်က ကိုယ့်ထက် ရာထူးမြင့်တဲ့ အရာရှိတစ်ယောက်ကိုတွေ့ရင် အလေးပြုကြရတာပဲ။ အလေးပြုခံယူရတဲ့ အရာရှိကလည်း ပြန်ပြီး အလေးပြုခြင်းအားဖြင့် အရာရှိငယ်ကို လေးစားကြောင်း ပြရတာပဲ။ အရာရှိငယ်ကတော့ မိမိက စအလေးပြုရပြီး အထက်အရာရှိက လက်ချလိုက်မှ ကိုယ်က လက်ချရပါတယ်။ ဒါဟာ ထုံးတမ်းစဉ်လာ လေးစားမှု အလေးအမြတ်ပြုမှုပါပဲ။ သို့သော် ပူဇော်ခြင်းလို့ ဆိုနိုင်သလား။ မဟုတ်ပြန်ဘူး။ ဒီတော့ ပူဇော်ခြင်းဆိုတာဟာ ဘာသာရေးဆိုင်ရာ အဆုံးအမက သတ်မှတ်သူများနဲ့ ယုံကြည်ကိုးကွယ်မှုအရ သတ်မှတ်ချက်များကို လိုက်နာသောအားဖြင့် အရိုအသေ အလေးအမြတ်ပြုခြင်းကိုသာ ဆိုလိုကြောင်း ထင်ရှားလာပြန်ပါတယ်။

တကယ်ဆိုတော့ ဒီစကားလုံးကို ဒီလောက်ထိအောင် ချဲ့ထွင်စဉ်းစားနေဖို့ မဟုတ်ပါဘူး။ မင်းတို့တွေကို ခြေခြေမြစ်မြစ် စဉ်းစားတတ်တဲ့အလေ့ကို ရစေချင်တာကြောင့်သာလျှင် တင်ပြလိုက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ငါတို့ဗုဒ္ဓဘာသာ အလိုအရ ပြောကြမယ်ဆိုရင်တော့ ပူဇော်ခြင်းဆိုတာဟာ စိတ်နဲ့ အရိုအသေ အလေးအမြတ်ပြုခြင်း၊ ကိုယ်နဲ့ တုပ်ကွရှိကျိုးရှိခိုးခြင်း၊ ပစ္စည်းကိုပါ ဆက်ကပ်ပေးကမ်းခြင်းလို့ ပြောရ လိမ့်မယ် ထင်ပါတယ်။

ငါတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးရဲ့ ကျင့်သုံးမှုအရကို ပြောမယ် ဆိုရင် ဦးချရှိခိုးထိုက်သူနှစ်ဦးကို ပြဆိုပါတယ်။ အဲဒါတွေက –

(၁) အသက်အားဖြင့် မိမိထက်ကြီးရင့်သူ (ဝယဝုဍ္ဎိ)

(၂) မိမိထက် သီလ၊ သမာဓိ၊ ပညာဂုဏ်မြင့်မားသူ (ဂုဏဝုဍ္ဎိ) လို့ ဆိုပါတယ်။

ကောင်းပြီ။ ငါတို့ ဗုဒ္ဓဘာသာ မင်္ဂလာတရားတော် အဆုံးအမအရ ပူဇော်ထိုက်သူတွေကို ဖွင့်ဆိုရာမှာ သပြေကန်ဆရာတော်ဘုရားကြီးက ရတနာသုံးပါး၊ မိဘဆရာသမား၊ ဘကြီး၊ ဘထွေး၊ ဦးကြီး၊ ဦးလေး၊ အစ်ကို၊ အစ်မ စသည်တို့ကို ပြဆိုပါတယ်။

ရတနာသုံးပါးဆိုတော့ ဘုရား၊ တရား၊ သံဃာပေါ့ကွယ်။

ကောင်းပြီ၊ ဘာကြောင့် ဘုရားကို အရိုအသေအလေးအမြတ်ပြု ပူဇော်ရသလဲ။ ပူဇော်အပ်သူတွေထဲမှာ ဘာကြောင့် ဘုရားကို ထိပ်ဆုံးက ထားပြီး ပူဇော်ရသလဲ။ ဒါတွေကို မစဉ်းစားသင့်ပေဘူးလား။

မင်းတို့တော့ဖြင့် မသိဘူး၊ ငါတော့ဖြင့် ဘုရားကို ဘာကြောင့် ရှိခိုးကြသလဲ၊ ဘာကြောင့် ပူဇော်ကြသလဲ၊ ဘာကြောင့် အရာရာထက် အထွတ်အမြတ်ထားပြီး ရိုသေကြသလဲဆိုတာတွေကို မကြာခဏ ကြာကြာ ညောင်းညောင်းကြီး စဉ်းစားနေမိတတ်ပါတယ်။ ငယ်စဉ်အခါမှာကစပြီး မိဘက အစဉ်အလာ လုပ်ပေးခဲ့လို့ ဆိုတာတော့လည်း အမှန်ပါပဲ။ ဒါနဲ့ပဲ ပြီးရော့လား။

တရားတော်ကို တွေ့ခဲ့လို့ဆိုတာလည်း အမှန်ပါပဲ။ တရားတော် ကိုသာ မတွေ့ခဲ့ရင် သိဒ္ဓတ္ထမင်းသားဟာလည်း သူလိုကိုယ်လိုပဲ ဖြစ်နေမှာ ပေါ့။ မင်းတို့ ငါတို့ထက် ဘာမှမထူးနိုင်ပါဘူး။ သည်တော့ ဘုရားရယ်လို့





ဖြစ်လာတာရဲ့ အကြောင်းရင်းက တရားတော်သာ ပဓာနပဲဆိုတဲ့ အဖြေပေါ်လာပါတယ်။

ဒီတော့ တရားတော်ဆိုတာ ဘာတွေလဲ။

သစ္စာလေးပါးဆိုတာတွေ၊ နိဗ္ဗာန်ဆိုတာတွေ၊ သံသရာဆိုတာ တွေကို လျှောက်ပြောနေလိုက်ရင်တော့ အလွယ်သားပဲ။ ငါတို့ဗုဒ္ဓဘာသာ အချင်းချင်းမှာတော့ ဘာမှပြောစရာမရှိပေဘူးပေါ့။ သို့သော်လည်း တခြား ဘာသာဝင်တွေကို ဘယ်လိုပြောပြမလဲ။ ဒီစကားကို မေးလိုက်တာက တခြားကြောင့် မဟုတ်ဘူး။ ဘုရားလက်ထက်ကို လှမ်းပြီး စဉ်းစားမိလိုက် တာကြောင့် ပြောပြလိုက်ရတာပါ။

မင်းတို့ ငါတို့တစ်တွေ သတိပြုသင့်တာက သိဒ္ဓတ္ထမင်းသား ဘုရား ဖြစ်သွားတဲ့အချိန်မှာ ဗုဒ္ဓဘာသာရယ်လို့ မရှိသေးဘူးနော်။ ပထမဆုံး ဟောကြားတဲ့ တရားတော်ဟာ 'ဓမ္မစကြာ' တရားတော်ဆိုတာကို မင်းတို့ ငါတို့ အားလုံးသိနေကြတာပဲ။ ဘယ်သူတွေကို ဟောခဲ့သလဲ၊ ပဉ္စဝဂ္ဂီငါးဦး ကို ဟောခဲ့တယ်။ အဲဒီ ပဉ္စဝဂ္ဂီငါးဦးဟာ သူ့ကို ကြည်ညိုရင်းစွဲ ရှိခဲ့ဖူးသူ တွေ၊ အထင်ကြီးရင်းစွဲ ရှိခဲ့ပြီးသူတွေ ဖြစ်ကြတယ်။ နောက်ပြီး သူတို့ ကိုယ်တိုင်ကလည်း မင်းတို့ ငါတို့လို မအူမလည်တွေ မဟုတ်ဘူး။ sage လို့ခေါ်နိုင်တဲ့ အတွေးအခေါ်ပညာရှင်တွေ ဖြစ်တယ်။ အိုးပစ်၊ အိမ်ပစ် တောထဲကို ထွက်လာပြီး ဘဝအကြောင်း၊ လောကကြီးအကြောင်းကို နက်နက်နဲနဲ စဉ်းစားနေကြတဲ့ ပညာရှိသူတော်စင်တွေ ဖြစ်တယ်။ ဒါကြောင့် သိဒ္ဓတ္ထမင်းသား (ဘုရား) ဟောထားတဲ့တရား (အတွေးအမြင်)ကို ချက်ချင်း ကောက်ကာငင်ကာ လက်ခံလိုက်တာ မဟုတ်ဘူး။ သူတို့ ကိုယ်ပိုင်ဉာဏ်နဲ့ အပြန်ပြန် အလှန်လှန် အထပ်ထပ် သုံးသပ်ကြည့်ပြီးမှ လက်ခံ ယုံကြည်ခဲ့ကြတာ။ အဲဒီလို ဘဝင်ကျသွားတော့မှ ဘုရားကို ရှိခိုးဦးခိုက်ပြီး ပူဇော်ကြတော့တာ။

ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော်တွေထဲမှာ ဓမ္မစကြာတရားတော်ဟာ အခြေခံအကျဆုံး၊ တိုတိုနဲ့ လိုရင်းကို အပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရယ်လို့ ကျမ်းတတ် အကျော်အမော် ဆရာတော်ကြီးများက မိန့်ကြားတော်မူခဲ့ပါတယ်။ ဒီအကြောင်းတွေကို ဆက်ပြီး စဉ်းစားကြမယ်ဆိုရင် ငါတို့ ဆွေးနွေးနေကြတဲ့ မဂ်လာသုတ်ကနေပြီး ဓမ္မစကြာသုတ်ကို ရောက်သွားတော့မှာ အမှန်ပဲ။

ကောင်းပြီ၊ ပဋ္ဌဝဂ္ဂိငါးဦးကို ထားလိုက်ကြဦးစို့။ ဘုရားနဲ့ ခေတ်ပြိုင် အကိုးကွယ်ခံ သူတော်စင် (sage) ပညာရှိကြီးတွေဟာလည်း ကြောက်ခမန်းလန့်ခမန်း အဆင်းရဲခံပြီး ဘဝအဓိပ္ပာယ်ကို ရှာဖွေနေခဲ့ကြတာ။ သူတို့တစ်တွေဟာလည်း ဘာကြောင့် ဘုရားရဲ့တရားတော်ကို လက်ခံ ယုံကြည်ကြ ရုံသာလျှင်မက ဘာကြောင့် ‘ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ’ ဖြစ်ကုန်ကြသလဲ။ ဒါတွေကို ငါတို့တစ်တွေက ဘုရားရှင်ရဲ့ တန်ခိုးတော်ကြောင့် ဘာညာဆိုပြီး ကျေနပ်၊ ကြည်နူးနေကြရင်း ကိုယ်ပိုင်အတွေးကို ချွေးသိပ်မထားဘဲ အလေးအနက်ထားပြီး စဉ်းစားကြည့်ကြဖို့ မသင့်ပေဘူးလား။

ငါတို့ခေတ်မှာ သိပ္ပံ သိပ္ပံနဲ့ သိပ္ပံဆိုတဲ့ စကားဟာ ခေတ်စားနေသလို အဲဒီခေတ်ကလည်း အတွေးအခေါ် ဘဝအမြင် စတာတွေဟာ အရှေ့မှာရော၊ အနောက်မှာရော ခေတ်စားနေချိန် ဖြစ်တယ်။ ဒီတော့ မဇ္ဈိမဒေသမှာလည်း ဘဝအတွေးအခေါ် အယူအဆတွေ၊ လောကအမြင်တွေ အမျိုးမျိုး အပြိုင်ပြိုင် ထွန်းပေါ်နေချိန်ဖြစ်တယ်။ အဲဒီလို အတွေးအခေါ် ခေတ်စားချိန်ဆိုတော့ ခေတ်ပြိုင်အတွေးအခေါ်ပညာရှင် ပရိဗိုဇ်ဆရာကြီးတွေကို မပြောနဲ့တော့ သူတို့ အဟောအပြောတွေကို နားရည်ဝနေတဲ့ ပညာတတ်တွေကတောင် တော်ရုံတန်ရုံလူတွေ လာမစမ်းနဲ့ ဆိုတာမျိုး ထိအောင် အတွေးအခေါ် သွေးနားထင် ရောက်နေခဲ့တဲ့ အချိန်လို့ ပြောနိုင်တယ်။

ဒီစကားကို ဘာကြောင့် ပြောနိုင်သလဲဆိုတော့ ကေသမုတ္တိဆိုတဲ့ နိဂုံးရွာကြီးက ကာလာမပုဏ္ဏားတွေနဲ့ ဘုရားရှင် တွေ့ဆုံခန်း၊ ကာလာမသုတ္တန်ကို ဟောကြားခန်းကို ဖတ်ရတာကြောင့် ပြောနိုင်တာပါပဲ။

အဲဒီ ကာလာမသုတ်ကိုတော့ စာဖတ်များတဲ့ လူငယ်တိုင်း သိကြ





ပါတယ်။ အဲဒီအပြင် ငါကိုယ်တိုင်လည်း ‘မျိုးသစ်အတွက် ပိဋကတ်မိတ်ဆက်’ ထဲမှာ ရေးခဲ့ဖူးပါသေးတယ်။ အဲဒီလောက် လူသိများနေပါသော်လည်း ဒီနေရာမှာတော့ဖြင့် လိုအပ်နေတယ်လို့ ထင်တာကြောင့် အကျဉ်းလောက်ကို ရေးလိုက်ချင်ပါသေးတယ်။ အကျဉ်းလောက်လို့ ဆိုလိုက်ရသော်လည်း ဘုရားရှင် ရင်ဆိုင်ခဲ့ရတဲ့ အတွေးအခေါ် ပြဿနာတွေ၊ ရှင်းလင်းဟောကြားလိုက်ပုံတွေကို သတိထားမိလိုက်ကြစေချင်တာကို ပဓာနပြုပြီး ပြောချင်တာမို့ အတော်လေးတော့ဖြင့် ရှည်လျားသွားလိမ့်မယ် ထင်ပါတယ်။ သည်းခံပြီး ဖတ်ကြစေချင်ပါတယ်။ ဘုရားရှင်ကို ပိုမိုနားလည်လာပြီး (အသစ် အသစ်သော) ကြည်ညို ရှိသေခြင်းလည်း ဖြစ်လာနိုင်စကောင်းတယ်လို့ ထင်စားမျှော်လင့်မိပါတယ်။

ကေသမုတ္တိနိဂုံးကို ဘုရားရှင်ရောက်သွားလိုက်တော့ ‘ဘုရားကြွတော်မူလာတယ်ဟေ့’ ဆိုပြီး အုတ်အော်သောင်းလဲ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကုန်ကြတယ် မထင်လေနဲ့။ သူတို့က သာမန်အားဖြင့် နာမည်ထင်ရှားနေတဲ့ သိဒ္ဓတ္ထမင်းသားလောက်အဖြစ်သာ သဘောထားကြတာ။ ငါတို့ဆီကို သိဒ္ဓတ္ထမင်းသား ရောက်လာတယ်လို့ သတင်းကြားရတယ်။ စကားစမြည်လေး ဘာလေး ပြောပြီး သူ့ဝါဒ (အတွေးအမြင်)ကို စူးစမ်းကြည့်ရရင် မကောင်းဘူးလားဆိုပြီး ရောက်လာကြတာ။

အဲဒီ ကာလာမပုဏ္ဏားတွေကလည်း ကြေးရတတ် ပညာတတ်တွေမဟုတ်လား။ ဒီတော့ သူတို့က ဘုရားရှင်ကို ဦးခိုက်တာ မဟုတ်ဘူး။ တချို့ကဆိုရင် ခပ်လှမ်းလှမ်းက အကဲခတ်ကြည့်နေရင်း သွားကြားထိုးတံပူဝါးနေကြတဲ့ ပုံစံမျိုး။ စပြီး နှုတ်ခွန်းဆက်လိုက်ပုံက –

“အသင် သိဒ္ဓတ္ထမင်းသား၊ ကျန်းမာရဲ့နော်။ ငါတို့ဆီမှာတော့ ဝါဒရေးရာ အယူအဆတွေ၊ ယုံကြည်မှုတွေ လာ လာပြီး ဟောလိုက်ပြောလိုက်ကြတာ နားလျှံနေပြီ။ ငါပြောတာမှ မှန်တယ်။ သူတို့ပြောတာတွေက မဟုတ်ဘူးဆိုတဲ့ စကားတွေကလည်း ပြောလိုက်ကြတာ မိုးမွှန်နေတော့တာပဲ။ ကြာတော့ ငါတို့လည်း ဘယ်စကားကို ယုံရမှန်းတောင်



www.burmeseclassic.com

www.burmeseclassic.com



မသိတော့ဘူး။ သူတို့လာပြောရင် နားထောင်နေလိုက်တာပါပဲ။ ကြာလာတော့လည်း နားတုံပြီး ရိုးနေပြီမို့ ဘယ်သူပြောတာကိုမှ မယုံတော့သလို ဖြစ်နေပြီ ဆိုပါတော့လေ''

ကဲ- ကာလာမပုဏ္ဏားတွေနဲ့ တွေ့လိုက်ရတာ 'စကတည်းက ယဥ်သကို' ဆိုတာမျိုး ဖြစ်မနေပေဘူးလား။ သူတို့စကားရဲ့ ဆိုလိုရင်းကို ချုပ်ကြည့်လိုက်တော့ 'သင်ဘာပြောပြော ငါတို့ လက်ခံလိမ့်မယ်တော့ မထင်လေနဲ့' ဆိုတဲ့ သဘောကို ရောက်မသွားပေဘူးလား။ စကားကို ပိတ်ပြောထားလိုက်တာပေါ့။

တကယ်လို့ ရုပ်ရှင်ဇာတ်လမ်းတစ်ခုသာ ဖြစ်နေမယ်ဆိုရင် 'ငါတို့ ဇာတ်လိုက်မင်းသား ဘာပြန်ပြောမလဲ' ရယ်လို့ သည်းထိတ်ရင်ဖို ဖြစ်မနေလောက်ပေဘူးလား။ အဲဒီလို ဖြစ်နေရင်းကပဲ သူပြန်ပြောတာကို နားစွင့်နေမိမှာလည်း သေချာသလောက်ပဲပေါ့။ ဝတ္ထု၊ ရုပ်ရှင် စတာတွေမှာ ပါတတ်တဲ့ စကားချီချပြောခန်းလိုဟာမျိုးဆိုရင် 'အားပြိုင်မှု' အလွန်ကို ကောင်းတဲ့ အကွက်လို့ ဆိုကြရမှာပေါ့။

ဘုရားက ပြန်ပြောလိုက်တာကိုလည်း နားထောင်ကြည့်လိုက်စမ်းပါဦး။

''အသင်ကာလာမတို့၊ သင်တို့ အဲဒီလိုဖြစ်တာဟာ တကယ် ဖြစ်ထိုက်ပါတယ်။ အလွန်ကောင်းတဲ့ စိတ်ခံအနေအထားပါပဲ။ မှန်တယ်၊ ဘယ်သူပြောတာကိုမှ မယုံကြနဲ့။ အဖေပြောတာလည်း မယုံနဲ့၊ အမေပြောတာလည်း မယုံနဲ့၊ ဆရာသမား ပြောတာကိုလည်း မယုံနဲ့၊ ဒီပုဂ္ဂိုလ်ကတော့ဖြင့် ယုံကြည်လောက်အောင် ပညာရှိသူပဲရယ်လို့လည်း သူပြောတာကိုလည်း မယုံနဲ့၊ ဟိုး ရှေးရှေးကတည်းက လူအားလုံးက ယုံကြည်လက်ခံထားခဲ့ကြတာပဲရယ်လို့လည်း မယုံနဲ့၊ ရှေးကပညာရှိတွေ ရေးခဲ့တဲ့ ကျမ်းစာတွေထဲမှာ ပါတယ်ပဲရယ်လို့လည်း မယုံနဲ့။ အခု သူပြောလိုက်တာကတော့ ငါတွေးထားမိတာနဲ့ တစ်ထပ်တည်းပဲ ဆိုပြီးတော့လည်း မယုံနဲ့၊ ကုန်ကုန်ပြောလိုက်မယ် ငါပြောတာကိုလည်း





အလွယ်တကူ မယုံကြနဲ့''

ကဲ- ခဏလောက်ရပ်ပြီး စဥ်းစားကြည့်လိုက်စမ်းပါ။ ဘုရားက သူတို့ထက်တောင် သံသယကြီးတတ်သော၊ ပြောသံကြားတိုင်း မယုံတတ်သောသူ ဖြစ်မနေပေဘူးလား။ နောက်ဆုံးပြောလိုက်တာက 'ငါပြောတာလည်း မယုံနဲ့' ဆိုတဲ့ စကားကတော့ ဇာတ်လမ်း ဒိုင်ယာလော့ခ် (စကားချီချပြောခန်း)သာဆိုရင် ပရိသတ်ကို နှိုးလိုက်တာမျိုး ဖြစ်နေပြီ။ ပရိသတ် နားစွင့်နေလောက်ပြီ။ သိချင်စိတ် ပေါ်လာလောက်ပြီ၊ ကာလာမတို့လည်း အဲဒီအတိုင်း ဖြစ်သွားကြတာ။ ဒါကြောင့် ဆက်မေးကြတယ်။

''ဒါဖြင့် ငါတို့ ဘာကို ယုံကြရမလဲ သင် မင်းသား''

''ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ပြီး ဒါတော့ဖြင့် မမှားနိုင်ဘူး မုချ မှန်ပြီရယ်လို့ ဆိုနိုင်မှ ယုံပေါ့''

''ကိုင်း- ဒါဖြင့် ကောင်းပါပြီ။ သင်ရဲ့လောကအမြင်၊ ဘဝအမြင်ကို ပြောပြစမ်းပါဦး။ သင် ပြောခဲ့သလို ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ကြည့်ရတာပေါ့''

မေးခွန်းမေးတဲ့ပြီး သိဒ္ဓတ္ထမင်းသား ပြောမယ့်စကားကို စောင့်နေကြတဲ့ ကာလာမ ပုဏ္ဏားတွေရဲ့ မျက်နှာထားကို မြင်ယောင်ကြည့်လိုက်စမ်းပါ။ ပြုံးစေ့စေ့ ဖြစ်နေမလားတောင် အောက်မေ့မိပါတယ်၊ ခပ်လှမ်းလှမ်းက သွားကြားထိုး၊ တံပူဝါးနေကြတဲ့ ပုဏ္ဏားကလည်း 'ငါတို့ကောင်ကတော့ ခွဲနေပြီ' ဆိုတာမျိုး အောက်မေ့ပြီး သွားကြားထိုး၊ တံပူဝါးတာတောင် ခဏလောက်ရပ်သွားလိမ့်ဦးမယ် ထင်မိတယ်။

စဥ်းစားကြည့်ကြလေ။ သူတို့က အရင့်အရင် ဆရာ့ဆရာကြီးများ ပြောထားသမျှ သဘောတရားတွေကို ညက်ညက်ကျေထားတာ မဟုတ်လား။ ဆင်ခြေပေးလိုက်မယ်၊ ကြားဖြတ်မေးခွန်း (cross questions) တွေ ထုတ်လိုက်မယ်ဆိုပြီး နှုတ်ခမ်းတပြင်ပြင်နဲ့ ရှိနေကြမှာပေါ့။

ကာလာမသုတ်ဟာ ဗုဒ္ဓမြတ်ရှင်ရဲ့ ဒေသနာတော်ထဲမှာ ထူးထူးကဲကဲ အရေးကြီးတဲ့ တရားတော်မို့ လူငယ်တွေ ကျကျနန သိသင့်တယ်ထင်မိ



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် အလေးထားပြီး ရေးနေခြင်းဖြစ်ပါတယ်။ 'မင်္ဂလာပါ' ကဏ္ဍမှာ ဘာကြောင့် ထည့်ရသလဲဆိုတာကို နောက်ပိုင်းဖတ်နေရင်း သိလာပါလိမ့်မယ်။

●

## (၁၀)

ပူဇာ စ ပူဇနေယျာနံ–'ပူဇော်ထိုက်သော သူကို ပူဇော်ရခြင်း'နဲ့ ပတ်သက်ပြီး 'ဘုရား' ကို ဘာကြောင့် ထိပ်ဆုံးကထားပြီး ပူဇော်ရသလဲဆိုတာကို ရေးခဲ့ပါတယ်။ အဲဒီမှာ ကာလာမပုဏ္ဏားတွေနဲ့ ဘုရားရှင် ဆွေးနွေးခန်းမှာ ဘုရားရှင်က 'ဘယ်သူပြောတာကိုမှ အလွယ်တကူ မယုံနဲ့။ ကုန်ကုန်ပြောရရင် ငါပြောတာကိုလည်း အလွယ်တကူ မယုံကြနဲ့။ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားပြီး ယုံထိုက်မှ ယုံကြ' လို့ မိန့်ကြားခဲ့တာကိုလည်း ရေးခဲ့ပါတယ်။

ကဲ–ဆက်လိုက်ကြဦးစို့။

*

"ကောင်းပါပြီ သင်မင်းသား။ သင်မင်းသား ပြောတာကိုလည်း ချင့်ချိန်ပြီး ယုံကြရမှာပါပဲ။ ဒီတော့ သင်မင်းသားရဲ့ အတွေးအခေါ် ဘဝအမြင် လောကအ



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကိုလည်း သိပါရစေ''

''ဒီလိုဆိုတော့ သင်တို့ကိုပဲ မေးရဦးမှာပါပဲ။ သေချာစဉ်းစားပြီး ဖြေကြပါ''

''ကောင်းပါပြီ။ သင်မင်းသား၊ ဖြေပါမယ်''

''အချင်းကာလာမတို့ . . . တစ်ပါးသူရဲ့ ပစ္စည်းကို လုတာ ယက်တာ ခိုးတာ၊ ဝှက်တာ ကောင်းသလား''

''ဘယ်ကောင်းမလဲ သင်မင်းသား။ မကောင်းပါဘူး''

''သေချာစဉ်းစားပြီး ဖြေကြနော်။ အဲဒါတွေကို မကောင်းဘူးလို့ ပြောတာက မိဘတွေက ဆုံးမထားခဲ့လို့၊ ဒါမှမဟုတ်ဘူး။ လောကကြီးက မကောင်းဘူးလို့ ပြောကြဆိုကြလို့ မကောင်းဘူးလို့ ပြောတာလား။ သင်တို့ ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ပြီး ဒီကိစ္စတွေဟာဖြင့် မကောင်းပါဘူးလို့ ခိုင်ခိုင်မာမာ ယုံကြည်တာကြောင့် မကောင်းဘူးလို့ ပြောကြတာလား''

''သင်မင်းသား၊ တစ်ပါးသူရဲ့ ပစ္စည်းကို လုတာ ယက်တာ ခိုးတာ ဝှက်တာကတော့ဖြင့် မကောင်းတာ အမှန်ပဲ။ မိဘတွေက ဆုံးမတာကြောင့်၊ လူ့လောကကြီးက မကောင်းဘူးလို့ သတ်မှတ်တာကြောင့် ပြောတာ မဟုတ်ပါဘူး။ ငါတို့ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်စဉ်းစားကြည့်ရင်လည်း ဘယ်လိုပဲ စဉ်းစားသည်ဖြစ်စေ မကောင်းတာ အမှန်ပါပဲ။ ဒါကြောင့် မကောင်းဘူးလို့ ပြောရတာပါ''

''ကောင်းပြီ ကာလာမတို့။ ဒီလိုဆိုတော့ တစ်ပါးသူရဲ့ပစ္စည်းကို ခိုးတာ ဝှက်တာ၊ လုတာ ယက်တာဟာဖြင့် မကောင်းဘူးဆိုတာ ခိုင်ခိုင်မာမာ ယုံကြည်လက်ခံကြပြီဆိုရင် နောက်တစ်ဆင့်တက်ပြီး စဉ်းစားကြရတော့မယ်။ သင်တို့ကို ထပ်ပြီး မေးပါရစေ ကာလာမတို့။ အဲဒီလို မကောင်းတဲ့ အမှုတွေကို လူတွေဟာ ဘာကြောင့် လုပ်ကြသလဲ၊ အကြောင်းရင်းကို စဉ်းစားပြီး ဖြေကြစမ်းပါ''

''အသင်မင်းသား၊ အဲဒီပစ္စည်းတွေကို လိုချင်တပ်မက်တဲ့ လောဘကြောင့်ပေါ့''





''ကောင်းပြီ ကာလာမတို့၊ ဒီလိုဆိုတော့ လိုချင်တပ်မက်တဲ့လောဘဟာ မကောင်းဘူးလို့ ဆိုရတော့မှာပေါ့''

''ဟုတ်တယ်၊ အဲဒီလိုပဲ ဆိုရတော့မှာပေါ့''

''ဒီလိုဆိုတော့ လုယက်ခိုးဝှက်ခြင်းတို့ရဲ့ အကြောင်းခံကြီးဖြစ်တဲ့ လောဘဆိုတာဟာ မကောင်းဘူးလို့ သင်တို့ လက်ခံကြပြီပေါ့''

''မှန်ပါတယ် သင်မင်းသား၊ ငါတို့ လက်ခံကြပါပြီ''

''ကောင်းပြီ ကာလာမတို့၊ ဒီမေးခွန်းကို သေချာစဉ်းစားပြီးမှ ဖြေကြပါ။ 'လောဘ' ဆိုတာ မကောင်းဘူးလို့ ဆိုရင် သူနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ 'အလောဘ' ဟာ ကောင်းတယ်လို့ ဆိုရာ မရောက်ပေဘူးလား။ လောဘဆိုတာက မကောင်းပါဘူးလို့ဆိုရင် 'အလောဘ' ဟာ ကောင်းတယ်ပေါ့''

''မှန်ပါတယ် သင်မင်းသား၊ အလောဘဟာ ကောင်းပါတယ်''

''ကောင်းပြီ ကာလာမတို့၊ လောဘကြောင့် သူတစ်ပါးရဲ့ ပစ္စည်းကို လုယူခိုးဝှက်ကြတယ်။ ဒီတော့ လောဘရဲ့ လက္ခဏာဟာ လုယူခိုးဝှက်ခြင်းတွေ ဖြစ်တယ်။ ဒါဖြင့် 'အလောဘ' ရဲ့ လက္ခဏာတွေဟာ ဘာတွေဖြစ်တယ် ဆိုတာကို သင်တို့ ဆက်ပြီး စဉ်းစားရင် တွေ့နိုင်ပါပြီ။ ဘာတွေဖြစ်မလဲ''

''လုယက်ခိုးဝှက်ခြင်းနဲ့ ဆန့်ကျင်တဲ့ ပေးကမ်းစွန့်ကြဲခြင်း ကူညီစောင်မခြင်းတို့ဟာ အလောဘရဲ့ လက္ခဏာလို့ ဆိုရမှာပေါ့ သင်မင်းသား''

''ကောင်းပြီ ကာလာမတို့၊ ဒီလိုဆိုတော့ လောဘသည် မကောင်း၊ အလောဘသည် ကောင်း၏။ လုယက်ခိုးဝှက်ခြင်းသည် မကောင်း၊ ပေးကမ်းစွန့်ကြဲခြင်းသည် ကောင်း၏ဟု ငါဆို၏။ သင်တို့ လက်ခံနိုင်သလား ကာလာမတို့''

''ကောင်းလှပါ၏ သင်မင်းသား၊ ကောင်းလှပါ၏။ ဘဝင်ကျပါ၏''

*

စကားဖြတ်ပြီး ပြောပါရစေဦး။



www.burmeseclassic.com

www.burmeseclassic.com



ဒီတရားကို ပထမဆုံး ကျကျနန ကြားဖူးခဲ့တာ ငါ့အသက် ၁၅ နှစ်လောက်က ဖြစ်ပါတယ်။ အခါတွင်း ဥပုသ်နေ့မှာ လှူငယ်ဘဝ တောင်တွင်းကြီး နတ်မှီတောရ ဘုန်းကြီးကျောင်းကို အပျော်သက်သက် သွားခဲ့ချိန်မှာ လူကြီးတွေကို နတ်မှီတောရ ဆရာတော် ရှင်ဥက္ကဋ္ဌ တရားဟောနေတာကို ငါက တရားဇရပ်အောက်က အမှတ်မထင် နားထောင်နေရင်း နားစွဲသွားအောင် မှတ်သားမိလိုက်တာပါ။ အလွန်ကို သဘောကျခဲ့ပါတယ်။

နောင်အခါ တက္ကသိုလ်ရောက်လို့ ယုတ္တိဗေဒကို သင်ယူလေ့လာရတော့ ပိုလို့တောင် သဘောကျမိလာပြန်တယ်။

ဘုရားရှင်က 'သူတစ်ပါးပစ္စည်းကို လုတာယက်တာ၊ ခိုးတာဝှက်တာ ကောင်းသလား' လို့ မေးတယ်။ 'ကောင်းပါတယ်' လို့ ငါ့စိတ်ထဲမှာ ဖြေကြည့်စမ်းလိုက်မိပါတယ်။ လုယက်ခိုးဝှက်တာဟာ ကောင်းမှုပါဖဲ ဆိုရာ ရောက်တော့မှာပေါ့။ လောကကြီးပျက်ဖို့ အကြောင်းဖြစ်မလာပေဘူးလား။ ဒီတော့ လုယက်ခိုးဝှက်ခြင်းဟာ မကောင်းမှုပါပဲဆိုတာ ငြင်းလို့ကို မရတော့ဘူး။ သူ့အလိုလိုကိုပဲ ထင်ရှား ခိုင်မာတဲ့တရား ဖြစ်နေပြီ။

အဲဒီ မကောင်းမှုတွေက လောဘကြောင့်၊ လိုချင်တပ်မက်မှုကြောင့် ပေါ်ပေါက်လာရတယ်ဆိုတာကလည်း အလွန်ကို ခိုင်မာထင်ရှားတဲ့ ယုတ္တိဆင်ခြင်မှု ဖြစ်နေပြန်တယ်။

နောက်ပိုင်း အမေးအဖြေကိုတော့ အတိုချုံပြီး ရေးပါတော့မယ်။

*

"ကောင်းပြီ ကာလာမတို့၊ နောက်တစ်ဆင့်တက်ပြီး စဉ်းစားကြစို့။ သင်တို့ကို ငါ မေးပါရစေဦး။ တစ်ပါးသူကို သတ်ဖြတ်၊ ညှဉ်းပန်းနှိပ်စက်ခြင်းဟာ ကောင်းသလား"

"မကောင်းပါ သင်မင်းသား၊ မကောင်းကြောင်း ထင်ရှား သိသာပါတယ်"





"အဲဒါတွေရဲ့ အကြောင်းရင်းတွေဟာ ဘာလဲ၊ ဘာကြောင့်လဲ"

"ဒေါသကြောင့်ပါပဲ သင်မင်းသား"

"သို့ဆိုလျှင် ဒေါသဟာ မကောင်းဘူးပေါ့"

"မှန်တယ် သင်မင်းသား၊ ဒေါသဟာ မကောင်းပါဘူး"

"ကာလာမတို့၊ ဒေါသဟာ မကောင်းပါဘူးဆိုရင် ဒေါသရဲ့ ဆန့်ကျင်ဘက် 'အဒေါသ' ဟာ ကောင်းတယ်လို့ ဆိုကြရတော့မယ် မဟုတ်လား"

"မှန်ပါတယ် သင်မင်းသား၊ အဒေါသဟာ ကောင်းပါတယ်"

"ကာလာမတို့၊ ဒီလိုဆိုတော့ အဒေါသရဲ့ လက္ခဏာတွေက ဘာတွေဖြစ်မလဲ၊ ဆင်ခြင်ကြည့်ကြပါဦး"

"သင်မင်းသား၊ သတ်ဖြတ်နှိပ်စက်ခြင်း၏ ဆန့်ကျင်ဘက် သနားကြင်နာခြင်း ကရုဏာထားခြင်းတို့ဖြစ်သည်ပေါ့ သင်မင်းသား"

"သို့ဖြစ်လျှင် သူတစ်ပါးအား နှိပ်စက်ညှဉ်းပန်း၊ သတ်ဖြတ်ခြင်းသည် မကောင်း။ သူတစ်ပါးအား သနားကြင်နာ စောင့်ရှောက်ခြင်းသည် ကောင်း၏။ ဒေါသသည် မကောင်း၊ အဒေါသ မေတ္တာကရုဏာသည် ကောင်း၏ဟု သင်တို့ လက်ခံနိုင်ပြီလား"

"လက်ခံနိုင်ပါတယ်၊ ဘဝင်ကျပါတယ် သင်မင်းသား"

"ကာလာမတို့၊ နောက်တစ်ဆင့် တက်ကြပါဦးစို့။ မှန်၏ မှား၏ကို မဝေခွဲနိုင်။ ကျိုးကြောင်းကိုလည်း မဝေခွဲနိုင်။ တွေဝေမိုက်မဲနေခြင်းကို သင်တို့ မည်သို့ သဘောထားကြသနည်း။ ကောင်းသည်ဟု ယူဆနိုင်သလား"

"လုံးဝ မကောင်းပါ သင်မင်းသား"

"ကာလာမတို့၊ ဤသို့ မိုက်မဲတွေဝေခြင်း၏ အကြောင်းရင်းမှာ မောဟဖြစ်တယ်။ မောဟဆိုတာ မကောင်းဘူးပေါ့"

"မှန်ပါတယ် သင်မင်းသား။ မောဟသည် မကောင်းပါ"

"ကာလာမတို့၊ မောဟဆိုတာ မကောင်းရင် အမောဟ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မည်ပေါ့''

''မှန်ပါတယ် သင်မင်းသား၊ ဘဝင်ကျပါတယ်''

''ကာလာမတို့၊ ငါရဲ့ အတွေးအမြင်၊ ငါရဲ့ တရားအခြေခံတွေဟာ ဒါတွေပါပဲ။ လောဘ၊ ဒေါသ၊ မောဟတို့သည် မကောင်း၊ ထို့ကြောင့် အလောဘ၊ အဒေါသ၊ အမောဟ ဖြစ်အောင် ကြိုးစားအားထုတ်ကြရမယ်။ ဒါပါပဲ''

''သင်မင်းသား၊ သင်မင်းသားအား ယုံကြည်ပါပြီ။ ကိုးကွယ်ပါပြီ''

*

ပူဇော်ထိုက်သောသူကို ပူဇော်ခြင်းဟာ မင်္ဂလာတရား ဖြစ်တယ်။ ဒါကြောင့် ပူဇော်ထိုက်သောသူတွေအကြောင်းကို ဆွေးနွေးကြတယ်။

ပူဇော်တယ်ဆိုတာဟာ တုပ်ကွ ရိုးကျိုး ရှိခိုးခြင်းနဲ့ ပူဇော်တယ်။ ပန်း၊ ဆီမီး စတဲ့ ပစ္စည်းများနဲ့လည်း ပူဇော်တယ်။ ဘုရားကိုလည်း ပူဇော်တယ်။ သံဃာကိုလည်း ပူဇော်တယ်။ ရွာစောင့်နတ်၊ အိမ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကိုလည်း ပူဇော်တယ်။ သုံးဆယ့်ခုနစ်မင်း၊ မင်းကြီး မင်းကလေး စတာတွေကိုလည်း ပူဇော်တယ်။

ကိုးကွယ်တယ်ဆိုတာမှာလည်း နတ်တွေကိုလည်း ကိုးကွယ်တယ်လို့ သုံးကြစွဲကြပြန်တာပဲ။ ဒီတော့ ပူဇော်ကိုးကွယ်တာချင်း တူသလား။ ပူဇော်ကိုးကွယ်ခြင်းနဲ့ အကြောင်းခံတရားချင်း တူသလားလို့ စဉ်းစားစရာ ဖြစ်လာပြန်တယ်။

ငါ စဉ်းစားမိသလောက်ကို ပြောရရင်တော့ တောစောင့်နတ်၊ အိမ်စောင့်နတ်၊ သုံးဆယ့်ခုနစ်မင်း စတဲ့ နတ်တွေကို ပူဇော်တာက အန္တရာယ်ပြုမှာကို ကြောက်လို့၊ သို့မဟုတ် စီးပွားချမ်းသာကို လိုချင်လို့ ပူဇော်ကြတာတွေသာလျှင် ဖြစ်တယ်။ သူတို့ဆီက ဘာအသိအမြင်၊ ဘာအတွေးအခေါ်မှ ရနိုင်တာ မဟုတ်ဘူး။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် 'တရား' ဆိုတာ သူတို့မှာ ဘာမှမရှိဘူး။ သိဒ္ဓတ္ထမင်းသားကို ဘုရားအဖြစ်





ကိုးကွယ်ကြတာဟာ 'တရား' ကို တွေ့ခဲ့လို့သာ မဟုတ်လား။ တရားကိုသာ မတွေ့ခဲ့ရင် သိဒ္ဓတ္ထမင်းသားလည်း သူလိုကိုယ်လို ဖြစ်နေမှာပဲပေါ့။

ဒီလို စဉ်းစားလိုက်တော့ အဲဒီ ခုနက ပြောခဲ့တဲ့ နတ်တွေ၊ သုံးဆယ့်ခုနစ်မင်းဆိုတာတွေကို ယုံကြည်လို့ ပူဇော်ကိုးကွယ်ကြစေဦးတော့ မင်္ဂလာတရားတော်နဲ့ ညီသော ပူဇော်ထိုက်သူများ မဟုတ်ဘူးလို့ ဆုံးဖြတ်မိတယ်။

နောက်တစ်ခုရှိသေးတာက ငါတို့ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ရှင်ပြုတော့မယ်ဆိုရင် 'ရှင်လောင်း' ကို နတ်စင်ရှေ့မှာ နတ်ပြုရတယ်။ အဲဒီမှာ သက်ဆိုင်ရာ လူကြီးမိဘတွေကသာ နတ်နန်း၊ နတ်စင်ကို ရှိခိုးကြရတာ။ ရှင်လောင်းက ရှိခိုးခြင်း မပြုရဘူး။ ရှင်လောင်း (ရှင်သာမဏေလောင်း) ဖြစ်နေတာမို့ နတ်ထက်မြင့်မြတ်တယ်လို့ ယူဆကြရတယ်။

ဒီတော့ သံဃာတော်တွေက အဲဒီနတ်တွေထက် မြင့်မြတ်တယ်ဆိုတာ ပေါ်မလာပေဘူးလား။ ဒါကြောင့် ရှိခိုးပူဇော်ခြင်းပြုတိုင်း၊ ရှိခိုးပူဇော်ခြင်း ခံရသူတိုင်းဟာ မင်္ဂလာတရားတော်နှင့် ညီသော ပူဇော်ထိုက်သူ မဟုတ်ဘူးရယ်လို့ မဆိုနိုင်ပေဘူးလား။

ပူဇော်ထိုက်သူဆိုတာ ဘယ်လို ဂုဏ်အင်္ဂါနဲ့ ပြည့်စုံသူလဲဆိုတာကို စဉ်းစားလိုက်တိုင်း တွေးစရာတွေက ပေါ်လာနေတော့တာပဲ။ မင်းတို့လည်း ဆက်ပြီး စဉ်းစားကြပါဦး။

ငါ စဉ်းစားမိသမျှလည်း ဆက်ပြီး ရေးပါဦးမယ်။

●

www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

'ပူဇာ စ ပူဇနေယျာနံ'မှာ ပူဇော်ထိုက်သူအကြောင်းကို ရေးခဲ့တာ ဆက်ပြီး ရေးပါရစေဦး။

ရေးခဲ့တာမှာ ဘုရားရှင်နဲ့ ကေသမုတ္တိနိဂုံးက ကာလာမပုဏ္ဏားတွေ ဆွေးနွေးကြတဲ့အကြောင်းကို ရေးခဲ့ပါတယ်။ လောဘ၊ ဒေါသ၊ မောဟတို့သည် မကောင်း၊ အလောဘ၊ အဒေါသ၊ အမောဟ တို့သည်သာလျှင် ကောင်းမြတ်၏။ ဒါကြောင့် တစ်ပါးသူ၏ ပစ္စည်းကို လုယက်ခိုးဝှက်ခြင်းသည် မကောင်း။ တစ်ပါးသူအား သတ်ဖြတ်ညှဉ်းပန်း ခြင်းသည် မကောင်း။ သနားကြင်နာခြင်းသည် ကောင်း၏။ အကျိုး အကြောင်းမမြင်၊ မှားမှန်မသိခြင်းသည် မကောင်း၊ ကျိုးကြောင်းမြင်သိ၊ ပညာရှိခြင်းသည် ကောင်း၏ ဆိုတာတွေကို ဘုရားရှင်က ယုတ္တိဆင်ခြေနဲ့ တကွ ဟောကြားခဲ့တဲ့အကြောင်းတွေကို ရေးခဲ့ပါတယ်။





ဘုရားရှင်ကဆက်ပြီး ဟောမိန့်တော်မူတာကို အကျဉ်းအားဖြင့် ဆက်ပြောရရင် –

"ကာလာမတို့၊ ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟ နည်းပါးစေ လျက် အလောဘ၊ အဒေါသ၊ အမောဟဖြစ်အောင် ကြိုးပမ်းကြရာ၏။ ဒါကြောင့် ကိုယ်ကျင့်သီလကို စောင့်ထိန်းပြီး မေတ္တာ၊ ကရုဏာ စသော ဗြဟ္မစိုရ်တရားတို့ကို အားထုတ်ရာ၏။ ဤသို့ အားထုတ်ခြင်းအကျိုးအား ကြောင့် နောင်ဘဝဟု ဆိုအပ်သော အဖြစ်သည် ရှိငြားအံ့၊ ထိုနောက်ဘဝ တွင် မိမိကုသိုလ်တရားတို့ကြောင့် ချမ်းသာမှုသာလျှင် ခံစားရအံ့ဟု ယခု ဘဝ၌ ပူပန်စရာ မလိုပြီ။ နောက်ဘဝဟူ၍ မရှိငြားအံ့။ ယခုဘဝ၌ပင်လျှင် မကောင်းမှု မပြုသောကြောင့် ပူပန်စရာ မရှိ၊ သောကကင်းစွာ နေနိုင်ရအံ့"

အဲဒီတရားတော် ပြီးဆုံးသွားတဲ့အခါကျတော့ ကာလာမပုဏ္ဏား တွေအားလုံးဟာ ဘုရားရှင်ရဲ့ အယူဝါဒကို လက်ခံပြီး ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ပါကြောင်း ဝန်ခံကြတော့တာပါပဲ။ တစ်နည်းအားဖြင့် ပူဇော်ကြတယ်လို့ ဆိုရမှာပေါ့။

ကောင်းပြီ။ ပူဇော်ပုံ ပူဇော်နည်းတွေကို ကြည့်ကြဦးစို့။

သပြေကန်ဆရာတော်ဘုရားကြီးက ပရိတ်ကြီးနိဿယသစ်မှာ –

*အာမိသပူဇာ – ဝတ္ထုပစ္စည်းဖြင့် ပူဇော်ခြင်း*

*ပဋိပတ္တိပူဇာ – အကျင့်ဖြင့် ပူဇော်ခြင်း*

ရယ်လို့ နှစ်မျိုး ပြဆိုပါတယ်။ ပန်း၊ ဆီမီး၊ ဆွမ်း စတာတွေနဲ့ ပူဇော်တာတွေကတော့ ပစ္စည်းဖြင့် ပူဇော်ခြင်းပေါ့။ လူကိုယ်တိုင်က တုပ်ကွရှိကျိုးရှိခိုးခြင်း စတာတွေဟာ ပူဇော်ခြင်းပါပဲ။ ပန်း၊ ဆီမီး စတာ တွေကို ပသတင်မြှောက်ပြီး တုပ်ကွရှိကျိုးရှိခိုးခြင်း၊ အရိုအသေပြုခြင်းဟာ ပူဇော်ခြင်းပဲပေါ့။

သို့သော်လည်း ဘုရားရှင်ကတော့ အဲဒီလို ဝတ္ထုပစ္စည်းတွေနဲ့ ပူဇော် ခြင်းထက် ပဋိပတ္တိပူဇာ၊ ဓမ္မပူဇာလို့ ခေါ်တဲ့ အကျင့်ဖြင့် ပူဇော်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးချီးမွမ်းတော်မူတယ်။ မဂ်ဖိုလ်ရရာ ရကြောင်းတရားတော်ကို ကျင့်ကြံအားထုတ်ဖို့သာလျှင် ကြိမ်ဖန်များစွာ သတိပေး ဆုံးမတော်မူတယ်။ "တရားတော်အတိုင်း ကျင့်ကြံအားထုတ်နေသောသူသည် ငါနှင့် ယူဇနာများစွာ ကွာဝေးသော်လည်း ငါ၏ သင်္ကန်းစွန်းကို ဆွဲကိုင်နေသော သူဖြစ်၏" ဆိုတဲ့စကားကို မကြာခဏ မိန့်တော်မူတယ်။

ဒီတော့ ကောက်ချက်ဆွဲနိုင်တာက ဘုရားရှင်ကိုယ်တော်တိုင်က သူ့ကို ရှိသေပူဇော်နေတာထက် တရားတော်ကို ရှိသေစွာ လိုက်နာကျင့်ကြံနေခြင်းကို ပိုပြီး လိုလားတယ်ဆိုတာ ထင်ရှားပါတယ်။

ဒီတော့ ဆက်ပြီး စဉ်းစားစရာတွေ ပေါ်လာတာက –

ဘုရားရှင်ဟာ သူ့အတွက် ဥစ္စာစည်းစိမ်၊ ပရိဘောဂ၊ လာဘ်သပ်ပကာဆိုတာတွေကို ဘယ်တော့မှ ထည့်သွင်းစဉ်းစားတော်မူလေ့ မရှိဘူး။ အခြွေအရံပရိသတ် နောက်လိုက်နောက်ပါ များပါစေ ဆိုတာမျိုး ဘယ်တော့မှ မရှိဘူး။ တန်ခိုးသြဇာအာဏာတွေ ရရာရကြောင်း ဘယ်တော့မှ အာရုံမပြုဘူးဆိုတာတွေ ထင်ရှားလာတယ်၊ ပထမဆုံး ဦးစားပေးတာက 'တရား' သာလျှင် ဖြစ်တယ်။ ဒီနေ့ခေတ်စကားနဲ့ ပြောရမယ်ဆိုရင် ကိုယ်ရေးကိုယ်တာ ချမ်းသာမှု၊ ဆင်းရဲမှုကို ဘယ်သောအခါကမျှ ထည့်ပြီး မစဉ်းစားခဲ့တာ။ စကားမဆိုခဲ့တာ အလွန်သိသာပါတယ်။ (အခြွေအရံ ပရိသတ် နောက်လိုက်နောက်ပါ သြဇာအာဏာကို မက်မောလွန်းလှတဲ့ ဒေဝဒတ်ဟာ ဘုရားရှင်ကို လုပ်ကြံပြီး တန်ခိုးအာဏာနေရာကို ယူဖို့ အားထုတ်ခဲ့တာနဲ့ ယှဉ်လိုက်တော့မှ ပိုပြီး ထင်ရှားသိသာနိုင်ပါတယ်။ ဒါက စကားချပ်ပါ။)

ဒီတော့ 'ခေါင်းဆောင်' ဆိုတဲ့ 'စံ' နဲ့ လှမ်းပြီး ကြည့်လိုက်ရင် သူ့ကို ယုံကြည်အားကိုးတဲ့ နောက်လိုက်ငယ်သားတွေ ချမ်းသာဖို့သာလျှင် ဦးစားပေးတယ်။ သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ချမ်းသာမှု၊ ကြီးမြင့်မှုဆိုတာတွေကို တစ်စက်ကလေးမှ အလေးထားအာရုံပြုခြင်း မရှိဘူး။

ငါတို့တစ်တွေ ရိုးရိုးလေးပဲ တွေးကြည့်စမ်းပါ။ ဘုရားရှင်ဟာ





တကယ့်ကို ကြည်ညိုလေးစားအပ်တဲ့ ခေါင်းဆောင်ကြီး ဖြစ်မနေပေဘူးလား။

ကောင်းပြီ၊ သူချပေးခဲ့တဲ့ လမ်းစဉ် (တရားတော်)ကြီးကို ကြည့်လိုက်ကြဦးစို့၊ ရှေ့ပိုင်းမှာ ပြောခဲ့သလို အလောဘ၊ အဒေါသ၊ အမောဟ ဖြစ်အောင် ကြိုးပမ်းကြ။ မေတ္တာ၊ ကရုဏာ စတဲ့ စိတ်နေကျင့်စဉ်ဖြစ်အောင် အားထုတ်ကြ။ ဒါတွေပဲ မဟုတ်လား။

အဲဒီကျင့်စဉ်(တရား)တွေကို ငါဖြင့် အထပ်ထပ် စဉ်းစားကြည့်မိဖူးပါတယ်။ အဲဒီလို ကျင့်ခြင်းအားဖြင့် ဘာအကျိုးကျေးဇူးတွေ ဖြစ်ထွန်းသလဲဆိုတာမျိုးပေါ့။ မင်းတို့လည်း စဉ်းစားကြည့်ပါ။ ငါ စဉ်းစားမိသမျှကို ပြောရရင်တော့ ကျင့်သူဟူသမျှမှာ စိတ်၏ ချမ်းသာခြင်းကို ဖြစ်စေတယ်။ ကိုယ်၏ ချမ်းသာခြင်းကို ဖြစ်စေတယ်။ မိမိတည်းဟူသော အကြောင်းကြောင့် ပတ်ဝန်းကျင်ကို ဆင်းရဲပင်ပန်းရတဲ့အဖြစ် မရောက်စေဘူး။

ဒီနေရာမှာ သိသာထင်ရှားစေချင်တာကြောင့် သိပ္ပံပညာရဲ့ သဘာဝနိယာမတရား တွေ့ရှိချက်တွေနဲ့ ယှဉ်ပြချင်ပါတယ်။ မစ္စတာ (နိုဘယ်လ်)ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ယမ်းဘီလူးရဲ့ ပေါက်ကွဲစွမ်းရည်ကို တွေ့ရှိတီထွင် လိုက်တယ်။ ကျောက်တောင် ကျောက်စိုင်တွေ ခွဲရတူးရတာမှာ အလွန်ကို သက်သာလွယ်ကူသွားတာပေါ့။ လောကကို အကျိုးပြုခဲ့တာပေါ့။ ဒါပေမဲ့ အဲဒီတွေ့ရှိချက်ကို အဖျက်လုပ်ငန်းဘက်မှာ သုံးကြစွဲကြလေတော့ လူတွေ သေကြ၊ ကျေကြ။ လက်ပြတ် ခြေပြတ်ဖြစ်ကြ စတဲ့ လူသတ်လက်နက်ကြီး ဖြစ်လာခဲ့ရတယ်။ ဟုတ်လား။ ဒါကြောင့် မစ္စတာ နိုဘယ်လ်ဟာ စိတ်ထိ ခိုက်လွန်းလို့ လောကကြီးကို အလျော်ပေးတဲ့အနေနဲ့ နိုဘယ်လ် ငြိမ်းချမ်းရေးဆုကြီးအတွက် သူ့စည်းစိမ်ကို ပုံအောပြီး ချန်ထားခဲ့ရတယ်။ ဒီတော့ (အချို့သော အချက်တွေဟာ) ကောင်းကျိုးကို ပေးနိုင်သလို ဆိုးကျိုးကို ပေးနိုင်တယ်ဆိုတာ သိသာနေတယ်။

စောစောပိုင်း တင်ပြခဲ့တဲ့ ဘုရားရှင်ရဲ့ တွေ့ရှိချက်၊ သင်ကြားချက်၊



www.burmeseclassic.com

www.burmeseclassic.com



တရားတော်ကတော့ ဘယ်သူ ဘယ်အခါမှာ ကျင့်သုံးသည်ဖြစ်စေ ဆိုးကျိုးကို မဖောက်၊ ကောင်းကျိုးကိုသာ ရောက်စေနိုင်တယ်ဆိုတာ ထင်ရှားလာပြန်ပါတယ်။ နောက်ပြီး ဒီတရားကို ကျင့်သုံးသူမှာသာမက ပတ်ဝန်းကျင်မှာလည်း ချမ်းသာသုခကို ရောက်စေနိုင်ပြန်တယ်လို့ ဆိုနိုင်ပြန်ပါတယ်။

ကောင်းပြီ။ ပူဇော်ခံထိုက်သူနဲ့ ပူဇော်ခြင်းအကြောင်းကို ပြန်ပြီး လှည့်လိုက်ကြဦးစို့။

ငါလေ ဗုဒ္ဓမြတ်စွာဘုရားအကြောင်းကို မကြာခဏ စဉ်းစားမိတယ်၊

အစိန္တေယျဆိုတာတွေ၊ မဂ်ဖိုလ်ကိစ္စတွေ စတဲ့ ဘာသာရေးအကြောင်းတွေ ဘာတွေမပါဘဲနဲ့ လူ့သမိုင်းမှာ ထူးခြားထင်ရှား လူအများရဲ့ ရှိသေခြင်းကို ခံခဲ့ရတဲ့ လူသားတစ်ဦးအဖြစ်နဲ့ စဉ်းစားကြည့်မိတတ်ပါတယ်။ ဘုရားဂုဏ်တော်၊ ဣတိပိသော ဘဂဝါ အရဟံဆိုတာတွေမပါဘဲ သီးသန့်ခေါင်းဆောင်ကြီးတစ်ဦးအဖြစ်လည်း စဉ်းစားကြည့်မိတတ်ပါတယ်၊

သူ့ရဲ့ သွန်သင်ချက်၊ တိုက်တွန်းချက် ဟူသမျှဟာ လူတွေအားလုံး တစ်ကိုယ်ချင်း ငြိမ်းချမ်းမှု၊ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး ငြိမ်းချမ်းမှု အတွက်ကိုသာ ရှေးရှုပြီး လှုပ်ရှားလုပ်ဆောင်ခဲ့တာတွေ ဖြစ်နေတယ်၊ သူ့ကိုယ်ရေးကိုယ်တာ ဩဇာအာဏာ ကြီးပွားတိုးတက်မှုကို ဘယ်သော အခါကမှ အာရုံပြုလေ့မရှိဘူး။ အမျက်ဒေါသနဲ့ ပြောဆိုပြုမူတာ တစ်ခါမှ မရှိခဲ့ဘူး။ သူ့ကို ထိပါး ပုတ်ခတ်သူများကိုလည်း အမျက်ဒေါသနဲ့ မတုံ့ပြန်တဲ့ပြင် မေတ္တာစကား၊ ကြင်နာစကားနဲ့သာ ရည်မွန်စွာ ပြောလေ့ရှိတယ်။ သူ့မှာ သံဃာလို့ခေါ်တဲ့ နောက်လိုက်နောက်ပါတွေ အများကြီးရှိခဲ့တာပဲ။ အဲဒီနောက်လိုက်တွေကိုလည်း လောဘ၊ ဒေါသ၊ မောဟတရား နည်းနိုင်သမျှ နည်းအောင် သွန်သင်တယ်။ တင်းကျပ်တဲ့ စည်းကမ်း (ဝိနည်း)နဲ့ ထိန်းသိမ်းခဲ့တယ်။ အဲဒီနောက်လိုက် သံဃာတွေကိုလည်း တစ်ကိုယ်ရေ ငြိမ်းချမ်းမှု၊ ပတ်ဝန်းကျင်ငြိမ်းချမ်းမှု တရားတွေကို ဟောပြောလုပ်ဆောင်ဖို့၊ သွန်သင်ဖို့ တာဝန်ပေးတယ်။ သူရှိနိုက်





မှာသာမက သူကွယ်လွန်သွားသည့်တိုင်အောင် လောကကြီး ငြိမ်းချမ်းစွာ နေနိုင်ကြအောင် သွန်သင်ချက်တွေကို ထားခဲ့တယ်။ အဲဒီသွန်သင်ချက် (တရားတွေ)ကို ဆက်လက်စောင့်ရှောက်ဖို့ သံဃာအဖွဲ့အစည်းကို စနစ်တကျထားခဲ့တယ်၊

တမလွန်ဘဝ၊ မဂ်ဖိုလ်ကိစ္စဆိုတာတွေကို ထားလိုက်ပါဦးတော့။ အဲဒီလို ဂုဏ်တွေနဲ့ကိုပဲ ကြည်ညိုပူဇော်စရာ မကောင်းပေဘူးလား။

ဗုဒ္ဓဘုရားရှင်ဆိုတဲ့ ခေါင်းဆောင်ကြီးရဲ့ဂုဏ်ကို သီးခြားကြည့်တာထက် တခြားသမိုင်းဝင်ခေါင်းဆောင်တွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်မှ ပိုပြီး သိသာနိုင်ပါတယ်၊ ထင်ရှားတဲ့နိုင်ငံရေးခေါင်းဆောင်တွေ၊ စစ်ခေါင်းဆောင်တွေအကြောင်း ဖတ်ကြည့်စမ်းပါ။ ထိပ်ဆုံးကတွေ့ရမှာက အမျိုးသား ခေါင်းဆောင်ဆိုတာကို တွေ့ရမှာပါပဲ၊ အဲဒီကာစတော့တာပါပဲ။ ဗုဒ္ဓဘုရားရှင်မှာ အမျိုးသား ဆိုတာကို မရှိတော့ဘူး။ လူဖြူ၊ လူမည်း၊ ဇာတ်နိမ့်၊ ဇာတ်မြင့် မရှိတော့ဘူး။ သူ့ခေတ်သူ့အခါမှာ အိန္ဒိယနိုင်ငံနယ်မြေ ဇာတ်နိမ့်ဇာတ်မြင့်မျိုးရိုးဇာတိ အလွန်ခွဲခြားတဲ့အချိန်မှာ သူလုပ်လိုက်ပုံဟာ နည်းတဲ့တော်လှန်ရေးကြီးလား၊ လှမ်းပြီး မှန်းကြည့်လိုက်ရုံနဲ့ ကြောက်စရာကောင်းလှပါတယ်။ ဒါပေမဲ့ လက်နက်မကိုင်တဲ့ မေတ္တာတော်လှန်ရေးကြီး။ တစိမ့်စိမ့် တွေးကြည့်လေလေ အံ့ဩစရာကောင်းလေလေပါပဲ။ အဲဒီတော်လှန်ရေးကို အဖော်မပါ တစ်ကိုယ်တည်း စပြီး အကောင်အထည်ဖော်ခဲ့တာ။

သူ့နောက်လိုက်တွေကို ပုံစံသွင်းပစ်လိုက်တာလည်း ကြည့်စမ်းပါဦး။

မင်းတို့ကို ဖြတ်ပြီး မေးလိုက်ဦးမယ်။ မင်းတို့ မျက်မှောက်ခေတ်မှာ ဆံပင်တွေကို အရောင်အမျိုးမျိုး ဆိုးကြ၊ ထောင်လိုက် လှဲလိုက်လုပ်ကြ၊ ပုဆိုး ဘောင်းဘီတွေကို ပုံစံအမျိုးမျိုး အရောင်အမျိုးမျိုး လုပ်ကြ၊ ဖိနပ်တွေ လွယ်အိတ်တွေ၊ ထမင်းဘူးတွေကအစ ထူးထူးဆန်းဆန်း လှလှပပ ဖန်တီးကြ စသည်ဖြင့် ပျော်ရွှင်ကြည်နူးကြတယ် မဟုတ်လား။

ကဲ– မင်းတို့ကို တစ်ခုတည်း မေးပါရစေ။ ''မင်း ခေါင်းရိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတုံးနေနိုင်သလား။ မင့်ခေါင်းက ကော့ထောင်ကေလေးကို ရိတ်ချနိုင်ပါ့မလား''

ဗုဒ္ဓဆိုတဲ့ ခေါင်းဆောင်က သူ့နောက်လိုက်အဖွဲ့သားတွေကို မင်းတို့လို 'ကေကိုသ'နေမှာ စိုးတာကြောင့် ခေါင်းရိတ်ခိုင်းပစ်တာ။ နှုတ်ခမ်းမွေး၊ မုဆိတ်မွေးတွေကို တသသလုပ်နေတတ်ကြတဲ့ အိန္ဒိယတိုင်းသားတွေကို ဆံမုတ်ဆိတ် ရိတ်ပစ်ခိုင်းခဲ့တာ။ အဝတ်အဆင်မှာ ဂုဏ်တုဂုဏ်ပြိုင် မက်မောမှာစိုးလို့ သူ့ယူနီဖောင်း(သင်္ကန်း)ကို သတ်မှတ်ပစ်ခဲ့တာ။

ငါ့မှာလေ၊ အဲဒါတွေကို တစိမ့်စိမ့်တွေးလိုက်တော့မှ ဗုဒ္ဓဘုရားရှင်ရဲ့ တော်လှန်ရေးကြီး ခမ်းနားကြီးကျယ်ပုံကို တရေးရေး သဘောပေါက်လာမိတယ်။ တကယ့်ကို လက်နက်မဲ့ မေတ္တာတော်လှန်ရေး မဟုတ်ပါလား။

ငါတို့ရဲ့စိတ်ခာတ်မှာ တဟဲဟဲ တောက်လောင်နေတဲ့ လောဘမီး၊ ဒေါသမီးတွေကို ငြိမ်းတတ်အောင် သွန်သင်ပေးရုံသာမက သူမရှိတော့တဲ့တိုင် (နှစ်ပေါင်း နှစ်ထောင်ကျော်သည့်တိုင်) လောကကြီးကို စောင့်ရှောက်နေဆဲပါလားလို့ တွေးလိုက်မိတော့မှ တကယ့်ကို ရှိသေအပ်တဲ့၊ ပူဇော်အပ်တဲ့ ခေါင်းဆောင်ကြီးပါလားလို့ တွေးမိလာတယ်။ စဉ်းစားကြည့်လေ။ နိုင်ငံရေးခေါင်းဆောင်တွေ လုပ်ခဲ့ကြတယ်ဆိုတဲ့ စနစ်တွေက ငါတို့ မျက်စိအောက်မှာတင် ပြိုလိုက် ပျက်လိုက်၊ သတ်လိုက်၊ ဖြတ်လိုက် ဖြစ်နေကြတာနဲ့ ယှဉ်ကြည့်လိုက်တော့ မနှိုင်းကောင်း၊ မယှဉ်ကောင်း ဖြစ်မသွားဘူးလား။

ဒီတော့မှ ဘုရားကို ပူဇော်တာ၊ ဘုရားရှင်ရဲ့တရားကို ပူဇော်တာ၊ ဘုရားရှင်ရဲ့ အဖွဲ့အစည်းသံဃာကို ပူဇော်တာတွေကို တစိမ့်စိမ့်တွေးပြီး တရေးရေး အလေးအနက် ခံစားမိပါတယ်။

မင်္ဂလာတရားတော်မှာ ထည့်သွင်းခဲ့တဲ့ 'ပူဇာ စ ပူဇနေယျာနံ' 'ပူဇော်ထိုက်သောသူကို ပူဇော်ခြင်း'ကို မင်္ဂလာတစ်ပါးအဖြစ် ထည့်သွင်းသတ်မှတ်တာကိုလည်း ဘဝင်ကျ ကြည်နူးစွာ သဘောပေါက်လာပြန်ပါတယ်။

# (၁၂)

'ပူဇာ စ ပူဇနေယျာနံ' ပူဇော်ထိုက်သောသူများမှာ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးအကြောင်းကို ရေးခဲ့ပြီးပါပြီ။

ဒီနေရာမှာ မင်းတို့လူငယ်တွေ သတိပြုစေချင်တဲ့အချက်တစ်ခုကို ထည့်လိုက်ချင်ပါသေးတယ်။ သံဃာဆိုတာနဲ့ ဟိုဘုန်းကြီး၊ ဒီဘုန်းကြီးဆိုတာကို ခွဲခြားပြီး သိသင့်သေးတယ်လို့ ထင်ပါတယ်။ သံဃာဆိုတာက ဘုရားရှင်ရဲ့ ဥပဒေတော်ကြီးကို လိုက်နာကျင့်သုံးနေတော်မူကြတဲ့ ရဟန်းတော်အဖွဲ့အစည်းကြီးကို ရည်ညွှန်းခြင်း ဖြစ်ပါတယ်။ တောင်ကျောင်းဘုန်းကြီး၊ မြောက်ကျောင်းဘုန်းကြီးစတဲ့ ဘုန်းကြီးတစ်ပါးချင်းကို ဆိုလိုတာမဟုတ်ပါဘူး။ ဒီတော့ကာ ဝိနည်းနဲ့ မညီတဲ့ ဘုန်းကြီးတစ်ပါးတလေကို တွေ့ရုံနဲ့ သံဃာဆိုတဲ့ အဖွဲ့အစည်းကြီးကို (တစ်နည်းအားဖြင့်) ရတနာသုံးပါးအပါအဝင် သံဃာကို မပြစ်မှားအပ်ဘူးလို့ သတိပြုမိကြစေချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်နဲ့ စစ်သား ခွဲခြားကြည့်တတ်ကြသလိုပေ့ါ။

ကဲ– ရှေ့ကို ဆက်လိုက်ကြဦးစို့။

ငါတို့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ရတနာသုံးပါးအပြင် မိဘနဲ့ ဆရာကို လည်း ပူဇော်အပ်တဲ့သူများအဖြစ် အနန္တဂိုဏ်းဝင်ထဲမှာ ထည့်သွင်းထားတာ တွေ့ကြပါလိမ့်မယ်။ မိဘကို ရိုသေစွာ ပြုစုခြင်းဟာ သားသမီးတို့ ဝတ္တရားပဲ ဆိုတာတွေ၊ 'မြင်းမိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးကြီးလှ၊ မိနှင့်ဘ' ဆိုတာမျိုးတွေဟာ ငါတို့မြန်မာလူမျိုးတွေအဖို့ အလွန်ရိုးစင်းတဲ့ ကိုယ်ကျင့် မင်္ဂလာတရားတွေပါပဲ။ နောက်ပြီး မိဘနဲ့ သားသမီးတို့ရဲ့ ချစ်ခင်တွယ် တာမှုဟာလည်း နိယာမတရားကြီးလို ဖြစ်နေပြန်တယ်။ ဇာတ်၊ နိပါတ်၊ ပြဇာတ်၊ ရုပ်ရှင်စသည်တို့မှာလည်း မိဘတို့ရဲ့ မေတ္တာ၊ သားကောင်း သမီးကောင်းတို့ရဲ့ ဝတ္တရား စတာတွေကို မကြာခဏ တွေ့မြင်ဖတ်ရှုကြ ရမှာပါပဲ။

ဒါပေမဲ့ မိဘတို့ မေတ္တာကင်းမဲ့သော၊ ဝတ္တရား ပျက်ကွက်သော၊ မိဘတွေ မရှိဘူးလားဆိုတော့ ရှိတာပါပဲ။

ဒီနေရာမှာ တစ်ခု သတိပြုသင့်တာက သဘာဝဥပဒေသနဲ့ လူမှုရေးဥပဒေသ မတူဘူးဆိုတဲ့ အချက်ပါပဲ။ သိပ္ပံဆိုတာ သဘာဝ ဥပဒေသတွေကို စူးစမ်းရတာ မဟုတ်လား။ သဘာဝဥပဒေသမှာ ခြွင်းချက် မရှိရဘူး။ ခြွင်းချက် (ဖောက်ပြန်မှု) တစ်ခုရှိလိုက်ရင် အဲဒီဥပဒေသ ပျက်သွားတော့တာပဲ။ လူမှုရေးဥပဒေသမှာတော့ဖြင့် ဖောက်ပြန်မှု ခြွင်းချက်တွေ ရှိလာတတ်စမြဲပါပဲ။ အဲဒီခြွင်းချက်ကြောင့် ရှိဆဲ၊ တည်ဆဲ ဥပဒေသကြီး ပျက်မသွားနိုင်ဘူး။ ဆိုလိုတာက မေတ္တာတရား နည်းပါးသော၊ ဝတ္တရား ပျက်ကွက်သော မိဘတစ်ဦးတလေကြောင့် မိဘမေတ္တာ၊ မိဘကျေးဇူးဆိုတဲ့ ဥပဒေသကြီး ပျက်ပြယ်မသွားနိုင်ဘူး။ ဆိုလိုတာက မေတ္တာတရား နည်းပါးသော၊ ဝတ္တရားပျက်ကွက်သော မိဘ တစ်ဦးတလေကြောင့် မိဘမေတ္တာ၊ မိဘကျေးဇူးဆိုတဲ့ ဥပဒေသကြီး ပျက်ပြယ်မသွားနိုင်ဘူးလို့ ဆိုလိုတာပါ။





မိဘကျေးဇူးဆိုတာနဲ့ တစ်ဆက်တည်း အနန္တဂိုဏ်းဝင် 'ဆရာ' အကြောင်းကိုပါ ရေးလိုက်ချင်ပါတယ်။ ငါတို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် တွေဟာ ဆရာကို မိဘနဲ့ တစ်ဂိုဏ်းထဲထားပြီး ရိုသေပူဇော်လေ့ရှိကြ တယ်မဟုတ်လား။ ဘာကြောင့် ရိုသေရသလဲ၊ ဘာကြောင့် ပူဇော်ရသလဲ ဆိုတာကို အထပ်ထပ် စဉ်းစားကြည့်မိပါတယ်။ ငါဟာ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့် မိဘဆရာကို ရိုသေရမယ်ဆိုတဲ့ အသိစိတ်ဟာ 'ရိုးစွဲသားစွဲ' ရှိနေခဲ့ပြီး ဖြစ်ပါတယ်။ ဒါဖြင့် ဘာကြောင့် ပူဇော်ရသလဲဆိုတာကို ဘာကြောင့်ထပ်ပြီး စဉ်းစားနေရသလဲလို့ မေးစရာ ရှိပါတယ်။ အကျိုးအကြောင်းကို ခြေခြေမြစ်မြစ် သိချင်တာကြောင့်လို့ ဖြေရမှာပါပဲ။

အဲဒီလို စဉ်းစားလိုက်တော့မှ 'ကျေးဇူးတရား' ဆိုတာကို ပြက်ပြက် ထင်ထင် သဘောပေါက်လာရပြန်ပါတယ်။ နောက်ပြီး 'ဂုဏ်ကျေးဇူး' ဆိုတာကို ဆက်ပြီး တွေးမိပြန်တယ်။ 'ဂုဏ်' ဆိုတာ ပါဠိရင်းမြစ် 'ဂုဏ' ဆိုတဲ့စကားပါ။ 'ဂုဏ' ဆိုတာ ကျေးဇူး–ကျေးဇူးတရားပါပဲ။ ဘုရား ဂုဏ်တော်ဆိုတာ ဘုရားရဲ့ကျေးဇူးတော်ပေ့ါ။

ဒီတော့ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးရဲ့ ကျေးဇူး တရားကို ခံစားစံစားရသလို မိဘဆရာတို့ရဲ့ ကျေးဇူးတရားကိုလည်း မင်းတို့ငါတို့ ခံစားစံစားကြရပြန်တာပဲ မဟုတ်လား။ ဒါဖြင့် ဘယ်လို အကျိုးကျေးဇူးတွေ ရခဲ့သလဲ။

မိဘဆိုရင်ဖြင့် ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် လူဖြစ်အောင် မွေး ဆိုတာတွေကို မင်းတို့ငါတို့ နားစွဲနေအောင် ကြားခဲ့ရ သိခဲ့ရပြီး ဖြစ်တယ်။ နို့ချိုတိုက်ကျွေး ယုယပိုက်ထွေးရုံမျှသာမက သိအပ်တဲ့ အကြောင်းအရာတွေ၊ ဆင်ခြင်အပ်တဲ့ အကျင့်တရားတွေ (တစ်နည်းအား ဖြင့်) အသိတရားနဲ့ အလိမ္မာတရားကိုပါ သွန်သင်ပေးခဲ့တယ်။ ဒါကြောင့် ငါတို့ မြန်မာစကားမှာ 'လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ' လို့ ပြောလေ့ဆိုလေ့ ရှိကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိဘက လက်ဦးဆရာဖြစ်လေတော့ မိဘကိုယ်စား ပညာသင်ကြား ပေးတဲ့ ဆရာကလည်း မိဘသဖွယ် ကျေးဇူးကြီးလာပြန်တာပေါ့။ ငါတို့ရဲ့ ကျောင်းသားဘဝမှာ ဆရာတွေက သင်ကြားပေးလိုက်တဲ့ ပညာတွေကို မိဘက ဘယ်မှာ ပြည့်စုံအောင် သင်ပေးနိုင်ပါ့မလဲ။ ဒါကြောင့် ဆရာတွေကိုသာလျှင် အားကိုးကြရတာ မဟုတ်လား။ မိဘက ပညာကြီးလွန်းလို့ ပါမောက္ခကြီးတွေပဲ ဖြစ်နေကြစေဦး၊ သက်ဆိုင်ရာ ပညာရပ်မှာသာ ကျွမ်းကျင်တာကိုး။ သူတို့ကိုယ်တိုင် မကျွမ်းကျင်တဲ့ ပညာရပ်တွေကျတော့ ကျွမ်းကျင်တဲ့ ဆရာတွေထံမှာ သားသမီးကို အပ်နှံသင်ကြားစေရပြန်တာပဲ မဟုတ်လား။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ဘဝ ကိုယ့်ဘာသာ ရပ်တည် နိုင်ကြစေချင်တာကိုး။ အခြေခံသဘောတွေကို ချုပ်ကြည့်လိုက်တော့ ကျေးဇူးတရားကြောင့်ပါပဲ။ မိမိဘဝအတွက် အကျိုးပြုတဲ့ ကျေးဇူးရှင်တွေမို့ ပူဇော်တာပါပဲ။

'ဆရာ' လို့ ဆိုလိုက်တော့ ကျောင်းသင်ဆရာတွေလောက်ကိုသာ ကွက်ကွက်ကလေး တွေးလိုက်လို့ ဖြစ်တာမဟုတ်ဘူး။ အသက်မွေး ဝမ်းကျောင်းတွေမှာလည်း စက်မှုလက်မှု စသည်အားဖြင့် သင်ကြားပေး နေတဲ့ ဆရာကြီးတွေ ရှိနေတာပဲ မဟုတ်လား။ သူတို့ကျေးဇူးကြောင့် ကိုယ့်မှာ ဘဝရပ်တည်မှု ပိုလို့ နိုင်မာလာစေပြန်တာကိုး။ စက်မှုလက်မှု သင်တန်းကျောင်းတွေမှာ သင်ပေးတဲ့၊ ကိုယ်တိုင်တပည့်ခံ ဆည်းပူးခဲ့ရတဲ့ ဆရာကြီးတွေမှ မဟုတ်ဘူး။ လုပ်ငန်းခွင်မှာ သင်ကြားပေးတဲ့ အထက် အရာရှိတွေ၊ သွန်သင်ပေးတဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာလည်း ကျေးဇူး ရှိပြန်တာပါပဲ။ သူတို့ကိုလည်း ထိုက်သည့်အားလျော်စွာ ရှိသေမှု ပြုသင့် ပြန်တာပါပဲ။

အားလုံးကို ခြုံငုံကြည့်လိုက်တော့ ကျေးဇူးတရားကို အလေးအနက် ထားပြီး ကျေးဇူးရှင်ကို ရှိသေခြင်းပါပဲ။ တစ်နည်းပြောရရင် ကျေးဇူးရှင် တွေဟာ ပူဇော်ထိုက်တဲ့စာရင်းမှာ ဝင်တယ်လို့ ဆိုချင်ပါဘိတယ်။

ငါပြောလိုက်ချင်တာကတော့ ကိုယ့်အသက်ကို ကယ်တဲ့သူ၊ ကိုယ့်





ဘဝကို မြှင့်တင်ပေးတဲ့သူ၊ ကိုယ့်အသိဉာဏ်ကို ဖွံ့ဖြိုးစေတဲ့ သူတွေဟာ ပူဇော်ထိုက်သူ စာရင်းမှာ သွင်းသင့်တယ်လို့ ထင်မိတာပဲ။

ဒီနေရာမှာ သတိထားပြီး ခွဲခြားသင့်တာက ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးက ဗုဒ္ဓဘာသာဝင်အားလုံးနဲ့ သက်ဆိုင်တဲ့ ပူဇော်ရာ တွေဖြစ်တယ်။ မိဘ ဆရာ စတဲ့ ပူဇော်ရာတွေကတော့ ငါတို့ တစ်ဦးချင်းနဲ့ ဆိုင်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ မင်းရဲ့မိဘက ငါနဲ့ မဆိုင်ဘူး။ မင်းရဲ့ ကျေးဇူးရှင်သာလျှင် ဖြစ်တယ်။ ငါက ပူဇော်ခြင်းပြုစရာ မလိုသော်လည်း မင်းကတော့ ပူဇော်ရလိမ့်မယ်။ မင်းနဲ့ ငါတို့ကို အတူသင်ကြားပေးတဲ့ ဆရာကိုတော့ဖြင့် မင်းရော ငါပါ အတူ ပူဇော်ကန်တော့ရပေလိမ့်မယ်။

ဒီနေရာမှာ အနောက်တိုင်းနဲ့ အရှေ့တိုင်း (အထူးသဖြင့် ငါတို့ မြန်မာလူမျိုးတွေ)ရဲ့ ကွာခြားပုံကို ပြောချင်ပါတယ်။ သူတို့ဆီမှာက ကျောင်းဆရာကို အလုပ်သမား–အလုပ်ရှင်သဘောမျိုး ဆန်ဆန် ငွေကြေး ပေးနိုင်းသူ (He is paid for teaching.) ဆိုတာမျိုး သဘောထားကြပုံရ တယ်။ ဘာမှ ကျေးဇူးတင်စရာ မလိုဘူးပေါ့။ ငါတို့မြန်မာတွေက အဲဒီလို သဘောမထားရက်ကြဘူး။ ငွေကြေးကို အလွန်မက်မောတဲ့ (အသပြာ ဆရာ)ဖြစ်နေစေဦးတော့ ဆရာဆိုရင် ကျေးဇူးတင်ရမှာပဲ၊ ရှိသေပူဇော်ရ မှာပဲလို့ ရင်ထဲအသည်းထဲမှာ စွဲနေအောင် မှတ်ယူထားကြတယ်။ ဒါကြောင့်လည်း မြန်မာပြည်တစ်ဝန်းလုံးမှာ 'အာစရိယပူဇော်ပွဲ'တွေ မဖြစ် ဖြစ်အောင် ကြိုးစားလုပ်နေကြတာပါပဲ။ ငါသိသလောက်တော့ဖြင့် ကမ္ဘာမှာ ငါတို့မြန်မာပြည်မှာသာလျှင် အာစရိယပူဇော်ပွဲရှိတယ်လို့ ထင်မိတယ်။ ငါ့အနေနဲ့ ပြောရရင်တော့ အလွန်ကို ဂုဏ်ယူအပ်တဲ့ ကျေးဇူးသိတတ်မှုလို့ ပြောချင်တာပဲ။

နောက်ပြီး မင်းတို့ သတိထားမိကြမလား မပြောတတ်ဘူး။ စာအုပ် တွေရဲ့ အမှာစာတွေ၊ နိဒါန်းတွေမှာ "ဤစာအုပ်ဖြင့် ကျွန်ုပ်၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးကို ကန်တော့ပါ၏" ဆိုတာမျိုးပေါ့။ အဲဒီ စိတ်ဓာတ်ယဉ်ကျေးမှုဟာဖြင့် အလွန်ကို မြင့်မားတယ်လို့ ထင်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိမိကို ကိုယ်ထိလက်ရောက် သင်ကြားပေးမှ မဟုတ်ဘူး။ မြင်ဖူးရုံ၊ ကြားဖူးရုံမျှလေးကိုတောင် မိမိဆရာပါပဲရယ်လို့ သတ်မှတ် ရှိသေကြတာဟာ ငါ့ဖြင့် အလွန်ကို မြင့်မားတဲ့ စိတ်ဓာတ်ယဉ်ကျေးမှုပဲလို့ အောက်မေ့မိပါတယ်၊ သဘောကို ချုပ်ကြည့်လိုက်တော့ ကျေးဇူးသိတတ်မှုပါပဲ။ အဲဒီလို ကျေးဇူးသိတတ်သူတွေရဲ့ အကြောင်းကို မှတ်တမ်းတင်တဲ့ ပုံပြင်တွေ၊ နိပါတ်တွေ၊ သမိုင်းမှတ်တမ်းတွေကိုလည်း မြန်မာစာပေမှာ တွေ့နိုင်နေကြတာပါပဲ။ နတ်တင်ထားတဲ့ထမင်းကို ဆာဆာနဲ့ စားလိုက်မိတာကြောင့် လုပ်ကြံမှု အစီအစဉ်ကြီးကို ဖျက်ပြီး နောက်ပြန်ဆုတ်သွားတဲ့ 'ငခင်ညို' အကြောင်းကို မင်းတို့လည်း ကြားဖူးကြမှာပါပဲ။

အဲဒီမှာ ထူးထူးခြားခြားလေးတွေ တွေ့ရပုံကို ပြောပြချင်ပါသေးတယ်။ အဲဒီကျေးဇူးရှင်က ကိုယ့်အောက် အသက်ငယ်နေရင်တောင်မှ တစ်ခါတစ်ရံ လက်အုပ်ချီပြီး ကန်တော့တာတွေ ရှိတယ်။ အင်မတန် မေတ္တာစေတနာကြီးမားတဲ့ သမားတော် ဆရာဝန်လေးရဲ့ ကြိုးစားပမ်းစားကုသမှုကြောင့် သေတွင်းက ထွက်လာရတဲ့ လူနာတွေဟာ အဲဒီလို ကိုယ့်သား ကိုယ့်သမီးလောက်ရှိသေးတဲ့ ဆရာဝန်လေးကို လက်အုပ်ချီမိုး ရှိခိုးပြီး ကန်တော့တာတွေ မကြာခဏ ကြုံရတယ်။ ဆရာဝန်၊ ဆရာဝန်မလေးက ''ကျွန်တော်က ငယ်ပါတယ်၊ ကျွန်မက ငယ်ပါသေးတယ်'' လို့ တောင်းပန်တာတောင် မရဘူး။ ကျေးဇူးကြီးလှတဲ့ အသက်သခင်ပါဆိုပြီး တားမရ ဆီးမရ ကန်တော့ကြတာပါပဲ။ ဘာကြောင့်လဲဆိုတော့ ပူဇော်ထိုက်သူလို့ သတ်မှတ်ကြတာကြောင့်ပဲ မဟုတ်လား။

ငါကိုယ်တိုင် ကြုံဖူးတာတွေ၊ ကြားဖူးတာတွေကိုသာ ထည့်ပြီး ရေးရရင် အဲဒါတွေကိုက စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်လောက်ပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ငါကတော့ စာအရ ပြောရမယ်ဆိုရင်တော့ ဒီစိတ်နေသဘောထားဟာ အလွန်ကိုမြင့်မားတဲ့ ယဉ်ကျေးမှုလက္ခဏာတစ်ရပ်ပဲလို့ အောက်မေ့မိပါတယ်။

ငါတို့ယဉ်ကျေးမှုမှာ အဲဒီကတစ်ဆင့်တက်လိုက်တော့ ကိုယ့်ထက်





အသက်ကြီးသူတွေကိုပါ ရိုသေရမယ်ဆိုတဲ့ အသိစိတ်က ပါလာတယ်။ မင်းတို့သိကြတဲ့အတိုင်း ငါတို့ရဲ့ ဗမာစကားမှာ 'ကျွန်တော်'တို့ 'ကျွန်မ'တို့ 'ဟုတ်ကဲ့ခင်ဗျာ' 'ဟုတ်ကဲ့ရှင့်'တို့ ဆိုတဲ့ စကားတွေဟာ အသက်ကြီးသူ ဝါကြီးသူကို ရိုသေတာ ထင်ထင်ရှားရှားပြနေတယ်လို့ ဆိုနိုင်တယ်။

ရေးနေရင်း သတိရလာတာလေးတစ်ခုကို ပြောလိုက်ဦးမယ်။ ငါ့သူငယ်ချင်းတစ်ယောက်က ပြန်ပြောတာပါ။

သူက အင်္ဂလန်မှာ အတော်ကြာကြာလေး ပညာသင်နေခဲ့ရတယ်။ သူ့အခန်းနဲ့ မျက်နှာချင်းဆိုင်အခန်းမှာ အဘွားကြီးတစ်ယောက်နေတယ်၊ တစ်ယောက်ထဲ နေတာပဲ။ ဒီလိုပဲ အမှတ်မထင် နေကြတာပါပဲ။ မနက်ခင်း တစ်ခုမှာတော့ အဘွားကြီး အခန်းရှေ့မှာ ချသွားလေ့ရှိတဲ့ နို့ပုလင်းလေးကို ဒီအတိုင်းပဲ တွေ့နေရတယ်။ ခါတိုင်းလို ထွက်ပြီး သိမ်းမသွားဘူးပေါ့။ ဒါနဲ့ သူက စိုးရိမ်လို့ အခန်းတံခါးခေါက်ဖွင့်ပြီး သွားကြည့်လိုက်တော့ အဖွားကြီးက နေမကောင်းဖြစ်နေတာ။ ဒါနဲ့ သူက နို့ပုလင်းကို ကျို၊ ရေနွေးတို့ ဘာတို့ တည်ပေး စသည်ဖြင့် ပြုစုပေးလိုက်တာပေါ့။ အဘွားကြီးက သိပ်ပြီးကျေးဇူးတင်ရှာတယ်။ ဒါနဲ့ အဘွားကြီးက ''မင်းက ဘာလူမျိုးလဲ၊ ဘာကြောင့် ငါ့ကို ဒီလိုကူညီတာလဲ'' စသည်ဖြင့် မေးတာပေါ့လေ။ သူက ဗမာလူမျိုးဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများကို ကူညီရတာ မိရိုးဖလာ ထုံးတမ်းစဉ်လာဖြစ်ကြောင်း စသည်ဖြင့် ပြောပြတော့ ''မင်းတို့ တိုင်းပြည်မှာ လူဖြစ်ရရင် သိပ်ကောင်းမှာပဲ'' လို့ ပြောပြသတဲ့။

အဲဒါမျိုးလေးတွေကို ကြားရတော့ ငါဖြင့် ကိုယ့်ယဉ်ကျေးမှုကို အလွန်ပဲ ကျေနပ်မိတယ်။ ဝမ်းမြောက် ဂုဏ်ယူစိတ်လည်း ဖြစ်မိတယ်။

ဒီနေရာမှာ ကောက်ချက်ဆွဲမိတာက သူက အဘွားကြီးကို ပူဇော်တာ မဟုတ်ဘူး။ သက်ကြီးရွယ်အိုမို့ ရိုသေပြုစုခြင်းသာလျှင် ဖြစ်တယ်။ တကယ်လို့ ကန်တော့တယ်ဆိုရင်လည်း အသက်ကြီးသူမို့ ကန်တော့ထိုက်တာပါပဲ။ ဒါပေမဲ့ ပူဇော်တာတော့ မဟုတ်ဘူး။

ဒီတော့ ပူဇော်ထိုက်သူ ဆိုတာတွေက -



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးဟာ လူအားလုံးနဲ့ သက်ဆိုင်တဲ့၊ လူအားလုံးကို ကျေးဇူးပြုထားတဲ့ ကျေးဇူးရှင်အဖြစ် ရှိသေ ပူဇော်ရတယ်။

တစ်ဦးချင်းမှာတော့ မိဘနဲ့ဆရာသမားဆိုတာက ကိုယ့်ဘဝကို ကျေးဇူးပြုထားသူတွေမို့ ကျေးဇူးရှင်အဖြစ် ရှိသေပူဇော်ရတယ်။

မိဘပင် မဟုတ်သော်ငြားလည်း မိမိဘဝကို တိုးတက်မြင့်မားအောင်၊ မိမိရဲ့အသိပညာ အတတ်ပညာစသည်တို့ကို ဖွံ့ဖြိုးအောင် ကူညီစောင့်ရှောက်သူတွေကို ရှိသေစွာ ကန်တော့ရင် ပူဇော်ခြင်းဖြစ်တယ်လို့ ယူဆမိပါတယ်။

အားလုံးကို ချုပ်ပြီးကြည့်လိုက်ရင် –

ဂုဏ–ဂုဏ်–ကျေးဇူးပြုတဲ့သူ ဟူသမျှကို ရှိသေစွာ ပူဇော်ခြင်းဟာ မင်္ဂလာတစ်ပါး ဖြစ်တယ်။

●

## (၁၃)

*ပတိရူပဒေသဝါသော စ၊*
*ပုဗ္ဗေ စ ကတပုညတာ။*
*အတ္တသမ္မာပဏိဓိ စ၊*
*ဧတံ မင်္ဂလ မုတ္တမံ။*

သင့်လျော်သော အရပ်၌နေရခြင်း၊ ရှေးရှေးဘဝက ပြုခဲ့သော ကောင်းမှုရှိခြင်း၊ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထားခြင်း . . . ဤသုံးပါးမှာ ကောင်းမြတ်သော မင်္ဂလာ ဖြစ်သည်။

ပတိရူပဒေသဝါသော စ၊ သင့်လျော်သောအရပ်၌ နေရခြင်းနဲ့ ပတ်သက်ပြီး ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားက အဋ္ဌကထာ (ပိဋကတ်ပါဠိတော် အဖွင့်ကျမ်း) တွေရဲ့ အဆိုအမိန့်တွေရော၊ နီတိကျမ်းတွေရဲ့ အဆိုအမိန့်တွေကိုပါ တင်ပြပြီး ကိုယ်အတွေးအမြင်တို့ကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ထည့်သွင်းရေးသားထားပါတယ်။

အဌကထာတွေရဲ့ အလိုအရ ဆိုရင်တော့ သာသနာထွန်းကားနေ ချိန်ကို ကြုံကြရတဲ့အတွက် နိဗ္ဗာန် မဂ်ဖိုလ်ရရာရကြောင်း အထောက်အပံ့ ဖြစ်စေနိုင်တဲ့ အရပ်ကို သင့်လျော်သော အရပ်လို့ ဆိုပါတယ်။ လောကီ အလိုအရ နီတိကျမ်းများ အဆိုအမိန့်တွေကိုလည်း ဆရာတော်က ထည့်သွင်းရေးသားခဲ့ပါသေးတယ်။

ဆရာတော်ရဲ့ မိန့်ကြားချက်တွေကတော့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အေးချမ်းသာယာရေးတို့ ပြည့်စုံတဲ့နေရပ်ဟာ သင့်လျော် သော နေရပ်ဖြစ်တယ်။

ငါတို့တစ်တွေက ရိုးရိုးလေးပဲ အခြေခံကျကျ စဉ်းစားကြည့်ရမှာ ပါပဲ။

ဘဝဆိုတာဟာ မွေးခြင်းနဲ့ သေခြင်းရဲ့ ကြားကာလကို ခေါ်တာ မဟုတ်လား။ သေသွားရင် ဘဝမရှိတော့ဘူး။ ရှင်နေပါလျက် မသန်ရင်လည်း (မကျန်းမာရင်လည်း) ဘဝဟာ တန်ဖိုးမရှိပြန်ဘူး။ အသက်ရှင်ဖို့ ကျန်းမာဖို့ ဟာ အလွန်ကို အရေးကြီးတယ်ဆိုတာ ထင်ရှားနေတယ်။ နောက်ပြီး ငြိမ်းချမ်းသာယာမှုလည်း ရှိနေဦးပါမှ ကောင်းကောင်းမွန်မွန် ရှင်သန်နိုင်မှာ ပေါ့။ လူဆိုး၊ သူခိုး၊ ဓားပြ၊ သောင်းကျန်းသူတွေ များပြားလွန်းတဲ့ ဒေသမျိုး ကျပြန်တော့လည်း အသက်ကို ဖက်နဲ့ ထုပ်ထားသလိုနေကြရတော့ စီးပွားရေး၊ ပညာရေး ဘာမှ မပြည့်စုံနိုင်တော့ဘူး။ သောင်းကျန်းသူတွေ ထူပြောတဲ့ဒေသတွေမှာ မြေမြှုပ်ဗုံးထိလို့ သေကြ၊ ကျေကြ၊ ခြေပြတ်၊ လက်ပြတ် ဒုက္ခိတ ဖြစ်ကြဆိုတာမျိုးတွေဟာ မကြားချင်အဆုံး ဖြစ်နေတာ အားလုံး သိနေကြသားပဲ။

ငါ့အမြင် ပြောလိုက်ရရင်တော့ ငြိမ်းချမ်းမှုမရှိရင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘာမှမပြည့်စုံနိုင်တော့ဘူး . . . လို့သာ ပြောချင် တော့တာပဲ။ ဒါကြောင့် ငြိမ်းချမ်းတဲ့ အရပ်ဒေသသည်သာလျှင် ပတိရူပ ဒေသ ဖြစ်နိုင်စကောင်းတယ် ပြောချင်ပါတယ်။





သဘာဝပတ်ဝန်းကျင်။ ။သင့်လျော်သောအရပ်ကို ရွေးချယ် ရာမှာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထည့်သွင်းကြည့်အပ်တယ်လို့ ထင်တယ်။ သဘာဝပတ်ဝန်းကျင်ဆိုတာက ပထဝီအနေအထား၊ ပင်လယ်၊ မြစ်ချောင်း၊ တောတောင်ရေမြေကို ဆိုလိုတာပါ။ ရေရှားလွန်းတဲ့ဒေသတွေ၊ မြေဆီဩဇာကင်းမဲ့လို့ စိုက်ပျိုးဖြစ်ထွန်းခြင်းမရှိတဲ့ ဒေသမျိုးတွေမှာ ကျတော့ ထမင်းလေးတစ်လုတ် စားဖို့အတွက် နေ့မအား၊ ညမအား လှုပ်ရှားနေရပြန်ရင်လည်း ဘယ်မှာ ကောင်းနိုင်ပါတော့မလဲ။ နီတိကျမ်း တွေမှာဆိုရင် မြစ်ချောင်းမရှိသော ဒေသများမှာ မနေအပ်ဘူးလို့တောင် ဆိုမိန့်ကြတယ်။

အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စား–ဝတ်–နေရေး ခက်ခဲသော ဒေသဝန်းကျင်တွေဟာ မနေအပ်ဘူးလို့ ဆိုရမှာပေါ့။

လူမှုပတ်ဝန်းကျင်။ ။သဘာဝပတ်ဝန်းကျင်က ဘယ်လောက်ပဲ ကောင်းနေစေဦးတော့ လူမှုပတ်ဝန်းကျင်က မကောင်းပြန်ရင်လည်း နေသင့်တဲ့ အရပ်မဟုတ်ဘူးပေါ့။ အထက်မှာပြောခဲ့တဲ့ လူဆိုးသူဆိုး သောင်းကျန်းသူ ထူပြောတာတွေဟာ လူမှုပတ်ဝန်းကျင်မကောင်းတဲ့ ဒေသ ပေါ့။ မကောင်းတဲ့ အပေါင်းအသင်းဝန်းကျင်ကို ရှောင်လွှဲလို့ ရနိုင်သေးတယ်၊ ဒေသတစ်ခုလုံးက ငြိမ်းချမ်းမှုကင်းမဲ့နေရင် ဘယ်လိုလုပ်မလဲ၊ အဲဒီ အရပ်ဒေသကို စွန့်ခွာပြီး တခြားရပ်ရွာဒေသကို ပြောင်းသွားဖို့ပဲ ရှိတာပေါ့။ ဒီနေ့ ရပ်ရွာငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဆိုတဲ့ စကားတွေ ဟာ လူမှုဝန်းကျင် ကောင်းမွန်တိုးတက်လာအောင် ဝိုင်းဝန်းအားထုတ် ကြဖို့ ကြွေးကြော်သံတွေပဲ မဟုတ်လား။

လောကနီတိမှာ ဦးချိုရှိသော သတ္တဝါကို အတောင် ငါးဆယ်၊ မြင်းကို အတောင် တစ်ရာ၊ ဆင်ကို အတောင် တစ်ထောင် အဝေးက ရှောင်ရာ၏။ လူမိုက်ကိုမူ အရပ်ကို စွန့်သဖြင့် ရှောင်ရာ၏လို့ ဆုံးမ ထားပါတယ်။

ဒီနေရာမှာ လူမိုက်ဆိုတာကို သေချာ စဉ်းစားကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သာမန်လူမိုက်တစ်ယောက်ကို ဆိုလိုတာ မဖြစ်နိုင်ပါဘူး။ လူမိုက် လူဆိုးတွေ များပြားတဲ့ အရပ်ဒေသ၊ သို့မဟုတ် လူမိုက်တွေ တန်ခိုးသြဇာကြီးနေတဲ့ ဒေသမျိုးကို ဆိုလိုတာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်မှာ လူမိုက်၊ လူပေ၊ လူတေ များလွန်းလာရင် လူကောင်းသူကောင်း မိသားစုအဖို့ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဘယ်မှာ နေနိုင်တော့မလဲ။ ဒါကြောင့် အရပ်ကိုစွန့်ပြီး ရှောင်ရတယ်လို့ ဆိုလိုတာပါ။

သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်က ဘယ်လောက်ပဲ သင့်တင့်လျောက်ပတ် ဖြစ်နေစေဦးတော့ ကိုယ်တိုင်က မိုက်မဲနေပြန်ရင်လည်း ကောင်းကျိုးမင်္ဂလာ မဖြစ်နိုင်တော့ပြန်ဘူး။ ဒါကြောင့် သပြေကန်ဆရာတော်ဘုရားကြီးက—

"လူတစ်ဦးသည် သာသနာလည်း ထွန်းလင်းခြင်း ရှိ၍ လောကရေးဘက်ကလည်း အဆင်ပြေလှသောဒေသ၌ နေရလျက် မိမိ ဆိုးမိုက်ပေတေနေသဖြင့် လောကဘက်ကလည်း ဘာမျှအမြတ်မထွက်၊ ဓမ္မဘက်မှလည်း ဘာမျှအသားမတက်လျှင် ထိုသူအဖို့ အမည်သာ ပတိရူပဒေသဝါသဖြစ်၍ မင်္ဂလာဖြစ်သည်ဟုကား မဆိုထိုက်။ မင်္ဂလာဟူသည် ကောင်းကျိုးရသော အမှုအဖြစ်များ၏ အမည်သာ ဖြစ်သည်။"

လို့ ရေးသားတော်မူခဲ့ပါတယ်။

ပုဗ္ဗေ စ ကတပုညတာ။ ။ ရှေးရှေးဘဝက ပြုခဲ့သော ကောင်းမှုရှိခြင်းဆိုတာလည်း မင်္ဂလာတစ်ပါးပေပဲ။ ဘဝကံကောင်းခြင်းပေါ့။ ဒါက ငါတို့ ဗုဒ္ဓဘာသာအယူပေါ့လေ။ ခရစ်ယာန်စတဲ့ ဘာသာအယူမှာတော့ ဘုရားသခင်ရဲ့ အလိုတော် ဆိုရမှာပေါ့။

ဘာပဲပြောပြော ကိုယ်က ရွေးချယ်ခွင့်မရဘဲ မွေးရာပါ ကြုံလာရတဲ့ ကံကောင်းမှုမျိုးတွေလို့ ဆိုရမှာပေါ့။ ချမ်းသာတဲ့ မိဘများ၊ အခြွေအရံများတဲ့ မိဘများ၊ တန်ခိုးသြဇာကြီးမားတဲ့ မိဘများရဲ့ သားသမီးဖြစ်လာရ





တာတွေ၊ ရုပ်အဆင်းအားဖြင့် ချောမောတင့်တယ်တဲ့အဖြစ်တွေ၊ ဉာဏ်ပညာထက်မြက်တဲ့ အဖြစ်မျိုးတွေ၊ ဒါမျိုးတွေဟာ ဘဝကံလို့ပဲ ဆိုရတော့မှာပေါ့။ အထူးသဖြင့် သိသာတာက ဉာဏ်ရည်နိမ့်တဲ့ကလေးတွေရဲ့ အဖြစ်မျိုးကို ကြုံကြရတဲ့ ဘဝကံပါပဲ။ မိဘများက ချမ်းသာကြွယ်ဝ သြဇာကြီးမားပါလျက် ကလေးငယ်မှာ ဦးနှောက်မဖွံ့ဖြိုးလို့ ပွဲလယ်မတင့် ဖြစ်နေရတာလေးတွေကို ကြုံရဖူးပါတယ်။ အလွန်ရင်နာစရာ ကောင်းပါတယ်။ အဲဒါမျိုးတွေကို တွေ့လိုက်ရတော့မှ ကိုယ့်မှာ အသိဉာဏ်အဆင့်မီဖြစ်လာရတာလေးကို မင်္ဂလာတစ်ပါးပေပဲလို့ ဘဝကံကို ကျေးဇူးတင်ရကောင်းမှန်း သိလာနိုင်ပါတယ်။ ခရစ်ယာန်ဘာသာဝင်ဖြစ်ရင်လည်း ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းဖို့ သတိရနိုင်တာပေါ့။

ငါတို့ မြန်မာစကားမှာ 'အသံ၊ ဉာဏ်၊ ကံ၊ ဆံ' ဆိုတာတွေကို ကြိုးပမ်းတုပလို့ မရနိုင်ဘူးလို့ ဆိုလေ့ရှိကြတယ်။ ဆံပင်ကတော့ဖြင့် အရောင်ဆိုးလို့၊ ဆံတုတပ်လို့ ရသင့်သလောက်ရတယ်လို့ ဆိုနိုင်ပါသေးတယ်။ အသံနဲ့ ဉာဏ်ကတော့ဖြင့် မွေးရာပါလို့သာ ပြောရတော့မှာပဲ။ တချို့ဇာတ်မင်းသားတွေဟာ ရုပ်က မချောဘူး။ အသံကောင်းလွန်းလို့ အောင်မြင်သွားတာတွေရှိတယ်။ ဘဝအကျိုးပေးပဲပေါ့။

ငါတို့ မြန်မာလူမျိုးတွေမှာ ကံ၊ ဉာဏ်၊ ဝီရိယလို့ ဆိုလေ့ရှိတယ်။ ငါ့အမြင် ပြောရရင်တော့ ကံဆိုတာကို ဖယ်ထားလို့ မရနိုင်ဘူး။ ရှေးဘဝ၊ နောက်ဘဝဆိုတာတွေကို မယုံကြည်ရင် ရှိစေတော့။ ကံဆိုတဲ့သဘောကို ထည့်မတွက်ရင် မရနိုင်ဘူးလို့ ဆိုချင်မိတယ်။ ကုလသမဂ္ဂရဲ့ အတွင်းရေးမှူးချုပ်ဖြစ်ခဲ့တဲ့ ဦးသန့်အကြောင်းကို မင်းတို့ငါတို့ သိနေကြတာပဲ။ ဦးသန့်ကိုယ်တိုင်တောင်မှ စိတ်ကူးယဉ်ဖူးဟန် မရှိပါဘူး။ ကုလသမဂ္ဂကို မြန်မာကိုယ်စားလှယ်အဖြစ် ရောက်သွားတော့တောင်မှ အတွင်းရေးမှူးချုပ်ဖြစ်လာဖို့ကို မျှော်မှန်းမိမယ် မထင်ဘူး။ အတွင်းရေးမှူးချုပ် မစ္စတာဒက်ဟမ္မားရှိုး ရုတ်တရက် ကွယ်လွန်လိုက်တော့မှ သူ့ကို ဝိုင်းဝန်းတင်



www.burmeseclassic.com

www.burmeseclassic.com



မြှောက်လိုက်ကြတာ မဟုတ်လား။

မင်းတို့ကိုယ်တိုင် မိဘများကလည်း ဥစ္စာဓန၊ သြဇာရှိန်ဝါ ရှိသူဖြစ်နေပြီး ကိုယ်တိုင်ကလည်း ရုပ်ဆင်းတင့်တယ်၊ ဉာဏ်ရည်လည်း သွက်လက်နေရင် အားလုံးပြည့်စုံနေပြီ ဆိုရမှာပေါ့။ ကျန်တာတွေ ထားလိုက်တော့။ အဆင့်မီတဲ့ ဉာဏ်ရည်ဉာဏ်သွေးလေး ပါနေရင်ကိုပဲ မင်္ဂလာတစ်ပါးပဲ။ 'ပုဗ္ဗေ စ ကတပုညတာ'နဲ့ ပြည့်စုံနေပြီလို့ ဝမ်းသာသင့်ပါတယ်။

အတ္တသမ္မာပဏိဓိ။ ။ မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း။ အလွန်ကို အရေးပါတဲ့ မင်္ဂလာတရားပါပဲ။ သပြေကန်ဆရာတော်ဘုရားကြီး ရေးထားတာ ဖတ်ကြည့်ပါဦး။

'ဤ အတ္တသမ္မာပဏိဓိကား လွန်စွာ အရေးပါလှ၏။ ဤမင်္ဂလာ ပြည့်စုံလျှင် မင်္ဂလာ အတော်များများ ပြည့်စုံလျက် ရှိတော့သည်။ ရှေးဘဝကုသိုလ်ကံ မရှိသူဖြစ်စေကာမူ ယခုဘဝ၌ အတ္တသမ္မာပဏိဓိရှိလျှင် တိုးတက်ချမ်းသာနိုင်၍ နောင်ဘဝ၌လည်း ကောင်းသွားပေတော့မည်။ ရှေးဘဝကလည်း ကုသိုလ်ပါ၊ ယခုဘဝမှာလည်း ဤမင်္ဂလာ ရှိလျှင်ကား ဆိုဖွယ်ရာမရှိ။ ရှေးက ကောင်း၍ ယခုကောင်း၊ ယခုကောင်းတော့ နောင်လည်းကောင်း၊ အကောင်းချည်းသာဖြစ်ကာ စက်လည်သွားတော့မည်သာတည်း။'

အတ္တဆိုတာ ကိုယ်စိတ်နှစ်ပါးကို ဆိုလိုတာပါ။ ကိုယ်ကိုလည်း ကောင်းစွာထားရမယ်။ စိတ်ကိုလည်း ကောင်းစွာထားရမယ်ပေါ့။

ကိုယ်ကို ကောင်းစွာ ထားခြင်းဆိုသည်မှာ ကျန်းမာအောင် အသက်ရှည်အောင် မိမိကိုယ်ကို သတိရှိရှိ စောင့်ရှောက်ဖို့ပါပဲ။

ကိုယ်လက်အင်္ဂါ ပြည့်ပြည့်စုံစုံ၊ အသိဉာဏ်အဆင့် မီမီ ပါလာရင်ကိုပဲ မင်္ဂလာတစ်ပါးဖြစ်နေပြီ မဟုတ်လား။ ဘဝကံကောင်းနေပြီ မဟုတ်လား။





အဲဒီမင်္ဂလာကို ကြံခိုင်ဖွံ့ဖြိုးအောင် ကြိုးစားရမှာပေါ့။ လူငယ်တိုင်းဟာ ဘဝမှာ အောင်မြင်ထွန်းပေါက်ချင်ကြတာချည်းပါပဲ။ ဒါပေမဲ့ အသက်ရှည်မှ ဘဝဟာ အဓိပ္ပာယ်ရှိတယ်။ ကျန်းမာမှ အောင်မြင်နိုင်တယ်ဆိုတာကို မေ့မေ့လျော့လျော့ ဖြစ်နေတတ်ကြတယ်။ ငါလည်း ငယ်ငယ်က အဲဒီလို ဖြစ်ခဲ့မိတာပါပဲ။ ကျန်းမာခြင်းရဲ့တန်ဖိုးကို လေးလေးနက်နက် နိုးနိုးကြားကြား မသိခဲ့ဘူး။ မင်းတို့ကို ငါ့လို အမှတ်မထင် မဖြစ်စေချင်ဘူး။ မကြာသေးမီက စာအုပ်တစ်အုပ်ထဲမှာ တရုတ်သမားတော်ကြီးတစ်ဦး ပြောထားတဲ့ စကားတစ်ခွန်းကို ဖတ်လိုက်ရတယ်။ ''သင်၏ ကျန်းမာရေးသည် သင့်အတွက်သာ မဟုတ်၊ သင့်ကို ချစ်သောသူများ အတွက်ပါ အရေးကြီးကြောင်း သတိပြုပါ'' တဲ့။ အလွန်မှန်တဲ့ စကားပါပဲ။ လူတစ်ယောက် နာဖျားမကျန်း ဖြစ်လိုက်ပြီဆိုရင် တစ်အိမ်လုံး အလုပ်ရှုပ်သွားတာ မဟုတ်လား။ မင်းတို့ ငါတို့လို လူကြီး လူငယ်တွေ မဆိုထားနဲ့၊ ကလေးငယ်တစ်ယောက်ယောက် ကျောပူ ခေါင်းပူ ဖြစ်လိုက်ရင်ပဲ မိခင်ဖြစ်သူက ဆေးခန်းပြရ၊ ဆေးဝယ်ရ၊ ထမင်းမချက်နိုင်၊ အဝတ်မလျှော်နိုင်နဲ့ တစ်အိမ်လုံး အလုပ်များကုန်တာပဲ မဟုတ်လား။

လူငယ်တွေဟာ ဘဝဆုလာဘ်ကြီးဖြစ်တဲ့ ကျန်းမာရေးကို အလေးဂရုမပြုတတ်ကြဘူး။ မကျန်းမာတော့မှ ကျန်းမာခြင်းရဲ့ တန်ဖိုးကို သိတာမျိုး မဖြစ်စေဘဲ ကျန်းမာနေစဉ်မှာကိုပဲ ကျန်းမာခြင်းရဲ့ တန်ဖိုးကို သိပြီး သတိကြီးစွာနဲ့ ထိန်းသိမ်းသင့်တယ်။

အစားအသောက်နဲ့ ပတ်သက်ပြီး ပြောချင်သေးတယ်။ ဝေါ်လို့ သေတဲ့ မသာက အလွန်နည်းတယ်။ စားလို့ သေတဲ့ မသာက ပိုများတယ်။ ကြိုက်တာဆိုရင် တနင့်တပိုး စားတဲ့အကျင့် မဖြစ်စေသင့်ဘူး။ ငါ့ကိုယ်တွေ့ကို ပြောရရင်တော့ ငါ့အသက် ၂၀ လောက်ကစပြီး ထမင်းကို တောင် ဗိုက်ပြည့်အောင် မစားခဲ့ဘူး။ ဗိုက်ပြည့်ခါနီးပြီဆိုရင် ထမင်းတစ်လုတ်စာ၊ နှစ်လုတ်စာလောက် ချန်စားလေ့ရှိတယ်။ နောက်တော့ အကျင့်ဖြစ်လာလိုက်တာ ထမင်းစားလို့ ဗိုက်ပြည့်ခါနီးရင် ဆက်စားရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပျင်းသလိုလို ငြီးငွေ့သလိုလို ဖြစ်လာတတ်တယ်။ အဲဒီအကျင့်ကြောင့်ပဲ ထင်ပါရဲ့။ အသက်ရှစ်ဆယ်တိုင်အောင် ဗိုက်အောင့်တာ၊ လေထိုးတာ မဖြစ်ဖူးဘူး။ ခုအချိန်ထိ ခေါင်းကိုက်တာကို မခံစားရဖူးဘူး။ အဲဒါကတော့ ဘဝကံကိုက အကျိုးပေး ကောင်းတယ်လို့ ဆိုရမယ် ထင်တယ်။ ဘာပဲဖြစ်ဖြစ် အစားအသောက်မှာ သတိထား ဆင်ခြင်နိုင်ရင် ကျန်းမာရေးအတွက် အတော်လေး စိတ်ချသွားရတာပါပဲ။

သက်ရှိသတ္တဝါတွေထဲမှာ လူဟာ ရောဂါအထူဆုံး ဖြစ်နေတာဟာ အစားမျိုးစုံ စားကြလို့ ဖြစ်တယ်။ တိရစ္ဆာန်တွေမှာ ရောဂါထူပြောမှု နည်းပါးတယ်။ လူနဲ့ နီးစပ်တဲ့ တိရစ္ဆာန်တွေမှာသာ ဆရာဝန်လိုအပ်နေတာ။ ငှက်တွေဟာ နေမကောင်းရင် အစာရှာ မထွက်တော့ဘူး။ မစားဘဲ နေလိုက်တာဟာ ဆေးတစ်မျိုးပဲလို့တောင် ဆိုကြတယ်။

# (၁၄)

*အတ္တသမ္မာပဏိဓိ – 'မိမိကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း'မှာ* ကျန်းမာရေး ဂရုပြုကြဖို့ အကြောင်းကို ရေးခဲ့ပါတယ်။

ကိုယ်လက်အင်္ဂါအစုံအလင် လူစဉ်မီတဲ့ ဦးနှောက်ပါလာရင်ကိုပဲ 'ပုဗ္ဗေ စ ကတပုညတာ' ရှေးဘဝကောင်းမှု မင်္ဂလာပြည့်စုံသင့်သလောက် ပြည့်စုံနေပြီပေါ့။ ဆိုလိုတာက မိဘများက ဆင်းရဲလို့ ငွေကြေး စသည်တို့မှာ ချို့တဲ့နေစေဦးတော့ ဝမ်းမြောက်စရာ ကောင်းနေပြီလို့ ဆိုရတော့မှာပေါ့။

ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထားခြင်းဆိုတာမှာ ဘယ်သူက ထားရမှာလဲဆိုတော့ ကိုယ်တိုင်က ထားရမှာပေါ့။ ကလေးပေါက်စဘဝမှာတော့ လူကြီးမိဘတွေက ကောင်းစွာ ထားပေးရမှာပေါ့။ ကလေးပေကိုး။ ဒါပေမဲ့ လူမှန်းသိတတ်စအရွယ်က စပြီး မိဘတွေက ကိုယ်စိတ်နှစ်ပါး ကောင်းစွာ ထားတတ်အောင် တစ်စတစ်စ သင်ပေးသွားရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

ဒီနေရာမှာ ငါ စဉ်းစားမိသမျှ စကားကြော ရှည်ချင်ပါသေးတယ်။

သပြေကန်ဆရာတော်ဘုရားကြီးက အတ္တ–အတ္တဘာဝ–အတ္တဘော ဆိုတာဟာ ကိုယ်စိတ်နှစ်ပါးလုံးကို ဆိုလိုကြောင်း ရေးတော်မူခဲ့ပါတယ်။

အဲဒီမှာ 'ကိုယ်'လို့ ဆိုအပ်တဲ့ ခန္ဓာကိုယ်ယန္တရားကြီးအကြောင်းကို စဉ်းစားမိပြန်ပါတယ်။

ခန္ဓာကိုယ်ယန္တရားကြီးဟာ 'သူ့ကိုယ်သူ' အခါမလပ် စောင့်ရှောက်နေတယ်။ ကောင်းစွာထားဖို့ အခါမလပ် ကြိုးစားနေတယ်လို့ ပြောချင်တာပဲ။

ဆိုကြပါစို့ကွယ်။ နှလုံးခုန်နေတာဟာ မရပ်မနားဘဲ မဟုတ်လား။ သေချာစဉ်းစားကြည့်တော့ ငါ့နှလုံးဟာ ငါ့ထက် အသက်ကြီးပါလားလို့ တွေးတွေးနေမိတယ်။ ငါက အမေ့ဝမ်းထဲက အပြင်ရောက်လာပြီး အူဲ လို့ အော်ဟိုလိုက်မှ 'အောင်သင်း'ရယ်လို့ လူစာရင်းဝင်လာတာ မဟုတ်လား။ ငါ့ရဲ့ မွေးသက္ကရာဇ်ကို အဲဒီအချိန်ကစပြီး အမှတ်အသားပြုရတာ မဟုတ်လား။

နှလုံးသားကတော့ အဲဒီလို မဟုတ်ဘူး။ သန္ဓေသား သုံးလေးလက စပြီး လှုပ်ရှားခဲ့ရတာဆိုတော့ အောင်သင်းရဲ့ နှလုံးသားဟာ အောင်သင်း ထက် အသက်ကြီးနေတယ် မဟုတ်လား။ ပြောချင်တာက ခန္ဓာကိုယ် ယန္တရားကြီးဟာ သူ့ကိုယ်သူ အခါမလပ် စောင့်ရှောက်ပြီး ကောင်းစွာ ထားဖို့ ကြိုးစားနေတယ်လို့ ပြောချင်ပါတယ်။

သူ့ခန္ဓာကိုယ်ထဲကို ရောဂါပိုးမွှားတွေ ဝင်လာရင် တိုက်ထုတ်တယ်။ တတ်နိုင်သမျှ တားဆီးတယ်။ လွယ်လွယ်သိသာမြင်သာတာလေးတစ်ခုကို ပြောပါ့မယ်။

မင်းတို့ ငါတို့မှာ ထိမိ၊ ရှမိတဲ့ အနာလေးတစ်ခု ဖြစ်ပြီဆိုပါတော့။ ခန္ဓာကိုယ်ယန္တရားကြီးက ပြင်ပ ပိုးမွှား ရုတ်တရက် ဝင်မလာအောင် သွေးကို ခဲပေးတယ်။ သွေးကို ခြောက်သွေ့မာကြောအောင် လုပ်ပေးတယ်၊





အနာဖေးလို့ ခေါ်ကြတာပေ့ါ။ အတွင်းက အနာပျောက်သွားမှ၊ ဒဏ်ရာ ကောင်းလာမှ အနာဖေးက သူ့အလိုလို ကွာကျသွားတယ်။

ဒါကို သေချာစဉ်းစားကြည့်လိုက်ရင် ခန္ဓာကိုယ်ယန္တရားကြီးက သူ့ကိုယ်သူ ကောင်းစွာထားကြောင်း သိသာပါတယ်၊

စကားဖြတ်ပြီး မေးတော့မယ်။

မင်း အနာဖေး ခွာတတ်သလား။ မခွာဘဲ နေနိုင်သလား။

မင်းတို့တော့ဖြင့် မသိဘူး။ ငါကိုယ်တိုင်ကတော့ အနာဖေးခွာချင်တဲ့ စိတ်ကို အခု အသက်ရှစ်ဆယ်တိုင် မနည်းကြီး ချုပ်နှိမ်နေရတယ်။ ဒါတောင် အနာဖေးရဲ့ အစွန်းအဖျားလေးတွေကို လက်သည်းနဲ့ လှန်ပြီး ချိုးချင်တုန်း ရှိနေသေးတယ်။ ခက်ပါ့ကွာ။ ခန္ဓာကိုယ်ယန္တရားကြီးက သူ့ကိုယ်သူ ကောင်းစွာ ထားနေပါလျက် ငါတို့ 'စိတ်' က ကောင်းစွာ မထားချင်ဘူး။ သက်သက်မဲ့ သူ့လုပ်ငန်းကို ဝင်ပြီး ရှုပ်ချင်နေတယ်။

ဒီထက်ပိုဆိုးတာက ကွမ်းစားတယ်ကွာ၊ ဆေးလိပ်သောက်တယ် ကွာ၊ အရက်သောက်တယ်ကွာ၊ ခန္ဓာကိုယ် လက်မခံနိုင်တာတွေကို လျှောက်လုပ်တယ်ကွာ။

သူ့'ဘက်'ကလည်း စဉ်းစားကြည့်ဦးလေကွယ်။

ဒီက ရှေ့ကိုဆက်ပြီး တစ်ညလုံး ဖဲရိုက် အညောင်းခံတာတွေ၊ ဗီဒီယိုကိမ်း ထိုင်ရာမထ ကစားနေတာတွေ ပြောနေရရင် မဆုံးတော့ပါဘူး။ အရိပ်ပြ အကောင်ထင်ဆိုသလို မင်းတို့ရဲ့ (အဲ– ငါတို့ရဲ့) စိတ်သောင်းကျန်း မှုဒဏ်ကို ခန္ဓာကိုယ်ယန္တရားကြီး ဘယ်လောက်ခံနေရတယ်ဆိုတာ မှန်းလို့ ရနိုင်လောက်ပါတယ်။

အဲ– တစ်ခု သတိထားဖို့က အဲဒီခန္ဓာကိုယ်ယန္တရားကြီး ပျက်စီး သွားရင် မင်းရဲ့ဘဝဆိုတာ မရှိတော့ဘူး။ ဘဝ မရှိတော့ ဘဝ အောင်မြင်မှု လည်း မရှိတော့ဘူး။ ဘာဆိုဘာမှကို မရှိတော့ဘူး။ မင့်ဘဝ ရည်မှန်းချက် တွေ ပြောမနေနဲ့တော့။

ဒီတော့ မိမိကိုယ်ခန္ဓာကြီးကိုတောင် ကောင်းစွာထားခြင်း ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြပါရဲ့လားဆိုတာ မေးစရာ ဖြစ်မလာပေဘူးလား။ ခန္ဓာကိုယ်ယန္တရားကြီးက သူ့ကိုယ်သူ ကောင်းစွာ ထားရှာပါတယ်။ ငါတို့စိတ်က ကောင်းစွာမထားချင်ကြဘူးဆိုတာ ပေါ်မလာပေဘူးလား။

ဒီနေရာမှာ ထင်ရှားလာတာက 'အတ္တသမ္မာပဏိဓိ'–'မိမိကိုယ်စိတ်ကို ကောင်းစွာထားခြင်း'ဟာ 'စိတ်'ပေါ်မှာ ပဓာန တည်နေတယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။

အထက်မှာ ပြောနဲ့သမျှတွေဟာ ခန္ဓာကိုယ်ကြီးနဲ့ ပတ်သက်ပြီး ပြောခဲ့ခြင်းသာ ဖြစ်ပါတယ်။ ရှေ့ဆက်ပြီး ဆင်ခြင်ကြည့်ကြမယ်ဆိုရင် ရေချိုးတာက အစ၊ အစားအသောက် အနေအထိုင်က အစ၊ ခန္ဓာကိုယ်ကြီးမှာ အန္တရာယ်မဖြစ်အောင် စောင့်ရှောက်ပေးတာက အစ 'စိတ်သွားတိုင်း ကိုယ်မပါအောင်' ထိန်းသိမ်းတာတွေကို လှမ်းပြီး စဉ်းစားကြပေတော့ကွာ။

ဒီတော့ မိမိကိုယ်ခန္ဓာကြီးကို အန္တရာယ်မဖြစ်အောင်၊ မဖျားမနာအောင် အစားအသောက် အနေအထိုင်ကစပြီး ဆင်ခြင်ထိန်းသိမ်းတာက မင်္ဂလာတစ်ပါး ဖြစ်မနေပေဘူးလား။

ကောင်းပြီ။ မိမိစိတ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကို လှမ်းပြီး ဆက်လိုက်ကြဦးစို့။

မင်းတို့ ငါတို့ လူ့လောကကြီးမှာ ပေါ်ပေါက်လာတဲ့ မကောင်းမှုဟူသမျှတို့ရဲ့ အခြေခံဟာ လောဘဆိုတဲ့ လိုချင်တပ်မက်မှုကြောင့်၊ ဒေါသဆိုတဲ့ အမျက်ထွက်မှုကြောင့် ပေါ်ပေါက်လာတာချည်းပဲ။ အဲ–သာမန်လူသားတွေမှာ လောဘတော့ဖြင့် ရှိနေမှာချည်းပဲပေါ့။ ဒါပေမဲ့ ဝိသမလောဘလို့ခေါ်တဲ့ 'မတော်လောဘ'တော့ဖြင့် မရှိသင့်ဘူးပေါ့။ ဂရုစိုက်ကြရမှာပေါ့။ အဲဒီ မတော်လောဘ ရှိလာပြီဆိုရင် မတော်တာ မသင့်တာတွေ လုပ်မိကြတော့တာပဲ။ မိမိ မရသင့်တာတွေကို ရချင်တယ်။ မိမိ မယူသင့်တာတွေကို ယူချင်တယ်။ ခိုးတာ၊ ဝှက်တာ၊ ခါးပိုက်နှိုက်တာဆိုတဲ့ ကိစ္စတွေ အားလုံးဟာ ဝိသမလောဘကြောင့် ဖြစ်တာတွေချည်းပဲပေါ့။





စာမေးပွဲမှာ ခိုးချတာကစပြီး မေးခွန်းအပေါက်အစ လိုက်ကြတာတွေ အားလုံးဟာ မတော်လောဘတွေချည်းပဲပေါ့။

အဲဒါတွေက ကာယကံမြောက်ထိအောင် ကျူးလွန်မိလာတာတွေကို ပြောပြနေတာ။ စိတ်မှာကိုပဲ အဲဒီလို အကုသိုလ်စိတ်မျိုး မဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ရတယ်လို့ ဘုရားရှင်က မိန့်တော်မူခဲ့တာ။

ငါတို့လို မင်းတို့လို သာမန်လူသားတွေမှာ ဒီလို မတော်လောဘ၊ မတော်ဒေါသစိတ်တွေက သပွတ်အူလို ရှုပ်ထွေးနေတာ။ စာမေးပွဲမှာ အမှတ်များများ လိုချင်တာကြောင့် ခိုးချတာတွေ၊ တစ်ယောက်ယောက်က ကိုယ့်ထက် အမှတ်များသွားလို့ ခံပြင်းတာတွေ၊ ဝန်တိုတာတွေ စသည် စသည်အားဖြင့်ပေါ့။

ဒါတွေက လူငယ်ကျောင်းသားတွေ ဘဝကိုသာ လှမ်းပြီး ပြောပြလိုက်တာပါ။ လူကြီးတွေလောကမှာကျတော့ တိုက်အိမ်ကောင်းကောင်း နေနိုင်တာ၊ ကားကောင်းကောင်း စီးနိုင်တာ စသည်အားဖြင့် ဝန်တိုတာတွေ၊ မနာလိုတာတွေ ရှိလာတတ်ပြန်တာပေါ့။ ဒီကရှေ့ကို ဆက်လိုက်တော့ တန်ခိုးဩဇာ၊ အာဏာဆိုတာတွေထိအောင် မတော်လောဘ၊ မတော်ဒေါသ၊ မနာလိုမှု၊ ဝန်တိုမှု ဆိုတာတွေထိအောင် ရောက်လာပြန်တတ်တာပေါ့။

ငါတို့ ဆွေးနွေးမှုကတော့ အဲဒါတွေထိအောင် မရည်ရွယ်ပါဘူး။ ကိုယ့်စိတ်ကို အမှတ်ထင်ထင် သတိရနေရုံလောက်ကလေးကိုသာ ပြောပြချင်တာပါ။

ဒီစာကို ရေးနေရင်းမှာပဲ ငါရေးနေတဲ့ ဘောလ်ပင်က မင်လိုက်မကောင်းဘဲ ထစ်ငေါ့ ထစ်ငေါ့ ဖြစ်နေတာကြောင့် စိတ်တိုပြီး လွှင့်ပစ်မယ် လုပ်လိုက်မိသေးတယ်။ ပြီးမှ သတိရပြီး 'ငါက ဘောလ်ပင်နဲ့ ဖက်ပြီး ရန်ဖြစ်နေပါလား' လို့ သတိရလိုက်မိတယ်။

အဲဒီလိုပါပဲကွာ။ ရေချိုးနေရင်း ဆပ်ပြာအညံ့စားကြီးနဲ့ တွေ့နေရလို့ ရေချိုးခန်းထဲမှာ ဆပ်ပြာကို ဆဲချင်ဆဲနေမိတတ်တာကိုးကွဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယုတ်စွအဆုံး ဘတ်စ်ကားမှတ်တိုင်မှာ စောင့်နေရင်း ကိုယ်စောင့်နေတဲ့ ဘတ်စ်ကား မလာနိုင်တော့ ဒေါသဖြစ်ချင် ဖြစ်နေတတ်တာကိုးကွဲ၊ ဘတ်စ်ကား ရောက်လာပြန်လို့ ကားပေါ်တက်လိုက်တော့ ထိုင်စရာနေရာလည်း မရ၊ မတ်တတ်ရပ်တာအောင် ကတ်သီးကတ်သတ်ဖြစ်နေပြန်တော့ အလကားနေရင်း စိတ်တိုနေရတဲ့အဖြစ်မျိုးလည်း ကြုံချင်ကြုံနေတတ်တာကိုး။

ဒါတွေကို ဆက်ပြီး စဉ်းစားလိုက်တော့ မင်းတို့ ငါတို့ရဲ့ ခန္ဓာကိုယ်ယန္တရားကြီးဟာ သူ့ကိုယ်သူ သဘာဝကျကျ စောင့်ရှောက်ပြီး ကောင်းစွာ ထားနိုင်သလို ငါတို့ဟာ ငါတို့စိတ်ကို ကောင်းစွာ ထားနိုင်ပါရဲ့လား။ ကောင်းစွာ စောင့်ရှောက်နိုင်ပါရဲ့လားဆိုတာ မေးစရာ ဖြစ်လာမနေဘူးလား။

ရှေ့ပိုင်းမှာ ငါ ရေးခဲ့သလို ခန္ဓာကိုယ်ယန္တရားကြီးဟာ ပြင်ပကအန္တရာယ် ပိုးမွှား စတာတွေ ဝင်လာရင် ကြိုးစားပြီး မောင်းထုတ်ချေမှုန်းတယ်။ ကိုယ့်ကျန်းမာရေး တည်တံ့ခိုင်မြဲရေးကို အစွမ်းကုန် ကြိုးပမ်းတယ်။

ငါတို့တွေရဲ့ 'စိတ်ကျန်းမာရေး'ကို ငါတို့ အဲဒီလောက်ထိအောင် အရေးတယူ တယုတယ လုပ်ကြမိပါရဲ့လားဆိုတာကို မကြာခဏ စဉ်းစားနေမိတတ်ပါတယ်။

အေးလေ 'အတ္တသမ္မာပဏိဓိ' ဆိုတဲ့ ကိုယ့်စိတ်ကို ကောင်းစွာထားခြင်းဟာ အလွန်ကို အရေးကြီးတာမို့ မြတ်စွာဘုရားသခင်က မင်္ဂလာတရားတော်မှာ ထည့်သွင်းခဲ့ပေတာပေါ့။

ငါလည်း "မင်္ဂလာပါ" ကို ရေးနေရင်း အတွေးလွန်သွားတာတွေလည်း ပါချင်ပါနေလိမ့်မယ် ထင်တယ်။

ငါ့စေတနာကတော့ ခြေခြေမြစ်မြစ် ဆင်ခြင်စဉ်းစားတတ်တဲ့ အလေ့အကျင့် ရကြစေချင်တာကြောင့်ပါ။

# (၁၅)

ဗာဟုသစ္စဥ္စ၊ သိပ္ပဥ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

နတ်သား၊ အကြားအမြင်များခြင်း၊ လက်မှုပညာ တတ်မြောက်ခြင်း၊ ကိုယ်ကျင့်ဝိနည်းကို သင်ခြင်း၊ ကျင့်ခြင်း၊ စကားကို ကောင်းမွန်စွာ ပြောဆိုခြင်း၊ ဤလေးပါးမှာ ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

*

သပြေကန်ဆရာတော်ဘုရားကြီးက အကြားအမြင်များခြင်းဆိုတဲ့ ဗာဟုသစ္စဥ္စကို ဝိဇ္ဇာပညာလို့ အဆုံးအဖြတ် ပေးတော်မူပါတယ်။ ယနေ့တက္ကသိုလ်များမှာ သင်ကြားနေတဲ့ ဝိဇ္ဇာပညာရပ်တွေဟာ ရှေးခေတ်ကထက် ပိုမိုလေးနက်ပြီး ပိုမိုများပြားလာကြောင်းကိုလည်း ညွှန်းပြ



www.burmeseclassic.com

www.burmeseclassic.com



သတိပေးတော်မူထားပါတယ်။ စာပေပညာကို ဆည်းပူးခြင်းအားဖြင့် အကြားအမြင် ဗဟုသုတကို ဆည်းပူးရမယ်လို့ ဆုံးမတော်မူခဲ့ပါသေးတယ်။

ဒီနေရာမှာ ငါကိုယ်တိုင် ကြိုးကြိုးပမ်းပမ်း ခြစ်ခြစ်ကုတ်ကုတ်၊ ကြံစည် စဉ်းစားထားသမျှလေးတွေကို တင်ပြလိုက်ချင်ပါတယ်။ မင်းတို့ လူငယ်တွေ ဘဝင်ကျကျ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ပဓာန မထားပါဘူး။ ခြေခြေမြစ်မြစ် စဉ်းစားချင်တဲ့ အာရုံလေး နိုးလာရင် တော်ပြီလို့ အောက်မေ့ပါတယ်။

ဒီအကြောင်းတွေကို (ဗာဟုသစ္စ ဆိုတာကို) စဉ်းစားနေရင်း ဆက်စပ်တွေးတောမိတာတွေက –

ပညာဆိုတာ ဘာလဲ။

တရားဆိုတာ ဘာလဲ။

ဘာသာစကားဆိုတာ ဘာလဲ။

စာပေဆိုတာ ဘာလဲ။

အဲဒီမေးခွန်းတွေပဲ ဖြစ်ပါတယ်။

ပညာဆိုတာ အကြောင်းတရား၊ အကျိုးတရားဆက်စပ်သိမှုလို့ အကြမ်းအားဖြင့် ဆိုနိုင်ပါတယ်။ ဒီအကြောင်းကို နောက်ပိုင်းမှ ရှင်းပါဦးမယ်။

## တရားဆိုတာ ဘာလဲ

တရားဆိုတာ ဘာလဲ။ မြန်မာတို့ဟာ ဒီဝေါဟာရကို အခြေခံအားဖြင့် ဘယ်အဓိပ္ပာယ်နဲ့ သုံးခဲ့သလဲ။ မြန်မာအဘိဓာန်မှာ ဖွင့်ထားတာကတော့–

(၁) မှန်ကန်မျှတခြင်း၊

(၂) အကျိုးသင့်အကြောင်းသင့် ပြောဆိုသော စကား၊

(၃) မြတ်စွာဘုရား၏ အဆုံးအမလို့ တွေ့ရပါတယ်။

ဒါတွေဟာ နေ့စဉ်သုံး စကားလုံးအနေနဲ့ အဓိပ္ပာယ် ဖွင့်ဆိုသွားတာတွေပါပဲ။ အဘိဓာန်ရဲ့ တာဝန်ကလည်း ဒါပဲ မဟုတ်လား။ ဒါပေမဲ့



BURMESE CLASSIC .com



ငါ့စိတ်ထဲမှာ ဆက်ပြီး စဉ်းစားမိတာတွေက အမှန်တရား၊ အကြောင်းတရား၊ အကျိုးတရားဆိုတဲ့ စကားသုံး တွေးလုံးတွေပါပဲ။

အဲဒီလို အသုံးတွေကို ပူးတွဲပြီး ခြေခြေမြစ်မြစ် စဉ်းစားကြည့်လိုက်တော့ တရားဆိုတာ 'ဖြစ်ရပ်၊ အခြင်းအရာ' တွေကို ညွှန်းတဲ့ ဝေါဟာရအဖြစ် ကောက်ယူမိပါတယ်။ အတိုချုပ်အားဖြင့် 'တရား' ဆိုတာ အခြေခံအားဖြင့် 'ဖြစ်ရပ်' ကို ခေါ်တယ်လို့ ယူဆမိပါတယ်။

ဒီစကြဝဠာ ဩကာသလောကကြီးမှာ 'ဖြစ်ရပ်' တွေက တရစပ် ပေါ်နေတာပဲ၊ သူတို့ဘာသာသူတို့ ဖြစ်နေကြတာပဲ။ ဖြစ်ရပ်တစ်ခုနဲ့ တစ်ခုတော့ ဆက်စပ်နေမှာပဲပေါ့။ ရေးနေရင်း 'အိပ်(ချ်)ဂျီဝဲလ်' ရေးတဲ့ 'အကန်းတိုင်းပြည်' (The Country of the Blind) ဆိုတဲ့ ဝတ္ထုလေးကို ပြန်ပြီး သတိရမိတယ်။ သူတို့ အကန်းတိုင်းပြည်ဆီမှာ အလင်းအမှောင် နေ့ညဆိုတဲ့ ဝေါဟာရ‌ေ‌တွ၊ နီ–ပြာ–ဝါ စတဲ့ ဝေါဟာရတွေ မရှိဘူး။ သိလည်း မသိကြဘူး။ ပြောချင်တာက မျက်စိဆိုတာ မရှိရင် 'အဆင်း' ဆိုတာ မရှိနိုင်တော့ဘူးပေါ့။

ပြောလက်စ စကားကို ပြန်ကောက်ရရင် –

လောကကြီးမှာ ဖြစ်ရပ်(တရား)တွေ တရစပ် ပေါ်နေတာပဲ။ ဖြစ်ရပ်အချင်းချင်း ဆက်စပ်မှု ရှိသလား။ မရှိဘူးလား။ လေတိုက်တယ်၊ ဖြစ်ရပ်တစ်ခု။ သစ်ကိုင်းလှုပ်တယ်။ အဲဒါက နောက်ဖြစ်ရပ်တစ်ခု။ သူတို့ဘာသာဖြစ်နေကြတဲ့ ဖြစ်ရပ်တွေပဲ။ ဒီလိုပဲ ဖြစ်ရပ်တွေ တရစပ် ပေါ်နေမှာပေါ့။

'လေတိုက်လို့ သစ်ကိုင်း လှုပ်တယ်' ဆိုတာက ဆက်စပ်စဉ်းစားသူရှိလာမှ ပေါ်ပေါက်နိုင်တဲ့ စကားမဟုတ်လား။ လေတိုက်ခြင်းသည် အကြောင်းတရား၊ သစ်ကိုင်းလှုပ်ခြင်းသည် အကျိုးတရား၊ ဒီတရား(ဖြစ်ရပ်)တွေက သူတို့ဘာသာ ဖြစ်နေတာပဲ။ သဘာဝကြီးအတိုင်း ဖြစ်နေတာပဲ။ သဘာဝတရား (သဘာဝဖြစ်ရပ်) တွေပဲ မဟုတ်လား။ အဲဒီဖြစ်ရပ်တွေကို စဉ်းစားသူမရှိရင် 'လေတိုက်လို့ သစ်ကိုင်းလှုပ်တယ်' ဆိုတဲ့ ဝါကျပေါ်မလာနိုင်ဘူး။ အကန်းတိုင်းပြည်မှာ အလင်းအမှောင်ဆိုတဲ့ ဝေါဟာရ



www.burmeseclassic.com

www.burmeseclassic.com



မရှိနိုင်သလိုပေါ့။

ဒါဖြင့်ရင် အကြောင်းတရား၊ အကျိုးတရား နှစ်ပါးဟာ ဆက်စပ်နေတဲ့ ဖြစ်ရပ်နှစ်ခုပေါ့လို့ ဆိုရင် မှန်တယ်လို့ ဖြေရမှာပဲ။ ဒါပေမဲ့ အခါခပ်သိမ်း ထင်သာမြင်သာ ဆက်စပ်နေတာ မဟုတ်ဘူး။ ထင်သာမြင်သာ ဆက်စပ်နေတဲ့ ကြောင်းကျိုးတရားကိုတော့ တိရစ္ဆာန်များသော်မှ သိနိုင်တယ်။ 'အညှီရှိ ယင်အုံ' ဆိုတာမျိုးပေါ့။ အညှီနံ့သည် 'အကျိုး'၊ 'အညှီ' (စားစရာ) သည် 'အကြောင်း'။ ဒီတော့ အကျိုးကို တွေ့လို့ အကြောင်းကို ရှာတတ်ခြင်းပေါ့။ သူတို့လည်း သတ္တဝါတို့ရဲ့ ဗီဇစွမ်းရည် အလျောက် အကျိုးကိုတွေ့ရင် အကြောင်းကို ထိုက်သင့်သလောက် ရှာတတ်တယ်ဆိုရမှာပေါ့။

ပြန်ပြီး စကားစကို ကောက်ရရင် လောကမှာ ဖြစ်ရပ်(တရား)တွေဟာ တရစပ် ဖြစ်နေတာပဲ။ ဒါပေမဲ့ ဒီဖြစ်ရပ်(တရား)တွေရဲ့ ဆက်စပ်မှုကို သိရတာက သိသူ သတ္တဝါပေါ်လာ ရှိလာမှသာလျှင် ဖြစ်နိုင်တယ်ဆိုတဲ့ အချက်ပဲ။

ကောင်းပြီ။ အဲဒီဖြစ်ရပ်တရားတွေကို ကျိုးကြောင်းဆက်စပ် တွေးတောကြတဲ့အခါမှာ အကြောင်းတရားကို ရှာရတာနဲ့ အကျိုးတရားကို ရှာရတာ ဘယ်ဟာက ပိုပြီး ခက်သလဲဆိုတာပါပဲ။ ဖြစ်ရပ်တွေကိုတော့ အခါမလင့် ရင်ဆိုင်နေကြရတာပဲ။ အဲဒီမှာ ဖြစ်ရပ်တရားတစ်ခုကို တွေ့လိုက်ရင် ဒီဖြစ်ရပ်ကြောင့် နောက်ထပ် ဘာဖြစ်ရပ်တွေ ပေါ်လာနိုင်သလဲ။ တစ်နည်းအားဖြင့် ဘယ်လို အကျိုးတရားတွေ ပေါ်လာနိုင်သလဲ ဆိုတာက မှန်းဆဖို့ အတော်လေး လွယ်ကူတယ်လို့ ဆိုရမယ်။

ဒါပေမဲ့ ဒီဖြစ်ရပ်ဟာ ဘာကြောင့် ဖြစ်ရသလဲဆိုတဲ့ အကြောင်းခံတရားကို ရှာရင်တော့ဖြင့် အခါခပ်သိမ်း မလွယ်လှပေဘူး။

မိုးရွာတယ်၊ မိုးချုန်းတယ် ဆိုတာဟာ ဖြစ်ရပ်တွေပဲ။ ဒါပေမဲ့ ဘာကြောင့် မိုးရွာသလဲ။ ဘာကြောင့် မိုးချုန်းသလဲဆိုတဲ့ အကြောင်းရင်းတရားတွေကို သိဖို့ လူသားတွေဟာ ဘယ်လောက် ကြိုးပမ်းစူးစမ်းခဲ့ရ





သလဲ။ မင်းတို့ ငါတို့အဖို့မှာ မိုးရွာခြင်းအကြောင်းတရားတွေ၊ မိုးချုန်းခြင်း အကြောင်းတရားတွေကို သိနေကြပေမဲ့ ကမ္ဘာဦးလူသား ငါတို့ ဘိုးဘေးများမှာ ကြောက်အား လန့်အားနဲ့ မိုးနတ်ရယ်၊ မိုးကြိုးနတ်ရယ်ကို ထိတ်လန့်တကြား ဝပ်တွားကိုးကွယ်ခဲ့ကြဖူးတယ်။

ဒီလိုပဲ ငှက်ဖျားရောဂါ၊ ပလိပ်ရောဂါ၊ ဝမ်းရောဂါတွေ ဖြစ်ရခြင်းရဲ့ အကြောင်းရင်းတရားတွေကို မသိကြတာကြောင့် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ ရက္ခစိုး ဆိုတာတွေကို ရှိခိုးကိုးကွယ်၊ ပူဇော်ပသ တင်ခဲ့ဖူးကြတယ်။

လိုရင်း ပြောချင်တာကတော့ 'ဖြစ်ရပ်' တစ်ခုကို တွေ့လိုက်ရင် အကြောင်းရင်း 'ဖြစ်ရပ်' ကို ဆက်စပ်ရှာဖွေရတာ အလွန်ခက်တယ်ဆိုတဲ့ သဘောပါပဲ။ ထင်သာမြင်သာ ကြောင်းကျိုးဆက်စပ်မှုမျိုးကိုတော့ လူတိုင်း မြင်နိုင်သိနိုင်တာပေါ့။ ဒါပေမဲ့ အခါခပ်သိမ်း၊ ထင်သာမြင်သာမှ မဟုတ်တာကလား။

## ပညာရှင်ဆိုတာ

ဆိုကြပါစို့ကွယ်။ ငါတို့ နာဖျားမကျန်းဖြစ်ပြီ၊ ကိုယ်ပူတယ်၊ ဖျားတယ်။ ချောင်းဆိုးတယ်၊ ကိုယ်ပူတာ၊ ဖျားတာ၊ ချောင်းဆိုးတာတွေက အကျိုးတရား (လက္ခဏာ)တွေကိုးကွဲ့။ ဘာကြောင့် ကိုယ်ပူသလဲ။ ဘာကြောင့် ဖျားသလဲ၊ ဘာကြောင့် ချောင်းဆိုးသလဲ။ ဒါတွေကျတော့ ငါတို့ မပြောနိုင်တော့ဘူး။ ထင်သာ မြင်သာ မဟုတ်တော့ဘူး။ ဒီတော့ ဘာလုပ်ရသလဲ။ ဆရာဝန်ဆီကို ပြေးပေါ့။ သူကမှ ဒီဖြစ်ရပ်(တရား)တွေရဲ့ ကြောင်းခံ ဖြစ်ရပ် (အကြောင်းခံတရား)ကို ရှာတတ် ဖွေတတ်ပေတာကိုး။ အဲဒီ အကြောင်းခံတရားကို တားဆီးနိုင်မှ ကိုယ်ပူတာ၊ ဖျားတာ၊ ချောင်းဆိုးတာကို တားဆီးနိုင်မှာပေါ့။ သူက 'ဆေးပညာရှင်'လေ။

ဒီတော့မှ ဆက်စပ်နားလည်လာရတာက 'ပညာ'ဆိုတာဟာ ဖြစ်ရပ်တွေကို ကြောင်းကျိုး ဆက်စပ် နားလည်ခြင်းပဲဆိုတဲ့ အဖြေထွက်



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ အကျိုးတရားတစ်ခုကို တွေ့လိုက်ရင် အကြောင်းတရားကို ရအောင် ရှာတတ်တာဟာ ပညာရှင်ရဲ့ လက္ခဏာပဲ မဟုတ်လား။

'ကြောင်းကျိုးမြင်သိ၊ ပညာရှိ' ဆိုတဲ့ စကားရှိတယ်။ ငါတို့က ရှေ့နောက် ကျိုးကြောင်းဆင်ခြင် ကျင့်သုံးတတ်တာလောက်ကိုသာ လှမ်းပြီး တွေးနေကြတာ။ တကယ်ဆိုတော့ အလွန်ကို လေးနက်တဲ့ စကားလေး ဖြစ်ပါတယ်။

တကယ်သေချာ စဉ်းစားလိုက်တော့ ငါတို့ရဲ့ မြတ်စွာဗုဒ္ဓဟာ အကြောင်းခံတရားကို ရှာခဲ့တာပဲ။ အို–နာ–သေခြင်း ဆိုတဲ့ ဖြစ်ရပ်တွေကို အခြေခံပြီး ဒါတွေဟာ ဘာကြောင့် ဖြစ်လာရသလဲ။ ဒီအကျိုးတရား တွေကို ဖြစ်စေတဲ့ အကြောင်းခံတရားတွေဟာ ဘာတွေလဲလို့ ဆင်ခြင် စူးစမ်းခဲ့တာ မဟုတ်လား။ ဘုရားရှင် ဥဒါန်းကျူးတော်မူခဲ့တဲ့ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' (အကြင်တရားတို့၌ အကြောင်းခံတို့ ရှိကြကုန်၏)လို့ ဆိုတာဟာ အကြောင်းခံတရားကို တွေ့ပြီလို့ ကြွေးကြော်လိုက်တာပဲ မဟုတ်လား။

## ပညာဆိုတာ

စကားချော်သွားမှာစိုးလို့ 'ပညာ' ဆိုတာကို ပြန်ပြီး ကောက်လိုက်ပါရစေဦး။ ပညာဆိုတာ ဖြစ်ရပ်တွေကို ကြောင်းကျိုးဆက်စပ်သိမြင်ခြင်းလို့ အထက်မှာ ဆိုခဲ့တယ်။ အကျိုးတရားကို တွေ့ရင် အကြောင်းတရားကို ရှာရတယ်။ အကြောင်းတရားကို တွေ့ရင် အကျိုးတရားကို မှန်းဆလှမ်းမျှော်ပြီး ကြည့်ကြရတယ်။

မင်းတို့ကိုယ်တိုင် ထင်သာမြင်သာ ဖြစ်နေတာတွေကို တင်ပြ လိုက်ရပါဦးမယ်။

အေအိုင်ဒီအက်စ်၊ အိတ်ချ်အိုင်ဗွီ ဆိုတဲ့ အကျိုးတရား ရောဂါ တွေအကြောင်းကို ကြားနေရပြီ။ ဒီတော့ ပညာရှင်တွေက ဒါတွေကို တားဆီးရှောင်ကွင်းနိုင်ဖို့ နည်းလမ်းကို ရှာကြတယ်။ အကြောင်းခံတရား





တွေကို ရှာနေကြရတယ်။ အကြောင်းခံတရားကို ပယ်နိုင်ဖို့ ကြိုးစားနေ ကြတယ်။ ငှက်ဖျားတို့၊ ပလိပ်ရောဂါတို့ကို ကာကွယ်နိုင်သလိုမျိုးပေါ့။

ဒီလိုပဲ ကြက်ငှက်တုပ်ကွေးရောဂါဆိုတဲ့ အကျိုးတရားကို ကြုံနေကြ ရပြီ။ အဲဒီရောဂါရဲ့ အကြောင်းခံတရားကို ရှာနေကြရပြီ။

အဲဒီလိုပဲ ဒီနေ့ ကမ္ဘာကြီး ပူနွေးလာပြီ။ ဝင်ရိုးစွန်းက ရေခဲပြင်တွေ အရည်ပျော်တာ လျင်မြန်လာပြီ။ အဲဒီဖြစ်ရပ်တရားကြောင့် ဘာတွေ ဘယ်လို အကျိုးတရားတွေ ဖြစ်ပေါ်လာနိုင်သလဲ ခန့်မှန်းကြပြီ။ ကမ္ဘာ့ ပင်လယ်ရေမျက်နှာပြင်ကြီး မြင့်တက်လာလိမ့်မယ်။ ပင်လယ်ရေက မြေပြင်ကို ဖုံးလွှမ်းဝါးမျိုတာကြောင့် သန်းပေါင်းများစွာသော လူတွေ အိုးမဲ့ အိမ်မဲ့ ဖြစ်လာနိုင်တယ်လို့ ဟောကိန်းထုတ်နေကြပြီ။

ဒါတွေဟာ ဖြစ်ရပ်ကို အကြောင်းခံပြီး ဖြစ်လာနိုင်တဲ့ အကျိုးတရား ကို ခန့်မှန်းကြည့်တာ မဟုတ်လား။

အဓိပ္ပာယ်က ပညာဆိုတာ အဲဒါပါပဲ။

## ပညာဆည်းပူးသင်ယူခြင်း

ပညာအကြောင်းကို ရှင်းခဲ့ပြီးပြီ။ ပညာဆည်းပူးခြင်း သင်ယူခြင်း အကြောင်းကို ဆက်ပြီး စဉ်းစားမိပြန်တယ်။

'ဆည်းပူး' ဆိုတာကို ဒီနေရာမှာ အဓိပ္ပာယ်ဖွင့်ရရင် 'စုဆောင်း မှတ်သား'တာပါပဲ။ 'မိုးရွာရင် မြက်ပေါက်တတ်တယ်' ဆိုတာမျိုး မှတ်သား ထားပေါ့။ အဲဒီလို အတွေ့အကြုံတွေရဲ့ ကြောင်းကျိုးဆက်စပ် ဖြစ်ရပ် တစ်ခုနဲ့ တစ်ခု အထောက်အကူ ပြုမှုလေးတွေကို မှတ်သား စုဆောင်း ထားတာဟာ ဆည်းပူးခြင်းလို့ ဆိုနိုင်တယ်။ ဒါတွေကို အဆင့်နိမ့်တဲ့ ခွေး၊ ကြောင် စတဲ့ တိရစ္ဆာန်ကလေးများမှာတောင် တတ်စွမ်းနိုင်ကြောင်း တွေ့ရနိုင်တယ်။

သင်ယူမှုဆိုတာကို ဆက်ပြီး စဉ်းစားကြည့်မိပြန်တယ်။

'သင်'တယ်ဆိုတာမှာလည်း 'သင်ပေးတယ်'လို့ ကွဲပြားလာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာကို တွေ့ရတယ်။

သင်ပေးမှု သင်ယူမှု ဆိုတာဟာ တိရစ္ဆာန်လောကမှာလည်း တွေ့နိုင်ကြတာပါပဲ။ ငှက်တွေမှာလည်း မိဘက သားသမီးကို အပျံသင်ပေးတယ်။ ကြောင်မကြီးက ကြောင်သားလေးကို ကြွက်ချောင်းနည်း သင်ပေးတယ်။ သူတို့မှာတော့ဖြင့် လေ့ကျင့်ပေးတယ်လို့ ဆိုရမယ် ထင်ပါတယ်။ ဒါပေမဲ့ သင်ပေး သင်ယူတာပါပဲ။ သူတို့အဖို့မှာတော့ ဗီဇစိတ်က မျိုးနွယ်ထိန်းသိမ်းဖို့အတွက် လှုံ့ဆော်လုပ်ဆောင်သွားကြတာပဲလို့ ထင်မိပါတယ်။

သူတို့မှာတော့ဖြင့် ပညာကို ဆည်းပူးတယ်၊ သင်ယူတယ်ဆိုတာထက် အလေ့အကျင့် ထူထောင်ပေးတဲ့ဘက်ကို ပိုပြီး ယိမ်းတယ်လို့ ထင်မိတယ်။ ပြောချင်တာက ကျိုးကြောင်းဆက်သွယ်မှုကို ပဓာနမထားဘဲ အလေ့အကျင့်ကို ပဓာနထားတယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ ဆပ်ကပ်ထဲက တိရစ္ဆာန်တွေရဲ့ လိမ္မာနားလည်မှုဟာ ပညာနှင့်ယှဉ်သော သိခြင်းမျိုး မဟုတ်ဘဲ လေ့ကျင့်ခြင်းကို အခြေခံတယ်လို့ ဆိုရမယ် ထင်ပါတယ်။

ကောင်းပြီ၊ ဒီလူတွေရဲ့ သင်ယူမှု၊ သင်ကြားမှုအကြောင်းကို ဆက်ပြီး စဉ်းစားကြရအောင်။

လူတွေရဲ့ သင်ကြားမှု သင်ယူမှုကို စဉ်းစားကြည့်လိုက်တော့ (ငါ့သဘောအရ ပြောရရင်) အတွေ့အကြုံ အတွေးအမြင် လက်ဆင့်ကမ်းပေးခြင်းလို့ပဲ သဘောပေါက်နေမိပါတယ်။

လူကြီးမိဘတွေက မိမိတို့ တွေ့ကြုံဖူးသမျှ၊ မိမိတို့ ကြားဖူးနားဝမှတ်သားမိသမျှကို လူငယ်တွေကို လက်ဆင့်ကမ်းပေးတာပါပဲ။

အဲဒီလို လက်ဆင့်ကမ်းပေးတာကို သင်ပေးတယ်ပေါ့။ လက်ဆင့်ကမ်းယူတာကို သင်ယူတယ်ပေါ့။

ဆက်ပြီး စဉ်းစားကြပေဦးတော့ကွယ်။

(၁၆)

ဗာဟုသစ္စ၊ သိပ္ပ၊ (အကြားအမြင်များခြင်း၊ လက်မှုပညာတတ်မြောက်ခြင်း)မှာ အကြားအမြင်များခြင်း၊ ပညာဆည်းပူးမှု၊ သင်ပေးမှု၊ သင်ယူမှုတွေအကြောင်းကို ရေးခဲ့တာ အတော်လေးကို ရှည်လျားသွားခဲ့ပါတယ်။ ခုလည်း ဆက်ပြီး ရေးရဦးမှာပါပဲ။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး တခြားနေရာတွေမှာလည်း ရေးခဲ့ဖူးပါတယ်။ တခြားနေရာတွေမှာ ရေးခဲ့ဖူးပြီရယ်လို့ ချန်ထားဖို့မသင့်ဘူး။ စကားစပ်မိလာပြီဆိုရင်၊ လိုအပ်တယ်လို့ထင်ရင် ထပ်ပြီးပြောရတာပဲ။ ဘုရားရှင်သော်မှ တချို့ အကြောင်းအရာတွေကို လိုအပ်တယ်လို့ ထင်ရင် ထပ်ပြီး ဟောတော်မူတာ ပိဋကတ် မြန်မာပြန်တွေမှာ မကြာခဏ တွေ့ရတတ်ပါတယ်။

ဘာသာစကားဆိုတဲ့ ကိရိယာ

ပညာသင်ပေးတယ်၊ ပညာသင်ယူတယ်ဆိုတာဟာ အတွေ့အကြုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွေးအကြံကို လက်ဆင့်ကမ်းပေးခြင်း ဖြစ်တယ်ဆိုတာကို အရင်က ရေးခဲ့ပါတယ်။ လူတွေမှာ ဘယ်နည်းနဲ့ လက်ဆင့်ကမ်းသလဲ။

ဘာသာစကားနဲ့ လက်ဆင့်ကမ်းတာပဲပေါ့။

'ဘာသာစကား' ဆိုတာကို သေချာစဉ်းစားကြည့်ရင် အလွန်ကို အံ့သြဖို့ ကောင်းတယ်။ တကယ်ဆိုတော့ အသံသက်သက်ပဲ။ ပစ္စည်းမဟုတ်ဘူး။ ပစ္စည်းကို သင်္ကေတပြုထားတဲ့အသံပဲ။ ဆိုကြပါစို့ 'သံပရာသီး' လို့ ပြောလိုက်ရင် အနားမှာ သံပရာသီးမရှိဘူး။ ဒါပေမဲ့ ဒီအသံကြောင့် သံပရာသီးကို စိတ်ထဲမှာ မြင်လိုက်သိလိုက်တယ်။ ဒီထက်ဆက်ပြီး သံပရာသီးကို အကွင်းလိုက် ပါးပါးလှီး၊ ဆားနဲ့ နယ်ထားတဲ့အကြောင်း ပြောလိုက်ရင် နားထောင်နေရင်း သွားရည်တောင် ကျလာလေမလား မသိဘူး။

ဒါကြောင့် ဘာသာစကားဆိုတာ ပစ္စည်းတွေ၊ အကြောင်းခြင်းရာတွေကို ကိုယ်စားပြုတဲ့ အသံသင်္ကေတတွေပဲ။ ဒီအသံသင်္ကေတတွေဟာ သံပရာသီးတို့၊ ဆားတို့ကိုသာလျှင် ဖော်ပြနိုင်တာ မဟုတ်ဘူး။ စိတ်ကူးနဲ့သာလျှင် သိနိုင်တဲ့ အေးတယ်၊ ပူတယ်၊ ချစ်တယ်၊ မုန်းတယ်ဆိုတာတွေကိုလည်း အသံသင်္ကေတနဲ့ ဖော်ပြဆက်သွယ်နိုင်တယ်။ သေချာစဉ်းစားကြည့်လေ အံ့သြစရာကောင်းလေပါပဲ။

အဲဒီ ဘာသာစကား ပေါ်လာခဲ့လို့ တစ်နည်းအားဖြင့် လူတွေဟာ ဘာသာစကားကို တွေ့ခဲ့ကြလို့ ပညာကို လက်ဆင့်ကမ်းနိုင်ခဲ့ကြတယ်။

တိရစ္ဆာန်တွေမှာကော။

တိရစ္ဆာန်တွေမှာ အသံပြုရုံလောက်ပဲ တတ်နိုင်တယ်။ အော်တယ်၊ မြည်တယ်၊ တွန်တယ်၊ ဟိန်းတယ်၊ ဟောင်တယ်ပေါ့။ ဒီလောက်ပဲ အသံပြုနိုင်ကြတယ်။ သူတို့မှာ 'စကားသံဖြစ်အင်္ဂါ' မပါကြဘူး။ ဒါကြောင့် သူတို့ရဲ့ အသံတွေဟာ အသံသင်္ကေတ အနည်းငယ်သာလျှင် ပြုနိုင်ကြတယ်။ ဘာသာစကားအဆင့်ကို ရောက်မလာကြတော့ဘူး။ ဒါကြောင့် တစ်ကောင်နဲ့ တစ်ကောင် အတွေ့အကြုံကို လက်ဆင့်ကမ်း မပေးနိုင်ကြဘူး။ အတွေး





အကြံဆိုတာတော့ဖြင့် ဝေလာဝေးပြီပေါ့။

ဘာသာစကားသာ ပေါ်မလာခဲ့ရင် လူဟာလည်း တိရစ္ဆာန်ဘဝမှာပဲ ကျန်နေရစ်ခဲ့မှာပေါ့။ လူရယ်လို့ ဖြစ်လာစရာ အကြောင်းမရှိဘူး။

ဘာသာစကားကလည်း ရပ်နေတာမဟုတ်ဘူး။ နေ့စဉ်နဲ့အမျှ တိုးတက်ဖြစ်ပေါ်နေတာ။ မင်းတုန်းမင်းကြီးလက်ထက်က ရုပ်ရှင်တို့ ရုပ်မြင်သံကြားတို့ဆိုတဲ့ ဝေါဟာရတွေ ဘယ်မှာရှိပါ့မလဲ။ ပစ္စည်းမှ မရှိသေးတာပဲကိုး။

ဒီနေ့ဆိုရင် ကွန်ပျူတာခေတ် ရောက်နေပြီ။ မင်းတို့တစ်တွေ ကွန်ပျူတာကို တီးမိ ခေါက်မိအောင် လေ့လာရပြီ။ ဒီတော့ ကွန်ပျူတာ ဆိုင်ရာ ဝေါဟာရတွေဖြစ်တဲ့ 'ဝင်းဒိုး' 'ဟာ့ဒ်ဝဲ' ဆိုတဲ့ စကားတွေကို မှတ်သားနေကြရပြီ။ အဲဒီစကားကို နားမလည်ရင် ကွန်ပျူတာပညာကို လက်ဆင့်ကမ်းသင်ယူလို့ မရနိုင်တော့ဘူး။

ဒီလို စဉ်းစားလိုက်တော့ ဘာသာစကားဆိုတဲ့ ကိရိယာကြီးဟာ ဘယ်လောက်အရေးပါတယ်ဆိုတာ ပေါ်မလာပေဘူးလား။

## အရေးဘာသာစကား

'စာအရေးအသား' ပေါ့။ စာအရေးအသား ပေါ်လာတာဟာလည်း လူ့အဆင့်ကို နောက်ထပ် တစ်ဆင့်မြင့်သွားစေခဲ့တာပဲ။ လူ့သမိုင်း တစ်လျှောက် ပညာကို လက်ဆင့်ကမ်းကြတာမှာ ခရီးအရောက်ဆုံး ကိရိယာကြီးပါပဲ။ ဒီကိရိယာကြီး မတွင်ကျယ်မီက ပညာကို နှုတ်လွတ်အာဂုံ ကျက်မှတ်ပြီး လက်ဆင့်ကမ်း သင်ယူခဲ့ကြရတာ မဟုတ်လား။ မြတ်စွာဘုရားရဲ့ တရားတော်တွေကိုတောင် နှုတ်လွတ်အာဂုံရွတ်ပြီး သင်္ဂါယနာတင်ခဲ့ကြရတာ။ စာတတ်ဟုအကြိမ်ရောက်တော့မှ ပေထက်အက္ခရာ အရေးအသား တင်ခဲ့ကြရတယ်။ နောက်တော့ ကျောက်ထက်အက္ခရာ တင်ခဲ့ကြတယ်။ ပုံနှိပ်စက်တွေပါ ပေါ်လာပြန်တော့ မှတ်တမ်းတင်ဖို့လည်း လွယ်ကူလာတယ်။ ဆည်းပူးသင်ယူဖို့လည်း လွယ်ကူလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးက 'စာမတတ်သူဟာ အကန်း' နဲ့တူတယ်လို့ဆိုပြီး စာဖတ်ဖို့ အလေးအနက် တိုက်တွန်းတော်မူခဲ့တယ်။

တကယ်ဆိုတော့ စာဖတ်ခြင်းဟာလည်း အတွေ့အကြုံ လက်ဆင့်ကမ်း ဆည်းပူးနေခြင်းပဲ မဟုတ်လား။ စာတတ်ပြီး စာမဖတ်ရင်လည်း အကန်းနဲ့ ဘာမှမထူးတော့ပါဘူး။ စာတတ်ပါလျက်နဲ့ စာမဖတ်တဲ့သူဟာ လေကားရှိ နေပါလျက် အမြင့်ကို မတက်တဲ့သူနဲ့ အတူတူပါပဲ။ မျက်စိမြင်ပါလျက် မကြည့်တဲ့သူပဲပေါ့။

ကောင်းပြီ။ မျက်စိလည်း ပါတယ်။ ကြည့်လည်း ကြည့်တယ်။ တစ်ယောက်နဲ့ တစ်ယောက် ကြည့်ပုံချင်းတူနိုင်သလား။

မင်းတို့ ကလေးဘဝမှာ ဂျုံစေးနဲ့ရောင်စုံနဲ့ မျောက်ရုပ်၊ ငှက်ရုပ် စတာကလေးတွေကို လုပ်ပြီး ရောင်းတာကို တွေ့ဖူးကြလိမ့်မယ်။ တအံ့တသြ စိတ်ဝင်စားစွာ ကြည့်ခဲ့ကြတာပဲ။ နှစ်သက်ကြတာပဲ။ တချို့ကလေးတွေကျတော့ အိမ်ပြန်ရောက်တာနဲ့ ရွှံ့ကလေးတွေယူပြီး အရုပ်လုပ်ကြည့်တော့တာပဲ။ ဂျုံစေးနဲ့ဆရာကြီး လုပ်တဲ့အတိုင်း လုပ်တာပဲပေါ့။ နောက်တစ်ဆင့် သူလုပ်ချင်တဲ့၊ သူ့စိတ်ကူးပေါ်တဲ့ အရုပ်အသစ်အဆန်းကို လုပ်ကြည့်ပြန်တာပေါ့။

အဲဒီကလေးဟာ သူများလိုပဲ ကြည့်တယ်။ သူများလိုပဲ မြင်တယ်။ မျက်စိက မြင်တာချင်းတူပေမဲ့ စိတ်က မြင်တာချင်း မတူဘူး။

အဲဒီလိုပဲ စာတတ်လို့ စာဖတ်တာချင်း တူပေမဲ့ 'ရတာချင်း' ကွာသွားတယ်။ ကျောင်းပြဋ္ဌာန်းစာကို ကျောင်းသားတွေ အတူတူဖတ်ကြတာပဲ။ ဒါပေမဲ့ ရသွားတာချင်း တူချင်မှတူမှာပေါ့။

အဲဒီ နောက်တစ်ဆင့်ကျတော့ ပြင်ပစာတွေကို ဖတ်တဲ့အခါမှာ ဘယ်လိုစာမျိုးကို ရွေးဖတ်သလဲဆိုတာချင်းထိအောင် ကွာသွားတာပေါ့။ စာရွေးတာချင်း ကွာတာနဲ့အမျှ လူချင်းလည်း ကွာသွားတတ်တာပါပဲ။

ဒီအချက်ကို လူငယ်တွေ နားနားကြီး သတိပြုစေချင်တယ်။





ဘာကြောင့်လဲဆိုတာ ရှင်းပြပါရစေ။

ငါအခု ဒီဆောင်းပါးရေးနေတဲ့အချိန်မှာ မြန်မာစာနယ်ဇင်းလောက အခြေအနေကို အကြမ်းအားဖြင့် လေ့လာကြည့်ရအောင်။

တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ် ထုတ်ဝေတဲ့ စာစောင်တွေဟာ ရာချီပြီး ရှိမလားတောင် မသိဘူး။ လမ်းဘေး စာအုပ်ဆိုင်လေးတွေမှာဆိုရင် စာစောင်တွေဟာ မှုစာကြနေတာပဲ။ အဲဒီ စာစောင်တွေမှာ ဘာတွေပါသလဲ။ အဲဒါတွေကို ကြည့်လိုက်ရင် ဘောလုံးပွဲ သတင်း၊ ဘုရားပေါ်က ထူးထူးဆန်းဆန်း မြွေကြီးတွေဓာတ်ပုံ၊ ဗွီဒီယို ရုပ်ရှင်ကြော်ငြာ၊ သတင်းဓာတ်ပုံ၊ မော်ဒယ်တွေအကြောင်း၊ ဗေဒင် ဟောစာတမ်း၊ ဘာသာရေးလိုလို ဂါထာမန္တန်၊ ပြစ်မှုသတင်း၊ ကားတိုက် မှုသတင်း ဒါမျိုးတွေပဲဖြစ်နေတာကို တွေ့ရတယ်။ အပေါ်စား ဗဟုသုတ တွေတော့ ရပါရဲ့၊ အတွေးအမြင် ဗဟုသုတတော့ဖြင့် မည်မည်ရရ မပါဘူးလို့ ဆိုရမယ် ထင်တာပဲ။ ဒါပေမဲ့ လူငယ်အများစုက ဒါတွေနဲ့ပဲ အချိန်ကုန်နေကြတာပဲ။

အငှားဆိုင်တွေကို ကြည့်ကြဦးစို့။

အငှားဆိုင်ဆိုတာ လူများကြိုက်တဲ့ စာအုပ်မျိုးကိုသာ တင်ကြတာ မဟုတ်လား။ အဲဒီစာအုပ်တွေကို ကြည့်လိုက်ရင် အများဆုံးက အပေါ်စား အချစ်ဝတ္ထုတွေ၊ ဟာသဝတ္ထုတွေ၊ ခုဆိုရင် သရဲတစ္ဆေဝတ္ထုတွေတောင် လက်မလည်အောင် ငှားနေရပြီ။

ဒီလိုလူငယ်တွေထဲက ထိုးဖောက်ထွက်လာပြီး အဆင့်မြင့်သုတ၊ အဆင့်မြင့်အတွေးအမြင်စာအုပ်တွေကို ဖတ်တဲ့လူငယ် ရာနိုင်နှုန်း ဘယ်လောက်များ ထွက်လာမလဲ။ ရာနိုင်နှုန်းများများ မဖြစ်နိုင်ဘူး။ လူငယ် တော်တော်များများဟာ အဆင့်မြင့်စာပေ ဖတ်ရမှာ ကြောက်ကြတယ်။ ခွန်အားနည်းသော၊ သတ္တိနည်းသော ဦးနှောက်တွေသာလျှင် များနေတယ်။ ဒီလိုအချိန်အခါမျိုးမှာ ထိုးဖောက်ပြီး ထွက်ရကောင်းမှန်း သိတဲ့စာကို စနစ်တကျ ရွေးဖတ်တဲ့သူတွေဟာ နောက်ဆယ့်လေးငါးနှစ်ဆိုရင် နယ်ပယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုမှာ ခေါင်းဆောင်ဖြစ်လာကြမှာ သေချာပါတယ်။

အဲဒီလို အဆင့်မြင့်စာပေကို ရွေးဖတ်ခြင်းဟာ မင်္ဂလာတစ်ပါးပါပဲ။

## သိပ္ပ - လက်မှုပညာတတ်မြောက်ခြင်း

လိုရင်းအချုပ်ကတော့ အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခုကို တတ်မြောက်ထားရတယ်လို့ ဆိုလိုခြင်းပါပဲ။ သိပ္ပံပညာပဲ ဆိုပါစို့။

ရှေးခေတ်ကတော့ဖြင့် ပန်းရန်၊ ပန်းပဲ၊ ပန်းထိမ်၊ ပန်းချီ၊ လက်သမားစတဲ့ ပညာရပ်တွေကို ဆိုလိုတာပေါ့။ လူ့ဘောင်အသိုင်းအဝိုင်းကလည်း ကျဉ်းမြောင်းသေးတယ်။ လူဦးရေကလည်း နည်းသေးတယ်ဆိုတော့ အဲဒီလို အတတ်ပညာမျိုးတစ်ခုလောက် တတ်ရင်ပဲ အသက်မွေးလောက်တဲ့ အဖြစ်ကို ရောက်တာပေါ့။ 'အသက်မွေးမှု၊ တစ်ခုပညာ၊ ကိုယ်စီပါ' ဆိုတာဟာ အဲဒီလက်မှုပညာကို ဆိုလိုခြင်းပါပဲ။

ဒီခေတ်မှာတော့ဖြင့် လက်မှုပညာသာမက စက်မှုပညာပါ ရောထွေးလာပြီပေါ့။ စက်မှုပညာကို ထားလိုက်ဦး၊ လက်မှုပညာမှာတောင် ဆံပင်ညှပ်တာကအစ အသက်မွေးဝမ်းကျောင်းဖြစ်နိုင်ပြီ။ အဲဒီရှေ့ဆက်လိုက်တော့ အလှပြင်တာ၊ ခေါင်းလျှော်တာ၊ ဆံပင်ကောက်တာ၊ ဖြောင့်တာ၊ ဆံပင်ဆိုးတာ အဲဒီဆံပင်ကိစ္စလေးမှာပဲ လုပ်ငန်းတွေ အများကြီး ဖြစ်လာနေတာ တွေ့ရလိမ့်မယ်။

ဟိုးရှေးခေတ်က 'အပ်လျှိုသည်' လို့ ခေါ်ခဲ့ကြတဲ့ အပ်ချုပ် အတတ်ပညာမှာလည်း အပ်ချုပ်ရုံသာမဟုတ်။ ဒီဖိုင်းအမျိုးမျိုး၊ ဝတ်စုံအမျိုးမျိုးတွေ့နေရတာပဲ။ အပ်မချုပ်တော့ဘဲ ဒီဖိုင်းပုံစံ ထုတ်ပေးတာတောင် အသက်မွေးဝမ်းကျောင်းပညာရပ်ကြီး ဖြစ်လာပြီ။

အိမ်ဆောက်လက်သမားပညာကတစ်ဆင့် ဗိသုကာပညာရပ်ထိအောင် တက်လာလိုက်တာ မြင်တဲ့အတိုင်း မိုးမျှော်တိုက်ကြီးတွေ ဆောက်တာ၊ ကြိုးတံတားကြီးတွေခင်းတာ၊ ဒီဖိုင်းပုံစံထုတ်တာ၊ ယုတ်စွအဆုံး အိမ်တွင်း အလှဆင်တာတောင် အသက်မွေးဝမ်းကျောင်းပညာရပ်ကြီးတွေ





ဖြစ်လာနေပြီ။

စက်မှုလက်မှုဘက်မှာတော့ဖြင့် မော်တော်ကား လေထိုးကျွတ်ဖာတာတောင် အသက်မွေးလို့ ရနေပြီ။

ကွန်ပျူတာဆိုတာတွေဘက် လှည့်ဦးမလား။ ဟာ့ဒ်ဝဲ၊ ဆော့ဖ်ဝဲ၊ ပရိုဂရမ် စတာတွေဟာ မင်းတို့က ငါတို့ထက်တောင် ပိုလို့နားလည်နေကြဦးမယ် ထင်ပါတယ်။

ကြာတော့ သိပ္ပံပညာ–လက်မှုပညာဆိုတာတွေဟာ ဝိဇ္ဇာပညာ၊ အတွေးအခေါ်ပညာတွေနဲ့ ခွဲလို့ မရအောင် ရောထွေးယှက်တင် ဖြစ်လာတာပါပဲ။ တခြားမကြည့်နဲ့။ ပန်းချီပညာဆိုတာကိုသာ ကြည့်ပေတော့။ ပန်းချီဟာ အရုပ်ရေးတာ မဟုတ်ဘူး။ ပန်းချီဆိုတာ အတွေးအခေါ် ခံစားမှုတွေကို ဆေးရောင်တွေ၊ မျဉ်းကြောင်းတွေ၊ စုတ်ချက်တွေနဲ့ သရုပ်ဖော်တင်စားတာ ဖြစ်လာနေပြီ။

နယ်ပယ်ဟူသမျှ တရိပ်ရိပ်နဲ့ ပြောင်းလဲတိုးတက်ပြီး ကျယ်ပြန့်လာလိုက်တာ မှတ်သားဆည်းပူးလို့ မကုန်နိုင်လောက်အောင်ပါပဲ။

အချုပ်ကို ဆိုလိုက်ရရင်တော့ လူငယ်တစ်ယောက်ဟာ ဝိဇ္ဇာပညာမှာဖြစ်စေ၊ သိပ္ပံပညာမှာဖြစ်စေ အသက်မွေးဝမ်းကျောင်းဖို့ တစ်ခုခုတော့ တတ်ထားရလိမ့်မယ်။ အဲဒီလို တတ်ထားခြင်းဟာ မင်္ဂလာတရားနဲ့ ပြည့်စုံတာပါပဲ။

အတတ်ပညာမှာလည်း နယ်ပယ်တစ်ခုခုမှာ အစိတ်အပိုင်းတစ်ခုခုကို ကျကျနန တတ်မြောက်ဖို့ လိုအပ်လာပြီ။ ကွန်ပျူတာမှာဆိုရင်ပဲ အသုံးချတတ်တာလား၊ စက်ကိုကျွမ်းကျင်တာလား။ အသုံးချပညာရပ်မှာလည်း နယ်စိတ်ကလေးတွေ ရှိသေးတယ်။ စက်ပိုင်းမှာလည်း နယ်စိတ်ကလေးတွေ ရှိသေးတယ်။ ဆေးပညာမှာ နှလုံးအထူးကု၊ အသည်းအထူးကု၊ ဦးနှောက်နဲ့ အာရုံကြောအထူးကု ဆိုတာမျိုးတွေ ပိုင်းခြားလာသလို တခြားပညာရပ်တွေမှာလည်း နယ်ပယ်ကွဲပြား၊ အစိတ်အပိုင်းတွေ ပိုင်းခြားလေ့လာကြရပြီ။ ဘယ်အစိတ်အပိုင်းမဆို အသက်မွေး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျောင်း ဖြစ်နိုင်တာချည်းပါပဲ။

ဒီလို ပညာတွေ တတ်မြောက်ဖို့ဆိုတာကို ရှေးခေတ်ကတော့ ယေဘုယျအားဖြင့် ယောကျ်ားလေး လူငယ်တွေကို ရည်ညွှန်းပြောဆိုတာပါ။ ဒီနေ့ခေတ်မှာတော့ မိန်းကလေးလူငယ်တွေပါ ကျင့်သုံးနေကြရပြီ။ ပြောချင်တာက သက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို မတတ်ရင် မိန်းကလေးကအစ လောကအလယ်မှာ မျက်နှာငယ်စရာ ဖြစ်လာကြပြီ။ ဒါကြောင့် မိန်းကလေးတွေဟာလည်း ဟိုပြေးဒီလွှား ပညာရပ်သင်တန်းများဆီကို ယောကျ်ားလေးများနည်းတူ လှုပ်ရှားနေကြရပြီ။

ပြောချင်တာက သိပ္ပ–လက်မှုပညာတတ်မြောက်ခြင်းသည်လည်းကောင်း ဆိုရာမှာ အသက်မွေးဝမ်းကျောင်းပညာရပ်ကို တတ်မြောက်ထားခြင်းသည်လည်းကောင်း မင်္ဂလာတစ်ပါးဖြစ်တယ်လို့ပဲ ဆိုရတော့မှာပါ။

ဘာပဲဖြစ်ဖြစ် မင်းတို့လူငယ်တွေ ဒီမင်္ဂလာနဲ့လည်း ပြည့်စုံအောင် ကြိုးစားရလိမ့်မယ်လို့ ပြောချင်ပါတယ်။

●

(၁၇)

ဝိနယော စ သုသိက္ခိတော

ဗာဟုသစ္စဥ္စကို ရေးခဲ့ပါတယ်။ ဒီတစ်ခါမှာတော့ ဝိနယော စ သုသိက္ခိတောကို ရေးပါမယ်။ ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီးရဲ့ ဖွင့်ဆိုချက်အရ –

ဝိနယ – ဝိနည်း – ဆုံးမသင်ပြတတ်ခြင်း

သုသိက္ခိတ – ကောင်းစွာ သင်ယူခြင်း၊ ကျင့်တတ်ခြင်း

ဝိနည်းမှာ ရဟန်းဝိနည်း၊ လူ့ဝိနည်းရယ်လို့ နှစ်ပိုင်းခွဲခြားပြတော်မူပါတယ်။ လူငယ်တွေအတွက် ရေးနေတာမို့ ရဟန်းဝိနည်းအကြောင်းကိုတော့ ချန်ထားခဲ့တော့မယ်။ လူ့ဝိနည်းဆိုတာကို စဉ်းစားကြည့်လိုက်တော့ လူ့လောကသားတို့ လိုက်နာကျင့်သုံးရမယ့် စည်းကမ်းတွေပါပဲ။ အဲဒီစည်းကမ်းတွေကို လိုက်နာခြင်း၊ မလိုက်နာခြင်း (တစ်နည်းအားဖြင့်)



www.burmeseclassic.com

www.burmeseclassic.com



ကျင့်သုံးခြင်း၊ မကျင့်သုံးခြင်း ဆိုတာတွေဟာ 'ကိုယ်ကျင့်တရား' ရယ်လို့ ဖြစ်လာတာပါပဲ။

ဒီတော့မှ 'ကိုယ်ကျင့်တရား' ဆိုတဲ့ စကားကို ဆက်ပြီး စဉ်းစားမိပြန်ပါတယ်။

'ကိုယ်ကျင့်တရား' ဆိုတာ ကိုယ်က ကျင့်ရတဲ့တရားပဲ။ ဒါပေမဲ့ ကိုယ့်အတွက် ကျင့်တာလား။ သူတစ်ပါးအတွက် ကျင့်တာလား ဆိုတာကို ဆက်ပြီး စဉ်းစားမိပြန်ပါတယ်။ စဉ်းစားကြည့်လိုက်တော့ သူတစ်ပါးအတွက် ကိုယ်က ကျင့်ရတာပဲ ဆိုတာကို တွေ့လာရပြန်ပါတယ်။

စဉ်းစားကြည့်လေ။

မင်းတို့ ငါတို့ဟာ ကိုယ်တစ်ယောက်တည်း သီးခြား အထီးကျန်နေမယ် ဆိုပါစို့။ ဆိုကြပါစို့ကွယ် . . . လောကကြီးတစ်ခုလုံးမှာ မင်းတစ်ယောက်ထဲပဲ ရှိနေတယ်ဆိုပါစို့။ ကိုယ်ကျင့်တရားရယ်လို့ လိုအပ်ပါဦးမလား။ စည်းကမ်းရယ်လို့ လိုအပ်ပါဦးမလား။ ကိုယ်ကြိုက်သလိုနေပေါ့။ အိပ်ချင်တဲ့အချိန် အိပ် နိုးချင်တဲ့အချိန် နိုး၊ အပေါ့အပါး စသည်တို့ကိုလည်း စွန့်ချင်တဲ့နေရာမှာ စွန့်ပေါ့။ ဘယ်သူ့ကိုမှ မထိခိုက်ဘူး။ ဘာကြောင့်လဲ ဆိုတော့ မင်းကလွဲလို့ ဘယ်သူ့ကိုမှ မထိခိုက်တာကြောင့်ပါပဲ။ ဒါပေမဲ့ မင်းအပြင် နောက်ထပ် တခြားတစ်ယောက် ရောက်လာပြီဆိုရင်တော့ သူ့အတွက်ကိုပါ စဉ်းစားလာရပြီ။ မင်းရဲ့ အပြုအမူကြောင့် သူ့ကို မထိပါးအောင် စဉ်းစားလာရပြီ၊ အဲဒါဟာ ကိုယ်ကျင့်တရားရဲ့အစပဲလို့ ဆိုနိုင်တယ်။ သူတစ်ပါးအတွက် ကိုယ်က ကျင့်ရပြီ။

အဲဒီလို လူတစ်ယောက်မက များပြားလာတော့ လူအများအတွက်ကိုပါ စဉ်းစားလာရပြီ။ စည်းကမ်းက ပိုပြီးများလာရပြီ။ လူများလာလေ လူ့အဖွဲ့အစည်းက ကြီးလာလေလေပေါ့။ လူ့အဖွဲ့အစည်း ကြီးလာလေလေ စည်းကမ်းက များလာလေလေပဲပေါ့။

ဆိုကြပါစို့ကွယ်–အိမ်ခြေလေးငါးအိမ်လောက်သာရှိတဲ့ အိမ်စုကလေး ဆိုရင် အိမ်သာကို ဘယ်နေရာမှာပဲဆောက်ဆောက် ရတာပေါ့။ ချောင်း၊





မြောင်း၊ မြစ်ကမ်းပါးမှာ နေကြတယ်ဆိုရင် ချောင်းဘေး၊ မြောင်းဘေးမှာပဲ အိမ်သာကို ဆောက်လိုက်ကြတာပေါ့။ ရေလာ ရေစီးက သန့်ရှင်းပေးသွားတာပဲပေါ့။ တောကြိုအုံကြားမှာ နေကြတယ်ဆိုရင်လည်း တောထဲချုံထဲမှာ ကိစ္စပြီးသွားနိုင်တာပေါ့။ ဒါပေမဲ့ အိမ်ခြေလေးငါးရာရှိတယ်ဆိုရင်ပဲ ဒီလိုလုပ်လို့ မရတော့ဘူး။ စည်းကမ်းတွေ များလာပြီ။

အိမ်သာ အညစ်အကြေးကိစ္စမှာလိုပဲ အမှိုက်ပစ်၊ အမှိုက်သွန်ကိစ္စတွေမှာ စည်းကမ်းရှိရတော့မယ်၊ ချောင်းဘေး မြောင်းဘေးမှာ နေကြတဲ့ လေးငါးအိမ်အဖို့ အမှိုက်ကို ချောင်းထဲ မြောင်းထဲ ပစ်လိုက်ရုံပဲပေါ့။ ဒါပေမဲ့ အိမ်ခြေလေးငါးရာရှိတဲ့ ရွာကြီးဆိုရင်ပဲ အမှိုက်ပစ်တာ၊ အမှိုက်သွန်တာကို ကိုယ်ထင်တိုင်း လုပ်လို့ မဖြစ်နိုင်တော့ဘူး။ အဲဒီလိုလုပ်ရင် စည်းမဲ့ကမ်းမဲ့ ဖြစ်သွားပြီ။

ဒီတော့ ကိုယ်ကျင့်တရားတို့ စည်းကမ်းလိုက်နာမှုတို့ဆိုတာ ကိုယ်က ကျင့်ရတဲ့တရားဖြစ်သော်လည်း သူတစ်ပါးအတွက် ကိုယ်က ကျင့်ရတယ်ဆိုတာ ထင်ရှားပါတယ်။

ကောင်းပြီ။ သူတစ်ပါးအတွက်ချည်းပဲလား။

ဒီလိုကျတော့လည်း မဟုတ်ပြန်ဘူး။ သူတစ်ပါး စည်းကမ်းမဲ့ရင် (တစ်နည်းအားဖြင့်) သူတစ်ပါးက 'ကိုယ်ကျင့်တရား ပျက်နေရင်' မင်းကိုလည်း ထိခိုက်လာနိုင်ပြန်တာပဲ။ မင်းရဲ့အိမ်ရှေ့မှာ အမှိုက်လာသွန်ရင် မင်းမှာ ဘယ်လိုနေမလဲ။

ဒီတော့ စည်းကမ်းလိုက်နာခြင်းဆိုတဲ့ ကိုယ်ကျင့်တရားဟာ မင်းက သူတစ်ပါးအတွက် သုံးရသလို မင်းကိုလည်း စောင့်ရှောက်ပေးတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့် ကိုယ်ကျင့်တရားဆိုတာဟာ 'သူတစ်ပါးအတွက် ကိုယ်က ကျင့်ရတာဖြစ်သလို ကိုယ့်အကျိုးစီးပွားအတွက် ကိုယ်တိုင်က ကျင့်ရတာလည်း ဖြစ်တယ်'လို့ ဆိုနိုင်တယ်။

အဲဒီလို စည်းကမ်းကနေပြီး တစ်ဆင့် တက်လိုက်တော့ 'ဥပဒေ' အဖြစ်ကို ရောက်သွားပြန်တော့တယ်။ အဲဒီမှာတော့ဖြင့် စည်းကမ်းဖောက်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ရင် အဖွဲ့အစည်းက (သို့မဟုတ်) နိုင်ငံတော်အစိုးရက အပြစ်ပေး အရေးယူတော့တာပေါ့။

ဒါတွေက လူတစ်ဦးနဲ့ လူ့အဖွဲ့အစည်း ဆက်စပ်နေတဲ့ စည်းကမ်းပါပဲ။

လူ့ဝိနည်း . . .။

ဝိနယနှင့် သုသိက္ခိတ ဆိုတာကို အထက်မှာ ပြောခဲ့ပြီ၊ လူ့လောကရဲ့ စည်းကမ်းဥပဒေအကြောင်းတွေကိုလည်း ပြောခဲ့ပြီးပြီ။

ဘုရားရှင်ရဲ့ မင်္ဂလာတရားတော်မှာပါတဲ့ လူ့ဝိနည်းဆိုတာက နိုင်ငံတော် ဥပဒေစည်းကမ်းဆိုတာတွေထက် အများကြီး ပိုလို့ အဆင့်မြင့်တယ်။

ဥပမာလေးတွေ ပြလိုက်ချင်သေးတယ်။

ကျောင်းစည်းကမ်းဆိုပါတော့၊ ကျောင်းသား ကျောင်းသူတစ်ယောက်ဟာ နိုင်ငံတော်ဥပဒေ စည်းကမ်းကို လိုက်နာရတဲ့အပြင် သက်ဆိုင်ရာ ကျောင်းက ပြဋ္ဌာန်းထားတဲ့ သီးခြားစည်းကမ်းတွေကိုလည်း လိုက်နာရသေးတယ်။

ဒီလိုပဲ စစ်သည်တော်တစ်ယောက်ဟာ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေစည်းကမ်းတွေကို လိုက်နာရတဲ့ပြင် ‘စစ်သည်တော်ကျင့်ဝတ်’ လို စစ်စည်းကမ်းတွေကိုလည်း လိုက်နာရသေးတယ်။

မြတ်စွာဘုရားရှင်ရဲ့ လူ့ဝိနည်းကတော့ တကယ့်ကို လူပီသစေချင်တဲ့ (တစ်နည်းအားဖြင့်) မင်္ဂလာနဲ့ ပြည့်စုံတဲ့ လူသားဖြစ်စေချင်တဲ့ ရည်မှန်းချက်နဲ့ ထားခဲ့တဲ့ ဝိနည်းဖြစ်တာကြောင့် အားလုံးသော ဥပဒေ စည်းကမ်းတွေရဲ့ အထက်မှာ မြင့်မားစွာတည်နေတယ်လို့ ဆိုနိုင်ပါတယ်။

သပြေကန်ဆရာတော်ဘုရားကြီးက ‘အကုသိုလ် ကမ္မပထ တရားဆယ်ပါးကို ရှောင်ကြဉ်ခြင်းသည်ပင်လျှင် လူ့ဝိနည်း’ လို့ မိန့်မှာတော်မူပါတယ်။ အဲဒီတရားဆယ်ပါးကို မရှောင်ကြဉ်နိုင်ရင် လူ့ဝိနည်းကို ဖောက်ဖျက်တာပဲ။ အဲဒီတရားဆယ်ပါးကိုသာ ရှောင်ကြဉ်နိုင်ရင် အခြားသော





ဝိနည်းများကို ရှောင်ကြဉ်ဖို့၊ လိုက်နာဖို့ မခဲယဉ်းတော့ပြီလို့ မိန့်တော်မူပါတယ်။

အကုသိုလ် ကမ္မပထတရားဆယ်ပါးကို ဒုစရိုက်ဆယ်ပါးလို့လည်း ခေါ်ကြပါသေးတယ်။ ဒုစရိုက်ဆယ်ပါးဆိုတာ မင်းတို့ ငါတို့အဖို့ နားယဉ်နေပါပြီ၊ သို့သော် ဆယ်ပါးလုံးကိုတော့ မှတ်မိကြမယ် မထင်ဘူး။ ဒါ့ကြောင့် ဖော်ပြလိုက်ပါဦးမယ်၊ မှတ်သားဖို့ထက် စဉ်းစားစရာလေးတွေကို ဆက်ပြီး ရေးချင်သေးတာကြောင့် ဖော်ပြလိုက်တာပါ။ ကြည့်ပါဦး။

(၁) သူ့အသက်သတ်မှု၊ (၂) သူ့ဥစ္စာ ခိုးယူမှု၊ (၃) သူ့သားမယားကို ပြစ်မှားမှု (ကာယကံသုံးပါး)

(၁) မုသားပြောဆိုမှု၊ (၂) ကုန်းချောမှု၊ (၃) ကြမ်းတမ်းသော စကားကို ပြောဆိုမှု၊ (၄) အကျိုးမဲ့စကားပြောဆိုမှု (ဝစီကံလေးပါး)

(၁) သူတစ်ပါးဥစ္စာကို တပ်မက်အောက်မေ့မှု၊ (၂) သူတစ်ပါး ပျက်စီးစေလိုသော တောင့်တမှု (၃) မှားသောအယူစွဲယူမှု (မနောကံသုံးပါး)

အထက်က ဒုစရိုက်ဆယ်ပါးကို ကြည့်လိုက်မယ်ဆိုရင် ဒီနေ့ လူ့လောက အစိုးရ စတဲ့ လူ့အဖွဲ့အစည်းက အပြစ်မပေးနိုင်တဲ့၊ အပြစ်လွတ်နေတဲ့ အမှုတွေ အများကြီး တွေ့ပါလိမ့်မယ်။ သို့သော် ဘုရားရှင်က လူပီသတဲ့လူ ဖြစ်စေချင်တဲ့အတွက် မင်္ဂလာနဲ့ ပြည့်စုံသော လူ ဖြစ်စေချင်တဲ့အတွက် ရှောင်ကြဉ်ရမယ့်အမှုတွေကို ပြဋ္ဌာန်းခဲ့တာပါပဲ။

မှားသော အယူစွဲမှုဆိုတာကို ပြောချင်တယ်။ ဗုဒ္ဓဘာသာမှအပ အခြားသော ဘာသာတရားတွေကို ဆိုလိုတာ မဟုတ်ပါဘူး။ တခြား ဘာသာတရားမှာလည်း မင်္ဂလာတရားတော်နဲ့ ညီနေတဲ့ ကျင့်သုံးမှု၊ ရှောင်ကြဉ်မှုတွေ ရှိနေတာပါပဲ။ သို့သော် ငါတို့ မြန်မာလူမျိုးတချို့မှာတောင် (ရှေးခေတ်က) နတ်ကိုး၊ ကြက်သတ်၊ ဝက်သတ်ပူဇော်မှုတွေ ရှိခဲ့ဖူးတယ် မဟုတ်လား။ အဲဒီ အပြုအမူတွေ၊ အယူမှား ကိုးစားမှုတွေကို ဆိုလိုတာပါ။ ဥပမာ ဒီနေ့ထိ နတ်ကန္နားပွဲတွေ ဘာတွေ လုပ်နေကြတာပဲ။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



တွေဟာဖြင့် မင်္ဂလာတရားတော်နဲ့ မညီဘူးလို့ ငါတော့ယုံကြည်တယ်။

သပြေကန်ဆရာတော်ဘုရားကြီးက ရှောင်ကြဉ်ရမှာတွေကို ရှောင်ကြဉ်ရုံနဲ့တင် မင်္ဂလာတရားနဲ့ ပြည့်စုံတာ မဟုတ်။ လုပ်ဆောင်ကျင့်သုံးရမှာတွေကို မကျင့်သုံးရင်လည်း မင်္ဂလာတရားနဲ့ မပြည့်စုံဘူးလို့ မိန့်တော်မူတယ်။

မင်းတို့ ထိတွေ့နေရတဲ့ 'ဝတ္တရား' လက်ာတွေကို မှတ်မိကြမှာပေါ့။ မိဘဝတ္တရား ငါးပါး၊ သားသမီးဝတ္တရား၊ ဆရာဝတ္တရား၊ မယားဝတ္တရား စတာတွေပေါ့။ ဒါတွေက ကျင့်သုံးရမယ့်တရားတွေ။ အဲဒါတွေ ပျက်ကွက်ရင် နိုင်ငံတော်အစိုးရက အပြစ်ပေး အရေးယူခြင်း မပြုနိုင်သော်လည်း ဘုရားသခင်ရဲ့ မင်္ဂလာတရားတော် ရှေ့မှောက်မှာဖြင့် အပြစ်ဖြစ်နေတော့တာပါပဲ။

သားသမီးက ပစ္စည်းပစ္စယ ပြည့်စုံနေပါလျက် မိအို၊ ဖအို ပစ်ထားရင် ဘုရားရှင်ရဲ့ ရှေ့မှောက်ကို အပထားလိုက်ဦး။ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းရှေ့မှောက်မှာကိုပဲ မင်္ဂလာ မရှိနိုင်တော့ဘူးပေါ့။

လူတွေအားလုံးဟာ 'ဝိနယောစ သုသိက္ခိတော' မင်္ဂလာနဲ့ ပြည့်စုံနေရင် ငါတို့ရဲ့ လူ့လောကကြီးဟာ ဘယ်လောက်သာယာလိုက်မလဲလို့ စိတ်ကူးယဉ်နေမိတယ်။

မင်းတို့ ငါတို့ ကိုယ်တိုင်က လောဘ၊ ဒေါသတွေကို ချုပ်တည်းပြီး ဝိနယောစ မင်္ဂလာကို တတ်နိုင်သမျှ ကြိုးစားကျင့်သုံးရင် ငါတို့ရဲ့ ဘဝ ကိုယ်စီဟာ ငြိမ်းချမ်းမှာပဲလို့ ငါတော့ဖြင့် ယုံကြည်နေမိတယ်။

ဆက်ပြီး စဉ်းစားကြကွာ။ အဲဒီလို ဆင့်ကာ ဆင့်ကာ စဉ်းစားကြစေချင်လို့ ငါလည်း ဒီစာတွေကို ကြိုးစားပမ်းစား ရေးနေတာပါပဲ။ ကျန်တဲ့ မင်္ဂလာတွေကို ဆက်ကြသေးတာပေါ့ကွယ်။

အားလုံးမင်္ဂလာပါ။

## (၁၈)

### သုဘာသိတဝါစာ

သုဘာသိတဝါစာ – 'ကောင်းသောစကားကို ဆိုခြင်း'လို့ သပြေကန်ဆရာတော်ဘုရားကြီးက အနက်ဖွင့်တော်မူခဲ့ပါတယ်။ ကောင်းသောစကားဆိုတာဟာ ဒုစရိုက်အပြစ်ကင်းသောစကားလို့လည်း ဆက်ပြီး အနက်ဖွင့်ပြပါတယ်။ ကောင်းသောစကားဆိုတာကို ဆက်ပြီး ဖွင့်ပြတာမှာတော့ စကားအရာ အင်္ဂါလေးတန်လို့ ညွှန်းပါတယ်။ အဲဒီအင်္ဂါလေးတန်ကတော့

(၁) သုဘာသိတ – ကောင်းသောစကား

(၂) ဓမ္မ – တရားသောစကား

(၃) ပိယ – ချစ်ဖွယ်သောစကား

(၄) သစ္စ – အမှန်စကားတို့ဖြစ်ပါတယ်။

သုဘာသိတ – ကောင်းသောစကားဆိုတာက တစ်ဦးနဲ့တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ရန်တိုက်ပေးသလို ကုန်းချောသလို စကားမျိုး ပြောတာမဟုတ်တဲ့ တစ်ဦးကို တစ်ဦး ချစ်ကြည်လေးမြတ်အောင်၊ မညီညွတ်သည်ကို ညီညွတ်အောင်၊ ညီညွတ်ပြီးသည်ကို ပိုပြီး ညီညွတ်အောင် ပြောဆိုတဲ့ စကားမျိုးလို့ ဆရာတော်ကြီးက ဖွင့်ဆိုရှင်းပြပါတယ်။

ငါတို့ မြန်မာစကားမှာ 'သွားတမန် ပြန်ရှေ့နေ' ဆိုတဲ့စကား ရှိပါတယ်။ မှူးမတ်တစ်ယောက်ကို တမန်အဖြစ် လွှတ်လိုက်တယ်ဆိုပါစို့။ တမန်အဖြစ်သွားတယ်။ အပြန်မှာတော့ ရှေ့နေအဖြစ် ပြန်လာရတယ်လို့ ဆိုလိုတယ်။ တစ်ဖက်က ရှင်ဘုရင် အဘယ်မျှပင် ခက်ထန်စွာ မိန့်ကြားလိုက်စေဦးတော့။ ကိုယ့်ရှင်ဘုရင်ကို ပြန်ပြီး သံတော်ဦးတင်တဲ့အခါမှာ တစ်ဖက်မင်းကြေရာဇ်ရဲ့ အခက်အခဲ ပြဿနာ စသည်တို့ကို ကိုယ့်ရှင်ဘုရင် နားဝင်အောင် သံတော်ဦးတင်တတ်ရတယ်။ ဒါမှ နှစ်ပြည်ထောင် ငြိမ်းချမ်းပြီး ရွှေလမ်း ငွေလမ်း ပေါက်တော့မှာပေါ့။ အဲဒီလို မဟုတ်ရင် နှစ်ပြည်ထောင် စစ်ဖြစ်မှာပေါ့။ အဲဒီလို လျှောက်ထားသံတော်ဦးတင်တတ်သူဟာ တကယ့်စကားကောင်း ပြောတတ်သူတွေပဲပေါ့။ သုဘာသိတပေါ့။

မင်းတို့ ငါတို့ ခေတ်မှာဆိုရင် သံတမန်တွေ၊ မစ်ရှင်တွေ၊ ဆွေးနွေး စေ့စပ်ရေးအဖွဲ့တွေ၊ ကုလသမဂ္ဂသံတမန်တွေဆိုတာ စကားကောင်း ပြောတတ်တဲ့ သုဘာသိတတွေကို ရွေးပြီး လွှတ်ကြရမှာပေါ့။

ဓမ္မ – တရားသောစကားဆိုလိုက်တော့ ငါဖြင့် ရာဇာဓိရာဇ် အရေးတော်ပုံထဲက 'အမတ်ဒိန်' ကို သွားပြီး သတိရမိတယ်။ ဒီလိုပါ။

ဗညားနွဲ့ (ရာဇာဓိရာဇ်)က အရီးတော် မဟာဒေဝီနဲ့ သမိန်ပရူတို့ရဲ့ ရန်ကို အကြောင်းပြုပြီး ခမည်းတော် ဗညားဦးကို ပုန်ကန်ရတယ်။ ဗညားဦးက မင်းနေပြည်ပဲခူးမှာ စံနေတယ်။ မြို့စားနယ်စား အတော်များများဟာ သူပုန်မင်းသား ဗညားနွဲ့ထံမှာ ဝင်ရောက်ခိုလှုံပြီး ကူညီကြတယ်။ သို့သော်လည်း သန်လျင်မြို့စား အမတ်ဒိန်က ဗညားနွဲ့ထံ ခိုဝင်လာခြင်း မပြုဘူး။ ခုခေတ်စကားနဲ့ပြောရရင် ခပ်တည်တည်ပဲ နေတယ်ပေါ့။

ဒီကြားထဲမှာ ခမည်းတော်ဗညားဦး ကွယ်လွန်တော့ ဗညားနွဲ့က





ရာဇာဓိရာဇ်ဘွဲ့တော်ခံပြီး ထီးနန်းတက်တယ်။ သမိန်ပရူလည်း ထွက်ပြေး တယ်။ ဒါပေမဲ့ ရာဇာဓိရာဇ်ရဲ့ သူရဲကောင်းတွေ ဖမ်းမိတယ်။ သန်လျင်စား အမတ်ဒိန်လည်း ရာဇာဓိရာဇ်ထံ ခစားဝင်လာရပြီပေါ့။ ရာဇာဓိရာဇ်က သမိန်ပရူကို ကွပ်မျက်လိုက်တယ်။ ပြီးမှ –

(ရာဇာဓိရာဇ်) ငါ၏ ရန်သူတစ်ယောက် (သမိန်ပရူ) ကို ကွပ်မျက်ပြီးပြီ။ နောက်တစ်ယောက် အမတ်ဒိန်ကို သတ်။

(အမတ်ဒိန်) ကျွန်ုပ်အား သတ်လိုလျှင် သတ်ထိုက်သောအပြစ်ကို ပြဦးလော့။ မည်သည့် အပြစ် ရှိသနည်း။

(ရာဇာဓိရာဇ်) ငါကိုယ်တော် ပဲခူးကို ပုန်ကန်၍ ဒဂုံသို့ ဆင်းလာပြီး မိုလ်ဝင်ခံစဉ်က အခြားသော မြို့ အဝှမ်းသားအားလုံး လာကြသည်။ အစီအမံ အကြံဉာဏ် ပေးခဲ့ကြသည်။ မောင်မင်းရောက်မလာခဲ့သည် မဟုတ်လော။

(အမတ်ဒိန်) ကျွန်ုပ်သည် အရှင့်ခမည်းတော်၏ ကျွန်ရင်း ဖြစ်သည်။ သစ္စာစောင့်သိခဲ့သည်။ ကျွန်ုပ်သည် ထီးဖြူဆောင်းသော ရှင်ဘုရင်ကိုသာ ရှိခိုးသည်။ သောင်းကျွန်းထောင်းထားသူကို ရှိမခိုးနိုင်။ ထိုအပြစ်ကြောင့် ကျွန်ုပ်အား သတ်တော်မူလျှင် အရှင့်သား၏ ပြည်ထဲရေး ပျက်မည်မှာ မုချဖြစ်သည်။ ပြည်ထဲရေးပျက်လျှင် ရဟန်းရှင်လူတို့ ဆင်းရဲ ဒုက္ခရောက်ကြမည်။ အရှင်လည်း ဆင်းရဲပင်ပန်းလိမ့်မည်။

(ရာဇာဓိရာဇ်)နှင့်ကို သတ်လို့ အဘယ့်ကြောင့် ပြည်ထဲရေး ပျက်ရအံ့နည်း။

(အမတ်ဒိန်) နောင်လာ နောင်သားတို့က အမတ်ဒိန် အရူးကဲ့သို့ မပြုကြနှင့်။ ထောင်ထားခြားနားသူကို



www.burmeseclassic.com

www.burmeseclassic.com



ဆည်းကပ်ခြင်းမပြုလျှင် နောင်အခါ ထီးနန်းကိုရသော်
အမတ်ဒိန်ကဲ့သို့ ကိုယ်လည်း သေ၊ မယားလည်း ကျေ
ဖြစ်လိမ့်မည်ဟု ဆိုစမှတ် ပြုကြလိမ့်မည်။ ထို့ကြောင့်
ပြည်ထဲရေး ပျက်မည်ဟု ဆိုသည်။

(ရာဇာဓိရာဇ် အတော်လေး ငိုင်ကျသွားတယ်။)

ဒီတော့မှ မင်းကံစီက ဝင်ပြီး အမတ်ဒိန်လျှောက်ထားသော စကားမှာ နည်းလမ်းကျကြောင်း သံတော်ဦးတင်တယ်။ ဒီမှာတင် ရာဇာဓိရာဇ်က အမတ်ဒိန်ဆိုတဲ့ ဘွဲ့နဲ့ပဲ သန်လျင်ကို စားမြဲစားစေတယ်။

အမတ်ဒိန်ရဲ့ စကားကို စဉ်းစားကြည့်ကြစမ်း။ သုဘာသိတ မဖြစ်ပေဘူးလား။ ရာဇာဓိရာဇ်နဲ့ နောင်ရေးအကျိုးကျေးဇူးအတွက် စဉ်းစားရမယ့် အချက် မမှန်ပေဘူးလား။ နောက်ပြီး ဓမ္မတရား မှန်ကန်ကျိုးကြောင်း ညီညွတ်ခြင်း မဖြစ်ပေဘူးလား။ ပိယ–နှစ်လိုဖွယ်သောစကား–ပြေပြစ်သောစကားကော မဖြစ်ပေဘူးလား။ သစ္စ–မှန်ကန်သောစကားလည်း ဖြစ်မနေပေဘူးလား။ တကယ့်ကို–စကားအရာ၊ အင်္ဂါလေးတန်နဲ့ ပြည့်စုံတဲ့ စကားပါပဲ။

ခြုံပြောလိုက်ရရင်တော့ မင်္ဂလာတရားနဲ့ ပြည့်စုံတဲ့စကားပါပဲ။ ဘယ်လောက်ထိအောင် မင်္ဂလာတရားနဲ့ ပြည့်စုံလိုက်သလဲဆိုရင် အမတ်ဒိန်ဘွဲ့ကို ထပ်ချီးမြှင့်ပြီး သန်လျင်မြို့ကို စားစေတယ်။ ရာဇာဓိရာဇ် ထီးနန်းရပြီးလျှင် ရချင်း သူ့ရဲ့ ကျွန်ရင်းတွေ တစ်ယောက်မှ ဘွဲ့မည်ရည် မရသေးခင် အမတ်ဒိန်က ဖွေဆော်ဦးကို ဘွဲ့မည်ရည်ရတာ ပြောစမှတ်ကို တွင်တော့တာပဲ။ သုဘာသိတဝါစာပေါ့။

ရေးနေရင်း သတိရလာလို့ ထည့်လိုက်ရဦးမယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းပါ။

ဖက်ဆစ်တော်လှန်ရေး နောက်ပိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းက မိတ္ထီလာမှာ ဌာနချုပ်ဖွင့်ထားတဲ့ မဟာမိတ်တပ် ဗိုလ်ချုပ်ကြီးဆလင်းနဲ့ သွားပြီး တွေ့ခဲ့ပါတယ်။





ဗမာ့တပ်မတော် ဖက်ဆစ်တော်လှန်ရေးအတွက် အကူအညီ တောင်းဖို့ သွားခဲ့တာပါ။ အဲဒီအရင်က သထုံဘက်မှာ သူကြီးတစ်ယောက်က ရန်သူကို သတင်းပေးလို့ အဲဒီသူကြီးကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သတ်ပစ်ခဲ့ဖူးတယ်။

ဗိုလ်ချုပ်ကြီးဆလင်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ တွေ့ပုံကို ဗိုလ်ချုပ်ကြီးဆလင်းက သူ့ရဲ့ 'အရှုံးမှ အောင်ပွဲသို့' ဆိုတဲ့ စာအုပ်ထဲမှာ ရေးထားတာရဲ့ လိုရင်း အချက်ကလေးကို ထုတ်ပြလိုက်ချင်ပါတယ်။

ဆလင်း ။ ။ အောင်ဆန်း၊ မင်းနဲ့ ငါနဲ့တွေ့တာဟာ
တရားဝင်ကြေငြာပြီး တွေ့တာမဟုတ်ဘူး။ နှစ်ယောက်ချင်း
နားလည်မှုနဲ့ တွေ့ကြတာ။ မင်းဟာ လူသတ်မှုလည်း
ကျူးလွန်ခဲ့သေးတယ်။ ဒါကို ထားလိုက်ပါဦး။ ငါတို့
ဗြိတိသျှအစိုးရကို တော်လှန်တာ တစ်ခုထဲနဲ့ မင်းကို
ဖမ်းထားလိုက်လို့ရတယ်။

အောင်ဆန်း ။ ။ ဒါကို ကျုပ်သိသားပဲ။

ဆလင်း ။ ။ သိရက်နဲ့ ဘာလို့ ငါ့ဆီကို လာသလဲ။

အောင်ဆန်း ။ ။ ခင်ဗျားက အင်္ဂလိပ်လူမျိုးမို့ပေါ့။

(ဆလင်းရဲ့မှတ်ချက်က အောင်ဆန်း
အမှတ်ယူလေပြီ။)

ဆလင်း ။ ။ မင်းက အခုမှ ငါတို့က စစ်နိုင်နေလို့
ငါတို့ဆီလာတာ မဟုတ်လား။

အောင်ဆန်း ။ ။ ကျုပ်က တိုင်းပြည်လွတ်လပ်ရေး
အတွက်လုပ်နေတာ။ ရှုံးနေတဲ့ဘက်ကို သွားလို့ ဖြစ်ပါ့မလား။

(ဆလင်းရဲ့မှတ်ချက် – အောင်ဆန်း အမှတ်သယ်
ပြန်လေပြီ။)

အဲဒီလိုနဲ့ ဗိုလ်ချုပ်အောင်ဆန်း လိုချင်တဲ့ အကူအညီတွေကို ဗိုလ်ချုပ်ကြီးဆလင်းဆီက ရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း– ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားတွေကို စဉ်းစားကြည့်ကြရအောင်။ ဗိုလ်ချုပ်အောင်ဆန်းဟာ သုန်သုန်မှုန်မှုန်နဲ့ ခွကျကျ၊ ဘုကျကျ ပြောတတ်တယ်လို့ နာမည်ကြီးတယ်။ အရေးဟဲ့အကြောင်းဟဲ့ ဆိုလိုက်တော့ သုဘာသိတဝါစာ မပြောတတ်ပေဘူးလား။ ဗိုလ်ချုပ်ကြီး ဆလင်း မေးလိုက်တဲ့စကားတွေဟာ အပိုင်ပိတ်ပြီး မေးထားတာကို တွေ့လိမ့်မယ်။ တော်ရုံတန်ရုံ လူသာဆိုရင် အိုးနင်းခွက်နင်း ဖြစ်သွားလောက်တဲ့ မေးခွန်းတွေပဲ။ ဗိုလ်ချုပ်အောင်ဆန်းက အသာလေး အလွယ်တကူ ထွက်သွားတယ်။ ဗိုလ်ချုပ်ကြီး ဆလင်းရဲ့ မှတ်ချက်တွေကို ကြည့်လိုက်ရင် အမှတ်ပြည့်ပေးလိုက်တယ်လို့ ဆိုရမယ်။

ကဲ– ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဖြေတွေကို သုံးသပ်ကြည့်ရအောင်

''ခင်ဗျားက အင်္ဂလိပ်လူမျိုးမို့ပေါ့'' ဆိုတာမှာ ဗိုလ်ချုပ်ကြီး ဆလင်း ဘယ်လောက် သဘောကျသွားလိုက်မလဲ။ အင်္ဂလိပ်လူမျိုးမို့ ဒီလိုအောက်တန်းကျတာမျိုး မလုပ်ဘူးလို့ ယုံတယ်ပေါ့။ လူမျိုးကိုပါ ချီးကျူးလိုက်တော့ သုဘာသိတရော ပိယရော ဖြစ်မသွားပေဘူးလား။

''ကျုပ်က တိုင်းပြည်လွတ်လပ်ရေးအတွက်လုပ်နေတာ ရှုံးတဲ့ဘက်ကို သွားလို့ဖြစ်ပါ့မလား'' ဆိုတာကို ကြည့်ဦးမလား။ ဓမ္မ– တရားသောစကား၊ သစ္စာ– မှန်သောစကားကော ဖြစ်မနေပေဘူးလား။

ဗိုလ်ချုပ်အောင်ဆန်းဟာ စကားအရာ အင်္ဂါလေးတန်နဲ့ ပြည့်စုံတဲ့ စကားလေး သုံးလေးခွန်းနဲ့တင် သူလိုချင်တဲ့ ကိစ္စကြီး ပြီးမြောက်အောင် လုပ်နိုင်ခဲ့တယ်။ အသက်အရွယ်အားဖြင့် သူ့ထက်ကြီးသော၊ စစ်အင်အားအနေနဲ့ဆိုရင်လည်း မယှဉ်နိုင်လောက်အောင် မြင့်မားသော စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်ကို အောင်မြင်စွာ စည်းရုံးနိုင်ခဲ့တယ်။ အခြေခံအားဖြင့် ရိုးသားဖြောင့်မတ်မှုဟာ အရင်းခံပဲ ဆိုတာလည်း ပေါ်လွင်လှပါပေတယ်။ ရိုးသားဖြောင့်မတ်မှု အခြေမခံရင်တော့ဖြင့် ဘယ်တော့မှ သုဘာသိတဝါစာ မဖြစ်နိုင်တော့ပါဘူး။

သပြေကန်ဆရာတော်ဘုရားကြီးက ဘုရားဟော ဂါထာကို အမှီ





ပြုပြီး ''မွေးလာသော ယောကျ်ားတစ်ယောက်၏ ပါးစပ်ထဲ၌ ဓားမကြီး ရှိနေ၏။ ယင်းဓားမကြီးဖြင့် မကောင်းပြောလျက် မိမိကိုယ်ကို ပိုင်းဖြတ်တတ်၏'' ဆိုထားပါတယ်။ ဓားမကြီးဆိုတာ လျှာပဲပေါ့။ ငါတို့ အရပ်စကားအရဆိုရင် ခံတွင်းလက်လေးသစ်ပေါ့။

ဆရာတော်ကြီးက စကားပြောကောင်းခြင်းဟာ အင်္ဂါလေးတန်နဲ့ ပြည့်စုံတဲ့ စကားကို ပြောတတ်ခြင်းဟာ လူတစ်ယောက်ကို ဦးစီးခေါင်းဆောင်ဖြစ်အောင် ဆောင်ကြဉ်းပေးနိုင်တယ်လို့ ဆုံးမတော်မူပါတယ်။

စကားကောင်း ပြောတတ်ရုံသာမက စကားပြောကောင်းဖို့လည်း အရေးကြီးကြောင်း သတိပြုအပ်ပါတယ်။ အဲဒီလို လူမျိုးတွေရဲ့ စကားကောင်းပြောပုံ၊ စကားပြောကောင်းပုံကိုလည်း သတိပြုမှတ်သား အတုယူသင့်ပါတယ်။

အဲဒါဟာ သုဘာသိတဝါစာ မင်္ဂလာတစ်ပါးပါပဲ။

လူငယ်အားလုံး မင်္ဂလာပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

အမိကို လုပ်ကျွေးပြုစုခြင်း၊ အဖကို လုပ်ကျွေးပြုစုခြင်း၊ သားမယားကို ချီးမြှောက်ထောက်ပံ့ခြင်း၊ ရှုပ်ထွေးကင်းအောင် အလုပ်လုပ်ခြင်း၊ ဤလေးပါးမှာ ကောင်းမြတ်သော မင်္ဂလာ ဖြစ်သည်။

မိဘကျေးဇူးကို ရည်ညွှန်းဖွဲ့ဆိုတဲ့ စာတွေကဗျာတွေဟာ ငါတို့ ဗုဒ္ဓဘာသာ မြန်မာစာပေမှာလောက် ဘယ်စာပေမှာမှ များပြားလိမ့်မယ် မထင်ဘူး။ ဒီနေ့ထက်ထိလည်း ရေးဖွဲ့နေကြဆဲပဲ။ စာဖတ်သူပရိသတ်ကလည်း ငြီးငွေ့ခြင်းမရှိ ဖတ်နေကြဆဲပဲ။ ရုပ်ရှင်၊ ပြဇာတ်ဆိုတာတွေလည်း မရိုးနိုင်အောင် ထွက်နေဆဲပဲ။ ဗုဒ္ဓရှင်တော်ဘုရားရဲ့ ကျေးဇူးတော်လို့ ဆိုရမှာပါပဲ။ ကျောင်းသုံးဖတ်စာတွေမှာလည်း မပြတ်ပါနေတတ်လေတော့





ဗုဒ္ဓဘာသာဝင်မဟုတ်စေဦးတော့ ကလေးသူငယ်ဘဝကစပြီး ကြားနာမှတ်သားခဲ့ကြရတာမို့ မိဘကျေးဇူးဆိုတာ ရင်ထဲမှာ နိုင်နိုင်ကြီးစွဲစွဲသွားနိုင်ကြပါတယ်။

အဇာတသတ်မင်းသားအကြောင်း၊ ကြွေးမြီဟောင်းကို ဆပ်–ကြွေးသစ်ကိုပေးလို့ ဆိုတဲ့ ကေဒါရကျေးမင်းအကြောင်း စတာတွေကို မင်းတို့ ကြားဖူးလှပါပြီ။ မိဘတို့ရဲ့ မေတ္တာနဲ့ ပတ်သက်ပြီး ကျေးဇူးရှင်သပြေကန်ဆရာတော်ဘုရားကြီး ကောက်နုတ်ပြလိုက်တာလေး ကောင်းလွန်းလို့ ထည့်ပြီး ရေးလိုက်ပါရစေ။

'ဖြုဟ္မာ။ ။ ဖြဟ္မာများ၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဘာဝနာလေးပါး၊ မကင်းမကွာ အမြဲရှိနေသကဲ့သို့ ထို့အတူ မိဘများမှာလည်း သားသမီးတို့၌ ထိုဘာဝနာလေးပါး မစွန့်ခွာဘဲ အမြဲပွားလျက် ရှိနေ၏။ သားသမီးလေး ကိုယ်ဝန်ဆောင်ထားလျက် ရှိနေစဉ်မှာပင် မိခင် ဖခင်တို့မှာ "တို့သားလေး ဘယ်အခါမှာ အင်္ဂါပြည့်စုံ လှပစွာ မွေးလာပါမည်နည်း"ဟု မေတ္တာစိတ် ဖြစ်နေ၏။ ဖွားလာသည့် ကိုယ့်သားသမီးလေးကို မြင်နေရသောအခါမှာကား ဆိုဖွယ်မရှိပြီ။ ပက်လက်အိပ်တတ်သော နုနယ်သော အရွယ်မှာ သန်း၊ ကြမ်းပိုးကိုက်၍ဖြစ်စေ၊ အအိပ်အနေ ဆင်းရဲ၍ဖြစ်စေ ငိုကြွေးသောအသံကို ကြားရလျှင် မိဘတို့မှာ သနားကရုဏာဖြစ်လာရသည်။ ပြေးနိုင် လွှားနိုင် ကစားနိုင်သောအခါ သားသမီးကို ကြည့်၍ မိဘတို့စိတ်ထဲမှာ ဝမ်းသာခြင်း မုဒိတာဖြစ်ရသည်။ အိမ်ထောင်ကျ၍ တသီးတခြား အိုးအိမ်ထူထောင်နိုင်သောအခါ "ယခု တို့သားလေး ကိုယ့်အလိုအလျောက် အသက်မွေးနိုင်ပေပြီ"ဟု လျစ်လျူရှုသော သဘောပေါ်လာ၏။ ထိုအခါ ဥပေက္ခာဖြစ်သည်။ ဤသို့ သူ့အခါ



www.burmeseclassic.com

www.burmeseclassic.com



*အလိုက် သားသမီးများအပေါ်၌ ဖြဟ္မဝိဟာရလေးပါး ဖြစ်ပွားလျက်ရှိသောကြောင့် "ဗြဟ္မာတိမာတာပိတရော = မိဘတို့မှာ ဗြဟ္မာများပင်" ဟု ဘုရားရှင် ဟောတော်မူခဲ့ခြင်း ဖြစ်သည်။'*

ငါတို့ဗုဒ္ဓဘာသာမှာ အထွတ်မြတ်ဆုံးထားပြီး ကိုးကွယ်ရာဖြစ်တဲ့ မြတ်စွာဘုရားကိုယ်တော်တိုင်က မိဘကို အမြတ်တနိုး တန်ဖိုးထားလေတော့ ငါတို့ မြန်မာလူမျိုးတွေအဖို့မှာ မိဘကို ရိုသေပူဇော်ကြတာ အစဉ်အလာကြီးအဖြစ် ခိုင်မာပြီး ယဉ်ကျေးမှုကြီးအဖြစ် ထွန်းကားလာပြန်တော့တာပေါ့။

ဒီလို ယဉ်ကျေးမှုအစဉ်အလာကြီး ရှိခဲ့ပါလျက် မိအို ဖအို အရွယ်သက်ရွယ်ကြီးရင့်သူတွေကိုလည်း ကန်တော့ပူဇော်တဲ့ အလေ့အထလည်း ရှိခဲ့ပါလျက် ငါတို့ မြန်မာပြည်မှာ လူအိုရုံတို့၊ ဘိုးဘွားရိပ်သာတို့ စတာတွေက ဘာကြောင့် စောစောစီးစီး ရှေးခေတ်ကတည်းက မရှိခဲ့တာလည်းဆိုတာ စဉ်းစားကြည့်မိတယ်။ ငါစဉ်းစားမိသမျှကို တင်ပြလိုက်ပါတယ်။ မင်းတို့လည်း ဆက်ပြီး စဉ်းစားကြည့်ဖို့ပေါ့။ လူမှုရေးသမိုင်း (Social History) ပေါ့ကွယ်။

ပထမအချက်က ငါတို့တိုင်းပြည်မှာ ရှေးခေတ်က လူဦးရေ အလွန်နည်းတယ်။ ငါဖတ်မိ မှတ်မိသလောက် မြန်မာရှင်ဘုရင်များလက်ထက်က လူဦးရေ ၁၀ သန်းလောက်ပဲ ရှိမယ်ထင်တယ်။ အင်္ဂလိပ်ကိုလိုနီခေတ် ပထမကမ္ဘာစစ်ပြီးစမှာ လူဦးရေ ၁၄ သန်းပဲ ရှိတယ်လို့ မှတ်မိနေပါတယ်။ ဒီတော့ လူဦးရေ အလွန်နည်းသေးတယ်ဆိုရမှာပေါ့။

လူဦးရေနည်းပေမဲ့ စားနပ်ရိက္ခာကတော့ ရှားပါးလှတယ်လို့ မဆိုနိုင်ဘူး။ ဆန်ကို ပြည်ပပို့ကုန်အဖြစ် အများဆုံး ပို့နိုင်တဲ့နိုင်ငံ ဖြစ်တယ်။ ဒီတော့ စားရမဲ့ သောက်ရမဲ့ ဖြစ်တာမျိုးကို ကြုံဖို့ မနီးစပ်လှဘူး။ သက်ကြီးရွယ်အို မလုပ်နိုင်၊ မကိုင်နိုင် ဖြစ်နေရင်လည်း အိမ်နီးချင်းတွေက ဝိုင်းဝန်းပြီး ပေးလိုက် ကျွေးလိုက်ကြတာပါပဲ။ ဒုတိယအချက်က





အဲဒီလူဦးရေနည်းခြင်းနဲ့ စားနပ်ရိက္ခာ မရှားခြင်းပါပဲ။

တတိယအချက်က ဘုန်းတော်ကြီးကျောင်းတွေပါပဲ။ ရွာတစ်ရွာမှာ ဘုရားတစ်ဆူ မရှိရင်နေပါစေတော့။ ဘုန်းကြီးကျောင်းလေးတော့ရှိမှ ကျေးရွာပီသတာကိုး။ ဒီတော့ ဘုန်းတော်ကြီးကျောင်းဆိုတာ ကျေးရွာတစ်ခုရဲ့ ကျက်သရေပဲ။ ဒီတော့ ဝါးကျောင်းကလေးမျှဖြစ်စေ ယာယီဆောက်ပြီး အစပျိုးရတာ။ နောက်ပြီး ကျေးလက်ဒေသဆိုတော့ မြေကပေါတယ်။ ကျယ်ကျယ်ဝန်းဝန်းကြီး မြေနေရာယူထားလိုက်ကြတာ။ နောင်အခါကျတော့ ကိုရင်လေးတွေ၊ ရေတွင်း ရေကန်လေးတွေ ဖြစ်လာတော့ ကလေးတွေရဲ့ ကစားကွင်းသာမက သက်ကြီးရွယ်အိုတို့ အနားယူစရာ လူအိုရိပ်သာ ဖြစ်လာတတ်ပြန်တယ်။ ဒါကြောင့် 'ဗမာအို ကျောင်းကြို ကျောင်းကြား' ဆိုတဲ့ စကား ပေါ်လာတာပေါ့။ အသက်ကြီးလာတော့ ဥပုသ်သီတင်းကလည်း စောင့်တတ်ကြတယ်။ အစားအသောက်လည်း ဘာမှ များများ မစားနိုင်တော့ဘူး။ ဘုန်းကြီးကျောင်းမှာပဲ နားအေးပါးအေး မှီခိုနေလို့ရနေတာပဲ။ ဒီတော့ သက်ကြီးရိပ်သာ သီးသန့်ဆောက်ပြီး ထားစရာမလိုတော့ဘူးပေါ့။

တစ်ဆက်တည်း ပြောလိုက်ရဦးမယ်။ ရှေ့ပိုင်းပြောခဲ့တာတွေက ခိုကိုးရာမဲ့၊ သားထောက်သမီးခံမရှိတဲ့ အဘိုးအိုတွေအတွက် ပြောခဲ့တာ။ အဘွားအိုတွေကျတော့လည်း သီလရှင်ကျောင်းရှိရင် သီလရှင်ကျောင်းကို သွားပေါ့။ မရှိရင်လည်း ရပ်ရွာက ဝိုင်းပြီး ဂရုစိုက်ကြတာပါပဲ။

အဲဒီလိုပဲ မိမဲ့ ဖမဲ့ အားကိုးရာမဲ့တဲ့ ကလေးတွေကျတော့ ဘုန်းကြီးကျောင်းကို ရောက်သွားပြန်တာပဲ။ တကယ့်ကို ပရဟိတဂေဟာအဖြစ် အသုံးတော်ခံပြန်တာကိုး။ အဲဒီကလေးက စာကြိုးစားလို့ ပညာတော်ပုံရရင် စကောလားရှစ်တွေ ဘာတွေ မလိုပါဘူး။ ရှင်ပြုပေးချင်တဲ့သူတွေ ရဟန်းခံပေးချင်တဲ့သူတွေ အလုအယက် ပေါ်ပေါက်လာကြတော့တာပါပဲ။ ဒီတော့ ရွာဦးဘုန်းကြီးကျောင်းက အရာရာလည်း ဟုတ်တယ်။ အလုံးစုံလည်း ဟုတ်တယ်ဆိုတာမျိုး ဖြစ်မနေပေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သီးသန့်ဂေဟာတွေ၊ ရိပ်သာတွေမလိုတော့တာကြောင့် ငါတို့ ဗုဒ္ဓဘာသာ မြန်မာတိုင်းပြည်မှာ ဘိုးဘွားရိပ်သာတို့၊ ပရဟိတ ဂေဟာတို့ စောစောစီးစီး ပေါ်မလာခဲ့ခြင်းဖြစ်တယ်လို့ ကောက်ချက်ဆွဲမိပါတယ်။ မင်းတို့လူငယ်တွေ ဆက်ပြီး စဉ်းစားကြပေါ့ကွယ်။ မင်းတို့လူငယ်တွေ လူမှုရေးသမိုင်းကို စိတ်ဝင်စားစေချင်တာကြောင့် ထည့်ပြီး ရေးလိုက်ရတာပါ။

လူဦးရေကများ၊ စားနပ်ရိက္ခာကို နေ့နေ့ညည ရှာစားကြရတဲ့ လူ့အဖွဲ့အစည်းများမှာတော့ သားသမီးက မိဘကို ဘုရားတစ်ဆူ ဂူတစ်လုံး ကိုးကွယ်ထားဖို့ မဖြစ်နိုင်တော့တဲ့ပြင် အိမ်ပေါ်တင်ပြီး ကျွေးမထားနိုင်ကြတော့ဘူး။ ဒါကြောင့် အင်္ဂလန်၊ အမေရိက စတဲ့ အနောက်နိုင်ငံ တိုင်းကြီးပြည်ကြီးတွေမှာ သက်ကြီးရိပ်သာတွေကို အစိုးရကကိုပဲ တာဝန်ယူပြီး ထူထောင်ထားရတယ်။ သားသမီးကလည်း မိအိုဖအိုတွေကို သက်ကြီးရိပ်သာကို ပို့လိုက်ကြတာပဲ။ ခရစ္စမတ်တို့ နှစ်သစ်ကူးတို့လောက်မှာသာ မိဘတွေကို လက်ဆောင်လေးဘာလေး သွားပေးကြတာမျိုး လုပ်နိုင်ကြတော့တယ်။ နှစ်ပေါင်းကြာလာတော့ ဘိုးဘွားတွေက (အသက်လည်း ကြီးလာကြပြီမို့) ကိုယ့်သားကြီး သမီးကြီးတွေကို မမှတ်မိကြတော့ဘူး။

ငါတို့တိုင်းပြည်မှာတော့ဖြင့် သားထောက်သမီးခံတွေ ရှိပါလျက်နဲ့ မိဘတွေကို သက်ကြီးရိပ်သာ ပို့ထားဖို့ဆိုရင် ရှက်စရာလို့ ခံစားမိတတ်ကြတယ်။ သားထောက်သမီးခံ မရှိ၊ ခိုကိုးရာမဲ့ သက်ကြီးတွေသာလျှင် ဘိုးဘွားရိပ်သာကို ရောက်သွားလေ့ရှိတယ်။ တချို့ ဘိုးဘွားတွေကတော့ နားအေးပါးအေးနေချင်တာကြောင့် ကိုယ့်စရိတ်နဲ့ကိုယ် ဘိုးဘွားရိပ်သာမှာသွားပြီး နေကြတာလည်း ရှိတယ်လို့ဆိုတယ်။ ဒါပေမဲ့ အလွန်နည်းပါတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ငါတို့ မြန်မာ့လူ့အဖွဲ့အစည်းမှာတော့ဖြင့် ဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိအို ဖအိုကို ပြုစုစောင့်ရှောက်ခြင်း မပြုတဲ့၊ မပြုနိုင်တဲ့ သားသမီးတွေဟာ လူပုံ





အလယ်မှာ မျက်နှာငယ်ကြရတာပဲ။ သူတို့ကိုယ်တိုင်လည်း လိပ်ပြာငယ်ကြရစမြဲပါ။ ဒါတွေကို သေချာစဉ်းစားလိုက်တော့မှ မြတ်စွာဘုရားသခင်ရဲ့ မင်္ဂလာတရား ဓမ္မစက်ဟာ ဘယ်လောက်ထိအောင် ထက်မြက်သလဲ ဆိုတာ ပေါ်ပေါက်လာတော့တာပဲ။

မိဘဆိုတာ ကိုယ့်ကို မွေးလိုက်တဲ့ မိဘသာ မဟုတ်တော့ဘူး။ အိမ်ထောင်ပြုလိုက်ပြီဆိုရင် ကိုယ့်ခင်ပွန်း ဇနီးရဲ့ မိဘများဖြစ်တဲ့ ယောက္ခမတွေကိုပါ မိဘလို သဘောထားရတော့တာကိုး။ အဲဒီလို အခါမျိုးမှာ တစ်ဖက်မိဘကို ထောက်ပံ့ရတာများလွန်းလာရင် တစ်ဖက်က ငြိုငြင်ပြီး အိမ်တွင်းရေး၊ အိမ်ထောင်ရေး မသာမယာ ဖြစ်လာတတ်တယ်။ များသောအားဖြင့်တော့ အဘိုးကြီး အဘွားကြီးတွေကြောင့် ဖြစ်တာက အလွန်နည်းပါတယ်။ အဘိုးကြီး အဘွားကြီးကို မှီခိုနေတတ်တဲ့ တခြားသားသမီးတွေကြောင့် ဖြစ်ရတာ ပိုများတတ်ပါတယ်။

မင်္ဂလာတရားနဲ့ ရောစပ်ယှက်နွယ်နေတာကြောင့် တစ်ဆက်တည်း ပြောလိုက်ချင်ပါသေးတယ်။ ငါနဲ့ ရင်းနှီးတဲ့ကောင်လေး၊ ကောင်မလေးတွေကို "အိမ်ထောင်ဖက်ရွေးကြပြီဆိုရင် ကိုယ့်အိမ်ထောင်ဖက် တစ်ယောက်တည်းကိုသာ မတွက်နဲ့။ သူ့ကို မှီခိုလာကြမယ့် ပရိသတ်ကို ထည့်ပြီး တွက်ကြရတယ်။ မှီခိုသူတွေ သိပ်များနေရင် ကိုယ်က ပံ့ပိုးနိုင်ရဲ့လား။ သဒ္ဒါနိုင်ပဲ့မလား၊ ကိုယ့်သား ကိုယ့်သမီးအတွက် ကုန်ကျလာရမယ့် စာရင်းဇယားကိုပါ ထည့်ပြီး တွက်ရမယ်" လို့ သတိပေးမိတတ်ပါတယ်။ (ငါလည်း မင်္ဂလာတရားအကြောင်းရေးရင်း မင်္ဂလာဆောင်အကြောင်း ရောက်သွားပြီထင်ပါရဲ့ သည်းခံကြတော့ကွယ်။)

'မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော-မိဘတို့အား ပြုစုစောင့်ရှောက်ရခြင်း ဇနီးမယား၊ သမီးသားတို့အား ထောက်ပံ့ပေးကမ်းရခြင်း' ဆိုတာတွေက တစ်ခုစီ ခွဲထားပေမဲ့ ခွဲခြားလို့မရနိုင်တဲ့ အစုန်အဆန်တရားတွေပဲ။ မိဘသားသမီးဆက်ဆံရေးနဲ့ ပတ်သက်ပြီး 'စုန်ရေ ဆန်ရေ' ဆိုတဲ့ မြန်မာစကားကို အားလုံးသိနေကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ပိုင်းမှာ သက်ကြီးရွယ်အို မိဘတွေကို အစိုးရသက်ကြီးရိပ်သာဆီ ပို့ထားလိုက်တတ်ကြောင်း အနောက်တိုင်း လူ့အဖွဲ့အစည်းတွေရဲ့ ကျင့်သုံးမှုကို ဖော်ပြခဲ့ပါတယ်။ မိဘတွေကလည်း သားသမီးအပေါ် ဆက်ဆံပုံက ငါတို့နဲ့ မတူလှဘူး။ သားသမီးကို အရွယ်ရောက်သည်အထိ (အသက် ၁၆–၁၇ လောက်အထိ) မိဘက ထောက်ပံ့တယ်။ ကျောင်းထားပေးတယ်။ သို့သော် တက္ကသိုလ်အဆင့်လောက်ရောက်လာရင် ကျောင်းပိတ်ရက်မှာ ကျောင်းစရိတ်အတွက် ရရာအလုပ်ကို လုပ်ပြီး ပိုက်ဆံရှာရတယ်။ ကျောင်းပြီးလို့ လူလားမြောက်လာရင် ဘယ်မိဘကမှ (သူဌေးသူကြွယ်တွေ ဖြစ်နေစေဦးတော့) သားသမီးကို အိမ်မှာ တင်ကျွေးထားလေ့ မရှိဘူး။ ကိုယ့်ထမင်းကိုယ် ရှာစားပေတော့။ ကိုယ့်လမ်းကိုယ် လျှောက်ကြတော့ပဲ။ ကိုယ့်ဘာသာ ရှာမစားနိုင်ရင်၊ အလုပ်လက်မဲ့ ဖြစ်နေရင် အစိုးရရဲ့ အလုပ်လက်မဲ့ ထောက်ပံ့ကြေးဂေဟာမှာ မျက်နှာငယ်စွာနဲ့ သွားပြီး နေကြပေရော့။ မိဘတာဝန် ကုန်သွားပြီ။

ငါတို့ဆီမှာတော့ ဟုတ်ပါရိုးလား။ မင်းတို့သိကြတဲ့အတိုင်း မိဘက ငွေကြေးပြည့်စုံရင် သားမက်၊ ချွေးမကို အိမ်ပေါ်တင်ထားတဲ့ပြင် မြေးတွေ တရုန်းရုန်းနဲ့ ပျော်နေကြတာပဲ။ သားသမီးက အိမ်ထောင်မပြုဘဲ လူပျိုကြီး အပျိုကြီးဘဝနဲ့ အရိုးထုတ်ပြီး မိဘနဲ့ပဲ နေတော့မယ်ဆိုရင် ပိုလို့တောင် ချစ်လိုက်သေး။

သို့သော်လည်း လူ့အဖွဲ့အစည်း ကြီးမား ရှုပ်ထွေးလာတာနဲ့အမျှ မိဘသားသမီး ဆက်ဆံရေးတွေလည်း ပြောင်းလဲလာနိုင်တာပဲ။ ဆိုကြပါစို့ကွယ်။ ငါတို့နိုင်ငံရဲ့ မြို့ကြီးပြကြီးတွေနဲ့ ကျေးလက်အဖွဲ့အစည်းတွေမှာတောင် သိပ်ပြီး မတူလှတော့ဘူးလို့ ထင်တာပဲ။

ဘယ်လိုပဲဖြစ်စေ မြတ်စွာဘုရားသခင်ရဲ့ မင်္ဂလာ ဓမ္မစက်ကတော့ဖြင့် ဒီနေ့ဒီအချိန်ထိအောင် ဩဇာထက်မြက်နေတုန်းပဲလို့ ထင်မိတာပဲ။

ငါကလည်း လေရှည်လို့လားမသိ။ ဆက်ပါရစေဦး။

## (၂၀)

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော – 'မိဘကို ကျွေးမွေးပြုစုခြင်း၊ သားသမီးဇနီးသည်တို့အား ထောက်ပံ့ရခြင်း'ဆိုတဲ့ မင်္ဂလာတရားတော်တို့ဟာ ခွဲခြားလို့ မရနိုင်တဲ့ တရားတွေ ဖြစ်တယ်။ အစုန်အဆန် အပြန်အလှန် ဆက်စပ်နေတယ်လို့ ရှေ့ပိုင်းမှာ ရေးခဲ့ပါတယ်။

'မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ' ဆိုတဲ့ မိဘဝတ္တရားလင်္ကာလေးကို မင်းတို့ တွေ့ဖူးကြမှာပါပဲ။ မိဘရဲ့ ကျေးဇူးဆိုတာမှာ ကျွေးမွေးပြုစုတာလောက်သာ မဟုတ်ဘူး။ အစစအရာရာမှာ ကောင်းဆိုးယုတ်မြတ်စတာတွေကိုပါ သင်ပေးရတာကိုး။ မိဘက အလိမ္မာတရားကို ပထမဆုံး သွန်သင်ပေးတဲ့သူ ဖြစ်တယ်။ မိမိကိုယ်တိုင်က သားကောင်း သမီးကောင်းဖြစ်ရုံမက၊ မိကောင်းဖခင် ဖြစ်လာအောင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရပြန်တာပဲ။ "အမိတူတော့ နှုတ်ကြမ်း၊ အဖတူတော့ ကိုယ်ကြမ်း" ဆိုတဲ့ စကားတွေဟာ မိဘနှစ်ပါးကိုယ်တိုင်က သားသမီးရဲ့ စံပြဖြစ်အောင် နေတတ်ရမယ်၊ နှုတ်ကြမ်း၊ ကိုယ်ကြမ်းမဖြစ်အောင် ကျင့်သုံးနေထိုင်တတ်ရမယ်ဆိုတာကို ညွှန်ပြနေတယ်ဆိုရမယ်။ "လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကား" ဆိုတဲ့ စကားတွေဟာ သားသမီးကို ကြည့်ပြီး မိဘကို အကဲဖြတ်တဲ့စကားတွေပါပဲ။

'လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ' 'သားကို ငယ်က၊ မဆုံးမသော်၊ မိဘတစ်လည်၊ ရန်သူမည်၏' ဆိုတာတွေဟာ ငါတို့ မြန်မာလူမျိုးတွေအဖို့ မရိုးနိုင်တဲ့ ဆိုရိုးစကားတွေပါပဲ။ ဘယ်မှာ ရိုးနိုင်ပါ့မလဲ၊ ငယ်ငယ်မှာ သားသမီး၊ ကြီးလာတော့ မိဘဖြစ်လာရတာကိုး၊ ဒါကြောင့် ဒီမင်္ဂလာတရားတွေကို ခွဲလို့ မရနိုင်ဘူး။ စုန်ဆန်ဝဲလည် ဖြစ်နေကြတာလို့ ရှေ့ပိုင်းမှာ ဆိုခဲ့ရတာပါ။

သေချာပြန်ပြီး စဉ်းစားလိုက်တော့ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းပညာရေးဟာ သူ့ခေတ် သူ့ဝန်းကျင်ကို ပြည့်စုံအောင် အထောက်အပံ့ပြု စောင့်ရှောက်ခဲ့တယ်လို့ ဆိုနိုင်တယ်။ ရှေးခေတ်က မိန်းကလေးတွေဟာ များသောအားဖြင့် စာမတတ်ကြဘူး။ သို့သော်လည်း ဘုန်းတော်ကြီးများရဲ့ အဆုံးအမ တရားတော်တွေ၊ နိပါတ်တော်တွေ၊ ဂါထာတွေနဲ့ နားမစိမ်းကြဘူး။ ငါ ခပ်ငယ်ငယ်က ကျက်မှတ်လိုက်မိတဲ့ လင်္ကာလေးက ရုတ်တရက် ခေါင်းထဲမှာ ပေါ်လာတာမို့ ရေးလိုက်ရဦးမယ်။

*'မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှုကာမပြတ်၊ အိမ်တွင်ဖတ်။ တတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာသည်။'*

ဒီတော့ ဘုန်းတော်ကြီးများရဲ့ အဆုံးအမတွေကြောင့် အိမ်ရှင်မများသည်ပင် ဘုရားရှင်ရဲ့ မင်္ဂလာတရားတော်ကို လိုက်နာရကောင်းမှန်း သိနိုင်ကြတယ်။ ဆိုလိုတာက ဘုန်းတော်ကြီးကျောင်း ပညာရေးဟာ ကျောင်း





တွင်းသာမက ကျောင်းပြင်ပ မီးဖိုချောင်ထိအောင် ပညာပေး စောင့်ရှောက်နိုင်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။

ငါတို့ခေတ်သစ်ပညာရေးနဲ့ ယှဉ်ကြည့်လိုက်ရင် ခေတ်သစ်ပညာရေးက အတတ်ပညာကို ဦးစားပေးတယ်။ ရှေးခေတ်ပညာရေးက အလိမ္မာတရားကို ဦးစားပေးတယ်လို့ ပြောရမလား။ မင်းတို့ကိုယ်တိုင် ဝိုင်းဝန်းစဉ်းစားကြည့်ကြဖို့ ပြောလိုက်တာပါ။

သပြေကန်ဆရာတော်ဘုရားကြီးရဲ့ မှတ်ချက်ကလေးတစ်ခုကိုလည်း ထည့်သွင်းစဉ်းစားကြစေချင်တာကြောင့် ဖော်ပြလိုက်ရပါသေးတယ်။

*'ယခုခေတ်သော်ကား ရတနာသုံးပါးကိုပင် ပယ်ချင်သော ပုဂ္ဂိုလ်များ အတော်များနေခဲ့ရာ မိဘဂုဏ်ကျေးဇူးကိုမူ ဆိုဖွယ်မရှိ။ ရုပ်ဝတ္ထုကို အလေးပေးသောခေတ်၌ နာမ်ဓာတ်၏ သတ္တိအရှိန်အဝါ အာနုဘော်များကို အသိအမှတ်မပြုလိုကြ။ သို့ဖြင့် မိဘဆရာသာမက ရတနာသုံးပါးအပေါ်ထားသော စေတနာများကိုပင် စေတနာမျှသာ ဘာမျှအကျိုးမရှိသောအနေ ထင်မြင်ပြောဆိုယူဆတတ်ကြသည်။ ဤကား တစ်ဖက်စွန်းသို့ လွန်ကျွံသွားသော သူတို့၏ သဘာဝအတိုင်း ဖြစ်၏။'*

ငါကိုယ်တိုင် အဲဒီလို တစ်ဖက်စွန်းရောက် ရုပ်ကြမ်းဝါဒီတွေနဲ့ ကြုံခဲ့ဆုံခဲ့ဖူးပါတယ်။ သူတို့ ပြောတတ်တာက ဘာသာရေးဆိုတာ ဘိန်းပဲ၊ မိဘတွေကိုလည်း သူတို့ဘာသာပေါင်းကြ သင်းကြလို့ မွေးလာရတာ။ ပြုစုရမှာပေါ့။ ဘာမှ ကျေးဇူးတင်နေစရာ မလိုဘူးဆိုတဲ့ စကားမျိုးတွေပါပဲ။

ငါ့စိတ်ထဲမှာတော့ ဒီလိုလူမျိုးတွေကို ခပ်ဝေးဝေးက ရှောင်သင့်တယ်လို့ ဆုံးဖြတ်ပြီး ရေရှည် မဆက်ဆံခဲ့ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ မိဘဆိုတာကို ထားလိုက်ဦး။ တစ်ဖက်သားရဲ့ မေတ္တာကိုတောင် မေတ္တာအဖြစ် မခံစားနိုင်သူကို ပေါင်းသင်းဆက်ဆံနေရင် ကိုယ့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အကျိုးမရှိနိုင်ဘူးလို့ အောက်မေ့လို့ပါပဲ။

ဒီနောက်ပိုင်းမှာ ပြန်စဉ်းစားကြည့်လိုက်တော့ နောက်အတွေးတစ်မျိုး ဝင်လာပြန်ပါတယ်။ အမှန်ကတော့ ဒီလူတွေဟာ သူ့ရဲဘောနည်းသူတွေပဲ၊ သူတို့ဟာ မိဘကို လုပ်ကျွေးပြုစုဖို့ တာဝန် မယူဝံ့ဘူး။ တာဝန်ယူနိုင်တဲ့ စွမ်းရည်လည်း မရှိဘူး။ အဲဒါကြောင့် သူတို့ကိုယ် သူတို့ လှည့်ဖြားပြီး ရုပ်ကြမ်းဝါဒီစကား ပြောကြတာပဲလို့ သုံးသပ်မိပါတယ်။ လိပ်ပြာမလုံ ဖြစ်နေတဲ့ သူတို့အတွင်းစိတ်ကို ရုပ်ကြမ်းဝါဒနဲ့ ခြုံပြီး လိပ်ပြာလုံအောင် ကြိုးစားနေကြတာပါပဲ။ မင်းတို့လည်း စဉ်းစားကြပေါ့။ ငါတော့ဖြင့် အလွန်ကြေကွဲစရာ ကောင်းလောက်အောင် စိတ်အားသိမ်ငယ်သွားရတဲ့ ဘဝမျိုးလို့ ပြောလိုက်ချင်တော့တာပဲ။ တိုတိုပြောလိုက်ရရင်တော့ဖြင့် လူစဉ်မမီတဲ့သူတွေလို့ အောက်မေ့လိုက်မိပါတယ်။

ရှေ့ပိုင်းမှာ 'ပုဗ္ဗာစရိယ မိနှင့်ဖ'၊ 'လက်ဦးဆရာ၊ မည်ထိုက်စွာ' ဆိုတာတွေကို ပြောခဲ့ပါတယ်။ 'အမိတူတော့ နှုတ်ကြမ်း၊ အဖတူတော့ ကိုယ်ကြမ်း' ဆိုတာတွေကိုလည်း ပြောခဲ့ပါတယ်။

ငါက အလယ်တန်းပြဆရာလည်း လုပ်ခဲ့ဖူးတယ်။ တက္ကသိုလ် ဆရာလည်း လုပ်ခဲ့ဖူးတယ်။ ဝိုင်းကျူရှင်ဆရာလည်း လုပ်ခဲ့ဖူးတယ်။ နောက်ပြီး တပည့်တွေနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံတတ်တဲ့ ဆရာလည်း ဖြစ်ခဲ့တာမို့ တပည့်မျိုးစုံ၊ စရိုက်မျိုးစုံကိုလည်း ကြုံခဲ့ဖူးပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ တပည့်တွေ၊ စည်းစိမ် ဩဇာကြီးမားတဲ့ မိဘများက ပေါက်ဖွားတဲ့ တပည့်တွေ စသည်အားဖြင့် ကြုံခဲ့ရဖူးပါတယ်။ ငါ့အပေါ်မှာတော့ဖြင့် ငါ့အသက်အရွယ်၊ ငါ့ဂုဏ်သိက္ခာကြောင့် ထိပါးရိုင်းပျခြင်း မရှိကြဘူး။ သို့သော်လည်း သူတို့ရဲ့ မူဟန်သွင်ပြင် စရိုက်ကလေးတွေကိုတော့ အမှတ်မထင်ဆိုသလို သတိထားနေမိတတ်ပါတယ်။ ငါသတိထားမိ သလောက်ကို ရေးလိုက်ချင်ပါတယ်။ မင်းတို့လည်း မင်းတို့ ပတ်ဝန်းကျင် အပေါင်းအသင်းတွေကိုရော၊ မင်းတို့ကိုယ် မင်းတို့ရော သုံးသပ်ကြည့် စေချင်တဲ့ စေတနာနဲ့ ရေးလိုက်ရတာပါ။





ငါတွေ့မိသလောက် သတိထားမိသလောက်မှာ ဆင်းရဲချမ်းသာ မဟူ၊ ဂုဏ်ရှိန်ဩဇာ နိမ့်မြင့်မဟူ မိဘနှစ်ပါးနဲ့ အထိအတွေ့များပြီး မိဘနှစ်ပါးကလည်း လက်ဦးဆရာပီပီ သွန်သင်ဆုံးမတတ်သူတွေဖြစ်ရင် အဲဒီကလေးဟာ ရည်ရည်မွန်မွန် ရှိတတ်တယ်။ တစ်ဖက်သား အပေါင်းအသင်းတွေအပေါ် ထောက်ထောက်ထားထား မေတ္တာထားတတ်သူတွေ ဖြစ်နေတာကို တွေ့ရတတ်ပါတယ်။ ဆရာကိုယ်တိုင် ချစ်မြတ်နိုးရုံမက လေးစားရတဲ့ တပည့်တွေပေါ့။

မိဘနှစ်ပါးက ဆင်းရဲတဲ့ပြင် သွန်သင်ဆုံးမချိန်မရဘဲ ပြေးပြေး လွှားလွှား ရှာဖွေစားရတဲ့အဖြစ်မျိုးမှာတော့ သားသမီးတွေဟာ အထက်တန်းပညာရေး အဆင့်ထိတောင် ရောက်မလာတတ်ပါဘူး။

ငါကိုယ်တိုင် ဩဇာဂုဏ်ရှိန်ကြီးမားသော၊ ပစ္စည်းဥစ္စာကြွယ်ဝလှသော သူတွေရဲ့ သားသမီးတွေကို စာသင်ပေးခဲ့ရဖူးပါတယ်။ မိဘနှစ်ပါး ကိုယ်တိုင်က စည်းစိမ်ဩဇာတွေမှာ ယစ်မူးမောက်မာနေရင် သားသမီး ကိုယ်တိုင်ကလည်း ယစ်မူးမောက်မာသွားတတ်ပါတယ်။

မိဘနှစ်ပါးရဲ့ အိမ်ထောင်ရေးက မူးကြယ်စ်ကြ၊ ဖောက်ပြန်မှုတွေ ပြုကြဆိုရင်လည်း သားသမီးတွေက လောကပတ်ဝန်းကျင်ကို မချစ်တတ်ကြသူတွေ၊ အနိုင်ကျင့်ချင်သူတွေ ဖြစ်သွားတတ်ကြတယ်။ ကိုယ်ပိုင်ဘဝ တက်လမ်း ခြောက်ခန်းသူတွေ ဖြစ်သွားတတ်တယ်။

ခင်ပွန်းဖြစ်သူ(ဖခင်ဖြစ်သူ)က လုပ်ငန်းတာဝန်တွေ များပြားလှတာကြောင့် ခရီးထွက်ရ၊ ဟိုပြေးရ ဒီပြေးရ မနားရအောင် ဖြစ်နေသော်လည်း ဇနီးဖြစ်သူက သားသမီးတွေကို အထိန်းတွေ၊ အိမ်ဖော်တွေနဲ့ ပစ်မထားဘဲ ကိုယ်တိုင်ကိုယ်ကျ ရင်အုပ်မကွာ မေတ္တာပြပြီး ဆုံးမသွန်သင်နိုင်ရင် အဲဒီကလေးတွေဟာ ချစ်စရာ၊ လေးစားစရာကောင်းတဲ့ သားသမီးတွေ ဖြစ်လာတတ်ပါတယ်။

ထားလိုက်ပါတော့ကွယ်။ ရေးနေရင် ကုန်နိုင်ဖွယ်မရှိပါဘူး။ ငါ့သဘောအရကို ပြောလိုက်ရရင်တော့ မိခင်ဆိုတာ အလွန်ကို အရေးကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်စု ဇာတ်ညွှန်းဆရာမကြီးလို့သာ ပြောလိုက်ချင်တော့တာပဲ။ ဒီလိုဆိုလိုက်တော့ မိခင်က ဖခင်ထက် ပိုလို့ အရေးကြီးတယ်လို့ဆိုရာ မရောက်ပေဘူးလား။ တကယ်ကိုလည်း မိခင်က ပိုလို့ အရေးကြီးတာ အမှန်ပဲလို့ ငါ ယုံကြည်မိပါတယ်။ အမေ့နို့ဖိုးလို့ ပြောတတ်ကြပါတယ်။ ဒီစကားဟာ တင်စားပြီး ပြောလိုက်တာပါ။ နို့ဖိုးထက် အရေးကြီးတာက ရင်အုပ်မကွာ သွန်သင်ပေးတဲ့ ဩဝါဒက ပိုလို့ အရေးကြီးတယ်လို့ ထင်မိပါတယ်။

မိန်းကလေးတွေ ပိုလို့ သတိထားမိစေချင်တာကြောင့် ဒါတွေကို အကျယ်ချဲ့ပြီး ရေးလိုက်ရတာပါ။ သူတို့ဟာ ဆွေစဉ်မျိုးဆက်ရဲ့ ဇာတ်ညွှန်းဆရာမကြီးတွေ ဖြစ်လာကြရမှာ မဟုတ်လား။

'အမိမဲ့သား ရေနည်းငါး' ဆိုတဲ့စကားကို မင်းတို့ ကြားဖူးကြပါလိမ့်မယ်။ ငယ်စဉ်မှာ အမိမဲ့သွားလိုက်ရင် ကလေးတစ်ယောက်ရဲ့ ဘဝမှာ လျှောင်ကြီး လှုပ်လိုက်သလို၊ မုန်တိုင်းကြီး ကျလိုက်သလို စိတ်ဓာတ် ယိုယွင်းသွားတတ်တယ်။ ခိုကိုးရာမဲ့ ဖြစ်သွားတတ်တယ်။ အဲဒီနှလုံးသား ဒဏ်ရာဟာ ဒီကလေးရဲ့ဘဝကို ထိခိုက်သွားတတ်တယ်။ ဘဝကြမ္မာ မကောင်းတာကြောင့် ငယ်စဉ်မှာ မိမဲ့ ဖမဲ့ ဖြစ်သွားရတဲ့ကလေးတွေရဲ့ ဘဝကို မင်းတို့ စဉ်းစားသာကြည့်ကြပါတော့။ ဒါကြောင့် မိဘမဲ့ကလေးများကို စောင့်ရှောက်တဲ့ ပရဟိတကျောင်းက ဆရာ၊ ဆရာမလေးတွေဟာ ဒီကလေးတွေကို မေတ္တာမိုး၊ ကရုဏာမိုး ဖွေဖွေဖြိုးဖြိုးပြနိုင်အောင် ကြိုးစားကြရတယ်။ ကလေးတွေရဲ့ နှလုံးသားလုံခြုံမှု ရရှိစေရေးကို အစွမ်းကုန် ကြိုးစားကြရတယ်။

ပြောချင်တာက မိခင်ကျေးဇူး၊ ဖခင်ကျေးဇူးလို့ ပြောလိုက်တဲ့အခါမှာ မိမိကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးလောက်မျှကို တွေးမနေဘဲ စိတ်နှလုံး လုံခြုံရေး၊ ဘဝသတ္တိ တိုးတက်စေရေးအတွက် မေတ္တာနဲ့ ထွေးပေးခဲ့တဲ့ ကျေးဇူးကိုပါ တွက်မိကြစေချင်လို့ ဒါတွေကို ရေးလိုက်ရတာပါ။





ကောင်းပြီ။ မိဘရဲ့ကျေးဇူးကို သိတတ်ရုံနဲ့ လုံလောက်ပါပြီလား။ မင်းတို့ကိုယ်တိုင်က မိဘတွေ ဖြစ်လာကြပါပြီတဲ့။ သားသမီးက ပူဇော်ကန်တော့ထိုက်သော မိဘဖြစ်လာအောင် မလုပ်သင့်ပေဘူးလား။ မိဘက မိကောင်း ဖကောင်း မပီသရင် သားသမီးတွေကလည်း သားကောင်း သမီးကောင်း ပီသမလာနိုင်တော့ဘူး။

ဒီပြဿနာကို ဆက်လိုက်တော့ မိဘဝတ္တရား၊ သားသမီးဝတ္တရားတွေသာမက လင့်ဝတ္တရား၊ မယားဝတ္တရားဆိုတာတွေပါ သိမ်းကျုံးပါဝင်လာပြန်တော့တာပါပဲ။ လင်မယား၊ သားသမီးဆိုတာတွေက မိသားစုတွေ မဟုတ်လား။ အဲဒီမိသားစုနိုင်ငံတော်လေးမှာ တစ်ယောက်ယောက်က ဝတ္တရားပျက်ပြီး စည်းဖောက်လိုက်ရင် နိုင်ငံတော်လေး ဖရိုဖရဲ ဖြစ်သွားတတ်တာကို ငါက တွေ့ခဲ့ရဖူးလှပြီ။ ဒါကြောင့် ဒီ 'မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော' ဆိုတဲ့ မင်္ဂလာတရားကို အကျယ်ချဲ့ပြီး ရေးနေရတာပါ။

စကားရှည်လှချည်ရဲ့လို့ ထင်ရင်လည်း သည်းခံကြတော့ကွာ။ ငါ့ရည်ရွယ်ချက်က လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလာတရားတော်ဟာ ဒီနေ့အထိ ခေတ်မီနေဆဲပဲလို့ ပြောချင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော – 'မိဘများအား ပြုစုစောင့်ရှောက်ရခြင်း၊ ဇနီးမယား သမီးသားတို့အား ထောက်ပံ့ပေးကမ်းရခြင်း' ဆိုတဲ့ မင်္ဂလာတရားကို ရေးတဲ့အခါ မိသားစုနိုင်ငံတော်လေး တည်ဆောက်ရာမှာ အခြေခံရင်းမြစ်ကျလှတာမို့ ရေးခဲ့ကြောင်းလည်း ပြောခဲ့ပါတယ်။

မိသားစုနိုင်ငံတော်လေး တည်ဆောက်ရာမှာ ဖခင်ရဲ့တာဝန်၊ မိခင်ရဲ့တာဝန် (တစ်နည်းအားဖြင့် လင့်ဝတ္တရား၊ မယားဝတ္တရား)တွေနဲ့ သားသမီးတာဝန်တွေ စုပေါင်းရောယှက်နေတာမို့ တစ်ခုစီခွဲခြားလို့မရနိုင်ဘူး။ ကိုယ့်တာဝန်ကိုယ်သိစွာ စုပေါင်းလုပ်ဆောင်ရတာဖြစ်တယ်ဆိုတဲ့ ဒီအကြောင်းကိုလည်း ပြောခဲ့ပါတယ်။

'ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမှုဝေ၍၊





စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ'

ဒီလင်္ကာလေးကို မင်းတို့ ငါတို့ အားလုံးကြားဖူးနေကြတာပါပဲ။ ငါတို့ရဲ့ဘုရားက အိန္ဒိယမှာ ပွင့်ခဲ့တာဖြစ်လေတော့ အိန္ဒိယ မဇ္ဈိမဒေသရဲ့ ထုံးတမ်းစဉ်လာတွေလည်း ဘုရားရှင်ရဲ့တရားတော်မှာ တွေ့ရမြဲဖြစ်ပါတယ်။ 'စောင့်လေမျိုးနွယ်' ဆိုတဲ့ စကားကို ပြောချင်လို့ ဒီစကားကို ပလ္လင်ခံလိုက်ရတာပါ။ အိန္ဒိယမှာ ယနေ့ထက်တိုင် ဇာတ်နိမ့် ဇာတ်မြင့်ဆိုတဲ့ မျိုးနွယ်ကွဲပြားမှုဟာ အလွန်ကို အရေးပါနေဆဲပါပဲ။ ဒါကြောင့် ဇာတ်မြင့်သူတွေက ဇာတ်နိမ့်သူနဲ့ ရောထွေးယှက်တင်နေပြီး အိမ်ထောင်ပြုမယ်ဆိုရင် မိမိရဲ့ မျိုးရိုး 'ဇာတ်' ကို မထိန်းသိမ်းရာ ရောက်ပါတယ်။ ဇာတိမျိုးရိုးကို သစ္စာဖောက်မှုကြီးဖြစ်သွားတတ်ပါတယ်။

ငါတို့ မြန်မာများမှာတော့ မျိုးရိုးဂုဏ်ထိန်းသိမ်းမှု ရှိပင် ရှိသော်လည်း ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားခြင်း မရှိပါဘူး။ ဒီတော့ စောင့်လေမျိုးနွယ်ဆိုတာ အိန္ဒိယက 'ဇာတ်' ကို ပဓာနထားပြီး ပြောခြင်းဖြစ်ကြောင်း သိသာပါတယ်။

မွေခံထိုက်စေဆိုတာကတော့ ဓမ္မသတ်အရ ပြောထားတဲ့စကားပါ။ အမွေခံထိုက်သော သား ၆ ဦး၊ အမွေမခံထိုက်သော သား ၆ ဦးကို ပြဆိုထားပါတယ်။ အရေးကြီးတဲ့အချက်ကတော့ မိဘကို ရန်ပြုသော သားများဟာ အမွေမခံထိုက်ဘူး။ မိဘကို လုပ်ကျွေးပြုစုထောက်ပံ့ခြင်း မရှိဘဲ စားစရာ မရှိတော့မှ အိမ်ပြန်လာတဲ့ သားမျိုးဟာလည်း အမွေမခံထိုက်ဘူး။ မိဘက အမွေပြတ်စွန့်ပစ်နိုင်တယ်လို့ ဓမ္မသတ်က ဆိုပါတယ်။ အဲဒါကို ညွှန်းလိုက်ခြင်း ဖြစ်ပါတယ်။

ငါတို့ အခု ကျွေးမွေးနေကြတဲ့ 'မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော' ဆိုတာလေးကို သေချာစေ့စေ့တွေးပြီး သုံးသပ်ကြည့်လိုက်မယ်ဆိုရင် မေတ္တာတရားပြည့်ဝပြီး သာယာဝပြောတဲ့ မိသားစုနိုင်ငံတော်လေး ထူထောင်နိုင်ကြအောင် ဘုရားရှင်က ဆုံးမတော်မူခဲ့ပေတာပဲ။ နည်းပေးလမ်းပြလုပ်ခဲ့ပေတာပဲလို့ အံ့သြကြည်ညိုခြင်းအသစ် ဖြစ်မိပါတယ်။ အမှန်ပြောရရင် ငါဟာ ငယ်ငယ်လေးကတည်းက မင်္ဂလသုတ်နဲ့ ရင်းနှီးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဒါပေမဲ့ အသက်ကလေး တော်တော်ရလာမှ အသေးစိတ်တွေးပြီး အလေးအနက် သဘောပေါက်မိလာကြောင်း ဝန်ခံပါတယ်။

မိသားစု နိုင်ငံတော်လေးအကြောင်း ဆက်ကြဦးစို့။

*'မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိတ္တာမများ၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။'*

ဒီလင်္ကာလေးကိုလည်း မင်းတို့ တွေ့ဖူးကြမှာပါ။ မထိမဲ့ကင်းဆိုတာ ပြောချင်တယ်။ တချို့လင်သားတွေက မယားကို လူရာမသွင်းသလို ဆက်ဆံတတ်ကြတယ်။ ပွဲလည်မသွင်းဘဲ မိသားစုစာရင်းမဝင်သလို ချောင်ထိုးထားတတ်ကြတယ်။ ဇနီးသည်တစ်ယောက်အဖို့ သိမ်ငယ်ပြီး ရင်နာရတဲ့ ခံစားမှုမျိုးဖြစ်သွားတတ်တယ်။ မိန်းကလေးတစ်ယောက်အဖို့ လင်နဲ့ကွဲဖို့ ကွာဖို့ ဆိုတာလည်း လွယ်တာမှ မဟုတ်ပါလား။ ဒီလိုနဲ့ပဲ တစ်သက်လုံး မိသားစုငရဲမှာ အံခဲပြီး ခံသွားရတတ်တယ်။

အပ်နှင်းဥစ္စာဆိုတာကတော့ ကိုယ်ကြိုးပမ်းရရှိတဲ့ ငွေကြေးစသည်တို့ကို လုပ်ငန်းရင်းနှီးစတဲ့ အဖို့ အစုကို ခွဲပြီး မိသားစု၊ အိမ်ထောင်စုအတွက် သုံးရတဲ့အဖို့အစုကို ဇနီးထံ အပ်နှင်းပါလို့ ပြောတာပါပဲ။

ဝတ်စားဆင်ယင်ဆိုတာကတော့ ရုတ်တရက် ကြည့်လိုက်ရင် အဝတ်အစား ဆင်ယင်ပေးပါဆိုတာလောက်ပဲပေါ့။ ဒါမှာလည်း များသောအားဖြင့် အိမ်ရှင်မတွေဟာ သူတို့ဘာသာသူတို့ ကြိုက်တဲ့ အဝတ်အစားကို ဝယ်ပြီး ဝတ်ကြတာပါပဲ။ ခင်ပွန်းဖြစ်သူက တကူးတက ဆင်ယင်ပေးနေစရာ မလိုပါဘူး။

ဒါပေမဲ့ ငါ့ကိုယ်တွေ့ကလေးတွေကို ပြောပါရစေ။ ငါ့ဇနီးက တောင်တွင်းကြီးမှာ နေတာပါ။ ငါက မော်လမြိုင်ကောလိပ်မှာ အမှုထမ်းနေပါတယ်။ အောက်တိုဘာ၊ ဒီဇင်ဘာ၊ မတ် စတဲ့ ကျောင်းပိတ်ရက်တွေ အိမ်ကို ပြန်ရင် မော်လမြိုင်ဈေးကြီးထဲသွားပြီး မုဒ်လုံချည်တွေ ဝယ်သွားတတ်တယ်။ ဇနီးသည်က အဲဒီလုံချည်လေးတွေ တကိုင်ကိုင်နဲ့ အလွန်ပျော်ရှာတယ်။





နောင်အခါ စာရေးဆရာအဖြစ်နဲ့ အနယ်နယ်ကို ခရီးထွက်ရတော့ ကသာ၊ မိုးကောင်း စတဲ့ ဒေသတွေ ရောက်တဲ့အခါ အိန္ဒိယဘက်ကလာတဲ့ ရှားစောင်လေးတွေဝယ်၊ ပြင်ဦးလွင်မြို့၊ တောင်ကြီးစတဲ့ ဒေသတွေဘက် ရောက်တဲ့အခါ ဆွယ်တာ စတဲ့ အနွေးထည်လေးတွေ ကုတ်အင်္ကျီလေးတွေဝယ်လာရင် အဲဒီလက်ဆောင်လေးတွေကို ကိုင်ကြည့်ပြီး ပျော်နေရှာတာ မျက်စိထဲမှာ မြင်ယောင်နေမိပါတယ်။ ဒါလေးတွေဟာ ဝတ်စားဆင်ယင်မှုသာမက မြတ်နိုးကြင်နာသော အဆင့်ထိအောင် ရောက်ခဲ့ပါလား . . . လို့ တွေးမိပါတယ်။

ငါက အခါအားလျော်စွာ မင်္ဂလာသြဝါဒစကားကို ပြောရတတ်ပါတယ်။ အဲဒီသြဝါဒစကားထဲမှာ အမြဲတမ်း ထည့်ပြောလေ့ရှိတာက အိမ်ထောင်ရေး သာယာစေချင်ရင် ''လူပျိုလှည့်တာကို ရပ်မပစ်ပါနဲ့'' ဆိုတဲ့ စကားပါပဲ။ ဇနီးသည်ကို အမြဲလူပျိုလှည့်နေတဲ့ ခင်ပွန်းက အလွန်လိမ္မာသော ခင်ပွန်းဖြစ်ပါတယ်။

ကောင်းပြီ၊ ဇနီးသည်ဘက်ကကော . . .

*'အိမ်ထောင်မှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ လျော်အောင် ဖြန့်ချို၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။'*

ဒီလင်္ကာလေးတွေကို မကြားဘူးသူ မရှိသလောက်ပဲလို့ ဆိုရမှာပါ။

ဒါပေမဲ့ ဘယ်လောက်လေးနက်စွာ လိုက်နာအပ်ကြောင်းကို သတိထားမိသူနည်းတယ်လို့ စိတ်ထဲမှာ တွေးနေမိတယ်။ 'အိမ်ထောင်မှုလုပ်' ဆိုတာကတော့ ရှင်းပါတယ်ဆိုတာမှာတောင် စဉ်းစားစရာတွေ တွေးစရာတွေ ရှိနေသေးတယ်။ အခိုင်းအစေ၊ အခြွေအရံတွေနဲ့ နေနိုင်တဲ့ အိမ်ရှင်မတွေက အိမ်ထောင်မှုကို အမှတ်မထင် မေ့မေ့လျော့လျော့ ဖြစ်သွားတာတွေကို တွေ့ရတတ်တယ်။ အိမ်ထောင်မှု၊ အိမ်တွင်းမှုကို ကြိုးစားအားထုတ်ခြင်းမရှိတဲ့ အိမ်ရှင်မတွေဟာ ခင်ပွန်းသည်ရဲ့ အလေးအမြတ်ပြုမှုကို တစ်နေ့တခြား ဆုံးပါးသွားတတ်တယ်။

ထားလိုက်တော့ 'သိမ်းထုပ်သေချာ' 'လျော်အောင် ဖြန့်ချို' ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို ပြောချင်စိတ်ပေါက်နေမိပါတယ်။

ငါတို့ မြန်မာလူမျိုးတွေရဲ့ ဆိုရိုးစကားထဲမှာ 'စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း' ဆိုတာကို လူတိုင်း ကြားဖူးနေကြတာပဲ။ အိမ်ရှင်မဖြစ်သူဟာ ကန်သင်းပါပဲ။ ကန်သင်းကျိုးရင် စီးလာသမျှရေဟာ လယ်ကွက်မှာ မတင်တော့ဘူးပေါ့။ ရှေးက မြန်မာစကားတစ်ခုကို ပြောလိုက်ချင်သေးတယ်။ 'မယားဖြစ်သူက မလိမ္မာရင် လင်က သျှောင်ကို မီးတွန်းပြီး စီးပွားရှာဦးတော့ မကြီးပွားနိုင်ဘူး' ဆိုပဲ။

ခုတစ်ခေါ လာ ငါတွေ့တွေ့နေရတာကို ပြောလိုက်ချင်တယ်။

လင်၊ ၂စ်တဲ့ ကောင်လေးတွေ တိုင်းတစ်ပါးမှာ ကြိုးစားပမ်းစားသွားပြီး အလုပ်လုပ်တယ်။ သို့မဟုတ် သင်္ဘောသားလုပ်တယ်။ တစ်ခေါက်ပြန်လာလိုက်တယ်။ တိုက်ခန်းလေးတစ်ခုကို ဝယ်လိုက်တယ်။ နောက်တစ်ခါပြန်ထွက်ပြီး ရသမျှငွေကြေးလေးတွေ ပို့ပေးမယ်။ အနာဂတ် အိပ်မက်ကလေးပေါ့။ ပြည်တွင်းမှာပဲ လုပ်ကိုင်ရှာဖွေပြီး စားနိုင်လောက်အောင် အရင်းအနှီးလေးစုဖို့ပေါ့။ အဲဒါ ဇနီးဖြစ်သူက သူ့အသုံးအဖြုန်းမလိမ္မာမှုကြောင့် ငွေကြေးလျော့ပါးတာကို အစားထိုးဖို့ ဖြတ်လမ်းလိုက်ပြီး နှစ်လုံးတိုက်၊ သုံးလုံးတိုက်၊ ချဲဆိုတာတွေကို လုပ်ပါလေရော။ မလောက်တော့ ငွေမျော ငွေနဲ့လိုက်၊ လိုက်ရင်းလိုက်ရင်းနဲ့ ရှိရင်းစွဲ တိုက်ခန်းလေးပါ ပေါင်ထားလိုက်ရပါလေရော။ ရပ်ဝေးမြေခြား စီးပွားရှာတဲ့ လင်သားခမျာမှာ ပြန်လာတော့ ကိုယ်ပိုင်ခဲ့တဲ့ တိုက်ခန်းကို လခပေးနေရတဲ့ အဖြစ်မျိုးရောက်ပါလေရော။ ပြည်တော်ပြန် ရင်မှာပိုက်ပြီး ပါလာတဲ့ ငွေလေးကလည်း သုံးလလောက်ရှိတော့ စားရင်း သောက်ရင်း ကုန်သွားရော။ ဒီတော့ ငွေချေးပြီး ပြည်ပကို နောက်တစ်ခေါက်ထွက်ရပြန်ရော။ အဲဒါ 'သိမ်းထုပ်မသေချာ'တာကြောင့် ဖြစ်ရတာတွေပဲပေါ့။

နောက်တစ်ခုက 'လျော်အောင် ဖြန့်ချိ' ဆိုတဲ့ စကားပဲ။ ဇနီးဖြစ်သူက မိမိရဲ့ ခြွေရံသင်းပင်း၊ ကိုယ့်မိကိုယ့်ဖ၊ လင့်မိလင့်ဖ စသည်အားဖြင့် နှစ်ဖက်ဆွေမျိုးတွေကိုလည်း ထိုက်သင့်သလို ပေးကမ်းထောက်ပံ့ရစမြဲကို။





သို့သော်လည်း အတိုင်းအတာတော့ ရှိရမှာပေါ့။ 'လျော်အောင် ဖြန့်ချိ' ရမှာပေါ့။ ဒီလိုမဟုတ်ဘဲ ဇနီးက ကိုယ့်မိဘ၊ ကိုယ့်မောင်ဖွားသားချင်းတွေကို ဖောဖောသီသီကြီး ထောက်ပံ့လိုက်ပြန်တော့ လင်ယောက်ျား ရှာထားသမျှ ပြုတ်ပြုတ်ပြုန်းသွားပြန်ပါလေရော။

ပြောလက်စနဲ့ ဆက်ပြီး ပြောလိုက်ရဦးမယ်။

ငါ့တပည့်ရင်းချာ ဇနီးမောင်နှံရှိတယ်။ လင်ယောက်ျားက သင်္ဘောလိုက်ပါတယ်။ အရာရှိအဆင့်ပါပဲ။ အသုံးအဖြုန်းလည်း ဆင်ခြင်တတ်ပါတယ်။ ဇနီးကတော့ ခင်ပွန်းဖြစ်သူ ပြည်ပသွားခိုက်မှာ သူ့မိဘတွေနဲ့ပဲ အတူ နေရစ်ပါတယ်။ ငါ့အကြံပေးချက်အရ ခင်ပွန်းပို့သမျှကို ရွှေတိုရွှေစလေးတွေဝယ်ပြီး စုဆောင်းထားပါတယ်။ လိမ္မာတယ်ဆိုရမှာပေါ့။

သို့သော်လည်း ဖြစ်လာချင်တော့ သူ့မောင်လေးက ဆေးသမားဖြစ်နေတယ်။ မင်းတို့ သိတဲ့အတိုင်း ဆေးသမားဆိုတာမျိုးက ဆေးကလွဲလို့ ဘယ်သူ့ကိုမှ ညှာတာထောက်ထားရှိတတ်တာ မဟုတ်ပါပဲကလား။ ကတဲ့ကွယ်။ သူ့အစ်မအခန်းကို သော့တွေ ဘာတွေနဲ့ ဖျက်ပြီး ယူသွားလိုက်တာ စုဆောင်းထားသမျှ ရွှေတိုရွှေစလေးတွေ ကုန်ပါလေရော့လား။ အဲဒီ ဆေးသမား ကောင်လေးလည်း သေလေသလား ရှင်လေသလား ခုထက်ထိ သတင်းမကြားရတော့ပါဘူး။ အစ်မဖြစ်သူ ဇနီးမောင်နှံမှာလည်း အိမ်ထောင်ပျက်မတတ်ဖြစ်သွားခဲ့ရတယ်။ တပည့်မလေးခမျာမှာတော့ မျက်ရည်နဲ့ မျက်ခွက်ပါပဲ။ မိဘနှစ်ပါးလည်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတာပေါ့။ ဇနီးဖြစ်သူက 'သိမ်းထုပ်' ရှာပါရဲ့၊ သို့ပေမဲ့ 'မသေချာ' ဖြစ်သွားတယ်လို့ ဆိုရမယ် ထင်တာပဲ။

ငါ့အတွေ့အကြုံအရ 'မိသားစုနိုင်ငံတော်လေး' တည်ဆောက်မှုတွေကို အများကြီးရေးချင်တာပဲ။ သို့သော်လည်း 'မင်္ဂလာပါ' ဆိုတဲ့ မင်္ဂလာသုတ်ရဲ့ ပြင်ပ ဘေးချော်သွားမှာစိုးလို့ လက်ကို ချုပ်ထားလိုက်ရပါတယ်။

အော် . . . ပြောလိုက်ရဦးမယ်။ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ သက်တော် ၂၉ နှစ်မှာ တောထွက်သွားခဲ့တယ်။ နန်းတော်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ကြတောင့်တမရှိ နေခဲ့ရတယ်။ မိသားစု အိမ်ထောင်ရေးပြဿနာဆိုလို့ ရွှေစေ့လောက်တောင် မတွေ့ခဲ့ရဘူး။ တောထွက်သွားတော့လည်း တစ်ကိုယ်တည်း ဒုက္ကရစရိယာကျင့်ပြီး ပင်ပန်းကြီးစွာ နေခဲ့ရတာ မဟုတ်လား။ သို့ပါလျက်နဲ့ လူ့ကိစ္စ၊ သူ့ကိစ္စ၊ အိမ်ထောင်ရေးကိစ္စတွေကို ဒီလောက်ထိ သိနားလည်စွာ နည်းပေးလမ်းပြလုပ်နိုင်တာ အံ့ဩစရာ မကောင်းဘူးလား။

"သူက ဘုရားကိုး၊ဗျ" ဆိုတာမျိုးနဲ့ အလွယ်တကူ လျှော့မချဘဲ သေချာစဉ်းစားကြည့်ကြစေချင်လို့ ပြောလိုက်ရတာပါ။

ဆက်ကြသေးတာပေါ့ကွယ်။

## (၂၂)

'အနာကုလာ စ ကမ္မန္တာ' ကို သပြေကန်ဆရာတော်ဘုရားကြီးက 'ရှုပ်ထွေးခြင်းကင်း၊ သန့်ရှင်းသော အလုပ်အမှု' လို့ ပြန်ဆိုတော်မူတဲ့ အပြင် အဋ္ဌကထာလို့ခေါ်တဲ့ ပါဠိတော်အဖွင့်ကျမ်းများရဲ့ အဆိုအမိန့်တွေကိုလည်း ထုတ်ပြလိုက်ပါသေးတယ်။ အဲဒါတွေက အချိန်လွန်ခြင်း၊ မသင့်လျော်အောင် ပြုခြင်း၊ ပေါ့ပေါ့လျော့လျော့လုပ်ခြင်း စသည်တို့ဟာ အလုပ်ရှုပ်ထွေးကြောင်း ဖြစ်တယ်။ အချိန်ကို နားလည်ခြင်း၊ သင့်လျော်အောင် ပြုတတ်ခြင်း၊ မပျင်းရိခြင်း၊ လုံ့လရှိခြင်း၊ ပျက်စီးအောင် မပြုခြင်းဆိုတဲ့ ငါးမျိုးဟာ 'အနာကုလာ စ ကမ္မန္တာ' လို့ ဆိုပါတယ်။ အဲဒါကို ဆရာတော်ကြီးက လင်္ကာဖွဲ့ပေးတယ်။

*'ချိန်ခါသိလင့်၊ သင့်အောင်ပြုခြင်း*
*မပျင်းမရိ၊ လုံ့လရှိလျက်*
*မပျက်စီးစေ၊ အလုပ်တွေ*
*ရှုပ်ပွေမရှိရာ'*



www.burmeseclassic.com

www.burmeseclassic.com



သပြေကန်ဆရာတော်တို့လို ပညာရှိကြီးတွေကတော့ ပစ္စုပ္ပန်သံသရာ၊ လောကီလောကုတ် စသည်အားဖြင့် အကျိုးရှိရာ ရှိကြောင်းကို ပိဋကတ်နိပါတ်တော်တွေ အထောက်အထားပြုပြီး ဆုံးမခြင်း ပြုတော်မူပါတယ်။ ငါကတော့ မင်းတို့လူငယ်တွေ (အထူးသဖြင့် ကျောင်းသားရွယ်တွေ)ကို အာရုံပြုပြီး ရေးတာမို့ မျက်စိအောက်မှာ မြင်တွေ့နေရတဲ့ လူငယ်တွေကိုပဲ သာဓကပြုပြီး ရေးရတော့မှာပဲ။

ချိန်ခါသိလင့် ဆိုတာကို ပြောချင်တယ်။ 'ချိန်ခါ' ဆိုတဲ့စကားကလည်း အလွန်ကို ကျယ်ဝန်းလှပါတယ်။ ပြက္ခဒိန် နာရီ စတဲ့ အချိန်အခါကိုလည်း ညွှန်းတယ်။ ခေတ်ကာလ အခြေအနေကိုလည်း ညွှန်းပြန်တာပါပဲ။

ငါက ဒုတိယကမ္ဘာစစ်ကြီးကို ကြုံခဲ့ဖူးတယ်။ အဲဒီကာလ အတောအတွင်းမှာ ဘယ်သူတွေမှ အိမ်ကြီးအိမ်ကောင်း မဆောက်ကြဘူး။ အင်္ဂလိပ်၊ အမေရိကန်မဟာမိတ် ဗုံးကြဲလေယာဉ်တွေက မကြာခဏ ဗုံးလာပြီး ကြဲနေတတ်တာကိုး။ ဒီတော့ တော်ရုံတော်ရုံ တဲလိုလို ဂိုဒေါင်လိုလို အိမ်တွေဆောက်နေကြတာပေါ့။ ဒီလိုအချိန်မျိုးမှာ ဗိသုကာ အင်ဂျင်နီယာ အသက်မွေးလို့မရတော့ဘူး ခေတ်အလျောက် ကုန်သည် လုပ်ချင်လုပ်၊ မုန့်ဟင်းခါးချက်ပြီး ရောင်းတန်ရောင်း လုပ်ရတော့တာပဲ။

အခု မင်းတို့ခေတ်မှာလည်း ဒီလိုပဲပေါ့။ ကိုယ်က ပထဝီနဲ့ ဝိဇ္ဇာဘွဲ့ရခဲ့တာ ဖြစ်သော်လည်း ကွန်ပျူတာစာစီလုပ်ငန်း လုပ်ချင်လုပ်နေရတော့မှာပဲ။ ဒါမှမဟုတ် တက္ကစီမောင်းသမား လုပ်ချင်လည်း လုပ်ရတော့မှာပဲ။ ကျေးလက် တောရွာဓာတိ ပညာတတ်ကလေးတွေဟာလည်း ကိုယ်ရထားတဲ့ ဘွဲ့ဆိုတာတွေ၊ ပညာတွေကို ဘေးချိတ်ပြီး ကျေးလက် မြို့ကြီးဒေသ ကူးသန်းပြီး ရောင်းဝယ်နေတဲ့ ကူးသန်းရောင်းဝယ်ရေး လုပ်ချင်လုပ်နေရမှာပဲပေါ့။ အဲဒီလို အခြေအနေ၊ ခေတ်အခါကို မသုံးသပ်တတ်ရင်လည်း ဘယ်မှာ ကြီးပွားတိုးတက်နိုင်တော့မလဲ။ 'အစာကြေဆေး' ဆိုတာဟာ လူတိုင်းအတွက် အသုံးဝင်အကျိုးများတဲ့ ဆေးပေပဲ။ ဒါပေမဲ့ ငတ်မွတ်





ခေါင်းပါးနေတဲ့ ဒေသမှာ သွားပြီး အစာကြေဆေးရောင်းလို့ ဖြစ်ပါ့မလား။ သီလရှင်ကျောင်းသွားပြီး "ဆံပင်ရှည်တွေ ဈေးကောင်းပေးပြီး ဝယ်တယ်" လို့ အော်သလို ဖြစ်နေမှာပေါ့။

ခေတ်ကာလအချိန်အခါကို သိပါတယ်ဆိုဦးတော့ ပြက္ခဒိန် နာရီ ချိန်ခါကိုလည်း သိပါဦးမှ ကြီးပွားအောင်မြင်နိုင်တာပဲ။ 'စစ်ရောက်မှ မြားချွန်၊ မိုးလွန်မှ ထွန်ချ၊ လူမိုက်နောက်မှ အကြံရ' ဆိုတဲ့စကားတွေဟာ အချိန်မီအောင် စီစဉ်ပြုလုပ်တတ်ခြင်းကို ညွှန်းတာပါပဲ။ ကိုယ်လုပ်ရမယ့် အလုပ်ကို နေ့ရွှေ့ညရွှေ့ လုပ်တတ်မိကြတယ်။ ဒါကျတော့ လုံ့လဝီရိယ နည်းပါးခြင်းကို ရောက်သွားပြန်တော့တာပဲ။ နေ့ရွှေ့ညရွှေ့ ဆိုတာတွေဟာ ပျင်းရိတဲ့သဘောကို ပြတာပါပဲ။ ပျင်းရိတယ်ဆိုတော့ လုံ့လဝီရိယ နည်းပါးခြင်းအဖြစ်ကို ရောက်သွားပြန်တာပေါ့။ ဒီလိုချွတ်ယွင်းချက်မျိုးဟာ လူတိုင်းနီးပါး ရှိတတ်သလား ထင်မိတာပဲ။ အမှန်ကို ဝန်ခံရရင် ငါ့မှာလည်း အဲဒီလိုချွတ်ယွင်းချက်ရှိတာပဲ၊ နေ့ရွှေ့ ညရွှေ့ နက်ဖြန်မှ သန်ဘက်ခါကျမှ ဆိုတာမျိုးကို ရွှေ့မိတတ်တာ ခုထက်တိုင်ပါပဲ။ ကိုယ့်ကိုယ်ကိုယ် မနည်း ဆုံးမပြီး မကြာခဏ နွားမောင်းသလို မောင်းနေရတတ်တယ်။

မင်းတို့လူငယ်တွေမှာတော့ ပိုဆိုးတော့တာပေါ့။ ကျောင်းသားဆိုပါတော့ကွယ်၊ တကယ် ကိုယ်လုပ်ရမှာက ကျောင်းသင်ခန်းစာတွေ၊ လေ့ကျင့်ခန်းတွေ တစ်နေ့စာတစ်နေ့ တစ်လစာတစ်လ ဆိုသလို ပြီးပြတ်သင့်တာပေါ့။ ဒါပေမဲ့ အပျော်အပါးတွေကလည်း မက်မောတတ်ကြသေးတာကိုး။ ငါတို့ခေတ်တုန်းကတော့ ရုပ်ရှင်တို့၊ အငြိမ့်တို့ပေါ့။ မင်းတို့ခေတ်ကျတော့ ငါတို့ခေတ်ထက် ပျော်စရာ ပြက်စရာတွေက များလာတယ်၊ ဘောလုံးပွဲ၊ ဂီတဖျော်ဖြေပွဲ၊ ဗွီဒီယိုရုပ်ရှင်၊ အင်တာနက်ချက်တင်းဆိုတာတွေဟာ စာရင်းထိုးလို့ မကုန်နိုင်အောင် များလာတော့တာပဲ။ ရုပ်ရှင်၊ ဂီတ၊ ဗွီဒီယို အခွေဘွေ၊ စီဒီတွေဆိုတာကလည်း လမ်းဘေးမှာ ပုံရောင်းရလောက်အောင် ရှောင်လို့ မလွတ် တွေ့နေရတော့ မင်းတို့ဘဝက "ပြေးနိုင်မှ လွတ်မဟဲ့ နော်" ဆိုတဲ့ အဖြစ်မျိုးကို ရောက်လာနေတော့တာပဲ။ ဒီတော့ သပြေကန်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မိန့်ကြားတဲ့ 'မပျက်စီးစေ၊ အလုပ်တွေ၊ ရှုပ်ပွေမရှိရာ' ဖြစ်လာဖို့ အတော်လေး ရုန်းကန်ကြရမှာပဲ။

ဒါပေမယ့် 'အနာကုလာ စ ကမ္မန္တာ' ဖြစ်အောင် ရုန်းကန်ကြရမှာပဲ။ မရုန်းကန်ရင်တော့ လောကန္တထဲမှာ နစ်ကျွန်ရစ်မှာပဲ။

စကားမစပ် သတိရလာလို့ ထည့်ရေးလိုက်ဦးမယ်။ ငါက မျိုးဆက်သစ်တွေအတွက် ဒီလိုစာမျိုးတွေရေးတော့ အောင်သင်းက ဒီလိုစာမျိုးတွေ ရေးလိုက်လို့ လူငယ်တယ်နယောက် ကျွတ်တမ်းဝင်မှာလဲ ဘာညာစသည် ဖြင့် ရိသဲ့သဲ့ ပြောသံ ဆိုသံ ကြားရတယ်။ တချို့ကလည်း စောင်းပါးရိပ်ခြည် ရေးကြသားကြတယ်။ ငါကတော့ ခပ်အေးအေးပါပဲ။ "ကျုပ်က ဘုရား မဟုတ်ဘူး၊ ဘုရားတောင်မှ ကမ္ဘာမြေကြီးထုပမာဏမြေမှုန့်မှာ လက်သည်း တစ်စွန်းစာ မြေမှုန့်လောက်ကိုသာ ချွတ်လွှဲတော်မူနိုင်ခဲ့ကြောင်း ဝန်ခံတော် မူခဲ့ဖူးတယ်၊ ကျုပ်စာကိုဖတ်လို့ တစ်ရာမှာ တစ်ယောက် မဟုတ်ဘူး၊ တစ်သောင်းမှာ တစ်ယောက်လောက် မဟုတ်သေးဘူး၊ တစ်သိန်းမှာ တစ်ယောက်လောက် အသိတရားရပြီး ထူးချွန်သွားရင် အောင်မြင်တယ် လို့ ယူဆမှာပဲ" လို့ ပြောခဲ့ဖူးတယ်။

တစ်သိန်းမှာ တစ်ယောက်ဆိုရင် နည်းရော့လား၊ တစ်သန်းမှာ ဆယ်ယောက်။ လူဦးရေသန်းငါးဆယ်မှာဆိုရင် ငါးထောင်ကွဲ့။ တိုင်းပြည် တစ်ပြည်မှာ လူချွန်လူမွန် ငါးထောင်လောက် ပေါ်လာရင် အဲဒီတိုင်းပြည် အဖို့၊ သားကောင်းမိခင်ဖြစ်ပြီပေါ့။ ဟုတ်ဘူးလား။

ဒီလိုစာမျိုးတွေကို ဖတ်နေတာထောက်ရင် စာဖတ်သူဟာလည်း ဗဟုသုတကို မှတ်မှတ်သားသား ဆည်းပူးချင်လို့သာ ဖြစ်မှာပေါ့။ မှတ်ရုံ သားရုံနဲ့ ကြီးပွားအောင်မြင်မှု မရနိုင်ဘူး။ ကျင့်မှလည်း အောင်မြင်မှု ရနိုင်တယ်။ ကိုယ်ကာယအလှကျင့်တဲ့ ကောင်လေးတွေ ကောင်မလေး တွေဟာ သူတို့ရဲ့ ရည်မှန်းချက်ကို ဘယ်တော့မှ မျက်ခြည်မပြတ်ဘူး။ မှန်ထဲမှာ အရိပ်တကြည့်ကြည့် ဖြစ်နေရုံသာမက စားတာသောက်တာ အစ သတိရှိနေတတ်ကြတယ်။ ကိုယ်ကာယကို အလှပျက်စေတဲ့





အဆီအဆိမ့် ဆိုတာမျိုးတွေကို ရှောင်တယ်။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းကို ရှောင်တယ်။

အအိပ်အနေကစလို့ အမြဲတစေ သတိထားပြီး နေလေ့ရှိကြတယ်။ သူတို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ကိုယ်လုံးကိုယ်ထည် လှပတင့်တယ်ရေးကို မျက်ခြည်မပြတ်ဘူး။

အဲဒီလို ရည်မှန်းချက် သတ်သတ်မှတ်မှတ် ခိုင်ခိုင်မာမာ ရှိလိုက်ရင် သက်ဆိုင်ရာ လုံ့လ ဝီရိယ သတိဆိုတာတွေ ပါလာတာပဲ။ ကျောင်းသား တိုင်းဟာ ကျောင်းတက် ပညာသင်နေကြတာပါပဲ။ ကလေးဘဝကတော့ လူကြီးမိဘတွေက ကျောင်းထားပေးလို့ ကျောင်းတက်ကြရတာပဲပေါ့။ ကျောင်းတက်လိုက်ရင်တော့လည်း စာမေးပွဲအောင်ဖို့ဆိုတဲ့ ရည်မှန်းချက် တော့ဖြင့် ပါလာစမြဲပေါ့။ ဒါပေမဲ့ အရွယ်ရောက်လာလို့ တက္ကသိုလ် ကျောင်းသားအဆင့်ကိုရောက်ရင် ရည်မှန်းချက် ရှိသင့်သလောက် ရှိသင့်ကြပြီ မဟုတ်လား။ ဒါပေမဲ့ ငါ့အတွေ့အကြုံကို ပြောရရင်တော့ တက္ကသိုလ်ကျောင်းသားတစ်ရာမှာ တစ်ယောက်တောင်မှ ပြတ်သားနိုင်မာတဲ့ ရည်မှန်းချက် မရှိကြပါဘူး။ သင့်သလို စခန်းသွားကြတာသာလျှင် များပါတယ်။

ကျောင်းသားဘဝမှာ တခြားရည်မှန်းချက်ရယ်လို့ မရှိသေးရင် တောင်မှ ပညာတတ်ဖို့ဆိုတဲ့ ရည်မှန်းချက်တော့ ခိုင်ခိုင်မာမာ ရှိသင့်ကြ တယ် မဟုတ်လား။ အဲဒီလို ရည်မှန်းချက်ခိုင်မာတဲ့ ကျောင်းသားရာခိုင် နှုန်းကိုက အလွန်နည်းတယ်လို့ ထင်မိတာပဲ။ ဒီနေရာမှာ စာမေးပွဲအောင်ဖို့ ဆိုတဲ့ ရည်မှန်းချက်နဲ့ ပညာတတ်ဖို့ဆိုတဲ့ ရည်မှန်းချက် ရောထွေးမသွား စေချင်ဘူး။ ပညာသင်တယ်ဆိုတာ ပညာတတ်ဖို့ သင်ယူကြရတာ မှန်သော်လည်း စာမေးပွဲအောင်ရင် ပြီးတာပဲဆိုတဲ့ ခံယူချက်တိမ်သလွှာ ဖုံးတာကြောင့် ကိုယ်ယူတဲ့ ဘာသာရပ်ကို ခြေခြေမြစ်မြစ် မသိဘဲ ဘွဲ့ရ သွားတဲ့ ကျောင်းသားတွေ တစ်ပုံကြီး တွေ့ရတတ်ပါတယ်။ တက္ကသိုလ် ကျောင်းသားကျောင်းသူရင့်မာကြီးဖြစ်ပါလျက် တက္ကသိုလ်စာကြည့်တိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားရကောင်းမှန်း မသိဘဲ ကျောင်းပြီးသွားတဲ့ ကျောင်းသားတွေ တစ်ပုံကြီးရှိပါတယ်လို့ ပြောရင် ယုံနိုင်စရာတောင် မရှိဘူး။

တကယ့်တဝရည်မှန်းချက်ရှိတဲ့ ကျောင်းသားတွေကတော့ ကိုယ်သင်ယူနေတဲ့ ပညာရပ်ကို ခြေခြေမြစ်မြစ် သိနိုင်သမျှ သိအောင် အားထုတ်နေရုံသာမက အထွေထွေ ဗဟုသုတရအောင်လည်း စာအုပ်စာပေတွေဖတ်ပြီး လေ့လာတတ်ပါသေးတယ်။ သူတို့မှာ ဘဝအတွက် ပြတ်သားခိုင်မာတဲ့ ရည်မှန်းချက် မရှိသေးစေဦးတော့ လက်ငင်း ကိုယ်လုပ်နေတဲ့ 'ပညာတတ်ရေး' ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘူးဆိုရမှာပေါ့။ အဲဒီ ပညာတကယ်တတ်ရေး ရည်မှန်းချက်က ခိုင်မာလာတော့ အဲဒါကို အနှောင့်အယှက်ဖြစ်စေနိုင်တဲ့ ရုပ်ရှင်ပွဲလမ်းသဘင်စတဲ့ အပျော်အပါး စတာတွေဘက်မှာ အလိုလို ထိန်းထိန်းသိမ်းသိမ်း ဖြစ်လာတော့တာပဲ။

ဒီတော့ သူ့မှာ ကျေးဇူးဖြစ်ထွန်းလာတာက (၁) ကိုယ်လုပ်နေတဲ့ လုပ်ငန်းကို ခြေခြေမြစ်မြစ် သိအောင် ကြိုးစားလာတယ်၊ (၂) ဘယ်နေရာမဆို ခြေခြေမြစ်မြစ် သိအောင် ဆင်ခြင်တတ်တဲ့ အလေ့အကျင့် ရလာတယ်၊ (၃) ကိုယ့်လုပ်ငန်းကို ပျက်စီးစေနိုင်တဲ့ အမှုကိစ္စတွေကို ရှောင်ကြဉ်လာတယ်၊ (၄) လုံ့လ ဝီရိယကြီးလာတယ်၊ (၅) စာပေဗဟုသုတများတဲ့ အတွက် ကြီးပွားရာကြီးပွားကြောင်း အခွင့်အလမ်းကို မြင်တတ်လာတယ်၊ အတိုချုပ်လိုက်ရရင်တော့ 'အနာကုလာ စ ကမ္မန္တာ' ဖြစ်လာတယ်လို့ ပြောလိုက်ရတော့မှာပါပဲ။

'အနာကုလာ စ ကမ္မန္တာ' ဆိုတာကို အကျယ်ချဲ့ရင် ဆုံးနိုင်ဖွယ် မရှိဘူး၊ နိဗ္ဗာန်ရောက်ကြောင်းအထိ အကျိုးဝင်နေတဲ့ မင်္ဂလာတရားတော်ပေပဲ။ ဒါကြောင့် မင်းဟာ အသက်ငယ်သေးလို့ ကျောင်းသားဘဝ ဖြစ်နေရင်လည်း အနာကုလာ စ ကမ္မန္တာ မင်္ဂလာတရားတော်ကို ကျင့်သုံးရင် စာမေးပွဲအောင်ရုံသာမက ဘဝတစ်ခုလုံး ကြီးပွားအောင်မြင် ပါလိမ့်မယ်လို့ ပြောချင်ပါတယ်။

## (၂၃)

ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်း၊ သုစရိုက်တရားကို ကျင့်ခြင်း၊ ဆွေမျိုးတို့ကို ထောက်ပံ့ချီးမြှောက်ခြင်း၊ အပြစ်မရှိသော အလုပ်တို့ကို ပြုလုပ်ခြင်း၊ ဤလေးပါးမှာ ကောင်းမြတ်သော မင်္ဂလာတည်း။

ဒါနဉ္စ။ ။ ပထမဆုံးပြောချင်တာကတော့ 'ဒါန' လို့ ခေါ်တဲ့ 'ပေးကမ်းလှူဒါန်းခြင်း'အကြောင်းပါပဲ။ အလှူဒါနဆိုတာကို ငါတို့တစ်တွေ ကလေးဘဝက စပြီး သိနေခဲ့ကြတာပါပဲ။ ဒါပေမဲ့ ဒါနဖြစ်ပေါ်မှုအကြောင်း ရင်းကို သပြေကန်ဆရာတော်ဘုရားကြီး ဖွင့်ဆိုရှင်းပြပုံကို ဖတ်ကြည့်ကြစေချင်ပါသေးတယ်။

'မိမိပစ္စည်းကို စွန့်တာတတ်သည်မှာ ဓမ္မတာပင်
ဖြစ်၏၊ သို့သော် ပုဂ္ဂိုလ်ကို ကြည်ညိုသောအခါဖြစ်စေ၊
မေတ္တာ ကရုဏာ သက်ရောက်၍ သူ့အကျိုးကို လိုလားသော



www.burmeseclassic.com

www.burmeseclassic.com



အခါဖြစ်စေ တွယ်တာမှုကို ဖြတ်တောက်နိုင်ကြ၏။
ပေးနိုင်ကမ်းနိုင်ကြ၏။ အလောင်းတော်များမှာ ပစ္စည်းဥစ္စာ
သာမက ကိုယ့်အသက်စွန့်နိုင်အောင် ရက်ရောကြ၏။
ယင်းအကြောင်းကား မေတ္တာ၊ ကရုဏာပင် ဖြစ်၏။'

တွယ်တာတယ်ဆိုတာ နှမြောတာပဲပေါ့။ သူသူကိုယ်ကိုယ် ကိုယ့်ပစ္စည်းလေးတွေကို နှမြောတတ်ကြတာပါပဲ။ ဒါပေမဲ့ အဲဒါလေးကို တစ်ပါးသူကို စားသောက်သုံးဆောင်စေဖို့ ပေးလိုက်ကမ်းလိုက်တာဟာ ဒါနပဲပေါ့။

ဆရာတော်ကြီးရဲ့စကားထဲမှာ 'ပုဂ္ဂိုလ်ကို ကြည်ညိုသောအခါဖြစ်စေ' ဆိုတဲ့စကားကို တွေ့လိုက်ရတော့ ငါ့စိတ်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းကို ချက်ချင်းပြေးပြီး သတိရလိုက်မိတယ်။ ဒီလိုကွဲ့– ဘုရားသားတော် ရဟန်းတော်ကြီးများကို ကြည်ညိုလို့ လှူကြတန်းကြတာကို ငါတို့ တွေ့ဖူးလှပါပြီ။ ဒါကြောင့် ဘာသာရေးအလှူဖြစ်နေလို့ မဆန်းလှပါဘူး။ ၁၉၄၇ နှစ်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးအတွက် လူထုစည်းရုံးမှု အပြင်းအထန်လုပ်နေတယ်။ အဲဒီမှာ ရွှေတိဂုံဘုရား အနောက်ဘက် စောင်းတန်းမှာ လူထုအစည်းအဝေးပွဲကြီးလုပ်ပြီး တရားဟောပါတယ်။ လွတ်လပ်ရေးရန်ပုံငွေလည်း ကောက်ခံပါတယ်။ ရလိုက်တဲ့ ရန်ပုံငွေကလည်း သောက်သောက်လဲ ဆိုပါတော့ကွယ်။ အမျိုးသမီးတွေဆိုရင် သူတို့ဝတ်ဆင်လာတဲ့ စိန်ရွှေလက်ဝတ်လက်စားတွေကိုပါ ဖြုတ်ပြီး လှူကြတယ်။

အဲဒီထဲမှာ ထူးခြားတာက "ဒါတွေက လွတ်လပ်ရေး ရန်ပုံငွေအတွက်။ ဒါတွေကတော့ လွတ်လပ်ရေး ရန်ပုံငွေအတွက် မဟုတ်ဘူး။ ဗိုလ်ချုပ်အတွက် သီးသန့်အလှူငွေ" ဆိုပြီး လက်ဝတ်လက်စားတွေကို လှူကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ကျေးဇူးတင်ကြောင်း ပြုံးပြုံးရွှင်ရွှင် ပြောပြီး သီးသန့်ဖလားတစ်လုံးနဲ့ လက်ခံလိုက်တာပါပဲ။ နောက်ပြီးတော့ လူစဲသွားတဲ့အခါမှာ သူ့ဖလားထဲက ပစ္စည်းတွေအားလုံးကို လွတ်လပ်ရေး ရန်ပုံငွေဖလားထဲ ပေါင်းထည့်လိုက်တာပါပဲ။ လောဘမရှိတဲ့ ပုဂ္ဂိုလ်ပေကိုး





ကွဲ့။ ငါဖြင့် လှူသူကိုရော အလှူခံသူကိုရော တွေးမိတိုင်း ကြည်ညိုမိတယ်။ ခြော် . . . လွမ်းမောစရာခေတ်ကြီးပေပဲ။

ဒီတော့ သပြေကန်ဆရာတော်ကြီး မိန့်ကြားချက်ကို ကောက်ချက်ဆွဲလိုက်ရင် အဲဒီအမျိုးသမီးတွေလည်း (ပုဂ္ဂိုလ်ကို ကြည်ညိုလို့ ပေးတာဖြစ်သော်လည်း) ဒါနမြောက်တယ်လို့ ဆိုရတော့မှာပေါ့။ ကောင်းပြီ။ ဗိုလ်ချုပ်အောင်ဆန်းကတော့ သူကလည်း မက်မောတွယ်တာမှုမရှိဘဲ လွတ်လပ်ရေးရန်ပုံငွေထဲ ထည့်လိုက်တာမို့ (မြန်မာပြည်သူပြည်သားတွေရဲ့ လွတ်လပ်ရေး ချမ်းသာရေးကို ရှေးရှုတာမို့) ဒါနဖြစ်လာတော့ လူ့သာမန်ထက် မြင့်တဲ့ လူဖြစ်လာပြီလို့ ဆိုနိုင်တာပေါ့။

ကလေးဘဝ ငယ်ငယ်မှာတော့ ကိုယ်စားနေတဲ့ မုန့်ကို သူငယ်ချင်းအတွက် ခွဲပေးလိုက်တာပဲပေါ့။ နောင်အခါ တက္ကသိုလ်ကျောင်းသားကြီးတွေအဖြစ်မှာ သူငယ်ချင်းတစ်ယောက်မှာ စီးပွားအခြေအနေယိုင်သွားလို့ နောက်ဆုံးနှစ် ကျောင်းပြီးသည်ထိအောင် ကျန်တဲ့သူငယ်ချင်းတွေက ဝိုင်းဝန်းထောက်ပံ့ကြတာတွေ ရှိပါတယ်။ မိတ်ဆွေအချင်းချင်း ရိုင်းပင်းကူညီတာပင် ဖြစ်သော်လည်း ဒါနစာရင်းဝင်တယ်လို့ ဆိုရမှာပါပဲ။

အရေးကြီးဆုံးကတော့ မေတ္တာအခြေခံနဲ့ သဒ္ဓါတရား ထက်သန်မှုပါပဲ။

မကြာသေးမီက မြစ်ဝကျွန်းပေါ်ဒေသမှာ နာဂစ်မုန်တိုင်းကြီး မွှေလိုက်တော့ လူပေါင်းများစွာ အသက်အိုးအိမ်စည်းစိမ် ပျက်ပြားခဲ့ရတယ်။ အဲဒီဒုက္ခသည်များစွာကို ပြည်တွင်းကသာမက ကမ္ဘာ့အလှူရှင်တွေကလည်း စားနပ်ရိက္ခာ၊ အိပ်ရာ ခြင်ထောင်၊ အသုံးအဆောင်ပစ္စည်း၊ ဆေးဝါးများကို တတ်အားသမျှ လှူကြတယ်။ တကယ့်ကို မြင့်မြတ်တဲ့ ဒါနပြုမှုတွေပါပဲလို့ ပြောကြရမှာပါ။ သူတို့မတွေ့ဖူး၊ မမြင်ဖူးသော၊ မသိကျွမ်းဖူးသော သူတွေကို ထောက်ထား ကြင်နာသောအားဖြင့် လှူကြတန်းကြပေတာကိုး။ အဲဒီအလှူရှင်တွေဟာ ဗုဒ္ဓဘာသာဝင်တွေ ဟုတ်ချင်မှ ဟုတ်မှာပေါ့။ ဘယ်ဘာသာဝင်ပဲ ဖြစ်နေနေ အခြေခံမေတ္တာတရားနဲ့ သဒ္ဓါစိတ်ပွားပြီး



www.burmeseclassic.com

www.burmeseclassic.com



လှူကြတာမို့ ဒါနမြောက်သော လှူခြင်းတွေပဲလို့ ဆိုရမှာပေါ့။

ပြည်တွင်း ဗုဒ္ဓဘာသာ ရဟန်းတော်များ၊ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များ စသည်အားဖြင့် ဦးဆောင်ပြီး ပင်ပန်းကြီးစွာ သွားရောက် လှူဒါန်းပေးဝေကြတာတွေဟာလည်း ဒါနမြောက်သော အလှူကြီးတွေပဲ လို့ ဆိုရမှာပဲ။

ဆရာတော်ကြီး မိန့်ကြားတော်မူတဲ့ စကားထဲမှာ "ပေးကမ်းလှူဒါန်း ခြင်းဆိုတာ တွယ်တာမှုလောဘကို လျော့ပါးစေခြင်း ဖြစ်တယ်" ဆိုတာလေး ကို အလွန်သဘောကျမိတယ်။ လူတွေဟာ မိမိရဲ့ စည်းစိမ်ဥစ္စာပစ္စည်းကို တွယ်တာတပ်မက်တယ် မဟုတ်လား။ ပိုက်ဖက်ထားချင်ကြစမြဲ မဟုတ် လား။ အဲဒါကို တစ်ပါးသူအား ပေးလှူလိုက်တယ်ဆိုတော့ တွယ်တာမှု ကင်းမဲ့သော အလောဘ ဖြစ်သွားပြန်တော့တာပေါ့။ ဒီတော့ လှူလိုက်တဲ့ ပစ္စည်းကို သူတစ်ပါးက ရသွားတယ်။ ကိုယ့်ဆီမှာတော့ အလောဘ ဓာတ်ခံလေး ကျန်ရစ်ခဲ့တယ် ဆိုရမှာပေါ့။

မိဘမဲ့ကလေးများကို စောင့်ရှောက်ပေးတဲ့ ပရဟိတ ကျောင်းလေး တွေ ရှိတယ်။ အဲဒီကျောင်းလေးတွေကို ဝိုင်းဝန်းလှူဒါန်း ထောက်ပံ့ကြသူ တွေ သာဓုအထပ်ထပ် ခေါ်မိတယ်။ မေတ္တာ၊ ကရုဏာတရားကို အခြေခံ ပေါ်လာတဲ့ သဒ္ဓါတရား မဟုတ်ပေဘူးလား။ အဲဒီလို ကလေးသူငယ် ဒုက္ခသည်တွေကို ရှာဖွေပြီး ထောက်ပံ့လှူဒါန်းနေတဲ့ အသင်းအစုလေးတွေ ကမ္ဘာပေါ်မှာ အများကြီးရှိတယ်။ များသောအားဖြင့် ခရစ်ယာန် ဘာသာဝင် တွေပါပဲ။ ငါကိုယ်တိုင် ကြုံဖူးတွေ့ဖူးတာကတော့ အင်္ဂလန်က အသင်းအစု လေးတွေပါပဲ။ အသင်းအဖွဲ့ကြီးလို့ ပြောလောက်အောင် အဖွဲ့ဝင်မများပါဘူး။ သူတို့က သာသာနပြုဖို့လည်း မဟုတ်ဘူး။ ဘာရည်ရွယ်ချက်၊ မျှော်မှန်း ချက်မှ မထားကြပါဘူး။ ဆင်းရဲနွမ်းပါးရှာတဲ့ ကျေးရွာမူလတန်းကျောင်းက ကလေးတွေကို ဗလာစာအုပ်၊ ခဲတံ စသည်တို့ကို လှူတယ်။ ကျောင်း အဆောက်အအုံကို ပြုပြင်ပေးတယ်။ ရေတွင်း၊ ရေကန်၊ အိမ်သာ စသည် လေးတွေကို တည်ဆောက်ပေးတယ်။ ဒါတွေဟာလည်း အလွန်ကို





မွန်မြတ်တဲ့ဒါနလို့ ပြောရပေမှာပဲ။

ဆရာတော်ကြီးက ကြောက်၍ ပေးခြင်း၊ လာဘ်မျှော်ကိုး၍ ပေးခြင်း၊ ချစ်ကြိုက်၍ ပေးခြင်းတို့ကိုတော့ ဒါနမဖြစ်ဘူးလို့ မိန့်ကြားပါတယ်။ ဓားပြတိုက်၊ အနုကြမ်းစီးလို့ ပေးလိုက်ရတာမျိုး။ ပြန်ပေးဆွဲလို့ ပေးလိုက် ရတာမျိုးကတော့ ဘယ်လိုလုပ်ပြီး ဒါနဖြစ်နိုင်ပါတော့မလဲ၊ ကိုယ်တိုင်ကကို ပဲ မေတ္တာမှ မထားနိုင်ပဲကိုး။ လာဘ်ကိုမျှော်ကိုးလို့ ပေးခြင်းဆိုတာလည်း ဒီလိုပဲပေါ့။ အမှုအခင်း စသည်ဖြစ်ပေါ်လာလို့ သက်ဆိုင်ရာ အမှုထမ်း၊ ဝန်ထမ်းတွေကို လာဘ်တံစိုးပေးတာဟာ ဒါန ဘယ်လိုလုပ်ပြီး ဖြစ်နိုင် ပါ့မလဲ။ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားကြောင့်ပေးတာမှ မဟုတ်ပဲကိုး။ ဒီလိုပဲ သမီးရည်းစားသဘော ချစ်ကြကြိုက်ကြလို့ ပေးတာလည်း ကိုယ်က သူရဲ့ တဏှာကာမ တပ်မက်မှုကို မျှော်ကိုးတာ မဟုတ်လား။ ဒါကြောင့် ဒါနမဖြစ်ဘူးလို့ ဆရာတော်ကြီး မိန့်တော်မူတာ ဖြစ်မှာပေါ့။

ငါစဉ်းစားမိတာလေးတစ်ခုကို ပြောလိုက်ချင်သေးတယ်။ ပေဒင် လောကမှာ ကိုယ့်ဇာတာ ဂြိုဟ်စီးဂြိုဟ်နင်း ဝင်လာရင် ယတြာချေကြ တယ်။ ဓာတ်ရိုက်ဓာတ်ဆင် ဆိုတာမျိုးတွေလည်း လုပ်တတ်ကြတယ်။ ကာယကံရှင်ကလည်း ပေဒင်ဆရာပြောတဲ့အတိုင်း လုပ်တတ်ကြတယ်။ မွေးနေ့မှာ စာကလေးတွေကို စပါးကျွေးပါ။ နို့လေးတွေကို ပဲစေ့ကျွေးပါ ဆိုတာမျိုးပေါ့။ သူတို့ဟာ ဂြိုဟ်စီးဂြိုဟ်နင်းမကောင်းတာက လွတ်ချင်လို့ ကျွေးကြတာပဲ။ ကြောက်လို့၊ လာဘ်မျှော်ကိုးလို့ ဆိုတာမျိုးပေါ့။ ဒါပေမဲ့ အဲဒီလူမှာ ကုသိုလ်မရနိုင်ဘူး။ ဒါနမဖြစ်နိုင်ဘူးလား ဆိုတာမျိုးကို စဉ်းစား မိတယ်။ အဲဒီကျွေးတဲ့လူ (ယတြာချေတဲ့လူ)ရဲ့ စိတ်ထားပေါ်မှာ မူတည် တယ်လို့ ထင်မိပါတယ်။ သူက ကြောက်လို့ (ကံနိမ့်တာကို ကြောက်လို့) လှူတာပဲဖြစ်စေဦး။ မေတ္တာအခံ၊ သဒ္ဓါတရားမှန်နေရင် ဒါနမြောက်တယ် လို့သာ ယူချင်ပါတယ်။

ဘာပဲပြောပြော ဆရာတော်ကြီး မိန့်ကြားတဲ့ တွယ်တာမှုလျော့ပါး ခြင်း၊ အလောဘပွားစေခြင်း၊ မေတ္တာအခြေခံ ရင့်ကျက်ခြင်း စသည်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဒါနက ပေးစွမ်းနိုင်ကြောင်းတော့ သတိမူမှတ်သားရမှာပေါ့။ နောက်ပြီး ဘာကလေးကိုပဲ ပေးပေးလှူလှူ အခြေခံမေတ္တာနဲ့ ကရုဏာသဒ္ဓါကို ပေါင်းပြီး စေတနာရှေးရှုတတ်ရင် လှူရကျိုးနပ်တယ်။ မင်္ဂလာရှိတယ်လို့ ဆိုကြရမှာပါပဲ။

●

## (၂၄)

ဓမ္မစရိယာ။ ။ ဓမ္မစရိယာဆိုတာ 'တရားကို ကျင့်ခြင်း၊ တရားနှင့် မကင်းကွာသော အကျင့်'ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ တစ်နည်းအားဖြင့် မကောင်းသော အကျင့် (ဒုစရိုက်)ကို ရှောင်ပြီး ကောင်းသော အကျင့် (သုစရိုက်)ကို ကျင့်ခြင်းပါပဲ။

ငါတို့ဗုဒ္ဓဘာသာမှာ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ မကောင်းသောအကျင့် ဒုစရိုက်ဆယ်ပါးဆိုတာကို မင်းတို့ငါတို့ ကြားဖူးနားဝ ရှိနေကြပါတယ်။ စာထဲမှာလည်း မကြာခဏ တွေ့ကြရတတ်ပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးကို အမှီပြုပြီး ပေါ်လာတတ်တဲ့ မကောင်းသောအကျင့်တွေလို့ ဆိုရမှာပေါ့။

သူ့အသက် သတ်ခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ သူတစ်ပါး သားမယားကို ပြစ်မှားခြင်းဆိုတဲ့ ကာယဒုစရိုက်သုံးပါး။



www.burmeseclassic.com

www.burmeseclassic.com



လိမ်ပြောခြင်း၊ ရန်တိုက်ခြင်း၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၊ သိမ်ဖျင်းသေးနုပ် အကြောင်းမဟုတ် အကျိုးမဲ့စကားကို ပြောခြင်းဆိုတဲ့ ဝဒီဒုစရိုက်လေးပါး။

သူတစ်ပါး၏ ဥစ္စာကို မတရားယူရန် ကြံစည်ခြင်း၊ သူတစ်ပါး ပျက်စီးစေရန် ကြံစည်ခြင်း၊ အယူမှားခြင်းဆိုတဲ့ မနောဒုစရိုက်သုံးပါး။

အဲဒါတွေကို ဒုစရိုက်ဆယ်ပါးလို့ ခေါ်ပါတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ အပါယ်ဘုံကို လားစေတတ်တဲ့ အမှုတွေမို့ အကုသိုလ်တရားတွေလို့ ဆိုကြပါတယ်။ အဲဒီအပြုအမူတွေကို ရှောင်ကြဉ်နိုင်ရင်ပဲ မင်္ဂလာတရားနဲ့ ပြည့်စုံနေပြီလို့ ဆိုနိုင်ပါတယ်။

သူတစ်ပါးအသက်သတ်ခြင်း = ‘ပါဏာတိပါတာ’ ကို ရှောင်ရုံသာမက အသက်ကို စောင့်ရှောက်ကယ်တင်နိုင်ရင်တော့ ပိုလို့မြင့်မြတ်သော မင်္ဂလာလို့ ဆိုရမှာပေါ့။ ဒါကြောင့် ဆေးဆရာတွေ၊ သူနာပြုတွေဟာ မိမိအသက်မွေးဝမ်းကျောင်းမှုကို ပြုနေရင်း (စေတနာကောင်းထားတတ်ရင်) ကုသိုလ်မင်္ဂလာနဲ့ ပြည့်စုံနေသူတွေလို့ ဆိုရမှာပေါ့။

သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း = ‘အဒိန္နာဒါနာ’ ဟာ အကုသိုလ်ဖြစ်လေတော့ သူတစ်ပါးပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းဟာ ကုသိုလ်တရားပဲပေါ့။ ဒါကြောင့် ရဲဝန်ထမ်း၊ စစ်မှုထမ်း၊ ရပ်ရွာလုံခြုံရေး စောင့်ရှောက်တဲ့ အသင်းအဖွဲ့အမှုထမ်းများဟာလည်း မင်္ဂလာတရားနဲ့ ပြည့်စုံသောသူများလို့ ဆိုရမှာပေါ့။

စကားစပ်မိလာတာကြောင့် ငယ်ငယ်က မှတ်သားဖူးတဲ့ စကားလေးကို ထည့်ပြီးရေးလိုက်ချင်ပါသေးတယ်။ အဲဒါက မိမိ၏လုပ်ငန်းကို ရိုသေမှန်ကန်စွာ လုပ်ဆောင်နေရင်း ကုသိုလ်ဖြစ်နေတဲ့သူ သုံးဦးရှိတယ်တဲ့။ အဲဒါတွေက ရဟန်း၊ ရှင်ဘုရင်နဲ့ အိမ်ရှင်မတို့ပဲဖြစ်တယ်တဲ့။ ရဟန်းတော်များမှာလည်း မိမိတို့ဝိနည်းကို လိုက်နာပြီး ရဟန်းတရားကို ကျင့်ကြံအားထုတ်နေရင် အလိုလို ကုသိုလ်ဖြစ်နေသတဲ့။

ဒီလိုပဲ ရှင်ဘုရင်များဟာလည်း မင်းကျင့်တရားဆယ်ပါး၊ အပရိ





ဟာနိယတရားခုနစ်ပါး၊ သင်္ဂဟတရားလေးပါးစသည်အားဖြင့် တရားနဲ့အညီ အုပ်စိုးရင် တိုင်းပြည်ငြိမ်းချမ်းသာယာအောင်၊ လူအများ ပျော်ရွှင်ချမ်းမြေ့အောင် အားထုတ်နေတာဖြစ်လို့ အလိုလို ကုသိုလ်ရနေပါသတဲ့။

အိမ်ရှင်မကို ပါဠိလိုတော့ဖြင့် ‘ဂဟပတိ’–အိမ်ရဲ့ အကြီးအမှူးပေါ့ကွယ်။ အိမ်ရှင်မများဟာလည်း မိမိအိမ်မှုကိစ္စကို လုပ်နေရင်း ကုသိုလ်ရနေတတ်တယ်ဆိုတာကို ငယ်ငယ်က သဘောမပေါက်ခဲ့မိရိုး အမှန်ပါ။ ကြီးလာမှ တစိမ့်စိမ့်သဘောပေါက်လာတယ်။ အိမ်ရှင်မကောင်းတစ်ယောက်ဟာ သူ့အတွက်ထက် သူတစ်ပါးအတွက်ကိုသာ စေတနာရှေ့ရှုနေကြရတာကိုး။ ထမင်း ဟင်းချက်တာကအစ ခင်ပွန်းသည် ခံတွင်းတွေ့အောင်၊ သားကြီး ကြိုက်တတ်တဲ့ ဟင်း၊ သမီး ကြိုက်တတ်တဲ့လက်သုပ် စသည်အားဖြင့် ချက်ပြုတ် လုပ်ကိုင်နေတတ်တာကိုး။ ညအိပ်ရာဝင်ပြီဆိုရင်လည်း သားလေး သမီးငယ်တို့ ခြင်ထောင်လုံရဲ့လား၊ စောင်ခြုံကြရဲ့လား သွားကြည့်လိုက်ရသေးတယ်။ သားတွေးပေါက်စ ကိုယ်ပူနေပြန်တော့လည်း ညမအိပ်ရတော့ပြန်ဘူး။ အဲဒါတွေကို သတိထားမိလာတော့မှ ကိုယ့်တာဝန်ကိုယ့်လုပ်ငန်းကို လုပ်နေရင်း ကုသိုလ်ရနေတယ်ဆိုတာ ရထိုက်ပါပေတယ်လို့ အောက်မေ့လိုက်မိပါတယ်။ မေတ္တာအခြေခံမဟုတ်လား။

ဒီတော့ အိမ်ရှင်မကောင်းတို့ဟာ အလိုလိုနေရင်း၊ ကုသိုလ်မင်္ဂလာတရားနဲ့ ပြည့်စုံနေကြတယ်လို့ ဆိုရမှာပေါ့။

သူတစ်ပါးသားမယားကို ပြစ်မှားခြင်းဆိုတာ ငါးပါးသီလမှာပါတဲ့ ‘ကာမေသုမိစ္ဆာစာရ’ပေါ့ကွယ်၊ အဲဒါက အကုသိုလ်ဖြစ်လေတော့ ကျောင်းသွားဖော် ကျောင်းနေဘက်၊ ခရီးသွားဖော် ခရီးသွားဖက်အချင်းချင်းကို လိုအပ်သလို စောင့်ရှောက်တာဟာလည်း ကုသိုလ်ပေါ့။ မင်္ဂလာတရားပဲပေါ့။

မမှန်သောစကားကို ဆိုခြင်း၊ မုသာဝါဒဆိုတာကို အားလုံးသိနေကြပါတယ်။ ဘုရားရှင်ကတော့ မမှန်သောစကားကို မဆိုထားနဲ့၊ မှန်သောစကားကိုတောင် အကျိုးမရှိရင် မပြောသင့်ဘူးလို့ မိန့်ကြားတော်မူပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မမှန် လုပ်ကြံပြီး ပြောတဲ့စကားဟာ တစ်ခါတစ်ရံမှာ လူအများကို ဒုက္ခတွင်းထဲ ပို့လိုက်သလို ဖြစ်သွားတတ်တယ် မဟုတ်လား။ မုသာဝါဒ ဆိုတာ နှုတ်ကထွက်မှမဟုတ်ဘူး အမူအရာအားဖြင့်လည်း ကျူးလွန်နိုင်တာပဲ။ ခရီးသည်တစ်ဦးက လမ်းမသိလို့ မေးတာမှာ တောင်ဘက်သွားရမှာကို မြောက်ဘက် လက်ညှိုးထိုးပြလိုက်ရင်လည်း မုသားပဲပေါ့။

ရန်တိုက်ခြင်းကိုတော့ ကုန်းချောခြင်း၊ ကုန်းတိုက်ခြင်းလို့လည်း သုံးတတ်ပါတယ်၊ လူနှစ်ဦးကို ရန်ဖြစ်အောင် လုပ်ပေးတာပဲပေါ့။ လူနှစ်ဦးကိုသာမကပါဘူး။ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး၊ တိုင်းပြည်တစ်ပြည်နဲ့ တစ်ပြည် စစ်ဖြစ်ကြအောင်လည်း ကုန်းချောကုန်းတိုက် လုပ်ပေးနိုင်တာမျိုးတွေ ရှိခဲ့ဖူးတာပါပဲ။ ငါးရာ့ငါးဆယ်ဇာတ်တော်တွေထဲမှာ ပဋိပက္ခဖြစ်အောင် ကုန်းချောစကားဆိုတဲ့ ပုဏ္ဏားအကြောင်း၊ မြေခွေးအကြောင်းဆိုတာ တွေ့ရတတ်ပါတယ်။ ပါဠိလိုတော့ 'ပိသုဏာဝါစာ'လို့ ခေါ်တာပေါ့။ ဝစီဒုစရိုက်ပေါ့။ ခုခေတ်မှာလည်း အထက်လူကြီးနားကပ်ပြီး အချင်းချင်း ချောက်တွန်းစကား ပြောတတ်တဲ့လူတွေ ရှိတာပါပဲ။

အဲဒါရဲ့ဆန့်ကျင်ဘက်က နှစ်ဦးနှစ်ဖက် ပြေငြိမ်းချစ်ကြည်အောင် ပြုလုပ်ပြောဆိုတဲ့သူတွေပေါ့။ မြန်မာစကားမှာ 'သွားတမန် ပြန်ရေ့နေ' ဆိုတဲ့ စကားရှိတယ်။ မိမိသခင် ရှင်ဘုရင်က **စေလွှတ်လို့ တမန်အဖြစ်** သွားရတယ် ပြန်လာတော့ တစ်ဖက်ရှင်ဘုရင်ရဲ့ **စိတ်ရင်းသဘောမှန်နဲ့** အခြေအနေ၊ အခက်အခဲစသည်တို့ကို ကိုယ့်သခင် ရှင်ဘုရင် နားလည်အောင် ရှေ့နေသဘောမျိုး လျှောက်ထားပေးတယ်၊ ဒီတော့ နှစ်ပြည်ထောင် မင်းနှစ်ပါးဟာ စစ်တိုက်မယ့်အစား ချစ်ကြည်သွားကြတာပေါ့။ မင်္ဂလာရှိတဲ့ စကားမျိုးပေါ့။

ငါတို့ခေတ် ကုလသမဂ္ဂရဲ့ လုပ်ငန်းတွေဟာ ဒါမျိုးကိုလုပ်တာပါပဲ။ စေ့စပ်ရေးမစ်ရှင်အဖွဲ့ဆိုတာတွေဟာ အဲဒီလို မင်္ဂလာစကားပြောဆိုတတ်တဲ့ လူမျိုးတွေကို ဖွဲ့**စည်းထားတာတွေ**ပါပဲ။ ငြိမ်းချမ်းရေး ဆောင်ကြဉ်းရန် ကြိုးစားသူတွေပေါ့။





သိမ်ဖျင်းသေးနုပ် အကြောင်းမဟုတ်သော စကားများ ပြောဆိုခြင်းကိုတော့ဖြင့် ပါဠိလို 'သမ္ဖပ္ပလာပဝါစာ'လို့ ခေါ်ပါတယ်။ ငါတို့ ဒီခေတ်စကားနဲ့ ပြောရရင် အရည်မရအဖတ်မရ အကျိုးမဲ့စကားတွေကို ပြောကြတာတွေပေါ့ကွယ်။ ငယ်ငယ်ရွယ်ရွယ်မှာ အဲဒီလိုစကားမျိုးတွေကို ပြောရင်း အချိန်ကုန်တတ်တာ အလွန်များပါတယ်၊ အကြောင်းအရာက ကောင်းတာလည်းပါရဲ့။ မကောင်းတာလည်းပါရဲ့။ များသောအားဖြင့်တော့ မကောင်းတာက များတတ်သပေါ့။ ငါတို့လည်း အဲဒီလိုစကားဝိုင်းတွေမှာ တဟီးဟီးတဟားဟားနဲ့ ပျော်မွေ့ခဲ့ဖူးတာပါပဲ။ အသက်အားဖြင့် ဆယ့်လေးငါးနှစ်လောက် ရောက်လာမှ ကျိုးသင့်ကြောင်းသင့် ဗဟုသုတစကားတွေ ပြောတတ်တဲ့ လူကြီးတွေရဲ့စကားဝိုင်းကို အရသာယူရမှန်း သိပါတယ်။ စာဖတ်တာမှာလည်း ဒီလိုပါပဲ၊ ခပ်ငယ်ငယ်မှာတော့ အပေါစားအချစ်ဝတ္ထုတွေ၊ စုန်းတစ္ဆေတွေကို တမက်တမော ဖတ်ခဲ့မိတာပါပဲ။ အရွယ်လေး **နည်းနည်းရလာတော့မှ** ကြီးပွားရေးလမ်းညွှန် **စာအုပ်တွေကို ဖတ်ရကောင်းမှန်း သိလာရတာပါ**။ သမ္ဖပ္ပလာပစာအုပ်တွေ ဩဇာအောက်က လွတ်မြောက်စပြုလာတယ် ဆိုရမှာပေါ့လေ။

သပြေကန်ဆရာတော်ကြီးက ဘုရားအလိုတော်က မိန့်ကြားတာမှာတော့ဖြင့် သေးနုပ်သိမ်ဖျင်းသောစကားများကို ပြောဆိုခြင်းဟာလည်း ဝစီဒုစရိုက်ပဲပေါ့။ အဲဒီလိုစကားမျိုးကို မပြောဆိုမိခြင်း၊ ထိန်းသိမ်းတတ်ခြင်းဟာလည်း မင်္ဂလာတရားပဲပေါ့။ ဓမ္မစရိယာပါပဲပေါ့။

သူတစ်ပါး၏ ဥစ္စာကို မိမိဥစ္စာဖြစ်အောင် မတရားကြံစည်တာမျိုးကို အဘိဇ္ဈာလို့ ခေါ်ပါတယ်။ မတရားကြံစည်တာမျိုးကို ဆိုတာပါ။ တရားသောနည်းအားဖြင့် ကြိုးစားအားထုတ် ဝယ်ယူတာမျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။ မတော်လောဘစိတ်တွေပဲ ဆိုပါတော့။ စိတ်ကူးထဲမှာ မတရားကြံစည်နေရုံနဲ့ကိုပဲ အကုသိုလ်ဖြစ်နေတာ။ မနောဒုစရိုက်ပေါ့။

ဘောလုံးပွဲဆိုတာ အားကစားပဲ။ အဲဒီလို အားကစားပွဲကို လောင်းကြ၊ စားကြ၊ လုပ်လာတော့ လောင်းကစားပွဲ ဖြစ်လာတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားပွဲဖြစ်လာရင်ပဲ လောင်းကြေးရလိုမှု၊ နိုင်လိုမှုစိတ်တွေက တရိပ်ရိပ်တက်လာတော့တာပဲ မဟုတ်လား။ မနောဒုစရိုက်တွေ ဝင်လာရပြန်တာပဲ။ နှစ်လုံးတိုက်၊ သုံးလုံးတိုက်တွေ ထိုးကြ၊ ဒိုင်ခံကြတာတွေဟာ အဘိဇ္ဈာကို အားပေးနေတယ်လို့ မဆိုနိုင်ဘူးလား၊ စဉ်းစားကြည့်ဖို့ ပြောတာပါ။

သူတစ်ပါးကို ငြိုးထားရန်ဘက် ပျက်စီးအောင် ကြံစည်ခြင်းကိုတော့ 'ဗျာပါဒ'လို့ ခေါ်ပါတယ်။ စီးပွားပြိုင်ဘက် အချင်းချင်းများ ကိုယ်ကပိုပြီး စီးပွားဖြစ်အောင် ကြိုးစားတာမဟုတ်ဘဲ တစ်ဖက်သား စီးပွားပျက်အောင် ကြံစည်နေမိတာမျိုးပေါ့။ ကာယကံမြောက် ကိုယ်ထိလက်ရောက် မကျူးလွန်ရသေးသော်လည်း အကုသိုလ်စိတ်က မိမိကို နှိပ်စက်လောင်ကျွမ်းနေပြီ။ အဲဒီ ဗျာပါဒစိတ်တွေ၊ အဘိဇ္ဈာစိတ်တွေဟာ လူတွေကို အလွန်နှိပ်စက်တတ်တယ်။ ရွှေမန်းဦးတင်မောင်ရဲ့ ရွှဲကုန်သည်ဇာတ်ထဲက ဒေဝဒတ်အလောင်း ရွှဲကုန်သည်က ရွှေခွက်ကို ကြေးခွက်ဖြစ်လေဟန် ညာပြီးယူဖို့ ကြံစည်တာတွေ၊ ရွှေခွက်ကို တခြားရွှဲကုန်သည် ယူသွားတာတွေ့လိုက်ရတော့ ပေး ပေး ပေး ငါ့ရွှေခွက်ပေးဆိုတာတွေဟာ အဘိဇ္ဈာ၊ ဗျာပါဒ အကုသိုလ်စိတ်တွေကြောင့် ဖြစ်လာတာတွေပေါ့။ အဲဒီလို မတော်လောဘ အဘိဇ္ဈာ ဗျာပါဒ များလွန်းတဲ့သူတွေဟာ အသက်တိုတတ်တယ်။ ရောဂါထူပြောတတ်တယ်။ ကိုယ့်အတ္တနဲ့ ကိုယ် ငြိမ်းချမ်းရေး ပျောက်ဆုံးနေရတဲ့သူတွေ မဟုတ်လား။

အယူမှားခြင်းဆိုတာကတော့ 'မိစ္ဆာဒိဋ္ဌိ'ပါပဲ။ ဘုရားရှင်ရဲ့ လက်ထက်တော်က မိစ္ဆာဒိဋ္ဌိဂိုဏ်းတွေ အများကြီးပေါ်ခဲ့တယ် မဟုတ်လား။ မီးကို ကိုးကွယ်သူ၊ နေကို ကိုးကွယ်သူ၊ တိရစ္ဆာန်တွေ လူတွေကို သတ်ပြီး ယဇ်နတ်ပူဇော်သူ စသည်အားဖြင့် မှားသော အယူတွေကို ရှင်ဘုရင်တွေကတောင် ရောယောင်ကျင့်သုံးခဲ့ကြသေးတာကိုး။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်အရင်းခံ ပါတာမဟုတ်လေတော့ မှားသောအယူတွေလို့ မြတ်စွာဘုရားက ဒုစရိုက်ဂိုဏ်းဆယ်ပါးမှာ





သွင်းရတော့တာပေါ့။

ဓမ္မာစရိယာ – 'တရားနှင့်မကင်းကွာသော အကျင့်၊ တရားသော အကျင့်'ဆိုတဲ့ မင်္ဂလာတရားတော်မှာ သပြေကန်ဆရာတော်ဘုရားကြီးကလည်း ဒုစရိုက်ဆယ်ပါးကို သေချာညွှန်းထားတာမို့ ဒီမှာလည်း ရှည်ရှည်လေးဖွင့်ပြီး ရေးလိုက်ရပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com

# (၂၅)

ဉာတကာနုဠ သင်္ဂဟော။ ။ 'ဉာတက' ဆိုတာက ဆွေမျိုးပေါက်ဖော်ကို ဆိုလိုတယ်။ 'သင်္ဂဟ' ဆိုတာက ထောက်ပံ့ပေးကမ်းခြင်းပါပဲ။ 'အဆွေအမျိုးများကို ထောက်ပံ့ပေးကမ်းခြင်း' မင်္ဂလာပေါ့။ သပြေကန်ဆရာတော်ဘုရားကြီး ဖွင့်တာကိုလည်း ကြည့်ပါဦး။

'ဉာတိသင်္ဂဟာ။ ။ဉာတိဆွေမျိုးဟူသည်မှာ မိဘက် ဖဘက် ဆွေခုနစ်ဆက်ကို ဆို၏။ ဥစ္စာစည်းစိမ် ပျက်စီးသောကြောင့်ဖြစ်စေ၊ ရောဂါနှိပ်စက်သောကြောင့် ဖြစ်စေ၊ အရပ်တစ်ပါးမှ မိမိထံရောက်လာသော ဆွေမျိုး၊ မိမိအပါးမှ ဆွေမျိုးများကို အဝတ်၊ အစားအစာ၊ ဆေးဝါး စသည်ဖြင့် ကူညီထောက်ပံ့ခြင်းကို ဉာတိသင်္ဂဟာဟု ဆို၏။'

စကားစပ်မိလာတာကြောင့် မြန်မာစာသင်တဲ့ကျောင်းဆရာပီပီ စဉ်းစားမိတာလေးတစ်ခုကို ထည့်လိုက်ချင်ပါသေးတယ်။ "သူတကာ





ပြောတိုင်းမယုံနဲ့" "သူများတကာလုပ်တိုင်း မလုပ်နဲ့" စသည်ဖြင့် ပြောတတ်ကြတယ် မဟုတ်လား။ အဲဒီ 'တကာ' ဆိုတဲ့ စကားလုံးဟာ "ဉာတကာနုဠပဲ လုပ်နိုင်မယ်၊ သူတကာနုဠတော့ မလုပ်နိုင်ဘူး" ဆိုတဲ့ အသုံးအနှုန်းက ဆင်းသက်လာတယ်လို့ ထင်တာပဲ။ ဟာသနှောနေတဲ့ အပြောမျိုးလို့ ဆိုရမှာပေါ့။ ဒါပေမဲ့ သပြေကန်ဆရာတော်ကြီးကတော့ အဲဒီလို သူတကာနုဠကိုပါ မင်္ဂလာလို့ မိန့်တော်မူတယ်။ ဖတ်ကြည့်ပါဦး။

'ဉာတတ္တစရိယာ၌ ဉာတိ ဆိုသည်မှာ သွေးသားတော်စပ်သော အမျိုးမျှသာမဟုတ်ဘဲ ဇာတ်တူ ကိုယ့်အမျိုးသားများကိုလည်း ဉာတိဆိုရာ၏။ ဤ၌ အားလုံး ကိုယ့်အမျိုးသားများကို ဉာတကဟုယူသော် ပို၍ ပြည့်စုံရာ၏။ ကိုယ့်ဖို့သာ အစဉ်ကြည့်တတ်သူမှာ စိတ်ထား သဘောထား သေးသိမ်ကျဉ်းမြောင်းသူဖြစ်၏။ ထိုသူမျိုးမှာ မိမိဆွေမျိုးအပေါ်ပင် ကူညီရန် သတိမရတတ်။ တစ်မျိုးသားလုံးအပေါ်မှု ဆိုဖွယ်မရှိ။ အများအကျိုးကို လိုလားစိတ်ထား သဘောထားကြီးများသောသူတည်း။ ထိုသူမျိုးမှာ မိမိဆွေမျိုးသာမက တတ်နိုင်လျှင် တစ်မျိုးသားလုံး ကောင်းစားအောင်ပြုရန် အသင့်ဖြစ်နေတတ်၏။ မိမိဆွေမျိုး အမျိုးသားများအပေါ် ကောင်းဖို့ရန်မှာ မေတ္တာ၊ ကရုဏာအရင်းခံဖြစ်ရာ ထိုတရားများ ထွန်းကားသော ခေတ်အခါကဆိုလျှင် ဤဉာတိသင်္ဂဟာမှာ သူတစ်ပါးက ဆုံးမဖွယ်မလို။ အရှိုးစွဲနေသော အကျင့်ဖြစ်ကာ အချင်းချင်း ကူညီရိုင်းပင်းလျက် တစ်သားတည်း ညီညွတ်ကာ သာယာသောခေတ် ဖြစ်လာတော့၏။'

ငါတို့မြန်မာပြည်မှာ သက်ကြီးပူဇော်ပွဲ၊ အာစရိယပူဇော်ပွဲဆိုတာတွေ ရှိတယ်။ ဒါတွေဟာ တကယ့်မင်္ဂလာတရားပွဲတွေပါပဲ။ အလွန်ကို ဂုဏ်ယူထိုက်တဲ့ပွဲတွေလို့ ဆိုသင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့တပည့် ဖနီးမောင်နဲ့နှစ်ယောက်မှာ သားသမီးမထွန်းကားရှာဘူး။ အရာရှိကြီးတစ်ယောက်ဖြစ်လေတော့ ဥစ္စာပစ္စည်းပြည့်စုံပါတယ်။ ဒီတော့ သူတို့ တူ၊ တူမတွေ တစ်ပြုံကြီးကို အိမ်မှာခေါ် ကျွေးထားပေးပြီး လင်မယားနှစ်ယောက် ပျော်ပျော်ပါးပါးကြီး ဖြစ်နေကြတာပဲ။ 'ဉာတကာနုဂ္ဂ သင်္ဂဟော'ပေါ့။

ငါက သက်ကြီးရွယ်အိုကျောင်းဆရာဖြစ်လေတော့ တပည့်တပန်းလည်း အလွန်များပါတယ်။ ကုမ္ပဏီပိုင်ရှင် တပည့်ဟောင်း သူဌေးတစ်ယောက်ဆိုရင် တစ်လကို တစ်သောင်းခွဲ ငါ့ကို လှမ်းပို့ပြီး ကန်တော့တာ ဆယ်နှစ်လောက်ရှိပြီ။ ဉာတကာနုဂ္ဂ သင်္ဂဟောပဲပေါ့။

ဒါတွေအားလုံးရဲ့ အခြေခံကတော့ မေတ္တာကရုဏာတရားတွေပါပဲ။ ဟိုအရင်က ဒါနအကြောင်းမှာ 'နာဂစ်' မုန်တိုင်း ဒုက္ခသည်တွေအတွက် ကမ္ဘာအရပ်ရပ်က နေအိမ်၊ အဝတ်၊ အစားအစာ၊ ဆေးဝါးတွေ ပေးလှူတဲ့ ကုသိုလ်ရှင်တွေအကြောင်းကို ထည့်ပြီး ရေးခဲ့တယ်။ ဒါနဥ္စဆိုလည်း ဟုတ်၊ ဉာတကာနုဂ္ဂ သင်္ဂဟော ဆိုလည်း မှန်တဲ့ မင်္ဂလာ တရားလို့ ဆိုရမှာပေါ့။

သူတို့ကို သွားရောက်ကူညီတဲ့ သူနာပြုတွေ၊ ဆရာဝန်တွေဆိုတာတွေဟာလည်း ဉာတကာနုဂ္ဂမင်္ဂလာကို ကျင့်သုံးနေကြတဲ့သူတွေလို့ ဆိုရတော့မှာပေါ့။ မေတ္တာ၊ ကရုဏာ အခြေခံတဲ့ လုပ်ဆောင်မှုတွေ မဟုတ်လား။

မင်းတို့လူငယ်တွေဟာ ဘဝတိုးတက်ကြီးပွားဖို့အတွက် ရည်မှန်းချက် မြင့်မြင့်မားမားထားပြီး ကြိုးစားကြရမှာပဲ။ စီးပွားချမ်းသာပြည့်စုံအောင် လုပ်ကြရမှာပဲ။ ကြီးပွားအောင်မြင်လာတဲ့အခါမှာလည်း ကိုယ့်အတွက် စည်းစိမ်ခံဖို့လောက်သာ မဟုတ်ဘဲ "သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်းနား" ဆိုတဲ့စကားလို အဆွေအမျိုးတို့ရဲ့ မှီခိုရာ ဖြစ်အောင် ကျင့်သုံးရမှာပဲ။

တကယ်လို့ မင်းက စီးပွားချမ်းသာရှာသူမဟုတ်ဘဲ ပညာရှာသူဖြစ်နေရင်လည်း ပညာအားဖြင့် ပတ်ဝန်းကျင် လူ့လောကကို စောင့်ရှောက်သူဖြစ်အောင် လုပ်ရမှာပဲ၊ ဆေးပညာလောကမှာ သုတေသနအမျိုးမျိုး





လုပ်နေသူတွေ ရှိတယ်။ ဆေးအမျိုးမျိုး စမ်းသပ်ဖော်ထုတ်နေသူတွေ ရှိတယ်။ ဉာတကာနုဂ္ဂ သင်္ဂဟော မင်္ဂလာပေပဲပေါ့။

ငါတို့ စာပေလောကမှာလည်း ရှိတာပါပဲ။ ဆရာကြီး ပီမိုးနင်းဆိုရင် သေသည့်တိုင် ဆင်းဆင်းရဲရဲ နေသွားခဲ့ရတယ်။ ဒါပေမဲ့ သူ့စာအုပ်တွေက ဒီကနေ့တိုင် လောကကို စောင့်ရှောက်နေဆဲ မဟုတ်လား။ ဉာတကာနုဂ္ဂ သင်္ဂဟောပဲပေါ့။ ပြောချင်တာက မင်းဟာ စီးပွားရေးသမားမဟုတ်လို့ ပညာသမားဖြစ်နေရင်လည်း ဉာတကာနုဂ္ဂ သင်္ဂဟောဖြစ်အောင် ရည်မှန်းကြိုးစားသင့်တယ်လို့ ဆိုချင်တာပါပဲ။

အနဝဇ္ဇကမ္မ – 'အနဝဇ္ဇကမ္မ'ဆိုတာ အပြစ်မရှိသော အလုပ်များလို့ ဆိုလိုတာပါပဲ။ သူ့ရဲ့ ဆန့်ကျင်ဘက်ကိုတော့ 'သာဝဇ္ဇကမ္မ' အပြစ်ရှိသော အလုပ်များပေါ့။ အပြစ်နှင့်တကွဖြစ်သော အလုပ်များပါပဲ။ အပြစ်နှင့်တကွပြုသောအလုပ်များက ခိုးခြင်း၊ သတ်ခြင်း၊ လုယူခြင်း၊ ခါးပိုက်နှိုက်ခြင်း၊ လာဘ်စား မတရားလုပ်ခြင်း၊ အာဏာအလွဲသုံးစားလုပ်ခြင်း စသည်အားဖြင့် အဓမ္မအမှုတွေကို ဆိုလိုကြောင်း အထူးပြောဖို့ မလိုတော့ပါဘူး။ တစ်ပါးလူသူကို စိတ်ဆင်းရဲအောင် ပြုမှု၊ တစ်ပါးသူတို့ အထင်သေးရှုတ်ချအောင် ပြုမှု စတာတွေကို သာဝဇ္ဇကမ္မ အပြစ်နှင့်တကွ ဖြစ်သော အမှုများပေါ့။

စကားစပ်မိလို့ ငါ့စိတ်ထဲမှာ နာနာကျင်ကျင် ခံစားမိတာလေးတွေကို ရေးလိုက်ချင်ပါသေးတယ်။ ငါက CRIME ဆိုတဲ့ ပြစ်မှုဂျာနယ်ကို နှစ်လုံးပေါက်ကြေးသွင်းပြီး ဖတ်မိပါတယ်။ ခရိုင်းမ်ဆိုတဲ့အတိုင်း ခိုးမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှု ဆိုတာတွေကို ဓာတ်ပုံနှင့်တကွ ဖော်ပြတာပေါ့။ ကျူးလွန်သူတွေရဲ့ ဓာတ်ပုံကို (လူသားချင်းစာနာမှုအရ) ဝိုးတဝါး လုပ်ထားတာပေါ့။ သို့ပေမဲ့ နာမည်တွေ၊ နေရပ်တွေကိုတော့ အပြည့်အစုံ ရေးထားတတ်ပါတယ်။ ဒီကော့ နီးစပ်ရာလူတွေ အားလုံးက သိကြမှာပါပဲ။ ဒီတော့ ပတ်ဝန်းကျင်အားလုံးရဲ့ ရှုတ်ချခြင်းကို ခံကြရမှာပါ။

အဲဒါတွေကို အထူးမပြောလိုပါဘူး။ ငါခံစားမိတာက သူတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သားငယ်သမီးငယ်တွေအတွက်ပါ။ သားသမီးဖြစ်နေလေတော့ အဖေကို အမေကိုလည်း အပြစ်မပြောဝံ့၊ မပြောရက်၊ ရှက်လိုက်တာလည်း ပြောမထွက်၊ မျက်နှာငယ်လိုက်တာလည်း ဆီးငယ်ရွက်၊ အသက်သေချင်လောက်အောင် ဖြစ်ရှာမှာပဲလို့ လှမ်းပြီး တွေးနေမိတတ်ပါတယ်။ သားသမီး အဟုတ်မဟုတ်လို့ မိဘအရှက်ရတာတွေလည်း ရှိတတ်တာ အမှန်ပါပဲ။ ဒါပေမဲ့ မိဘက မဟုတ် မတရားလုပ်တော့ အမွှေပြတ်ကြော်ငြာလို့ရတာမှ မဟုတ်ပါပဲကလားရယ်လို့ သနားစရာ မျိုးဆက်သစ်လူငယ်လေးတွေကို တွေးမိတိုင်း ရင်ထဲမှာ ကျင်ခနဲ နာသွားမိတတ်ပါတယ်။

ဒါကြောင့် မင်းတို့ လူငယ်တွေဟာ ကိုယ့်ကြောင့် မိဘမျက်နှာမငယ်အောင်၊ ကိုယ့်ကြောင့် သားသမီးမျက်နှာမငယ်အောင် အထူး သတိထားကြိုးပမ်းပါမယ်လို့ အမိဋ္ဌာန် ခိုင်ခိုင်ကြီးချထားသင့်ပါတယ်။

အနဝဇ္ဇကမ္မ – *'အပြစ်မရှိသော အလုပ်'*နဲ့ ပတ်သက်လို့ သပြေကန် ဆရာတော်ဘုရား မိန့်ကြားတာကိုလည်း နားထောင်ကြည့်ပါဦး။

*'ထိုအလုပ်များကား ဥပုသ်စောင့်ခြင်း၊ ဝေယျာဝစ္စပြုခြင်း၊ အများအရိပ်ခိုနားရန် သစ်ပင်စိုက်ခြင်း၊ အများသုံးဖို့ ဥယျာဉ်တည်ခြင်း၊ တံတားဆောက်ခြင်း၊ လမ်းပြင်ခြင်း၊ ရေတွင်း ရေကန်တူးခြင်း စသည့် ကောင်းမှုဖြစ်သော အလုပ်များပေတည်း။'*

ဒီလိုဆိုလိုက်တော့ စည်ပင်ဝန်ထမ်းတွေ၊ ဆည်မြောင်းတာတမံ ဆောက်လုပ်နေသူတွေဟာ အနဝဇ္ဇကမ္မ မင်္ဂလာသမားတွေလို့ ဆိုရတော့ မှာပါပဲ။ သာဓုခေါ်အပ်တဲ့ သူတွေပါပဲ။ သူတို့ကိုယ်တိုင်က စေတနာထား တတ်ရင်၊ ကောင်းမှုပြုနေသူများရယ်လို့ သတိရရင် မာဃလုလင်လို သိကြားမင်းလမ်းစဉ် လိုက်နေသူတွေ ဖြစ်ကြမှာပါပဲ။

ငါနေတဲ့ လမ်းတိုကလေးက တစ်ဖက်ပိတ်ဆိုသော်လည်း အထက် ထိပ်မှာ လူသွားလမ်းကျဉ်းကလေး ရှိပါတယ်။ အဲဒီလမ်းကျဉ်းလေးကို အိမ်ထောင်စုတစ်ခုက အဂ်တေခင်းပြီး ပြုပြင်ပေးပါတယ်။ လမ်းထိပ်အိမ်က





လူတစ်ယောက်က မနက်တိုင်း တံမြက်ခတ်ပြီး လှည်းကျင်းပေးတယ်။ ညအခါမှာ မီးလင်းအောင် မီးတိုင်လေးထူပေးတဲ့ အလှူရှင်၊ လုပ်အားရှင်တွေ ပေါ်လာတယ်။ အလွန်ကို မင်္ဂလာရှိသော၊ ဘုရားရှင်ရဲ့ တရားတော် လိုက်နာသော သူများလို့ ဆိုချင်တာပါပဲ။ ငါတို့ရဲ့ လမ်းကလေးနာမည်က ဓမ္မိကဝတီလမ်းတဲ့။ တရားပြည့်စုံသောလမ်းလို့ပဲ ဆိုပါစို့။

နာမည်နဲ့လိုက်တဲ့ ဓမ္မိကဝတီ မင်္ဂလာလမ်းလို့ ဆိုလိုက်ချင်မိတယ်။ မင်းတို့လည်း အနဝဇ္ဇကမ္မမင်္ဂလာနဲ့ ပြည့်စုံအောင် သတိပြုသင့်ကြပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

*အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။*

*အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။*

ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီးရဲ့ အနက်ဖွင့်ချက်က –

*'မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်း၊ ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်း၊ သေရည်သေရက်သောက်ခြင်းမှ စောင့်စည်းခြင်း၊ ကုသိုလ်တရားတို့၌ မမေ့ခြင်း၊ ဤသုံးပါးတို့မှာ ကောင်းမြတ်သော မင်္ဂလာဖြစ်၏။'*

*

ဆရာတော်ဘုရားကြီးက 'အာရတီ' ကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်း၊ 'ဝိရတီ'ကို





ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်းလို့ အနက်ဖွင့်ပါတယ်။ ဘာကြောင့် ဒီလိုကောက်ယူရတယ်ဆိုတဲ့ အကြောင်းကိုလည်း အကျယ်တဝင့် ရှင်းပြထားပါတယ်။ အဲဒါတွေက ငါတို့ကိစ္စ မဟုတ်ဘူး။ ပါဠိပညာရှင်၊ ပိဋကတ် သုတေသီတို့အရာသာလျှင် ဖြစ်တယ်။ ဒါကြောင့် ချန်ထားခဲ့ပါတယ်။ ဒီတော့ ငါတို့ မင်းတို့ ဆိုင်ရာကိုပဲ ဆွေးနွေးကြရအောင်။

### စိတ်ဖြင့် ရှောင်ကြဉ်ခြင်း

ဆရာတော်ကြီးဆုံးမတာက ပါဏာတိပါတ စတဲ့ မကောင်းမှုတွေကို စိတ်အားဖြင့် မကျူးလွန်မိအောင် ရှောင်ကြဉ်ခြင်းဆိုတာက ပြောလိုက်တော့သာ လွယ်တာကိုးကွယ့်။ ငါ့သဘောအရ ပြောရမယ်ဆိုရင် အခက်တကာ့ အခက်ဆုံးအလုပ်ပဲလို့သာ ပြောလိုက်ချင်မိတော့တာပဲ။ ငါတို့ ပုထုဇဉ် လူသားတွေအဖို့မှာ မွေးကတည်းက လောဘ၊ ဒေါသ၊ မောဟ ဆိုတာတွေက တစ်ထွေးကြီး ပါလာခဲ့တာ မဟုတ်လား။ ကလေးဘဝက စလို့ ကိုယ်လိုချင်တာမရရင် အော်ကြီးဟစ်ကျယ် ငိုတာတွေ၊ စိတ်ဆိုးစိတ်ကောက်ဖြစ်တာတွေ ပြန်စဉ်းစားလိုက်ရင် စိတ်ဆိုတာမျိုးဟာ အကုသိုလ် မကောင်းမှုမှာ သာလွန်မွေ့လျော်တတ်ကြောင်း ထင်ရှားနေတော့တာပဲ။

ကလေးဘဝက စလာလိုက်တာ ဒီနေ့ သေခါနီး အဖိုးကြီးဘဝတိုင်အောင် ငါတို့စိတ်ဟာ မကောင်းမှု အကုသိုလ်မှာ ကျက်စားနေတုန်းပါပဲ။ ဟိုဟာ လိုချင်တာနဲ့၊ ဒီဟာ တပ်မက်တာနဲ့၊ ထိပေါက်ချင်တာနဲ့ ရွှေတွင်း ငွေတွင်း စိန်တွင်း ပတ္တမြားတွင်းတွေကို ပိုင်ချင် ဆိုင်ချင် စိတ်ကူးယဉ်နေရတာနဲ့၊ ခံပြင်းတာ၊ ဒေါသဖြစ်ရတာနဲ့ စိတ်က လေလွင့်နေတာ မဟုတ်လား။ ဒေါသဖြစ်လာပြန်တော့လည်း ကိုယ့်အပေါ် မတရားစီးပိုးသွားတဲ့ လူကို စိတ်ထဲမှာ "လက်သီးနဲ့ ငါးချက်လောက်ထိုး၊ ထိုးနဲ့ ခြောက်ချက်လောက်ရိုက်၊ ဖနောင့်နဲ့ ရှစ်ချက်လောက်ပေါက်၊ တိုင်မှာ ကြိုးနဲ့တုပ်ပြီး အမောပြေတိုင်း ပါးထပြီး ရိုက်ချင်တယ်" ဆိုတဲ့ ပွဲထဲက လူရွှင်တော် ပြောတဲ့ စကားလို ဒေါသစိတ်တွေက ပွားနေတတ်တယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာကိုပဲ ဆဲလိုက် ဆိုလိုက်၊ သတ်လိုက်၊ ဖြတ်လိုက် ကျူးလွန်နေတတ်တာပဲ။

ယုတ်စွအဆုံး သတင်းစာ၊ ဂျာနယ်တွေ ဖတ်လိုက်လို့ ယုတ်မာတဲ့ ပြစ်မှုတစ်ခုအကြောင်းကို တွေ့လိုက်ရရင် ငါတို့စိတ်က "ဒီလိုကောင်မျိုးကို ကြိုးပေးသတ်တာမျိုးထက် နုပ်နုပ်စဉ်းပြီး သတ်ဖို့ကောင်းတယ်" ဆိုတာမျိုး စိတ်က အောက်မေ့ရုံသာမက နှုတ်ကတောင် လွှတ်ခနဲ ထွက်သွားတတ်သေးတယ် မဟုတ်လား။ တကယ်ဆိုတော့ စိတ်အားဖြင့် မကောင်းမှုတွေကို ကျူးလွန်နေခြင်းတွေပါပဲ။

ဒီလိုစိတ်မျိုးတွေကို ဖြစ်ပေါ်မလာအောင် တားဆီးဖို့ မဆိုထားနဲ့ ဒီလိုစိတ်မျိုးတွေ ဖြစ်ပေါ်နေပါလားဆိုတာတောင် သိလိုက်ဖို့ လွယ်တာ မဟုတ်ပေဘူး။ ဆရာကြီး ရွှေဥဒေါင်းရေးဖူးသလို 'ကိုယ့်စိတ်ကို ရုတ်တရက် အလစ်ဖမ်း'တတ်မှ တွေ့တတ်တာမျိုးကိုးကွဲ့။ မင်းတို့စိတ်မှာ ကြစည် တွေးတောနေတာကို "ငါဘာတွေ တွေးနေပါလိမ့်" ရယ်လို့ ပြန်ပြီး ဖမ်းကြည့်မိဖူးသလား။ ငါတော့ဖြင့် အဲဒီအကျင့်လေး နည်းနည်းပါးပါး ရှိနေသလိုလိုပဲ။ အဲဒီလို ကိုယ့်စိတ်ကို ချောင်းပြီး ဖမ်းလိုက်ရင် အကုသိုလ်စိတ်တွေက ပိုလို့ များနေတတ်တာ အမှန်ပါပဲ။ ဒါမှမဟုတ်ရင်လည်း တိုက်တာ ရွှေငွေ စည်းစိမ် ဥစ္စာ ဩဇာ အာဏာတွေကို စိတ်ကူးယဉ်နေမိတတ်ပါတယ်။ အဲဒီလို ချောင်းဖမ်းလိုက်လို့ စိတ်ကူးအကုသိုလ်တွေ ဖြစ်နေတာကို တွေ့လိုက်မိရင်တော့ စိတ်အလျဉ်ဟာ ဆတ်ခနဲ ရပ်သွားပြီး အကုသိုလ်စိတ်ကလည်း တုံ့ခနဲ ပြတ်သွားတတ်ပါတယ်။ 'သတိ'က ဝင်လာတာ ကိုးကွယ့်။ ဒါကြောင့် မြတ်စွာဘုရားရှင်တော်မြတ်က သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယ၊ သတိဆိုတဲ့ ဗိုလ်ငါးပါးတရားတွေမှာ သတိသာလျှင် ပိုသည်မရှိလို့ ဟောကြားတော်မူခဲ့ပေတာပဲ။

ဆရာကြီးရွှေဥဒေါင်း ရေးဖူးတာလေးကို သတိရမိပြန်တယ်။ ဆရာကြီးက အလွန်ကို စာရေးကောင်းတယ်ဆိုတာ ပြောစရာ မလိုပါဘူး။ ငါကတော့ ဥပမာပေးတာလေးတွေ ကောင်းလွန်းလို့ အဲဒါမျိုးတွေကို ပိုလို့





သတိရမိတတ်ပါတယ်။

စိတ်ရဲ့သဘာဝဟာ ရာမ၊ လက္ခဏ၊ သီတာဒေဝီတို့ မှော်ရုံတောထဲ ဝင်တဲ့အခန်းက ကကြိုးလိုပါပဲတဲ့။ ရာမကလည်း သူ့ကကြိုးနဲ့ သူ ကနေတာပဲ။ လက္ခဏနဲ့ သီတာဒေဝီတို့ကလည်း ကိုယ့်ဘာသာ ကိုယ့် ကကြိုးနဲ့ကိုယ် ကနေကြတာပါပဲတဲ့။ ဒါပေမဲ့ ရာမမင်းသားက နောက်ဘက်ကို လှည့်၊ လက်ကလေးမျက်ခုံးပေါ်မိုးပြီး ကြည့်လိုက်ရင် လက္ခဏနဲ့ သီတာဒေဝီတို့က လက်အုပ်ချီပြီး ဖြစ်နေတော့တာပဲ။ အဲဒီလိုပဲ စိတ်က သူ့ဘာသာ သူ ဘယ်လောက်ပဲ ပြေးလွှားနေစေဦးတော့ သတိဆိုတာလေးဝင်လာလိုက်ရင် အဲဒီစိတ်ဟာ ဆတ်ခနဲ ရပ်တန့်ပြီး သွားတာပါပဲတဲ့။

ကောင်းလိုက်တဲ့ ဥပမာလေးရယ်လို့ ထည့်ပြီး ရေးလိုက်ရတာပါ။

ငါကိုယ်တိုင် ကြုံခဲ့ဖူးတာလေးကိုလည်း ဥပမာအဖြစ် ပေးလိုက်ချင်ပါသေးတယ်။ စစ်တက္ကသိုလ်မှာ အမှုထမ်းခဲ့စဉ်က စစ်သင်တန်းတက်ခဲ့ရဖူးပါသေးတယ်။ သက်ဆိုင်ရာဌာနက ငါတို့ အရပ်သား အမှုထမ်းတွေကို သင်တန်းတက်ရမယ်လို့ အမိန့်နဲ့ စေခိုင်းတာကြောင့် မဟုတ်ပါဘူး။ ငါတို့ ကိုယ်တိုင်မှာ စစ်တက္ကသိုလ်မှာ အမှုထမ်းပြီး ဗိုလ်လောင်းတွေရဲ့ ဆရာ ဖြစ်နေတဲ့နောက် အခြေခံစစ်ပညာကို တတ်ထားသင့်တယ်ဆိုတဲ့ အယူအဆကြောင့် ငါတို့တောင်းဆိုချက်အရ သီးသန့်ဖွင့်ပေးခဲ့တာပါ။

ပြောချင်တဲ့အချက်က တပ်စိတ်တစ်စိတ်ရဲ့ 'ကျည်ပစ်အား' ဘယ်လောက်ရှိတယ်ဆိုတာ တောကြီးခေါင်ခေါင် ညမှောင်မှောင်မှာ ကမ်းပါးပေါ်က ချောက်ကြားထဲကို မီးတန်းကျည်တွေ တစ်ပြိုင်နက် ပစ်ကြရတယ်။ ကျည်ဆန်တွေ စိမ်းစိမ်း၊ ဝင်းဝင်း၊ နီနီရဲရဲ တစ်ခဲနက်ပြေးသွားတာ မြင်ရတာပေါ့။ ပစ်အားကို မျက်မြင်သိရတာပေါ့။

ညတိုက်ပွဲတွေမှာကျတော့ စက်သေနတ်ကျည်တွဲတွေမှာ ရိုးရိုးကျည် ငါးတောင့်မှာ မီးကျည်တန်း ကျည်တစ်တောင့် ချိတ်ထားတယ်။ ဒီတော့ ကျည်က ဒက် ဒက် ဒက် ဝင်းခနဲ ဆိုတာမျိုးပေါ့။ ဒီတော့ မီးကျည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ကိုယ့်ကျည်တွေ ပစ်မှတ်ဆီကို ရောက် မရောက် ကျည်လမ်းကြောင်းကို သိနိုင်တာပေါ့။

ငါတို့ရဲ့ အတွေးစဉ်မှာလည်း 'သတိ' ဆိုတဲ့ မီးတန်းကျည်ကလေး တစ်ချက်လောက် လင်းခနဲ လက်ခနဲ ဝင်လိုက်ရင် စိတ်အလျဉ်ဘယ်လို ပြေးနေတယ်ဆိုတာ သိနိုင်တာပေါ့။

ဒီလို 'သတိမီးကျည်'ဝင်ဖို့ မလွယ်လှဘူးဆိုတာ မင်းတို့ ငါတို့ အားလုံးသိနေကြတာပါပဲ။ မလွယ်သော်လည်း မဖြစ်နိုင်တဲ့ အလုပ် မဟုတ်ဘူးဆိုတာကိုလည်း သိနေကြတာပါပဲ။ ဒီတော့ ကြိုးစားရမှာပဲပေါ့။

ဒီလို ကြိုးစားတော့ ဘာဖြစ်လာသလဲ။

ငါတို့က အကုသိုလ်မှာ ပျော်မွေ့ကြတာတော့ အမှန်ပဲ။ ဒါပေမဲ့ အကုသိုလ်ဟာ မကောင်းဘူးဆိုတာကိုလည်း လက်ခံထားကြတာပဲ မဟုတ်လား။ ဒီတော့ သတိကြောင့် အကုသိုလ်မှာ စိတ်ရဲ့အလျဉ်မျောနေမှန်း သိလိုက်ရင် ရာမမင်းသား လှည့်ပြီး လက်မိုးကြည့်လိုက်တော့ လက္ခဏနဲ့ သီတာဒေဝီ လက်အုပ်ချီပြီး ဖြစ်နေသလို အကုသိုလ်စိတ်လည်း ဝပ်ကျသွားတော့တာပေါ့။

ဒီထိတောင် ရေးခဲ့တာက မင်္ဂလာတရားတော်ရဲ့ အဆုံးအမအဖြစ် ရေးခဲ့တာပါ။ တစ်နည်းအားဖြင့် ဘာသာရေးလို့ပဲ ဆိုလိုက်ကြပါစို့။ လောကီလူငယ်တွေအနေနဲ့ အဲဒီလို သတိမျိုးတွေ ကပ်နေရင် ကောင်းတာပါပဲ။ ဆိုပါစို့ကွယ် အတန်းထဲမှာ ဆရာက စာသင်ပေးနေတယ်။ မင့်စိတ်က စာထဲမှာ ရောက်ပါရဲ့လား။ တောင်ပြေးမြောက်လွင့် ဖြစ်နေသလား။ ရှေ့တန်းက ကျောင်းသူလေးရဲ့ ကျောပြင်ကို စိတ်ဝင်တစား ကြည့်နေမိသလား။ ဒါတွေကို သတိကပ်လိုက်မိရင် ချက်ချင်း စိတ်က အထဲကို ပြန်ရောက်သွားတော့မှာပေါ့။ သိပ္ပံပညာဘက်၊ ဝိဇ္ဇာပညာဘက်တွေမှာ ထူးချွန်သွားတဲ့ လူတွေက အထူးသတိကပ်ပြီး စိတ်ကို ပြန်ဆွဲနေဖို့ မလိုဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့စိတ်က စူးစမ်းမှုထဲမှာ နစ်နေပြီး ပျံ့လွင့်ခြင်းကို မရှိတော့တာကြောင့်ပဲ။ မင်းတို့ ငါတို့ကတော့ သူတို့လို ပါရမီရှင်





မဟုတ်ကြပေဘူး။ ဒါကြောင့် မကြာခဏ သတိကပ်ပြီး အတွေးစဉ်ကို အမိဖမ်းပြီး ချုပ်နှိမ်ကြရမှာပဲ။

ပြောချင်တာက မိမိစိတ်ကို သတိကပ်ပြီး အလစ်ဖမ်း ရှုစမ်းတတ်တဲ့ အကျင့်ဟာ လောကုတ္တရာ၊ နိဗ္ဗာန်ရောက်ကြောင်းတရားတွေအတွက်သာ မဟုတ်ဘဲ မင်းတို့လူငယ်တွေ လောကီကြီးပွား ထွန်းကားရေးအတွက်လည်း အလွန်ကို အရေးပါလှကြောင်း သိထားဖို့လိုတဲ့ပြင် သတိထားဖို့ လိုအပ်ကြောင်း သတိပေးလိုက်ရတာပါ။

ဒါမျိုးတွေဟာ 'ခဏတာ' မျှသာ မဟုတ်ဘဲ 'ဘဝတာ' တစ်ခုလုံး မှာလည်း အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ဆိုပါစို့ကွယ် ကျောင်းပိတ်ရက် တွေမှာ မင်းရဲ့အချိန်တွေကို ဘယ်လိုကုန်လွန်စေသလဲ။ ဘယ်သူငယ်ချင်း ဘယ်အပေါင်းအသင်းတွေနဲ့ တွဲနေမိသလဲ။ အဲဒီလိုတွဲနေမိတဲ့အတွက် ဘာတွေကို လုပ်ဖြစ်နေသလဲ။ ဘယ်လိုဝန်းကျင်မှာ ပျော်မွေ့နေသလဲ ဆိုတာတွေကို သုံးလေးရက်တစ်ခါ၊ တစ်ပတ်တစ်ခါလောက် ပြန်ပြီး မစစ်ဆေးသင့်ဘူးလား။ အဲဒီလို စစ်ဆေးလိုက်ရင် ဘဝကို တိုးတက်အောင် လုပ်နေမိတာလား။ ဆုတ်ယုတ်အောင် လုပ်နေမိတာလားဆိုတာကို ပြန်တွေ့ မှာပါပဲ။

အဲဒီကျတော့ မနောက စစ်ဆေးတာသာ မဟုတ်တော့ဘဲ ဝစီကံ၊ ကာယကံကိုပါ စစ်ဆေးတဲ့ အဆင့်ရောက်လာပြီပေါ့။ ဒီကျတော့ ဆရာတော်ဘုရား မိန့်ကြားတော်မူတဲ့ အာရုဏီမှ ဝိရတီအထိ ရောက်လာပြီ ဆိုရတော့ မှာပေါ့။

အရေးကြီးတာကတော့ သတိဆိုတာ ပိုတယ်မရှိပါဘူး။ စိတ္တကုသိုလ်မှာ အမှုထမ်းခဲ့သူဖြစ်လေတော့ ပြောလိုက်ရပါဦးမယ်။

စစ်ရေးပြမှာ ပထမဆုံး သင်ခန်းစာက ''အားလုံး–သတိ'' ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

### အာရတိ ဝိရတိ

သပြေကန်ဆရာတော်ဘုရားကြီး မိန့်တော်မူတဲ့အတိုင်း မကောင်းမှုကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်း၊ ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်းဆိုတာမှာ စိတ်ဖြင့် ရှောင်ကြဉ်ခြင်းအကြောင်းကို အတော်လေး ကျယ်ကျယ်ဝန်းဝန်း ရေးခဲ့ပါတယ်။ မိမိရဲ့ စိတ်ကို အလစ်ချောင်းပြီး ဖမ်းကြည့်လိုက်ရင် အကုသိုလ်တွေမှာ ပျော်မွေ့နေတတ်ကြောင်းကိုလည်း ရေးခဲ့ပါတယ်။ အဲဒါ 'သတိ'ပါပဲ။

ငါ သတိထားမိသမျှ ငှက်တွေထဲမှာ ကျီးကန်းတွေဟာ အလွန်ကို သတိကြီးတယ်။ ဒါကြောင့် ကျီးကန်းတစ်ကောင်ကို လေးခွနဲ့ ပစ်ယူဖို့ အလွန်ကို ခဲယဉ်းတယ်၊ သူကတော့ အပြင်ရန်သူကို သတိကြီးစွာထားတာ။ ငါတို့ အခုပြောနေတာက အတွင်းရန်သူကြီးဖြစ်တဲ့ အကုသိုလ်စိတ်တွေကို





ပြောနေတာ။ ကျီးကန်းတွေ သတိကြီးသလို ငါတို့လည်း ငါတို့ရဲ့စိတ်ကို သတိကြီးစွာထားနိုင်ရင် ကိုယ်နှုတ် အကုသိုလ်တွေဟာ အလိုလို ခေါင်းပါးသွားမယ်လို့ ထင်မိတာပဲ။

ကျေးဖူးရှင် သပြေကန်ဆရာတော်ဘုရားကြီးက မကောင်းတဲ့ ကာယကံမှု မကောင်းတဲ့ ဝစီကံမှုတို့ကို ပြရမှာ ရက်ခြင်း(ဟိရီ) ကြောက်ခြင်း (ဩတ္တပ္ပ) သဘောကို ပြပြီး ဆုံးမတော်မူပါတယ်။ မကောင်းမှုတို့ကို ပြုလိုက်မိရင် မိမိတို့ဆွေမျိုးဉာတိမိဘက အစ မိမိကြောင့် အရှက်ရတတ် တယ်။ အဲဒီလို ဖြစ်သွားမှာကို ကြောက်သင့်ကြတယ်။ အဲဒီအပြင် သေသည်၏ အခြားမဲ့မှာလည်း ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ ဘဝတွေကို ရောက်သွားတတ်တယ်လို့ ဆုံးမတော်မူပါတယ်။

ဆရာတော်ဘုရားကြီးကတော့ ရဟန်းတော်ဖြစ်သည့်အားလျော်စွာ ဘာသာရေးနဲ့ နွယ်ပြီး ဆုံးမတော်မူတာပေါ့ကွယ်။ ငါကတော့ လောကီ လူသား ကျောင်းဆရာဘဝက ဖြစ်လာတဲ့ စာရေးဆရာမို့ ငါ ခံစားမိတာ လေးတွေကို ပြောလိုက်ချင်ပါသေးတယ်။

ဒီလိုကွဲ့။

'သားသမီး မကောင်း၊ မိဘခေါင်း' ဆိုတာကို မင်းတို့လည်း ကြားဖူးကြမှာပါပဲ။ မင်းတို့လူငယ်တွေ မလိမ္မာလို့ရှိရင်၊ လိမ်ညာခိုးဝှက် လုယက်တာမျိုး ကျူးလွန်ရင် မိဘများမှာ မျက်နှာမဖော်ဝံ့အောင် အရှက်ရကြမှာပေါ့။ အဲဒီလိုဖြစ်မှာကို မင်းတို့အားလုံး ကြောက်ကြရမှာပဲ။ သတိထားကြရမှာပဲ။

ကုန်ကုန်ပြောလိုက်မယ်ကွယ်။ မိန်းကလေးတစ်ယောက် ချစ်သူ့ နောက် ခိုးရာလိုက်ပြေးတာကို ဒုစရိုက်မှုကြီးတစ်ခုရယ်လို့ ပြောဖို့ အတော်လေးကို ခက်ပါတယ်။ ဒါပေမဲ့ သမီးရှင် မိဘများမှာတော့ ရှက်ရတော့တာပါပဲ။ ဒီထက်ပိုပြီး မသင့်မတင့်တဲ့ ယောကျ်ားလေးနဲ့ လိုက်ပြေးပြီဆိုရင်တော့ ငိုလို့ မဆုံးတော့ဘူး။ ရှက်လို့ မဆုံးတော့ဘူး။ အိမ်ထဲက အိမ်ပြင် မထွက်ဝံ့အောင် ဖြစ်ကြတော့တာပဲ။ အနေပြော ရိုးရိုးစကားနဲ့ ပြောရင် မိဘကို အရှက်ခွဲတယ်လို့ ပြောရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူက ခိုးမှုနဲ့ အဖမ်းခံရတယ်ဆိုရင် လုယက်မှုနဲ့ပဲ အဖမ်းခံရတယ်ဆိုရင် မိဘတွေ ဘယ်လိုနေမလဲဆိုတာ စဉ်းစားသာကြည့်လေရော့။ ဒီကြားထဲမှာ မိဘက ဘုရားဒကာ၊ ရပ်ရွာချက်နှာဖုံး လူကြီးသူမဖြစ်နေရင်တော့ သွားပါလေရော့။ "ငါ့နှယ်နော်။ စောစောက ငါသေသွားခဲ့ရင် အကောင်းသား" ရယ်လို့ တွေးပြီး အိပ်မပျော်နိုင်အောင် ဖြစ်ရတော့မှာပေါ့။ တကယ့်ဖြစ်ရပ်တွေမှာ တွေ့ရတတ်တာကလည်း အဲဒီလို သားသမီးမျိုးတွေကြောင့် မိဘတွေ အသက်တိုတတ်ပါတယ်။ ဒါကြောင့် ကိုယ့်မိ ကိုယ့်ဖရဲ့မျက်နှာကို ထောက်ထားပြီး ဒုစရိုက်မှုတွေကို ရှောင်ကြဉ်သင့်တယ်လို့ ပြောချင်ပါတယ်။

အဲဒါက မိဘဘက်က ကြည့်ပြီး ပြောတာပါ။

သားသမီးဘက်က ကြည့်ပြီး ပြောချင်ပါသေးတယ်။

ငါက သတင်းစာ၊ ဂျာနယ်တွေကိုလည်း တတ်နိုင်သမျှ ကြိုးစားပြီး ဖတ်ပါတယ်။ မှုခင်းသတင်းတွေ ထည့်လေ့ရှိတဲ့ ခရိုင်းမ်ဂျာနယ်ကိုဆိုရင် လပေးတောင် မဟုတ်ဘူး။ နှစ်ကြေးပေးပြီး ဖတ်တာပါ။ ပါလိုက်တဲ့ ပြစ်မှု၊ မှုခင်းတွေကလည်း မျိုးကိုစုံနေတာပဲ။ ကျူးလွန်သူတွေရဲ့ ဝိုးတဝါး ဓာတ်ပုံတွေလည်း ပါသပေါ့ကွယ်။ ဓာတ်ပုံက ဒီးရေးကြီးတယ်လို့ မဆိုသာပါဘူး။ နာမည်နေရပ်တွေက အရေးကြီးတာပါ။ ဘာကြောင့်လဲဆိုတော့ သူတို့ သားသမီးတွေကို လှမ်းပြီးတွေးမိလိုက်တာကြောင့်ပါ။

သက်ဆိုင်ရာ ရပ်ကွက်မြို့နယ်တွေမှာတော့ အားလုံး အုတ်အော်သောင်းတင်း ဖြစ်သွားတော့မှာပေါ့။ ငါက ကျောင်းဆရာဘဝမှာ အတော်ကြာနေခဲ့ရဖူးလေတော့ ကျောင်းသားရွယ် သားသမီးတွေကို လှမ်းပြီးတော့ တွေးနေမိတတ်ပါတယ်။ ကလေးတွေ ကျောင်းမှ သွားဝံ့ပါတော့မလား။ ကျောင်းသွားရမှာ ရှက်ပြီး ကျောင်းထွက်ကြလေမလား . . . စသည် စသည်အားဖြင့်ပေါ့ကွယ်။ မိန်းကလေးဆိုရင်တော့ ကျောင်းထွက်တော့မှာပဲ။ ယောကျ်ားလေးဆိုရင်တော့ ဘဝမှာ ကြုံရာ အလုပ်ကိုပဲ လုပ်စားတော့မယ်ဆိုတာမျိုး ဖြစ်သွားနိုင်တာပေါ့။





သားသမီး မကောင်း မိဘခေါင်းဆိုတာလည်း ဟုတ်တာပါပဲ။ မိဘမကောင်း သားသမီးခေါင်းကတော့ ပိုပြီး ဒဏ်ချက်ပြင်းတယ် ထင်တာပဲ။ ခက်တာက မိဘက မဟုတ်တရုတ် ဒုစရိုက်လုပ်လို့ ရပ်ကျော်ရွာကျော် အရှက်တကွဲ ဖြစ်သွားရင် ကျွန်တော် ကျွန်မ၏ မိဘအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းလို့ ကြေညာလို့ရစကောင်းတာမှ မဟုတ်ပါပဲကလား။ ယုတ်စွအဆုံးကွယ် မှတ်ပုံတင်မှာ အလုပ်ကဒ်မှာ မိဘအမည်တွေပါနေရမှာ မဟုတ်လား။ မိဘက နာမည်ပျက်နေတော့ အဲဒီနာမည်ပျက် မိဘရဲ့ နာမည်ကိုလည်း မခံယူချင်၊ မခံယူချင်လို့လည်း မရဒုက္ခကြီးစွာ ရောက်တော့တာပဲ။

ဒါကြောင့် ကိုယ် ငယ်စဉ်အခါမှာလည်း ကိုယ့်ကြောင့် မိဘတွေ အရှက်မရအောင်၊ အရွယ်ရလာပြန်တော့လည်း ကိုယ့်ကြောင့် သားသမီးတွေ မျက်နှာမငယ်ရအောင် ဒုစရိုက်ကို ရှောင်သင့်တယ်လို့ ပြောချင်တာပဲ။ အထူးသဖြင့် ကိုယ်ကျင့်စာရိတ္တနဲ့ ပတ်သက်တဲ့ ဒုစရိုက်တွေကို အထူးသတိထားပြီး ထိန်းသိမ်းရှောင်ကြဉ်သင့်တယ်လို့ ထင်မိတာပဲ။

ဆိုကြပါစို့ကွယ်။ မောင်ဒေဝ ဆိုတဲ့ နာမည်လေးဟာ သိပ်ကောင်းတယ် မဟုတ်လား။ သူက မဟုတ်တရုတ်လုပ်ပြီး ကိုယ်ကျင့်တရားပျက်မှုတွေနဲ့ ကျော်ဇောသွားရင် အဲဒီနာမည်ကို မမှည့်ကြတော့ဘူးလို့ ဆိုလိုတာပါ။

မင်းတို့ နားလည်လွယ်အောင် ပြောရမယ်ဆိုရင် . . .

'ဒေဝဒတ် စက်ပြင်သင်တန်း' 'အဇာတသတ်ဗိုင်းကျုရှင်' 'စိဉ္စမာနဖက်ရှင်စတိုး' ဆိုတာမျိုးကို ဘယ်တော့မှ လုပ်ကြမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ နာမည်ပျက်စာရင်းထဲ ဝင်သွားကြပြီ မဟုတ်လား။

ဒါပေမဲ့ 'ဇောတိက စတိုး' 'ဇီဝက ဆေးဆိုင်' 'ဘောဂဗလ ကုမ္ပဏီ' ဆိုတာမျိုးတွေကိုတော့ တွေ့နေကြရတယ် မဟုတ်လား။ 'ကျွန်စစ်သား ဂျာနယ်' ဆိုတာမျိုး၊ 'ဗန္ဓုလ စာစောင်' ဆိုတာမျိုးကို ထုတ်ချင် ထုတ်မယ်။ 'စောလူး စာပေတိုက်' ဆိုတာမျိုးကို ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



လုပ်မှာ မဟုတ်ဘူး။ 'ငရမန်ထုတ်ဝေရေး' ဆိုတာမျိုးလည်း လုပ်ကြမှာ မဟုတ်ဘူး။ ရာဇဝင်မှာ နာမည်ပျက်ခဲ့တဲ့သူတွေ မဟုတ်လား။

ဒီတော့ မင်းတို့ ငါတို့လည်း နာမည်ပျက်စာရင်း မဝင်အောင် သတိထားပြီး ကျင့်ကြံနေထိုင်ကြရမှာပဲပေါ့။

ချုပ်လိုက်ရင်တော့ 'အာရတီ ဝိရတီ' 'ဟိရီဩတ္တပ္ပ' ဆိုတာကို နားလည်ပြီး မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးဖို့ 'သတိ' မပြတ် ရှိနေကြရမှာပါပဲ။

(၂၈)

မဇ္ဇပါန သံယမ

မဇ္ဇပါနာ သေရည်သေရက် သောက်ခြင်းမှ။ ယောသံယမောဒ၊ အကြင် စောင့်စည်းခြင်းသည် လည်းကောင်း။ မင်္ဂလံ၊ မင်္ဂလာတည်း။

သေရည်သေရက်သောက်ခြင်းမှ ဆိုသော်လည်း မဇ္ဇ–ဆိုတဲ့ ပုဒ်ကို သပြေကန်ဆရာတော်ဘုရားကြီး ဖွင့်ဆိုထားတာကိုလည်း ကြည့်ပါဦး။

'မဇ္ဇ = ယစ်မူးကြောင်း သေရည်အရက် အမျိုးမျိုး၊
မူးယစ်စေတတ်သော စိမ်၍ ချက်၍ ပြုလုပ်အပ်သော
အရက်အမျိုးမျိုး၊ မစိမ်မချက်ဘဲ အလျှည်ဖြင့် ပြင်းလာသော
ထန်းရည်၊ ဓနိရည် စသည်နှင့် မူးယစ်စေတတ်သော
ဘိန်း စသော အရာအားလုံးကို မဇ္ဇဟု ဆိုသည်။'

အဓိပ္ပာယ်ကတော့ ပင်ကိုအားဖြင့် တည်ငြိမ်နေတဲ့ စိတ်၊ ကျိုး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းဆင်ခြင်နိုင်စွမ်းရှိနေသော စိတ်ကို တွေဝေယိမ်းယိုင်စေတဲ့ အရာဟူသမျှကို 'မဇ္ဇ'လို့ ဆိုပေါ့တာပါပဲ။ အရက်ဘီယာ စသည်တို့သာ မဟုတ်ဘဲ ဘိန်းဖြူ၊ ဆေးရည်၊ ဆေးပြား၊ ထိုးဆေး၊ စားဆေး ဟူသမျှဟာ မဇ္ဇမှာ အကျုံးဝင်သွားတာပါပဲ။

ဒီခေတ်မှာတော့ဖြင့် မင်းတို့ သိတဲ့အတိုင်း အဲဒီလို အသွင်အမျိုးမျိုး ဆောင်တဲ့ မူးယစ်ဆေးတွေက စာရင်းထိုးလို့ မကုန်နိုင်အောင်ပါပဲ။

စကားစပ်မိလို့ ပြောလိုက်ရဦးမယ်။ ဒါတွေရဲ့ အစဟာ ဒုတိယ ကမ္ဘာစစ်ကြီး အကြောင်းခံပါပဲ။ ကမ္ဘာစစ်ကြီး မဖြစ်မီကဆိုရင် ဘိန်းကို မဆိုထားနဲ့ အရက်သောက်တာတောင် အလွန်ကို ဂုဏ်သိက္ခာပျက်ပါတယ်။ များသောအားဖြင့် အရက်ဆိုင်တို့၊ ထန်းရည်ဆိုင်တို့ဆိုတာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ လုပ်လေ့မရှိကြဘူး။ လူမျိုးခြားတွေ လုပ်ကြတဲ့ အလုပ်တွေပါ။ အဲဒါကိုတောင် လူသူ လေးပါးမမြင်နိုင်အောင် ဆိုင်ခန်းကို ကာရံပြီး ထားရပါတယ်။ စာသင်ကျောင်း၊ တက္ကသိုလ် စတဲ့ ကျောင်းသား လူငယ်တွေ စုဝေးတဲ့ နေရာဒေသနဲ့ နီးရာမှာ အရက်သေစာ မရောင်းရ ပါဘူး။ ဥပဒေနဲ့ကိုပဲ တားမြစ်ထားတာပါ။

အဲ– ကမ္ဘာစစ်ကြီး ဖြစ်လိုက်တာ မြို့ကြီးပြကြီးတွေက လူတွေဟာ လေယာဉ်ဘေး၊ ဗုံးဘေး၊ စက်သေနတ်ဘေးက လွတ်အောင် ကျေးလက် တောရွာတွေဆီကို ပြေးကြ ရှောင်ကြရတယ်။ ဒီတော့ အလုပ်ကလည်း မရှိ။ လူဆိုးလူကြမ်းတွေနဲ့လည်း အလိုက်သင့်ပေါင်းကြရနဲ့ သောက်ကြ စားကြ အကျင့်ရသွားကြတယ်။ ပညာတတ်ပြီး အလွန်သိက္ခာရှိတဲ့ လူတွေတောင် ထန်းရည်သောက်တော့ မြည်းတာ စမ်းတာ ဖြစ်လာ ကြတယ်။

စစ်ကြီးပြီးလို့ မြို့ထဲပြန်ဝင်လာကြတော့ အဲဒီ အလေ့အထက မြို့ထဲ ထိတောင် ပါလာကြတော့တာပဲ။ နောက်တော့ အရက်ဆိုင်ဆိုတာ ပုန်းလျှိုး ကွယ်လျှိုး မဟုတ်တော့ဘူး။ ခပ်ပြောင်ပြောင်တင်းတင်းပဲ။ အရက် သောက်တာဟာ ရှက်စရာမဟုတ်တော့ဘူး။ ညှိခံပွဲတွေမှာ အရက်ပါ





တော့လည်း အဆန်းမဟုတ်တော့ဘူးပေါ့။ လူငယ်တွေ အားလုံးဟာလည်း အရက်နဲ့ ယဉ်ပါးသွားကြတော့တာပဲ။

ဒီကနေ့ သတင်းစာတွေထဲမှာပါတဲ့ ပြည်သူ့ပေးစာကဏ္ဍတွေကို ကြည့်လိုက်ရင် ဘယ်နေရာမှာ ဘယ်အရက်ဆိုင်မှာ မူးယစ်သူများ ရန် ဖြစ်ကြ၊ ဆူကြပူကြ လုပ်နေတာကြောင့် ရပ်ကွက်တစ်ခုလုံး နားမချမ်းသာ ဖြစ်နေရတဲ့အတွက် စသည်အားဖြင့် ရေးသားတိုင်ကြားကြတာတွေကို မင်းတို့တွေ သိကြမှာပါပဲ။

နောက်ပြီး ပြစ်မှုတို့လို ခရိုင်းမ်တို့လို စာစောင်တွေကို ဖတ်ကြည့် လိုက်ရင် မူးယစ်သောက်စားရာကနေပြီး သတ်မှုဖြတ်မှု စတဲ့ မှုခင်းကြီး တွေ ဖြစ်လာပုံကို ဖတ်လို့ မကုန်နိုင်အောင်ပါပဲ။ နောက်ပြီး သောက်ဖော် သောက်ဖက်တွေနဲ့ သောက်ရင်းစားရင်း စကားများပြီး ခုတ်ဟယ် ထစ်ဟယ် ဆိုတာမျိုးနဲ့ ထောင်ထဲရောက်သွားတာတွေလည်း မနည်း။ ကိုယ့်ရဲ့ သောက်ဖော် တစ်ယောက်ယောက်က သွေးဆိုးတာကြောင့် ရန်ဖြစ်ရာမှာ ဝင်ကူရင်း ကိုယ်ကလက်လွန်သွားလို့ ထောင်ဒဏ် ၁၀ နှစ် ၁၅ နှစ်ဆိုတာမျိုး ကျခံသွားရတာတွေလည်း ကြုံကြဖူးတာပဲ။ ငါကိုယ်တိုင် ကလေးဘဝက မီလိုက်ဖူးတဲ့ လူသတ်မှုကြီးတစ်ခုအကြောင်းကို မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ဆိုတဲ့ စာအုပ်ထဲမှာ ရေးခဲ့ဖူးပါသေးတယ်။

ရုတ်တရက် ခေါင်းထဲဝင်လာလို့ ထည့်ရေးလိုက်ရဦးမယ်။ ပါဠိ ယောင်ယောင် စာတိုလေးပါ။ နောက်တီးနောက်တောက် လူတစ်ယောက်က ပြောခဲ့တဲ့စကား ဖြစ်ပါလိမ့်မယ်။ ဟာသလို့ ဆိုရမှာပေါ့။ အဲဒီစာက –

ဧကော – တစ်ခွက်သောက်မူကား၊ သူညံ့ – ဆိတ်ငြိမ်၏။

တစ်ခွက်သောက်လိုက်တော့ အရက်ရှိန်တက်လို့ ဖိန်းခနဲ ငြိမ့် သွားတယ်ပေါ့ကွယ်။ ဇိမ်ခံပြီး ယစ်တာပေါ့။

ဒွိယော – နှစ်ခွက်သောက်သူကား၊ သူရဲ – ရဲရင့်၏။

နှစ်ခွက်သောက်လိုက်တော့ ယစ်မူးစ ပြုလာပြီး 'ဘယ်ခွေးမှ လူမထင်ဘူးကွ' ဘာညာနဲ့ အော်ကျယ်အော်ကျယ် ဖြစ်လာတာမျိုးပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ။ ဆက်ပြီး ဖတ်ကြည့်ဦး။

တြိယော၊ သုံးခွက်သောက်သူကား။ သုနက္ခော၊ ခွေးဖြစ်၏တဲ့။

ငါ့မှာလေ လူပျိုပေါက်ဘဝက ကာလသားကြီးတစ်ယောက် ရွတ်ပြလိုက်တော့ ရယ်ရင်း သောရင်း မှတ်ထားလိုက်မိကာ ခုထက်ထိ မမေ့တော့ဘူး။

သပြေကန်ဆရာတော်ဘုရားကြီးက သေရည်သောက်စားခြင်းကြောင့် ဖြစ်လာတတ်တဲ့ အပြစ်ခြောက်ပါးကိုလည်း ညွှန်ပြပါသေးတယ်။ အဲဒါတွေက –

၁။ ဥစ္စာကုန်ခန်း ပျက်စီးခြင်း

၂။ ခိုက်ရန်ပွားများခြင်း

၃။ ရောဂါအမျိုးမျိုး ဖြစ်စေတတ်ခြင်း

၄။ ဂုဏ်သရေမဲ့ ကျော်စောမဲ့တတ်ခြင်း

၅။ လျှို့ဝှက်ဖုံးကွယ်ထိုက်သော ကိုယ်အင်္ဂါများကို လှစ်ပြတတ်ခြင်း

၆။ ပညာဉာဏ်ကို အားနည်းအောင်ပြုတတ်ခြင်း

အဲဒီအပြစ်တွေကို မှတ်သားရလွယ်ကူအောင် ဆရာတော်ကြီးက လင်္ကာလေး ဖွဲ့ထားတယ်။

''ဥစ္စာဆုံးပါး၊ ခိုက်ရန်ပွားခဲ့၊ နာဖျားဖြစ်ကြောင်း၊ မကောင်းသတင်း၊ တွင်းအင်္ဂါလှန်၊ ပညာဉာဏ်လည်း၊ အားနည်းအောင်ပြု၊ ဤခြောက်ခု၊ သောက်မှုသေရည်ပြစ်'' တဲ့။

ငါလေ အဲဒီနှိုင်းယှဉ်ပြချက်ကလေးကို ဘယ်လိုသဘောကျမှန်း မသိဘူး။

သတိရလို့ ကောက်ထည့်လိုက်ရဦးမယ်။ ငါတို့ စာပေ၊ ရုပ်ရှင်၊ ဂီတ စတဲ့ အနုပညာရှင်တွေမှာလည်း ဆင်ခြင်ဉာဏ်နည်းပါးသူတွေ ရှိတာပဲ။ အနုပညာစွမ်းရည်ကတော့ ကောင်းပါရဲ့။ ဆင်ခြင်ဉာဏ်နဲ့နဲ့တော့ 'အချစ်နဲ့ ပတ်သက်ပြီး ကွဲသွားတဲ့ အသည်းကို အရက်နဲ့ စိမ်တယ်' ဆိုတာမျိုးတွေ ရေးလားရေးတတ်ကြတယ်။ ရုပ်ရှင်တွေထဲမှာဆိုရင်လည်း တို့များ





ငယ်ငယ်က ရုပ်ရှင်တွေထဲမှာ လူကြမ်းဇာတ်ဝင်တွေမှ အရက်သောက်ကြတာ။ နောက်ပိုင်းမှာတော့ ဇာတ်လိုက်မင်းသားကလည်း အကြောင်းပြချက်တစ်ခုခုနဲ့ အရက်သောက်ချင် သောက်ကြတာ။ သာယာမက်မောဖွယ် အရက်သီချင်းလေးတောင် ဆိုလိုက်တတ်သေးတယ်။ ဆိုလိုတာက အရက်သောက်တာကိုပဲ အပြစ်မတင်အောင် လုပ်လာတတ်ကြတာပါပဲ။ ဒါတွေ စင်မြင့်ပေါ်ကနေပြီး စာပေဟောပြောပွဲတွေမှာ အကြိမ်ကြိမ် ဟောပြောခဲ့ဖူးပါတယ်။ ဆရာကြီး ပီမိုးနင်းဟာ သေသည်အထိ အရက်သောက်သွားတာပဲ။ ဒါပေမဲ့ စာဖတ်တဲ့သူ အရက်သောက်ချင်လာအောင် ဘယ်တော့မှ မရေးဘူး။ သူ အရက်သောက်တာကို၊ စာရေးဆရာတို့ရဲ့ အရက်ဝိုင်း အကြောင်းကို ဘယ်တော့မှ မရေးဘူး။ ကလောင်သိက္ခာ၊ ကလောင် ကိုယ်ကျင့်ပေါ့။ ကိုယ်ပဲ ပျက်စီးမယ်။ စာဖတ်သူ (အထူးသဖြင့် လူငယ်တွေ) မပျက်စီးရဘူးပေါ့။ ဒီလိုစဉ်းစားလိုက်တော့ ဆရာကြီး ပီမိုးနင်းကို တစိမ့်စိမ့် ကြည်ညိုမိတယ်။

အရင်ကလည်း တစ်နေရာမှာ ရေးခဲ့ဖူးတဲ့ အကြောင်းအရာလေးကိုလည်း ထည့်ပြီး ရေးလိုက်ချင်ပါသေးတယ်။ တစ်ခါမှာတော့ ဒကာတစ်ယောက်က သင်္ဂဟဆရာတော်ဘုရားကြီးကို လျှောက်ထားသတဲ့။

''အရှင်ဘုရား . . . ငါးပါးသီလမှာ အခြားသော သီလတွေဟာ တစ်ပါးသူကို ထိခိုက်တတ်တာ မှန်ပါတယ်။ သုရာမေရယမှာတော့ ဘယ်သူ့ကိုမှ မထိခိုက်ပါပဲ ဘာကြောင့်ငါးပါးသီလမှာ ထည့်ထားပါသလဲ''

ဒီတော့ ဥပမာအကျော် ဆရာတော်ကြီးမိန့်တော်မူတာက –

''ဒကာကြီး တစ်ခါက အဘိုးကြီးတစ်ယောက်ရှိသတဲ့။ သူ့ရဲ့ မြေးယောကျ်ားလေးနဲ့ နေရတာပေါ့။ မြေးလေးက နွားကျောင်းရတယ်။ ညပိုင်းရောက်လို့ အိမ်အောက်ကို နွားတွေသွင်းပြီး အိပ်ခါနီးရင် အဘိုးကြီးက 'ငါ့မြေးရေ . . . ချိုထောင်ကလေး ချည်ပြီးပလား' လို့ မေးလေ့ရှိသတဲ့။

''ဒါနဲ့ တစ်နေ့မှာတော့ မြေးလေးက စိတ်မရှည်တော့ဘဲ 'ဘိုးဘိုးကလည်းဗျာ၊ ချည်ပြီးပါပြီဗျ။ တစ်ည တစ်ည ဒီချိုထောင်လေးကိုပဲ မေး



www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ' လို့ ပြောလိုက်တော့ အဘိုးဖြစ်သူက 'ငါ့မြေးက အိပ်နေတော့ မသိဘူး။ ချိုထောင်လေးကို ချည်မထားရင် သူက တခြားနွားတွေ အိပ်နေတာကို လိုက်လိုက်ဝှေ့တယ်ကွဲ့။ ဒီတော့ တခြားနွားတွေ အိပ်ရေးပျက်တာပေါ့။ ဒါကြောင့် သတိပေးရတာ'လို့ ပြောသတဲ့။

''ဒီလိုပဲ ဒကာကြီးရေ၊ သုရာမေရယ ဆိုတာ ချိုထောင်ကလေး လိုပဲ။ သူ့ကို ချည်မထားရင် တခြားသီလတွေကို လိုက်လိုက်ဝှေ့တတ်တယ်။ ဒါကြောင့် ဘုရားရှင်က ချိုထောင်လေးကို နိုင်အောင်ချည်ဖို့ ပညတ်ခဲ့တာပါ''

ငါဖြင့်လေ ဘယ်လိုသဘောကျမှန်း မသိဘူး။ ဒါကြောင့် မင်းတို့ အတွက် လက်ဆောင်ပေးလိုက်ရတာပါ့။

အေး- မင်းတို့ခေတ်မှာတော့ ချိုထောင်လေးတွေ၊ ချိုထောင်ကြီးတွေ စုံနေတာမို့ တခြားသီလတွေသာမက၊ ဘဝပါပျက်သွားနိုင်ကြောင်း နိုင်နိုင် ကြီး နာနာကြီး သတိပြုဖို့ လိုအပ်တယ် ထင်မိပါတယ်။

●

(၂၉)

အပ္ပမာဒေါ စ မေ့ေသု

ငါတို့ရဲ့ ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီးက 'အပ္ပမာဒေါ စ မေ့ေသု' ကို 'ကုသိုလ်တရားတို့၌ မမေ့ခြင်း' လို့ သင်ကြားတော်မူခဲ့တယ်။

အဲဒီမှာ ဆရာတော်ကြီးက မင်းတို့ ငါတို့လို လူပြိန်းတွေအတွက် ဖွင့်ဆိုပေးထားပုံကို ကြည့်လိုက်ပါဦး။

*

*'အပ္ပမာဒ = မမေ့မလျော့ခြင်းဟူသည် သတိပင်တည်း။ လောကတွင် ကိုယ့်အလုပ်တွင် စိတ်မဝင်စား၊ အခြား အပျော်အပါး အကစား စသည်တို့၌သာ လိုက်နေသူ၊ အလုပ်၌ ပျင်းသူ၊ လုံ့လမရှိသူတို့ကား မေ့လျော့သူများ တည်း။ ကိုယ့်အလုပ်တွင် စိတ်ဝင်စားလျက် ကြိုးစားနေသူ*



www.burmeseclassic.com

www.burmeseclassic.com



များမှာ မမေ့မလျော့သူ၊ သတိရှိသူများ ဖြစ်ကြ၏။

ပညာရေး ကျန်းမာရေး စီးပွားရေးစသော
လောကအရေးမှန်သမျှမှာ အပ္ပမာဒသည် အရေးပါလှ၏။
လောက၌ ကြီးပွားတိုးတက်နေသူများသည် သတိမလစ်
သူများ ဖြစ်ကြ၏။ ဆုတ်ယုတ်ပျက်စီးနေသူများကို
ကြည့်လျှင် မေ့လျော့နေသူများ ဖြစ်သည်ကို တွေ့နိုင်၏။
ထိုသို့ တိုးတက်မှု၊ မတိုးတက်မှုကို အစွဲပြု၍ပင် "မမေ့သူမှာ
မသေ ရှင်နေသူဖြစ်၍ မေ့သူမှာ သူသေနှင့် မခြား" ဟု
ဘုရားရှင်က ဓမ္မပဒ၌ ဟောတော်မူ၏။"

*

အရင်ကလည်း သတိအကြောင်းကို ရေးခဲ့ဖူးပါပြီ။ ဘုရားရှင်က ငါတို့ မင်းတို့ကို မျက်ကွယ်ပြုသွားတာ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ခဲ့ပါပြီ။ ဒါပေမဲ့ ဒီနေ့ထိအောင် တရားတော်တွေက ငါတို့ မင်းတို့ကို သတိပေး နေတုန်းပါပဲ။ 'သတိ' တဲ့။

ရုတ်တရက် ကြည့်လိုက်ရင်တော့ 'မင်္ဂလသုတ်' ဆိုတာ ဗမာရုံးမှာ ရွတ်ကြတဲ့ ပရိတ် 'အရွတ်တရား' လို ဖြစ်နေတယ်။ ဒါပေမဲ့ သေချာ စူးစမ်းကြည့်လိုက်တော့ ဘယ်လိုလူမျိုးဖြစ်ဖြစ်၊ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ခြေခြေမြစ်မြစ် နားလည်လိုက်နာလို့ရှိရင် အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်တဲ့ တရားတော်မြတ်ပါပဲ။ သံသရာတွေ၊ နောက်ဘဝဆိုတာတွေကို ဘေးချိတ်ထားလိုက်ဦး။ မျက်မှောက်လက်ရှိဘဝမှာကို အလွန်အရေးကြီးတဲ့ တရားကြီး ဖြစ်နေတာကို တွေ့နိုင်ပါတယ်။

ဆိုကြပါစို့ကွယ် . . .

သူသူကိုယ်ကိုယ် လူတိုင်းဟာ အပျော်အပါးကို နှစ်သက်မက်မော ကြတာပါပဲ။ ကျောင်းသားလူငယ်တွေ ဆိုကြပါစို့။ အတန်းငယ်ငယ် ကလေး အရွယ်မှာ ခုန်ပေါက်ပြေးလွှား ကစားမြူးထူးရတာကို နှစ်သက်တာပေါ့။





နောက်ပိုင်းမှာတော့ ဘောလုံးပွဲ၊ ဂိမ်း၊ ချက်တင်းဆိုတာတွေ၊ ဂစ်တာ တွေ ဘာတွေက ဝင်လာပြန်တော့တာပဲ။

အဲဒီကျတော့ ကျောင်းသားလူငယ်တွေဟာ ကိုယ့်မူရင်း တာဝန် လုပ်ငန်းကို မေ့သွားတတ်ကြတယ်။ ငါက ကျောင်းဆရာဘဝမှာ ကာလ အတော်ကြာ ကျင်လည်ခဲ့ဖူးလေတော့ မျက်စိအောက်မှာတင် သတိ မေ့လျော့မှုကြောင့် ဘဝပျက်သွားရတဲ့ ကလေးပေါင်းများစွာကို တွေ့ခဲ့ ရဖူးတယ်။ တချို့ဆိုရင် မိဘကလည်း အားပေး၊ ဉာဏ်ရည်လေးကလည်း ထက်မြက်၊ လူမှုရေးလည်း သွက်လက်၊ သို့ပါလျက်နဲ့ ကိုယ့်ရည်ရွယ်ချက်ကို မေ့လျော့တာကြောင့် ဘဝမှာ နိမ့်ဆင်းသွားတာ အများကြီးတွေ့ခဲ့ဖူးတယ်။ ကိုယ်နဲ့ ကျောင်းနေဖက် တန်းတူ ကျောင်းသူကျောင်းသားတွေက တရိပ် ရိပ်တက်သွားကြတာ မြင်ရတော့၊ သို့မဟုတ် ရာထူးရာခံ ဂုဏ်အဆင့်တွေ နဲ့ မြင့်သွားကြတာ တွေ့ရတော့ သူတို့ဟာ လူကြားထဲမှာ ငယ်သူငယ်ချင်း တွေကိုတောင် မျက်နှာချင်း မဆိုင်ဝံ့ကြတော့ဘူး။ အရပ်သုံးစကားနဲ့ ပြောရရင် လူကြားထဲ မတိုးဝံ့တော့ဘူးပေါ့ကွယ်။ ဒီတော့ ဆရာတော်ကြီး မိန့်ကြားတော်မူတဲ့ မမေ့မလျော့ခြင်းဆိုတာတွေဟာ မင်းတို့လူငယ်တွေ အတွက်တော့ အရေးမကြီးပေဘူးလား။ ဒီကနေ့စကားနဲ့ ပြောရရင်တော့ "မိမိတို့ ပန်းတိုင်ကို မျက်ခြည်မပြတ် သတိရှိနေခြင်း" ပေါ့ကွယ်။

ဆရာတော်ကြီးရဲ့ သြဝါဒကို ဆက်ပြီးနားထောင်ကြည့်ပါဦး။

'ဓမ္မအပ္ပမာဒ – တရား၌ (ကုသိုလ်တရားတို့၌) မမေ့မလျော့ခြင်း' တဲ့။

'ဓမ္မ' ဆိုရင် 'တရား' ဆိုတာကို ငါတို့ လူတိုင်း သိနေကြတာပါ ပဲ။ ဒါပေမဲ့ 'တရား' ဆိုတာ ဘာလဲလို့ မေးလိုက်ရင် ဒုက္ခရောက်ကုန် ပါလေရော။ "မသိဘူးလား ဆိုရင် သိတယ်။ သိသလားဆိုရင် မသိတော့ ဘူး" ဆိုတဲ့ ပြဿနာမျိုးတွေပေါ့ကွယ်။ ငါလည်းပဲ မင်းတို့ကို ရေးပြချင် တာကြောင့် ပါဠိအဘိဓာန်တွေကို ပြန်ပြီး လှန်ကြည့်လိုက်ရသေးတယ်။

ဓမ္မဆိုတာ "ကျိုးကြောင်းဆင်ခြင်မှု၊ ဟုတ်မှန်သော သဘော"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။ ကျိုးကြောင်းဆင်ခြင်မှုအရ မှန်ကန်သော သဘောအခြေအမြစ်ကို သိရှိရခြင်းပေါ့။ အဲဒီမှာမှ ကုသလဓမ္မ ကုသိုလ်တရား၊ အကုသလဓမ္မ အကုသိုလ်တရား၊ ကောင်းမှု မကောင်းမှုပေါ့။ ဆရာတော်ကြီး ဖွင့်ဆိုရှင်းပြထားတာကို ကြည့်ပါဦး။

*

'ဓမ္မေသုအရ မမေ့ရမည့်တရား၌ ကုသိုလ်တရားအားလုံး ပါဝင်ပြီးဖြစ်ရာ ဒါန၊ သီလသာမက ရတနာသုံးပါးဂုဏ် အာရုံပြုခြင်း၊ မေတ္တာပို့ခြင်း၊ သေခြင်းတရားကို အောက်မေ့ခြင်း၊ သတိပဋ္ဌာန် ဘာဝနာတရား ပွားများခြင်း စသော နှလုံးသွင်းဖွယ် တရားများကို လက်ကိုင်ထားရမည်သာ။ တရားဆိုသည်မှာ နောက်ဘဝအတွက် ဆိုင်နေသည် မမှတ်။ တရားရှင်ကို ယခုဘဝပင် စိတ်ချမ်းသာစေခြင်း၊ စိတ်ဓာတ်ခိုင်မာစေခြင်း၊ လောကဓံကို ခံနိုင်ရည်ရှိစေခြင်း၊ မိမိက အထူးကြိုးစားလျှင် မဂ်ဖိုလ်အထိ ရနိုင်စေခြင်း စသည်ဖြင့် စောင့်ရှောက်တတ်သည်။'

*

'မရဏ'ဆိုတာ သေခြင်း၊ 'အနုဿတိ' ဆိုတာက အဖန်တလဲလဲ အောက်မေ့ခြင်း။ မြန်မာလိုဆိုရင်တော့ ငါဟာ တစ်နေ့သေရမယ်ဆိုတာကို မပြတ်သတိပြုနေခြင်း။ တစ်နည်းအားဖြင့် "မင်းရဲ့အသက်ဟာ မမြဲဘူး။ တစ်နေ့ သေရမှာပဲနော်။ သေချာမှတ်ထား မမေ့နဲ့" လို့ ကိုယ့်ကိုယ်ကိုယ် သတိပေးနေခြင်းလို့ ဆိုရမှာပါပဲ။

အဲဒီလို သတိပေးနေတော့ ဘာဖြစ်လဲ။

မင်းတို့ မေးခွန်းတစ်ခု မေးပါရစေ။

မင်းဟာ နက်ဖြန်သေတော့မယ် ဆိုပါတော့။ ထီပေါက်ချင်သေးသလား၊ တိုက်တွေ ကားတွေ၊ တီဗွီတွေ၊ အထက်စက်၊ အောက်စက်





ဆိုတာတွေ မက်မောဦးမလား။ ဘာတွေများ မက်မောနေဦးမှာလဲ။ ဖြစ်နိုင်ရင် မင်းမက်မောနေမှာက 'အသက်' ပဲပေါ့။ မသေချင်သေးဘူးပေါ့။ 'မသေဆေး' ဆိုတာကိုသာ ပေးမယ်ဆိုရင် မင်းမှာရှိသမျှ စည်းစိမ်ဥစ္စာ တိုက်တာ အိမ်မြေ ရွှေငွေအားလုံး ပုံပေးတော့မှာပေါ့။ အဲဒါတွေ မင်းမှာ ဘာများ မက်မောစရာရှိသေးလဲ။

စကားအကြောင်းဆိုက်လာလို့ အဖိုးကြီးပိပိ စကားရှည်လိုက်ဦးမယ်။ မင်းတို့ ကြားဖူးကြသလား မသိဘူး။

အဇ္ဇေဝ သုဝေ၊ ခုတွေးဆပြန်လုန်
ယနေ့လား နက်ဖြန်ယေ၊ ရက်မှန်မှန် မသိ၊
အနိစ္စ လက္ခဏာယေ၊ သန့်ဘက်ခါ ဆုံးမရှိ။
အဇ္ဇေဝ–ယနေ့၊ သုဝေ – နက်ဖြန်ပေါ့ကွယ်။

လူတစ်ယောက်မှာ သေခြင်းတော့ မြဲနေတယ်။ ဒါပေမဲ့ ဘယ်တော့ သေရမယ်။ ဘယ်အချိန် သေရမယ်။ ဘယ်ပုံဘယ်နည်း သေရမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူးပေါ့။

သို့သော် ဘယ်တော့ သေရမယ်၊ ဘယ်ပုံသေရမယ်ဆိုတာ သိနေရတဲ့ လူတွေ ရှိသေးတယ်။ ကြိုးမိန့်သေဒဏ်ကျနေတဲ့ သူတွေပေါ့။

ပြောလိုက်ရဦးမယ်။ တစ်နိုင်ငံလုံး ရောင်စုံသူပုန်တွေ လွှမ်းနေတဲ့ ခေတ်အခါက ငါ့မှာ သောင်းကျန်းသူတပ်ပေါင်းစုက ဖမ်းလို့ ထောင်ထဲ ရောက်သွားလိုက်ပါသေးတယ်။ သရက်ထောင်မှာ ကြုံခဲ့ရတာပါ။ အကျဉ်းသား၊ နိုင်ငံရေးသမားထဲမှာ ငါက အငယ်ဆုံး ဆိုပါတော့။ ဘာမှ မလုပ်ရ မကိုင်ရပါဘူး။ ဒီအတိုင်း ထောင်ထဲမှာ လှောင်ထားတာပဲ ဆိုပါတော့။

ငါက အင်္ဂလိပ်စာကိုလည်း လေ့လာသင်ယူနေတယ်။ စာဖတ်ဝါသနာလည်းပါတယ်ဆိုတော့ နေ့လယ်နေ့ခင်း ထမင်းစားပြီးချိန်မှာ ကြိုးတိုက်ခန်း တစ်ခုခုမှာ သွားပြီး စာဖတ်နေလေ့ရှိတယ်။ ကြိုးတိုက်ဆိုတာက ကြိုးမိန့်ကျထားတဲ့လူတွေကို တစ်ဦးချင်း တိုက်ပိတ်ပြီး အလုံလှောင်ထားတဲ့ အခန်းလေးပါပဲ။ အနံ့ခြောက်ပေ၊ အလျားဆယ်ပေလောက် သံတံခါး အခိုင်အမာတပ်ထားတဲ့ အခန်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်ပါဘူး။ ဒီတုန်းက သရက်ထောင်ထဲမှာ ရာဇဝတ်အကျဉ်းသားတွေလည်း မရှိ၊ ကြိုးဒဏ်သမားတွေလည်း မရှိတာကြောင့် အေးအေးဆေးဆေး သွားနေခဲ့တာပါပဲ။

တစ်နေ့မှာတော့ စာဖတ်နေရင်း ပျင်းတာနဲ့ အမှတ်မထင် ဘေးက အုတ်နံရံကို ကြည့်လိုက်မိပါတယ်။ ခဲတံနဲ့ ရေးထားတဲ့ စာတန်းလေးတွေ မွစာကြဲနေတာပဲ။ ရေးထားတာတွေက –

'ရွှေသစ္စာမဏ္ဍိုင် မဟာမြိုင်အောင်မောင်း လွတ်ပါစေဘုရား။'

'ရွှေသစ္စာမဏ္ဍိုင် မဟာမြိုင်အောင်မောင်း အယူခံလွှာ တင်သောနေ့။'

'ရွှေသစ္စာမဏ္ဍိုင် မဟာမြိုင်အောင်မောင်း အသနားခံစာ တင်သောနေ့။'

'သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ . . .'

အဲဒါမျိုးတွေချည်းပဲ။ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဣတိပိသော' စသည်အားဖြင့် ဘုရားဟောဂါထာတွေလည်း တစ်ပုံတပ်ပင်ကြီးပါပဲ။

ငါလည်း အဲဒါတွေကို လျှောက်ပြီး အားလုံးကို စိတ်ရှည်လက်ရှည် ဖတ်နေမိတယ်။ ဖတ်ရင်းကျမှ 'ရွှေသစ္စာမဏ္ဍိုင် မဟာမြိုင်အောင်မောင်း' ဆိုတာကို သတိရလာမိတယ်။ စစ်ကြီးပြီးစ လက်နက်တွေ ဖောခြင်းသောခြင်း ဖြစ်နေတဲ့ ကာလပျက်ကြီးမှာ နာမည်ကြီးခဲ့တဲ့ ဓားပြဂိုဏ်းခေါင်းဆောင်ကိုးကွဲ့၊ သတင်းစာထဲမှာ ဖတ်ခဲ့ဖူးတာ ပြန်ပေါ်လာတယ်။ သရက်၊ မင်းဘူး ဧရာဝတီမြစ်အနောက်ဘက်တစ်ဝိုက်မှာ သတ်ဖြတ်လုယက် ရက်ရက်စက်စက် လုပ်လွန်းတာကြောင့် နယ်လုံးတုန်အောင် ကြောက်ကြရတဲ့ ဂိုဏ်းကြီးရဲ့ ခေါင်းဆောင်ပေါ့။ အခြေခံပညာကလည်း နည်းပါးကြလေတော့ စစ်ကြီးရဲ့ အကြွင်းအကျန် လက်နက်တွေနဲ့ တစ်ခဲနက် ဆုံးသွမ်းခဲ့ကြသူတွေပေါ့။ အုပ်ချုပ်ရေး ဥပဒေ စိုးမိုးဝင်လာပြီး ခေတ်ကာလ အေးသွားတော့ ကြိုးမိန့်ကျ သေဒဏ်စီရင်ခြင်း ခံသွားရတော့တာပေါ့။





ငါက အမှတ်မထင် သူမသေခင်နေခဲ့ရတဲ့ ကြိုးတိုက်ခန်းထဲ ရောက်သွားခဲ့ရပေတာကိုး။ ငါ့မှာလေ သူရေးထားတဲ့ ခဲတံ စာလုံးလေးတွေကို လျှောက်ဖတ်ကြည့်ရင်း သူ့စိတ်တွေ ကစဉ့်ကလျား ချောက်ချားနေပုံကို ခံစားမိသလို ဖြစ်လာမိတယ်။ သနားပဲ သနားရမလိုလို၊ တရားပဲကျရမလိုလို ဖြစ်လာခဲ့မိတာကို သတိရလို့နေမိပါသေးတယ်။

ရွှေသစ္စာမဏ္ဍိုင်ဆိုတဲ့ နာမည်ကို ဘာကြောင့် ခံယူခဲ့သလဲဆိုတာတော့ ငါ မသိဘူး။ ဒါပေမဲ့ သူဟာ သေရတော့မှာကို အကြီးအကျယ် ထိတ်လန့် ကြောက်ရွံ့နေတဲ့ကာလတွေပဲဆိုတာဘော့ အလွန်ပဲ ထင်ရှားတယ်။ သေရလိမ့်မယ်၊ သေရတော့မယ် ဆိုတာကို နေ့ညမပြတ် တရစပ် သတိရနေတာ သိသာလှပါတယ်။

ကဲ– အဲဒါကို မရဏာနုဿတိလို့ ခေါ်မလား။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ နိမိတ်ကြီးလေးပါးမှာ သူသေကို မြင်လိုက်တော့ "ငါလည်း ဤသို့လျှင် သေရအံ့ဟု တွေးလျက် သည်းဆုတ်အေးမျှ ထိတ်လန့်လှသောကြောင့်" လို့ ဗုဒ္ဓဝင်မှာ ဆိုပါတယ်။

သေရမှာကို ကြောက်ကြတာချင်း တူနိုင်မလား။

အလောင်းတော် စတဲ့ သူတော်ကောင်းတို့ သေရမှာကို ကြောက်ခြင်းမျိုးကို 'သံဝေဂ' လို့ ခေါ်တယ်။ တရားအသိနှင့် ယှဉ်သော ထိတ်လန့်ခြင်းဆိုပါတော့ကွယ်။

အထက်မှာ ပြောခဲ့တဲ့ မရဏာနုဿတိ ဆိုတာက အဲဒီလို သေရမှာကို သိပြီး သတိသံဝေဂရအောင် ပွားများဆင်ခြင်ရတာမျိုးပဲ။ ဒါတွေကို ဘာကြောင့်ရေးနေရသလဲဆိုတော့ မင်းတို့ လူငယ်တွေမှာ တစ်နေ့ သေရမယ်ဆိုတာ မကြာခဏ သတိရနေခြင်းအားဖြင့် မဟုတ်မမှန်တာတွေ မတော်မတရားတာတွေ မပြုမိအောင် ကိုယ့်စိတ်ကိုယ် ထိန်းတဲ့အကျင့် ရသွားစေနိုင်တာပေါ့။ သားကျွေးမှု၊ မယားကျွေးမှုလေးအတွက်ကြောင့် မတော်လောဘရမ္မက်ကြောင့် ဒေါမာန်ရက်စက် ခိုးဝှက်လုယက်ဆိုတာမျိုးတွေကို မကျူးလွန်မိအောင် ဆင်ခြင်တတ်တာပေါ့ကွယ်။ အတိုချုပ်ရရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရွှေသစ္စာမဏ္ဍိုင် မဟာမြိုင်အောင်မောင်း သေရမှာ ကြောက်ရွံ့ထိတ်လန့်ပုံမျိုး မဟုတ်ဘဲ အလောင်းတော် သူတော်ကောင်းတို့ရဲ့ မြတ်သောထိတ်လန့်မှုမျိုး ဖြစ်စေချင်လို့ပါပဲ။ မင်းတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ဖြန့်ကြက်ပြီး ပွေးကြပါတော့။

## (၃၀)

*ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။*

*ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။*

အဲဒီမင်္ဂလသုတ်ပါဠိတော်ကို ဆရာတော်ကြီးက ဒီလိုအနက်ဖွင့်ထားပါတယ်။

*‘ရိုသေထိုက်သောသူကို ရိုသေခြင်း၊ မိမိကိုယ်ကို နှိမ့်ချခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ သင့်လျော်သောအခါ တရားနာခြင်း၊ ဤငါးပါးမှာ ကောင်းမြတ်သော မင်္ဂလာတည်း။’*

အဲဒီမှာ သေချာဖတ်ကြည့်ရင် ငါ့စိတ်ထဲ စဉ်းစားမိတာက ငါတို့ ဗမာလူမျိုးတွေဟာ ဗုဒ္ဓမြတ်ရှင်ရဲ့ အဆုံးအမနဲ့ ဘယ်တုန်းကမှ မလွတ်ခဲ့ပါလားလို့ စဉ်းစားမိလာတယ်။ ဂါရဝေါ၊ သက်ကြီးဝါကြီးတို့ကို ရိုသေ



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ပူဇော်ရမယ်ဆိုတာ မင်္ဂလာတရားတစ်ပါးပေပဲ။ နောက်ပြီး ငါတို့ရဲ့ ရှေ့ခေတ်ပညာရေးစနစ်က ဘုန်းတော်ကြီးကျောင်းပညာရေးစနစ် မဟုတ်ပါလား။ ဘုန်းတော်ကြီးကျောင်းက ဘာသာတရားကိုလည်း သင်ကြားပေးတယ်။ စာပေကိုလည်း သင်ကြားပေးတယ်။ ဗုဒ္ဓဘာသာမှန်ရင် သာသနာ့ဘောင်ကို ဝင်ပြီး ရှင်သာမဏေပြုရတယ်။ ကိုရင်ဝတ်ကြရတယ်။ အချို့မိဘတွေဆိုရင် သမီးမိန်းကလေးကိုတောင်မှ တစ်ဝါတွင်းလောက်မျှ ဖြစ်စေ သီလရှင်ဝတ်စေကြတယ်။ အဲဒီလိုအနေနဲ့ ဘုန်းကြီးကျောင်းမှာ စာပေကို သင်ယူတယ်။

ဗုဒ္ဓမြတ်ရှင်ရဲ့ အဆုံးအမ ယဉ်ကျေးမှုကို သင်ယူလေ့ကျင့်ကြရတယ်။ ဒီတော့ ကိုယ့်ထက်သက်ကြီးဝါကြီးကို ရိုသေရမယ်ဆိုတာကို နှီးစွဲသားစွဲ မှတ်ယူလေ့လာခဲ့ကြရတယ်။

အမှန်အတိုင်း ဝန်ခံပြီးပြောရရင် ငါဟာ အစက 'သက်ကြီးဝါကြီး' ဆိုတဲ့ စကားလုံးတွေမှာ ကိုယ့်ထက်အသက်ကြီးသူကို ရိုသေရမယ်ဆိုတာကို နားလည်ခဲ့ပါတယ်။ 'ဝါကြီး'ဆိုတာကို ကောင်းကောင်း သဘောမပေါက်ခဲ့ပါဘူး။ ဝိုးတိုးဝါးတားပဲ နားလည်ခဲ့ပါတယ်။ ငါကိုယ်တိုင် ဝါတွင်း ၃ လလောက် ကိုရင်ဝတ်ပြီး ဘုန်းကြီးကျောင်းပတ်ဝန်းကျင်မှာ နေခဲ့ရတော့မှ သဘောပေါက်လာပါတယ်။ ကိုရင်တွေမှာတော့ အရေးမကြီးဘူးပေါ့။ ဒါပေမယ့် 'ဝါ' ဆိုတာဟာ ရဟန်းတော်၊ ပဉ္စင်းများရဲ့ လောကမှာ 'ဝါ' ဆိုတာဟာ အလွန်အရေးကြီးတယ်။ 'ဝါ' ဆိုတာဟာ ရဟန်းပဉ္စင်းအဖြစ်သို့ ဝင်ရောက်လာခဲ့တဲ့ နှစ်ပရိစ္ဆေဒကို ဆိုလိုတာ ဖြစ်တယ်။ ရဟန်းတော်များရဲ့ လောကမှာ အသက်ကြီးသူထက် ဝါကြီးသူကို ပိုပြီး ရိုသေကြရတယ်။

ရဟန်းဝါ ဘယ်နှစ်ဝါရှိပြီလဲဆိုတာမျိုးတွေ မင်းတို့ တွေ့ဖူးမှာပေါ့။ သက်တော် ၅၀ ဝါတော် ၃၀ စတဲ့ အသုံးအနှုန်းတွေကိုလည်း မင်းတို့ တွေ့ဖူးကြလိမ့်မယ်။ ဝါတော်ဆိုတာက ရဟန်းတော်သက်တမ်းကို ပြောတာ၊ မင်းတို့ နားရှင်းအောင် ပြောရရင် ရဟန်းတော် (Service) ကို ဆိုလို





တာ။ ရဟန်းတော်များရဲ့လောကမှာ အသက်အရွယ်က ပမာနမဟုတ်ဘူး။ ဝါတော်က ပမာနဖြစ်တယ်။ ဝါတော်အရ ဝါနုတဲ့ရဟန်းက ဝါရင့်တဲ့ ရဟန်းကို ရှိခိုး အရိုအသေပြုရတယ်။ ဒီတော့ ဝါကြီး၊ ဝါငယ်ဆိုတာ ရဟန်းလောကမှာ အလွန်အရေးကြီးတယ်။

အဲဒီလို ငါကိုယ်တိုင် ရှင်သာမဏေဘဝကို ရောက်သွားတော့မှ သက်ကြီးဝါကြီးတွေကို ကန်တော့တယ်၊ ရိုသေတယ်ဆိုတာကို ရေရေလည်လည် သဘောပေါက်လာတယ်။

ဒီတော့ ငါတို့ ဗုဒ္ဓဘာသာဝင်တွေဟူသမျှ ဗမာ့ယဉ်ကျေးမှုကို လိုက်နာတဲ့ လူတွေဟူသမျှ ကိုယ့်ထက်အသက်ကြီးသူ၊ ဝါကြီးသူကို အရိုအသေပြုရမယ်ဆိုတဲ့ ထုံးတမ်းစဉ်လာဟာ မင်္ဂလသုတ်ထဲမှာပါတဲ့ 'ဂါရဝေါစ' ဆိုတဲ့ ဩဝါဒယဉ်ကျေးမှုပါလားလို့ သဘောပေါက်လာမိတယ်။

မင်းတို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ဖြစ်နေတဲ့ ဥပမာတစ်ခုကို ပေးလိုက်ပါရစေ။ စစ်တပ်ရဲ့ ကျင့်ဝတ်ကို မင်းတို့ သတိထားမိပါလိမ့်မယ်။ အသက်အရွယ်ကို ပမာနမထားဘဲ ရာထူး အဆင့်အတန်းအလိုက် အလေးပြုကြရစမြဲပါပဲ။ ဆိုကြပါစို့ကွယ်။ အသက် ၃၀ လောက်ရှိတဲ့ တပ်ကြပ်ကြီးက အသက် ၂၀ လောက်သာရှိသေးတဲ့ ဒုဗိုလ်ကို အရိုအသေပေး အလေးပြုကြရတာပဲ မဟုတ်လား။ ရာထူး အဆင့်အတန်းအလိုက် မြင့်သူကို နိမ့်သူက အလေးပြုကြရမြဲဖြစ်ပါတယ်။

စစ်တပ်မှာလိုပဲ အပြင်ဝန်ထမ်းလောကမှာလည်း ဒီအတိုင်း ကျင့်သုံးကြရတာပဲ။ အသက်ကြီးသူ၊ ရုံးလုလင်မင်းစေက အသက်ငယ်သော်လည်း မိမိထက်ရာထူးကြီးမြင့်တဲ့ အုပ်ချုပ်ရေးမှူးကို ရိုသေစွာ ဆက်ဆံကြရတယ်။ အသက်ကြီးရင့်သူ မူလတန်းပြဆရာတစ်ယောက်က ကိုယ့်အောက် အသက်ငယ်သူ ပညာရေးဘွဲ့ရသူ ကျောင်းအုပ်ဆရာကြီးကို အလေးပြုရိုသေကြရတာပဲ။ အဲဒါဟာ 'ဂါရဝေါစ' ပေါ့။

အဲဒီလိုပဲ ရပ်ထဲ၊ ရွာထဲမှာလည်း အသက်ပင်ငယ်လင့်ကစား ရပ်ကျိုးရွာကျိုး ဆောင်ရွက်နေသူတွေကို အားလုံးက ရိုသေလေးစားစွာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံကြရမြဲ ဓမ္မတာပါပဲ။ နှုတ်အမူအရာအားဖြင့်၊ ကိုယ်အမူအရာအားဖြင့် အဲ့ဒီလို လေးလေးစားစား ဆက်ဆံတတ်ခြင်းဟာ မင်္ဂလာတရားတော်ရဲ့ အဆုံးအမတစ်ခုပါပဲ။ ဒီတော့ကား ဆင့်ပွားတွေဖြစ်လာလိုက်ပုံက ဈေးရောင်းသူက ဈေးဝယ်သူအား လေးစားစွာ ဆက်ဆံပြောဆိုခြင်းဖြစ်စေ၊ တက္ကစီမောင်းသူက တက္ကစီငှားသူကို လေးစားစွာ ဆက်ဆံပြောဆိုခြင်းဖြစ်စေ၊ မင်္ဂလာတရားတော်နှင့်အညီဟု ဆိုရတော့မှာပေါ့။

နိဝါတောစ။ ။ 'မိမိကိုယ်ကို နှိမ့်ချခြင်းသည်လည်းကောင်း မင်္ဂလာတရားတော်'လို့ ဘုရားရှင်က မိန့်ကြားတော်မူပါတယ်။ အဲ့ဒီစကားကို ပထမတုန်းကတော့ အရေးတကြီးရယ်လို့ မတွေးမိပါဘူး။ နောင်ကျတော့မှ တဖြည်းဖြည်းစဉ်းစားမိလာတာက ငါတို့ဗမာတွေရဲ့ နေ့စဉ်သုံးဝေါဟာရတွေကို သေချာစစ်ဆေးမိလာတယ်။ ဆိုကြပါစို့ကွယ် 'ကျွန်တော်' 'ခင်ဗျား' 'ကျွန်မ' 'ရှင်' ဆိုတာတွေကအစ ငါ့စိတ်ထဲမှာ စဉ်းစားကြည့်နေမိတယ်။ သုတေသီတစ်ယောက်အနေနဲ့ ရေးတာမဟုတ်ပါဘူး။ ခရီးသွားဟန်လွှဲဆိုသလို ငါစဉ်းစားမိတာလေးတွေ ရေးလိုက်ချင်ပါသေးတယ်။

ငါတို့မြန်မာစာပေမှာ ရေးအကျဆုံး ကျောက်စာတွေမှာဆိုရင် 'ငါ'ဆိုတဲ့ အသုံးကိုပဲ တွေ့ရတယ်။ 'ကျွန်တော်'ဆိုတာမျိုး မတွေ့ခဲ့ဘူး။ နောက်ပိုင်း 'ရာဇာဓိရာဇ်အရေးတော်ပုံ' 'ဦးကုလားမဟာရာဇဝင်ကြီး' စတာတွေကို ဖတ်တော့မှ 'အရှင်ဘုရား' 'ကျွန်တော်မျိုး' 'အကျွန်ုပ်' စတဲ့ အသုံးအနှုန်းတွေကို တွေ့လာရတယ်။ ဒီတော့မှ 'အရှင်ဘုရား'၊ 'သခင်ဘုရား' အဲ့ဒီကနေ 'ခင်ဗျား'၊ 'ကျွန်တော်မျိုး'ကတစ်ဆင့် 'ကျွန်တော်' 'ကျွန်မ' 'ရှင်' ဆိုတာတွေကို ဆက်ပြီး တွေးမိလာတယ်။ မင်းတို့လည်း ရှေ့ဆက်ပြီး တွေးကြပေါ့ကွာ။

ဒီတော့ မိမိကိုယ်ကိုနှိမ့်ချခြင်းဆိုတာဟာ ငါတို့ နေ့စဉ်သုံးနေတဲ့ စကားတွေထဲမှာ ပါနေပါကလားရယ်လို့ ဆက်ပြီး စဉ်းစားမိပြန်တယ်။ အခု ဒီစာကိုရေးနေတော့ 'မင်း' 'ငါ' ဆိုတာတွေကို သုံးပြီးရေးနေတယ်။ 'မင်း' ဆိုတာက 'မောင်မင်း' ဆိုတာက ဆင်းသက်လာလေ





သလားမသိဘူး။ အကြီးအကဲက 'အမောင်သူကြီးမင်း' 'အမောင်ရွာစားမင်း' ခေါ်သလိုမျိုး၊ နှုတ်ခွန်းချိုသလိုမျိုး ဝေါဟာရက ဆင်းသက်လာလေသလားလို့လည်း ထင်မိပြန်တယ်။

'ကျွန်တော်မျိုး' ကနေပြီး 'ကျွန်တော်' ဖြစ်လာမှာပေါ့။ တစ်ဖက်သားကို အရှင်သခင်အဖြစ် အသိအမှတ်ပြုပြီး မိမိကိုယ်ကို နှိမ့်ချတဲ့ ဝေါဟာရတွေဖြစ်မှာပေါ့။

ဒီလိုပဲ 'ရှင်' 'ကျွန်မ' ဆိုတာတွေဟာလည်း တစ်ဖက်သားကို ရိုသေမှုပြုပြီး 'ဂါရဝေါစ' စကားဆိုတာပေါ့။ မိမိကိုယ်ကို နှိမ့်ချပြီး 'နိဝါတောစ' လုပ်တယ်လို့ ဆိုရမှာပေါ့။

အခု နောက်ပိုင်းမှာတော့ 'ပိယဝါစာ' လို့ခေါ်တဲ့ ချစ်ဖွယ်သောနှစ်လိုဖွယ်သော ယဉ်ကျေးမှုအဖြစ် ပြောင်းလာပြန်တယ်။ ငါက ကျောင်းဆရာဖြစ်နေလေတော့ ဒါတွေကို ခဏခဏ သတိထားမိတယ်။ ကျောင်းသူတပည့်မလေးတွေက ငါနဲ့ စကားဆိုရာမှာ 'ကျွန်မ'လို့ မသုံးတော့ဘဲ 'ဆရာ သမီးပြောတာက ဒီလိုပါ'၊ 'သမီးဆိုလိုတာက' 'သမီးထင်နေတာက' စသည်ဖြင့် သူတို့ကိုယ်သူတို့ 'သမီး'လို့ ပြောတတ်ကြတယ်။ ဒီတော့ 'ပိယဝါစာ' ဖြစ်လာတာပေါ့။

ငါပြောချင်တာက မင်္ဂလာတရားတော်ရဲ့ အဆုံးအမသြဝါဒဟာ တစ်နည်းအားဖြင့် ယဉ်ကျေးမှုကြီးဟာ ငါတို့ဗမာလူမျိုးတွေအပေါ် ဘယ်လောက်လွှမ်းမိုးခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၃၁)

'သန္တုဋ္ဌိ' ဆိုတာ 'မိမိမှာရှိသမျှ၊ ရတတ်သမျှ ဥစ္စာပစ္စည်းများဖြင့် ရောင့်ရဲလွယ်ခြင်း'ကို 'သန္တုဋ္ဌိ'လို့ ခေါ်ကြတာပါပဲ။ သို့သော်လည်း ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီး ဖွင့်ဆိုပြတာကို ကြည့်လိုက်ပါဦး။

'မတင်းတိမ်သင့်သော အရာ။ ။ တင်းတိမ်လျှင် မြိန်ရှက်ဆိုသကဲ့သို့ တင်းတိမ်သူ၌ အမြဲစိတ်ချမ်းသာလျက် ရှိရာ လောကီဆရာတို့က "သန္တောသမုလဟိသုခံ — ချမ်းသာမည်သည်မှာ သန္တာသလျှင် အကြောင်းရှိ၏" ဟု ဆိုကြ၏။ သို့သော် ပညာရေး၌ အချို့က "အို ဒီလောက်ဆို တော်လောက်ပါပြီ" ဟုလည်းကောင်း၊ စီးပွားရေး၌ "ဒီလောက်ရှိ တော်ရောပေါ့" ဟုလည်းကောင်း လျှော့တတ်





ကြလေ၏။ ဤသို့ လျှော့ခြင်းမှာ သန္တုဋ္ဌိမဟုတ် ဆုတ်နစ်ခြင်းသာ၊ ဓမ္မရေးနှင့် လောကရေး၌ အတူမသုံးသပ်ထိုက်၊ တရားသက်သက်အားထုတ်သော ရဟန်းတော်များ အတွက်မူ ပစ္စည်းနှင့်စပ်လျှင် အလိုနည်းလေ ကောင်းလေ ဖြစ်၏။ လောကလူသားများအဖို့ကား ထိုသို့မဟုတ်။ ဓမ္မရေး၌ပင် စာပေတတ်ရုံနှင့် တင်းတိမ်နေလျှင် ပေါ့လျော့မှု ဆုတ်နစ်မှုသာ ဖြစ်၏။ မင်္ဂဖိုလ်ရသည်အထိ မရမနေ ကြိုးစား ရမည်သာ။ ထို့အတူ လောကသားအဖို့ တာဝန်တွေရှိနေ၏။ မိသားစုတာဝန်၊ အမျိုးတာဝန်၊ တိုင်းပြည်တာဝန်ဟု ရှိနေရာ ထိုတာဝန်တွေအတွက် ပစ္စည်းရှာရမည်သာ။ မတတ်သာ၍ ဖြစ်သလို ကျေနပ်ရမည် ဖြစ်သော်လည်း တတ်နိုင်လျက် တိုးတက်မှုရပ်သွားအောင် သန္တုဋ္ဌိပြုလိုက် သည်မှာ သန္တုဋ္ဌိအစစ်မဖြစ်ဘဲ ပေါ့လျော့ဆုတ်နစ်မှုအဖြစ် သို့သာ ရောက်ရတော့သည်။'

ကဲ– ဆရာတော်ကြီး ရေးသားသွားတာ မရှင်းပေဘူးလား။ မင်းတို့ သတိထားရမှာက 'ရောင့်ရဲ'ဟန်ဆောင်နေတဲ့ 'ဆုတ်နစ်'မှုကို သတိထားဖို့ မိန့်ကြားသွားတာပါ။ အဲ့ဒီမှာ ရောင့်ရဲမှုနဲ့ ပျင်းရိအားလျော့မှုကို အလွန်သတိထားအပ်တယ်လို့ ထင်မိပါတယ်။ ငါ့အမြင်အရ ပြောရရင်တော့ ပျင်းရိမှုက ရောင့်ရဲမှုအသွင် ဟန်ဆောင်တတ်ကြတယ်။ ဒီတော့ ရောင့်ရဲသလိုလို ဟန်ဆောင်ပြီး ပျင်းရိနေတဲ့သူတွေဟာ အောက်တန်းကျလာတတ်တယ်။ နောက်တော့ သားသမီးတွေပါ အောက်တန်းကျသွားတတ်တယ်။

လောကီစီးပွားရေး ကြီးပွားရေး အောင်မြင်ရေးအတွက် ကြိုးစားနေသူတွေဟာ ရောင့်ရဲဆုတ်နစ်ခြင်း ဘယ်တော့မှ မဖြစ်သင့်ဘူး။

တစ်နေ့တစ်ခြား စီးပွားတိုးတက်ချင်တဲ့ 'လောဘ' ဆိုတာ ရှိကြရမှာပဲ။ အဲ့ဒီလောဘက 'မတော်လောဘ' မဖြစ်ဖို့ဘဲ အရေးကြီးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့လည်း ကြားဖူးမှာပါ ''တစ်ယောက်ချမ်းသာ၊ ကိုယ်ဖို့ရှာ၊ သတ္တဝါပေါင်းဆင်းရဲကြောင်း''ဆိုတဲ့ စကားလို သူတကာတွေ မျက်ရည်ပေါက်ကြီးငယ်ကျမှ ကိုယ်ချမ်းသာရာရတဲ့ စီးပွားဥစ္စာဆိုတာမျိုး ကတော့ (ငါ့အမြင်အရ) အကုသိုလ်အကျိုးပေးတယ်လို့ ပြောလိုက်ချင် တာပါပဲ။ ရှေးခေတ်က စကားနဲ့ပြောရရင် ''အလေးစဉ်းလဲ၊ တောင်းစဉ်း လဲ'' နဲ့ ရောင်းတာဝယ်တာမျိုးပေါ့ကွယ်။

ငါတို့ ဒီကနေ့ခေတ်မှာ တွေ့နေမြင်နေကြရတာကတော့ လုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်၊ အာဏာရရှိနေတဲ့ 'မင်း' အစိုးရ အရာရှိတို့ရဲ့ ဘေးမှာ ကပ်ပြီး ကိုယ်ချမ်းသာရာရကြောင်း စီးပွားဥစ္စာရှာကြံနေသူတွေပါပဲ။ သူတို့ဟာ မရောင့်ရဲနိုင်ကြဘူး။ လောဘနောက်ကို တကောက်ကောက် လိုက်ရင်း ဘဝကုန်ဆုံးသွားတတ်ကြတယ်။ မရောင့်ရဲနိုင်ကြဘူးပေါ့။

ဒီစာကိုရေးနေရင်း သတိရလာလို့ ပြောလိုက်ရဦးမယ်၊ ရုရှ စာရေးဆရာကြီး လီယိုတော်စတွိုင်းရေးတဲ့ 'လူတစ်ယောက်အတွက် လိုအပ်သော မြေနေရာ' ဆိုတဲ့ ဝတ္ထုကလေးပါပဲ။ အတိုချုပ်ပြန်ပြောလိုက် ဦးမယ်။ တစ်နေ့မှာ နယ်စားကြီးက ဘောလမ်းခရီးထွက်လာတော့ တောတွင်းသားတစ်ယောက်က အဲ့ဒီနယ်စားရှင်ဘုရင်ကြီးထံမှာ ဝပ်တွားပြီး သူ့အတွက် မြေနေရာလေးတစ်ကွက်ပေးဖို့ အသနားခံတယ်။ ဒီတော့ နယ်စားကြီးက ''ယခု နံနက်ချိန်ကစပြီး မောင်မင်း ပြေးနိုင်ပတ်နိုင်သမျှ သော နယ်မြေကို ပတ်ပြီး ပြေးလာခဲ့၊ မွန်းတည့်ချိန်မှာ ဒီနေရာကို ပြန်ရောက်ရမယ်။ အဲ့ဒီ မင်းပြေးခဲ့၊ ပတ်ခဲ့၊ မှတ်ခဲ့တဲ့ မြေနေရာဟာ မောင်မင်းပိုင်တဲ့ မြေဖြစ်စေရမယ်''

ဒါနဲ့ပဲ အဲ့ဒီ ကျေးတောသားလည်း နယ်စားကြီး ရှေ့ကနေ ခွာပြီး ပြေးလိုက်တာ နယ်မြေကျယ်နိုင်သမျှ ကျယ်အောင်ပြေးတာပေါ့။ ဟိုယာတော ကလေးလည်း ပါစေချင်၊ ဒီတောအုပ်ကလေးလည်း လိုချင်၊ စမ်းချောင်း ကလေးတွေ့ပြန်တော့လည်း သူ့မြေထဲမှာ စမ်းချောင်းကလေး ပါစေချင်၊ ဒီလိုနဲ့ပဲ ပြေးရင်း ပတ်ရင်း လိုချင်တာတွေက မဆုံးနိုင်ဖြစ်နေတာပေါ့။





ဒီတော့ မူရင်းတာထွက်ခဲ့တဲ့နေရာနဲ့လည်း ဝေးသထက်ဝေးလာတာပေါ့။ အချိန်ကလည်း မွန်းတည့်ဖို့နီးလာပြီ။ သူ့လောဘကလည်း မဆုံးတတ် သေးတော့ လိုချင်တဲ့နေရာလေးတွေကို ဆက်ပြီး ပတ်လိုက်သေးတယ်။ နောက်ဆုံးပိတ် မွန်းတည့်ချိန်အတော်ကြီးနီးလာမှ နယ်စားကြီးဆီ ပြန်ပြီး ပြေးတော့ ခရီးက အတော်ကြီးဝေးနေပြီ။ ဒီတော့မှ ထိတ်လန့်တကြား အူယားဖားယား တာထွက်ရာနေရာဆီကို ပြန်ပြေးတာပေါ့။ မွန်းတည့်ချိန် လည်း ရောက်ရော နယ်စားကြီး ရှေ့မှောက်မှာ အရုပ်ကြိုးပြတ်လဲကျပြီး အသက်ပျောက်သွားတာပါပဲ။ အမောဆို့ပြီး သေသွားတာပေါ့။ ဒါနဲ့ နယ်စားကြီးက ''ကိုင်း ဒီကျေးတောသားရဲ့ အလောင်းကို မြေမြှုပ်လိုက် ကြပါတော့။ တွေ့ကြပြီ မဟုတ်လား။ လူတစ်ယောက်အတွက် လိုအပ်တဲ့ မြေနေရာဟာ အလျားခြောက်ပေ အနံသုံးပေပါပဲ'' လို့ မိန့်ကြားသတဲ့။

ငါဖြင့်လေ အဲ့ဒီပုံဝတ္ထုလေးကို မကြာခဏသတိရတယ်။ လူတွေရဲ့ မထိန်းသိမ်းနိုင်တဲ့လောဘတရားကိုလည်း သံဝေဂရသလိုလိုဖြစ်မိတယ်။ နောက်ဆုံးမှာ 'ခြောက်ပေကျင်း' နဲ့ အဆုံးသတ်ကြရတာကိုလည်း တရားကျသလိုလို ဖြစ်မိတယ်။

အထက်မှာပြောခဲ့တဲ့ 'အလေးစဉ်လဲ၊ တောင်းစဉ်လဲ' နဲ့ ရောင်းသူ ဝယ်သူတွေ၊ အာဏာရှိသူထံမှာ ကပ်ပြီး မတရားစီးပွားရှာတဲ့သူတွေကို ကြည့်ပြီး မတော်လောဘဆိုတာကို သဘောပေါက်မိသလိုလို၊ တရားကျမိ သလိုလိုဖြစ်လာမိတယ်။ အချိန်တန်တော့ ခြောက်ပေမြေကျင်း၊ ခြောက်ပေ မီးဖိုထဲမှာ အဆုံးသတ်ကြရတာ မဟုတ်လား။

ရောင့်ရဲခြင်းမရှိရင် လောဘတရားက အားကြီးလာတာပါပဲ။ လောဘဆိုတာ 'လိုချင်တပ်မက်မှု' မဟုတ်လား။ အဲ့ဒီလိုချင်တပ်မက်မှု အားလုံးထဲမှာ အာဏာလိုချင်တပ်မက်မှုဟာ ကြောက်စရာအကောင်းဆုံး လောဘလို့ ငါထင်တာပဲ၊ ငါဟာ အာဏာရှင်တွေရဲ့အကြောင်း အတော်လေး ဖတ်ခဲ့ဖူးတယ်။ ရှေးခေတ်သမိုင်းတွေမှာပါတဲ့ ရှင်ဘုရင်၊ မင်းကောင်စ် တွေအကြောင်းကိုလည်း အတော်လေး နှံ့စပ်အောင် ဖတ်ခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထီးနန်းစည်းစိမ်ရဖို့ အာဏာရဖို့နဲ့ ပတ်သက်လာရင် သူတို့မှာ အကုသိုလ်ဆိုတာ မရှိတော့ဘူး။ ရမိရရာ လုပ်မိလုပ်ရာ အကုန်လုပ်ကြတော့တာပဲ။ လိမ်ဖို့ကောက်ဖို့လည်း ဝန်မလေးဘူး။ သတ်ဖို့ဖြတ်ဖို့လည်း လက်မနှေးဘူး။ ဒါကြောင့် အာဏာမက်တဲ့ လောဘဟာ ကြောက်စရာအကောင်းဆုံး လောဘလို့ ထင်မိတာပဲ။ အပြစ်တင်ဖို့လည်း အခက်သားကွဲ့။ ကိုယ်က လက်မဦးရင် သူက လက်ဦးသွားမှာ ကြောက်ရတယ် မဟုတ်လား။ ကိုယ်က မသတ်ရင် သူက သတ်လို့သေရမယ့် အဖြစ်မျိုး မဟုတ်လား။

ဒါကြောင့် မင်းတို့ကို သတိပေးချင်တာက ရှေ့ပိုင်းမှာ ပြောခဲ့တဲ့ အသက်ကြီးသူ၊ ဝါကြီးသူကို ရိုသေပါ။ ဒါပေမဲ့ အာဏာကို မမက်ကြပါနဲ့။

အကောင်းဆုံးကတော့ အာဏာမရှိဘဲနဲ့ 'ဩဇာ' ရှိအောင် ကြိုးစားပါ။ အာဏာမဲ့ပါလျက် ဩဇာတက်နေတဲ့သူတွေ အများကြီးရှိပါတယ်။ အာဏာသမားလောက်တော့ ဦးရေမများဘူးပေါ့။

အနီးဆုံးအားဖြင့် ပြောလိုက်ရရင် ရပ်ထဲရွာထဲမှာ 'မင်းပေးအာဏာ' တစ်စက်မှမရှိပါပဲလျက် 'ဩဇာတက်'နေတဲ့ ပုဂ္ဂိုလ်တွေကို မင်းတို့ တွေ့ဖူးပါလိမ့်မယ်။ ငါတော့ဖြင့် အဲ့ဒီလိုပုဂ္ဂိုလ်မျိုးတွေကို အလွန်အားကျမိတယ်။ မင်းတို့လည်း စဉ်းစားကြည့်ကြပေါ့။ ဘယ်လို အရည်အသွေးတွေကြောင့် ဩဇာကြီးလာသလဲဆိုတာ သေသေချာချာတွေးဆကြည့်ကြပေါ့။ ဒီမိုကရေစီစနစ်ဆိုတဲ့ မဲဆန္ဒရွေးကောက်ပွဲမပါဘဲ အလိုလိုခေါင်းဆောင်ဖြစ်လာတဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ့။ ငါ့သဘောအရ ပြောရရင်တော့ မင်းတို့လူငယ်တွေဟာ အဲ့ဒီလို 'လူချွန်လူမွန်'တွေကို အားကျစေချင်တာပဲ။

ငါလည်းပဲ ရေးရင်းပြောရင်းက ဘေးချော်ပြီး လျှာရှည်သွားသလားမသိဘူး၊ သည်းခံကြတော့ကွယ်။

အာဏာအကြောင်းကို ဆက်ပြောလိုက်ဦးမယ်။ အာဏာဆိုတာဟာ အရိုးလက်ကိုင်မပါတဲ့ ဓားကို ကိုင်ရသလိုပဲ။ တစ်ပါးသူကိုလည်း ခုတ်နိုင်တယ်။ ကိုင်တဲ့လက်ကိုလည်း ရှနိုင်တယ်။ သမိုင်းတစ်လျှောက်မှာ





နောက်ပြန်လှည့်ပြီး စဉ်းစားကြည့်လိုက်စမ်းပါ။ ညီနောင်အချင်းချင်း သတ်ကြ၊ ဖြတ်ကြ၊ ညီနောင်အချင်းချင်းသာမက သားကို အဖေက သတ်၊ သားက အဖေကို သတ်၊ ဓာတ်လမ်းရှုပ်တဲ့ သမိုင်းတွေကို ကြက်သီးထခမန်း တွေ့ရပါလိမ့်မယ်။

အာဏာရှိလာပြီလားဆိုရင် အခွင့်အရေးသမားတွေ၊ စီးပွားရေးသမားတွေကလည်း ဝိုင်းဝိုင်းလည်နေတာပဲ။ "ကျွန်တော်မျိုး"၊ "ဘုရားကျွန်တော်မျိုး" ဆိုတာတွေကလည်း မိုးမွှန်နေအောင် ကြားရတယ် မဟုတ်လား။

ဒီကြားထဲမှာ ဖခင်ဖြစ်သူ အာဏာရှင်ကေရာဇ်ရဲ့ အရှိန်အဝါကို ယူပြီး မဟုတ်တမ်းတရား သောင်းကျန်းတဲ့ သားသမီး၊ မြေးမြစ်တွေကလည်း ပါလာပြန်တယ်။ သူတို့ကြောင့် မိဘဖြစ်သူ မင်းကေရာဇ်လည်း မင်းကျင့်တရားတွေ ပျက်လာတတ်တယ်။ ဘိုးဘေးတို့ ခံယူစဉ်က ရွတ်ဆိုကတိထားခဲ့တဲ့ မင်းကျင့်တရားဆိုတာတွေလည်း ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး။ ဆိုလိုတာက အာဏာရှင်မင်းကေရာဇ်ကို ဖျက်စီးဖို့ အသင့်စောင့်နေကြတဲ့ အတွင်းရန်တွေကလည်း ဝိုင်းဝိုင်းလည်နေတာပဲ။ အပြင်ရန်တွေကတော့ ထင်ရှားမြင်သာ ပြောစရာမလိုတော့ဘူး။

ဒါကြောင့် 'အာဏာ' မမက်ပါနဲ့၊ 'ဩဇာ'ကိုသာ မက်ပါလို့ ငါ ပြောခဲ့တာပါ။

ဒီတော့ မင်းတို့လူငယ်တွေ တပ်မက်ခြင်းကြီးစွာနဲ့ ရှာဖွေဆည်းပူးရမှာတွေက 'အတတ်ပညာ' နဲ့ 'အသိပညာ' တွေပါပဲ။ အားလုံးကို ချုပ်ပြီး ပြောလိုက်ရရင်တော့ ပညာကိုသာ အရှုးအမူး ဆည်းပူးကြပါ။ အကောင်းဆုံးသော ပညာဆည်းပူးနည်းက စာဖတ်ခြင်းပါပဲ။ ဘာစာမဆို ဖတ်ပါ မှတ်ပါ။ စာမျိုးစုံအောင် ဖတ်ပါ။ ဘယ်လိုစာမျိုး မင်းဖတ်ရမယ်ဆိုတာ စာတွေက မင်းကို သင်သွားပါလိမ့်မယ်။

မင်းတို့ခေတ်မှာတော့ ဆက်သွယ်ရေးနည်းလမ်းတွေက များလာတာကြောင့် ရုပ်သံတွေ၊ အင်တာနက်တွေကစပြီး တယ်လီဖုန်းအထိ



www.burmeseclassic.com

www.burmeseclassic.com



နည်းမျိုးစုံနဲ့ ပညာပေးမှုကို ရနိုင်ပါတယ်။ ဒါပေမဲ့ စာအုပ်ကို ကိုယ်တိုင် လက်နဲ့ကိုင်ပြီး ဖတ်ရသလောက်တော့ ဘယ်ဆက်သွယ်ရေးလမ်းကြောင်းမှ ခရီးပေါက်နိုင်တာ မရှိသေးဘူး။

ငါပြောခဲ့သမျှကို နိဂုံးချုပ်လိုက်ရင်တော့ သိန္နုဒ္ဓိစ-တင်းတိမ်ရောင့်ရဲခြင်းသည်လည်းကောင်း ဆိုတာမှာ ပညာနဲ့ ပတ်သက်ရင်တော့ ဘယ်သောအခါမှ မရောင့်ရဲကြပါနဲ့။ နေ့ညမပြတ် တရစပ် ဆည်းပူးနေကြပါ။ ရှာဖွေစုဆောင်းကြပါလို့ ပြောလိုက်ချင်ပါတယ်။

ကတညုတာ၊ ။ 'ကတညုတာ'ဆိုတာ 'သူပြုဖူးသော ကျေးဇူးကို သိခြင်း'ပါပဲ။ အဲ့ဒါကို သပြေကန်ဆရာတော်ဘုရားကြီး ရှင်းပြလိုက်ပုံကို ဖတ်ကြည့်ပါဦး။

*'သူပြုခဲ့ဖူးသောကျေးဇူးကို သိခြင်းသည် ကတညုတာ မည်၏။ ကျေးဇူးမှာ ဥစ္စာပေးခြင်း၊ အတတ်သင်ပေးခြင်း၊ ဆုံးမခြင်း၊ ဘေးရန်ကာကွယ်ပေးခြင်း စသည်ဖြင့် မိမိအပေါ် ပြုအပ်သော သူတစ်ပါး၏ ကောင်းမှုပင်၊ ထိုကျေးဇူးကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အောက်မေ့သည်၏ အစွမ်းဖြင့် သိခြင်းကို ကတညုတာဆို၏။ သိခြင်းဆိုသောကြောင့် သိရုံသိသူကို ကတညူဆိုသည်ဟု မမှတ်အပ်၊ သိ၍ ကျေးဇူးတုံ့ပြန်သူကိုသာ ကတညူ = ကျေးဇူးသိသူ ဆိုသည်။ တစ်ချို့ မိမိအပေါ် ကျေးဇူးပြုထားသူတစ်ဦး အကူအညီလိုနေသောအခါ စွမ်းနိုင်ပါလျက် ပါးစပ်သာကောင်းရုံ လက်မပါဘဲ ရှိတတ်၏၊ ဤသူများကား အကတညူ = ကျေးဇူး မသိတတ်သူများတည်း။ အချို့ ဤသို့မသိရုံသာမက ကျေးဇူးရှင်ကိုအကျိုးမဲ့ ပြုတတ်သေး၏။ ကျေးဇူးရှင်ကို ကျေးစွပ်သော လူမိုက်သာတည်း။'*

ကျေးဇူးသိတတ်သူတွေကို ချီးကျူးထားတဲ့ ဇာတ်နိပါတ်တွေ၊ ကျေးဇူးမဲ့တဲ့သူတွေကို ရှုံ့ချထားတဲ့ ပုံပြင်တွေ ဖြစ်ရပ်တွေ အများကြီး





ရှိပါတယ်။ ငါတို့ ဗမာလူမျိုးတွေဟာ များသောအားဖြင့် တစ်ပါးသူရဲ့ ကျေးဇူးကို အလွန်သိတတ်ကြပါတယ်။

ငါကိုယ်တွေ့ကိုပြောရရင် ငါနဲ့ လူကိုယ်တိုင် မတွေ့ဖူးပါဘဲလျက် ငါရေးတဲ့ စာတွေကိုဖတ်ပြီး အဲ့ဒီစာတွေရဲ့ ကျေးဇူးကြီးလှပါပေတယ်ဆိုပြီး ကိုယ်တိုင်ကိုယ်ကျ ပစ္စည်းငွေကြေး ကန်တော့ကြတာတွေ မကြာခဏ ကြုံခဲ့ရဖူးပါတယ်။ ကိုယ်တိုင်ကိုယ်ကျ မလာရောက်နိုင်သော်လည်း ရပ်ဝေးက ကျေးဇူးသင်္ကေတအဖြစ် လက်ဆောင်ပေးပို့တာတွေကိုလည်း ရခဲ့ဖူးပါတယ်။ တစ်ချို့ဆိုရင်လည်း ငါ့ဓာတ်ပုံကို သူတို့အိမ်မှာ တမြတ်တနိုး ချိတ်ဆွဲထားတတ်ကြတယ်။ အဲ့ဒါဟာ မင်္ဂလာတရားတစ်ပါးပဲ။

စကားစပ်မိလာတာကြောင့် စကားကြောရှည်လိုက်ချင်သေးတယ်။ ငါက လူငယ်တွေအတွက် စိတ်က အာရုံပြုမိနေလေတော့ လူငယ်တွေအတွက် စဉ်းစားစရာတွေ၊ မှတ်သားစရာတွေ တတ်နိုင်သမျှ ထည့်ပြီး ရေးချင်နေမိတော့တာပဲ။ အခုလည်း ရေးလိုက်ရဦးမယ်။

မင်းတို့မန်လည်ဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့တဲ့ 'မဃဒေဝပျို့' ဆိုတာကို ကြားဖူးကြမှာပေါ့။ 'မဟာသုတကာရီ' ကျမ်းလို့လည်း ခေါ်ကြတယ်။ ငါဖြင့် ကုန်းဘောင်ခေတ်နောက်ပိုင်း စာဆိုတွေထဲမှာ အံ့သြစရာကောင်းဆုံး ချီးကျူးစရာအကောင်းဆုံး စာဆိုကြီးဖြစ်တယ်လို့ ယူမှတ်မိပါတယ်။ မင်းတို့လည်း အဲဒီ မဃဒေဝပျို့ကြီးကို ဖတ်ကြည့်စေချင်တယ်။ ဖြစ်နိုင်ရင် ကိုယ်ပိုင်ဝယ်ထားကြဖို့ သင့်ပါတယ်။

အခုတော့ဖြင့် 'ကတညုတာ' ဆိုတဲ့ စကားနဲ့ ပတ်သက်လာလို့ ငါကိုယ်တိုင် နှုတ်တက်ရွရွ အလွတ်ရနေတဲ့ စာကလေးတစ်ပိုဒ်ကို ထည့်ပေးလိုက်ချင်တယ်။ လင်္ကာအရေးအဖွဲ့ရော ဥပမာတွေရော အလွန်ကောင်းတာမို့ ငါကိုယ်တိုင် အထပ်ထပ်ပြန်ဖတ်ရင်း မကျက်မှတ်ဘဲနဲ့ အလွတ်ရနေတဲ့ စာပိုဒ်ကလေးပါ။ ဖတ်ကြည့်ပါဦး။

*'ကတညုတာ၊ ကတဝေဒီ၊ မသိတတ်သူ၊ လူမသမာ၊*
*ထိုများစွာတို့ ချမ်းသာစီးပွား၊ လျော့ပါးယိမ်းယိုင်၊ မြဲမနိုင်ဘူး။*



www.burmeseclassic.com

www.burmeseclassic.com



> ဓမကရိုဏ်စစ်ရေ ကျဖျားရေသို့ သရေမတိုး၊ ဘုန်းရောင်ညှိုးလျက်၊ တန်ခိုးနေ့ညှ၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏။'

ဒီစာပိုဒ်ကလေးကို ရှင်းပြလိုက်ပါဦးမယ်။

'ကတညုတာ၊ ကတဝေဒီ' ဆိုတာမှာ 'ကတဝေဒီ' ဆိုတာက တစ်ပါးသူ၏ ကျေးဇူးရှိသည်အဖြစ်ကို သိခြင်း၊ 'ကတညုတာ' ဆိုတာက ထိုကျေးဇူးကို သိရှိအောက်မေ့တတ်ခြင်း။ အားလုံးခြုံလိုက်ရင်တော့ သူတစ်ပါးရဲ့ ပြုဖူးသောကျေးဇူးကို အသိအမှတ်ပြုခြင်း၊ ထိုကျေးဇူးကို သတိရအောက်မေ့ဆင်ခြင်တတ်ခြင်း ဆိုပါတော့ကွယ်။ အဲ့ဒီလို မသိတတ်တဲ့ လူတွေမှာဆိုရင် မသမာတဲ့လူမို့ စီးပွားဥစ္စာလျော့တတ်တယ်။ ပျက်တတ်တယ်။ ဆရာတော်ဘုရား ဥပမာတွေပေးသွားတာမှာ 'ဓမကရိုဏ်စစ်ရေ'ရယ်လို့ ပြထားတယ်။ 'ဓမကရိုဏ်'ဆိုတာက ရှေးခေတ်ဘုန်းတော်ကြီးများ သုံးလေ့ရှိတဲ့ ရေစစ်ကလေးပါပဲ။

အဲ့ဒီရေစစ်ကလေးရဲ့ ပုံသဏ္ဌာန်က ခေါင်းလောင်းပုံသဏ္ဌာန်လေးပါ။ ခေါင်းလောင်းညှာရဲ့ နေရာမှာတော့ လက်ကိုင်အဖုကလေးတစ်ထစ်ပါတယ်။ အဲ့ဒီမှာ လေပေါက်ပါတယ်။ အဲ့ဒီ ခေါင်းလောင်းပုံအောက်နှုတ်ခမ်းမှာတော့ ဖောင်းရစ်ကလေးပါတယ်။ အဲ့ဒီဖောင်းရစ်ကလေးမှာ ပိတ်ပါးစလေးတွဲပြီး ဖောင်းရစ်နှုတ်ခမ်းနဲ့ ပိတ်ပါးစနဲ့ တွဲနေအောင် အပ်ချည်နဲ့ သီချုပ်ထားလေ့ရှိတယ်။

တောလမ်းခရီးတွေသွားရင် ရေသောက်ချင်ရင် တွေ့ရာ ချောင်း၊ မြောင်း၊ အင်း၊ အိုင် စသည်တို့မှာ အဲ့ဒီရေစစ်နဲ့ ရေကို စစ်ယူရတယ်။ ခေါင်းလောင်းအထက်က လေပေါက်ကို ဖွင့်ထားတော့ ပိတ်ပါးနဲ့ စစ်ပြီးသားရေက ခေါင်းလောင်းကလေးထဲ ဝင်လာတာပေ့ါ။ အဲ့ဒီတော့မှ လေပေါက်ကို ပိတ်ပြီး ရေထဲက ယူလိုက်တယ်။ ဒီတော့ ရေတွေက ရေစစ်ခေါင်းလောင်းလေးထဲမှာ ပါလာတာပေ့ါ။ အဲ့ဒီနောက်မှ ရေခွက်ထဲ၊ သပိတ်ထဲကို ခေါင်းလောင်းနှုတ်ခမ်းနဲ့တေ့ပြီး လေပေါက်ကို ဖွင့်လိုက်





တယ်။ အဲ့ဒီရေစစ်ထဲက (ဓမကရိုဏ်ထဲက) ရေဟာ ဝေါခနဲ ဒလဟော ဆင်းသွားတယ်။ မင်းတို့ကြည့်ရအောင် ငါရုပ်ပုံကလေး ထည့်ပေးလိုက်ပါတယ်။ အောက်မှာကြည့်ပေ့ါ။



ဓမကရိုဏ်

ဆရာတော်ဆိုလိုတာက ကျေးဇူးမသိတတ်တဲ့လူတွေမှာ ချမ်းသာစီးပွားဟာ ဓမကရိုဏ်ထဲက လေပေါက်ကို ဖွင့်လိုက်တဲ့အခါ ဝေါခနဲ ရေတွေလျောကျပြီးသကဲ့သို့ စည်းစိမ်ဥစ္စာပျက်စီးဆုံးရှုံးရတတ်တယ်လို့ ဆိုလိုတာပါ။

နောက်ထပ် ဆရာတော်က ဆိုသေးတယ်။ 'ကျဖျားရေသို့' ဆိုတဲ့ ဥပမာပါပဲ။ ရခိုင်အမျိုးသားတွေက 'ဒီရေ'ကို 'ဖျား'လို့ ခေါ်ကြတယ်။ 'ဖျား'တတ်တယ်။ 'ဖျား'ကျတယ်။ ဒီတော့ ဆရာတော် ဆိုလိုတာက ကျေးဇူးမသိတတ်တဲ့ လူတွေအဖို့ သူတို့စည်းစိမ်ဟာ ဒီရေများကျသလို ဆုတ်ယုတ်သွားတယ်လို့ ဆိုလိုတာပါ။

နောက်ဆက်ပြီး ဖတ်ကြည့်လိုက်စမ်းပါဦး။ 'ဆုတ်လပမာ ယုတ်တတ်စွာ၏'တဲ့။ အဲ့ဒီကျေးဇူးမဲ့သူတွေရဲ့ စည်းစိမ်တန်ဖိုးရှိန်ဝါတွေဟာ လဆုတ် လဝန်းဟာ နေ့နေ့ညည ဆုတ်ယုတ်သွားသလို လျော့ပါး ဆုတ်ယုတ်သွားတတ်တယ်လို့ ဆိုလိုခြင်း ဖြစ်တယ်။ ငါဖြင့်လေ အဲ့ဒီဥပမာလေးကို ကြိုက်လွန်းလို့ ဆုတ်ယုတ်ခြင်းရဲ့ လက္ခဏာကို ပေါ်လွင်စေလွန်းလို့ လူပျိုပေါက်ဘဝက အထပ်ထပ်ပြန်ဖတ်မိတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခုထက်တိုင် နှုတ်တိုက်ရွရွ အလွတ်ရနေတာကိုသာ ချင့်ပေတော့။ မင်းတို့တစ်တွေလည်း ကြုံလို့ရှိရင် မန်လည်ဆရာတော်ဘုရားကြီးရဲ့ မဃဒေဝပျို့ကို ဖတ်ကြည့်စေချင်တယ်။ အထူးသဖြင့် အဲ့ဒီပျို့ထဲက 'ပုတ္တောဝါဒ' အခန်းကို ဖတ်ကြည့်စေချင်တယ်။

ငါတို့ဗမာလူမျိုးတွေဟာ ကျေးဇူးရှင်ကို ကျေးဇူးတင်ခြင်း၊ ချစ်ခင်ရိုသေခြင်းဆိုတဲ့ စိတ်ဓာတ်ဟာ အသည်းနှလုံးမှာ ကိန်းအောင်းနေတယ်လို့ ထင်မိတော့တာပဲ၊ ဒါကြောင့် သီတင်းဝါလကျွတ်ရင် အိုးရဝန်ထမ်းတွေဟာ မိမိကို ကျေးဇူးပြုဖူးခဲ့တဲ့ အငြိမ်းစားအထက်အရာရှိကြီးတွေကို သွားရောက်ပြီး ရိုသေစွာ ပူဇော်ကန်တော့တတ်ကြတယ်။ ဘုရားဟောတဲ့ မင်္ဂလာတရားတော်နဲ့အညီလို့ ဆိုရမှာပေါ့။ မင်းတို့ကိုယ်တိုင်လည်း ဆရာတွေကို ကျေးဇူးရှင်အဖြစ် ရိုသေကန်တော့ကြတယ်။ အာစရိယပူဇော်ပွဲတွေလုပ်ကြတယ်။ အဲ့ဒီယဉ်ကျေးမှုတွေဟာ အလွန်ကို ထူးခြားတဲ့ လူသားတွေရဲ့ ယဉ်ကျေးမှုတစ်ခုလို့ ဆိုချင်တယ်။ ဘုရားဆုံးမခဲ့တဲ့ 'မင်္ဂလသုတ်'ရဲ့ အဆုံးအမတွေပေါ့။ အဲ့ဒီလို စဉ်းစားလိုက်တော့ ငါတို့တိုင်းပြည်မှာ မင်္ဂလသုတ်ရဲ့ ကောင်းမြတ်တဲ့သြဇာ ဘယ်မျှလွှမ်းမိုးနေကြောင်း သိသာလှပါတယ်။

*ကာလေန ဓမ္မသာဝနံ။ ။ 'စိတ်ပျံ့လွင့်လျက်ရှိသောအခါ တရားနာရန် သင့်လျော်သောကာလဖြစ်ကြောင်း'* ဆရာတော်က မှတ်ချက်ပေးပါတယ်။ တစ်ခါတစ်ရံမှာ မင်းတို့ ငါတို့တစ်တွေဟာ ဘာရယ်လို့ တိတိကျကျမဟုတ်ဘဲ စိတ်လေလွင့်နေတတ်တယ်။ ဒီလိုအခါမျိုးမှာ တရားနာရန် သင့်လျော်ဆုံးအချိန်ပဲလို့ ဆရာတော်က တိုက်တွန်းထားပါတယ်။

မင်းတို့ ငါတို့ခေတ်မှာ အထူးသဖြင့် မင်းတို့လို လူငယ်လူရွယ်တွေရဲ့ဘဝမှာ နိဗ္ဗာန်ရောက်ကြောင်း စတဲ့ တရားတွေကို လောကုတ္တရာတရားတွေကို စိတ်ဝင်စားဖို့ အလွန်ခက်ပါတယ်။

ဒီတော့ အကြံပေးချင်တာက စာဖတ်ခြင်းဟာ အကောင်းဆုံးပဲလို့





ဆိုချင်တာပဲ။ ငါကိုယ်တိုင် ကြုံတွေ့ရဖူးတာတွေ ပြောပြရမယ်ဆိုရင် အဲ့ဒီလို ကြုံရာမရ စိတ်လေလွင့်တာမျိုးကို ကြိမ်ဖန်များစွာ ကြုံတွေ့ခဲ့ရဖူးပါတယ်။ အဲ့ဒီအချိန်မှာ စိတ်ကို တစ်နေရာရာမှာ ချည်နှောင်ထားလိုက်တဲ့နည်းဟာ စိတ်လေလွင့်မှုကို ထိန်းသိမ်းဖို့အတွက် အကောင်းဆုံးနည်းဟာ စာဖတ်ခြင်းပါ။

အဲ့ဒီလို စိတ်လေလွင့်မှုမျိုးကို လူငယ်လူရွယ်တွေမှာလည်း မကြာခဏကြုံတတ်ရပါတယ်။ အထူးသဖြင့် ရည်ရွယ်ချက်ပျက်ပြားသွားတဲ့အခါ၊ ထင်တိုင်းမပေါက်ဖြစ်တဲ့အခါမျိုးတွေမှာ စိတ်လေလွင့်တတ်ကြတယ်။ အဲ့ဒီလို စိတ်လေလွင့်မှုမျိုးကို တစ်နည်းနည်းနဲ့ ဖြေဖျောက်တတ်ကြတယ်၊ စိတ်ထွက်ပေါက်ရှာတယ်လို့ ခေါ်တယ်ပေါ့။ ဖဲရိုက်တယ်၊ အရက်သောက်တယ်၊ ဂိမ်းဆော့တယ် စသည်အားဖြင့် ထွက်ပေါက်ရှာတတ်ကြတယ်။

ငါ့အတွေ့အကြုံအရ ပြောရရင်တော့ စာဖတ်တဲ့နည်းဟာ အကောင်းဆုံး ထွက်ပေါက်ပဲလို့ ထင်တယ်။ စာဖတ်ခြင်းဖြင့် ထွက်ပေါက်ရှာရာမှာလည်း စာပေအမျိုးမျိုး တွေ့ကြုံလာရတတ်တယ်။ တစ္ဆေ သရဲ စတဲ့ ဝတ္ထုမျိုးတွေ၊ စွန့်စားခန်းဝတ္ထုမျိုးတွေ၊ အပြာစာပေဆိုတာမျိုးတွေ၊ အချစ်ဝတ္ထုမျိုးတွေ၊ ဗဟုသုတအတွေးအခေါ်စတဲ့ စာပေမျိုးတွေ၊ ဘာသာရေး အတွေးအခေါ် စတဲ့ စာပေမျိုးတွေ၊ ကမ္ဘာ့ပြဿနာ နိုင်ငံရေးပြဿနာ စတဲ့ နိုင်ငံရေးစာပေမျိုးတွေ စသည်အားဖြင့် စာပေအမျိုးမျိုး ရှိနေတယ် မဟုတ်လား။

ကြိုက်တဲ့ စိတ်ဝင်စားတဲ့ စာပေကို ဖတ်ပါ။ နောက်ပြီး ဒီစာပေတွေကို ဖတ်တဲ့အတွက် ကိုယ့်မှာ ဘယ်လိုအကျိုးကျေးဇူးဖြစ်ထွန်းသလဲဆိုတာကို ပြန်လည်စဉ်းစားပါ။ ကိုယ့်စိတ်က ဘယ်လိုနေရာမျိုးမှာ မွေ့လျော်ပျော်ပါးသွားမိတယ်ဆိုတာကို ပြန်ပြီးသုံးသပ်ကြည့်ပါ။ အဲ့ဒီလိုနည်းအားဖြင့် စိတ်လေလွင့်မှုကို တန်ဖိုးရှိစွာ အသုံးသတ်စေနိုင်ပါတယ်။

အကြံဉာဏ်ပေးချင်တာကတော့ ကိုယ်နဲ့ပတ်သက်တဲ့ အတတ်ပညာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ စာပေတွေ၊ ဗဟုသုတအတွေးအခေါ်နဲ့ ပတ်သက်တဲ့ စာပေတွေကို ဖတ်ကြည့်စေချင်တယ်။ အတတ်ပညာဆိုင်ရာ စာပေဆိုတာက မင်းကိုယ်တိုင် စိတ်ဝင်စားနေတဲ့ လုပ်ငန်းဆိုင်ရာစာပေမျိုးကို ဆိုလိုတာပါ။ နီးစပ်ရာဥပမာကို ပြောပြရင် ဒီနေ့ခေတ်မှာ ခေတ်စားနေတဲ့ ကွန်ပျူတာနည်းပညာ စတဲ့ လုပ်ငန်းမျိုးကို စိတ်ဝင်စားရင် အဲ့ဒီစာပေမျိုးကို ဖတ်ပါ။

တကယ်လို့ နိုင်ငံရေးအတွေးအခေါ်ကို စိတ်ဝင်စားရင် နိုင်ငံရေးသမိုင်း၊ နိုင်ငံရေးပုဂ္ဂိုလ်ကျော်တွေရဲ့ အတ္ထုပ္ပတ္တိဘဝဖြစ်စဉ် စတာတွေကို ဖတ်ပါ။

တကယ်လို့ ငယ်ငယ်ရွယ်ရွယ်နဲ့ တရားဘာဝနာစတာတွေကို စိတ်ဝင်စားရင် ဓမ္မစာပေကို ဖတ်ပါ။ ကိုယ်တိုင်စဉ်းစားပြီး လေ့လာအားထုတ်ပါ။ အချုပ်အားဖြင့် ပြောရရင် ငွေရေး၊ ကြေးရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး စသည်တို့မှာ ထင်တိုင်းမပေါက်လို့ စိတ်လေလွင့်နေတဲ့အခါမျိုးမှာ အတွေးအခေါ်စာအုပ်တွေ၊ တရားဘာဝနာဆိုင်ရာစာအုပ်တွေကိုရှာဖွေပြီး ဖတ်ခြင်းသည်လည်း မင်္ဂလာတစ်ပါးဖြစ်ကြောင်း သိထားမှတ်ယူပါ။ အဲ့ဒီအချိန်အခါမျိုးမှာ ဒီမင်္ဂလာမျိုး ကင်းမဲ့သွားရင် စိတ်ထွက်ပေါက်ရှာတာ ထွက်ပေါက်မှားပြီး အမင်္ဂလာဖြစ်သွားတတ်တယ်။ လူငယ်လူရွယ်တွေအဖို့ အလွန်တန်ဖိုးရှိတဲ့ သတိပေးချက်ကြီးဖြစ်ပါတယ်။

(၃၂)

*ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။*

*ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။*

သပြေကန်ဆရာတော်ဘုရားကြီးက ဒီမင်္ဂလာတရား ၄ ပါးကို မြန်မာလို ရှင်းပြထားပါတယ်။

သည်းခံခြင်း၊ ဆုံးမလွယ်ခြင်း၊ ရဟန်းတို့ကိုဖူးမြင်ခြင်း၊ တရားဆွေးနွေးခြင်း။

ဤ ၄ ပါးတို့မှာ မင်္ဂလာပင်တည်း။

သပြေကန်ဆရာတော်ဘုရားကြီးက 'ခန္တီ' ကို ခဲယဉ်းသော အကျင့်လို့တောင် ဖွင့်ဆိုတယ်။ ဆရာတော်ဖွင့်ဆိုတဲ့ စာပိုဒ်တွေကို ဖတ်ကြည့်စမ်းပါ။ ငါတို့က တစ်ပါးသူက ဆဲရေးပုတ်ခတ်စော်ကားတာကို ဘာမှမတုံ့ပြန်ဘဲ အမျက်ဒေါသမရှိ နေလိုက်နိုင်ခြင်းကို သည်းခံခြင်း 'ခန္တီ' လို့ မှတ်ယူတတ်ကြတယ်။ ဆရာတော်ဖွင့်ဆိုချက်ကို ဖတ်ကြည့်လိုက်ပါဦး။

ငွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ဤခန္တီကား အလွန်ဖြည့်နိုင်ခဲ့သော အကျင့်ဖြစ်၏။ ခန္တီဖြင့် အောင်နိုင်ခြင်းကို တကယ့်အောင်နိုင်ခြင်းဟု အသိအမှတ်ပြုကြ၏။ သည်းညည်းခံ နိဗ္ဗာန်ရောက်ဟု အဆိုရှိ၏။ တကယ် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပါပေ။ သီလ၊ သမာဓိ ပညာများမှာ သည်းမခံသူ၌ ရကောင်းသော အကျင့်များမဟုတ်၊ ထို့ကြောင့် ခန္တီသည် သီလ၊ သမာဓိ၊ ပညာ၏ အခြေခံအကြောင်းရင်းဖြစ်သည်။ ကုသိုလ်မှန်သမျှ ခန္တီရှိသူ၌သာဖြစ်ရ၍ ကုသိုလ်တိုင်းနှင့် ဆက်သွယ်လျက် ရှိသော တရားပေတည်း။ အဒေါသ(မေတ္တာ)ပြဋ္ဌာန်းသော ကုသိုလ်တရားစု၏ အမည်ဖြစ်ရာ အားလုံးခန္တီတရား လက်ကိုင်ထားနိုင်လျှင် အချင်းချင်းရန်ဖြစ်ခြင်း ကွဲပြားခြင်း မရှိဘဲ သင့်တင့်ညီညွတ်ကာ လောကကြီးသာယာလျက် သာရှိရပေမည်။ သာယာသောခေတ်တိုင်းမှာ ခန္တီတရား ထွန်းကားလျက်ရှိမြဲတည်း။'

ကဲ– တွေ့ခဲ့ပြီမဟုတ်လား။ သည်းခံခြင်းတရားဆိုတာ အားလုံးသော ဘဝအောင်မြင်မှု၊ ငြိမ်းချမ်းမှုအတွက် မရှိရင် မဖြစ်တဲ့တရားကြီးပဲ။ ဆရာတော်ပြောလိုက်တဲ့ 'သာယာသောခေတ်တိုင်းမှာ ခန္တီတရား ထွန်းကားလျက် ရှိမြဲတည်း' ဆိုတဲ့ ကောက်ချက်ကို ဖတ်လိုက်ရတော့ ငါ့မှာ 'နားလန့်'သွားလောက်အောင် အံ့သြနှစ်သက်ခြင်း ဖြစ်မိပါတယ်။ ထစ်ခနဲဆို ဆန္ဒပြ၊ ငြိမ့်ခနဲဆို ဖမ်းဟာဆီးဟ ဒိန်းခနဲဆို သတ်ကြဖြတ်ကြ၊ ဖြုန်းခနဲဆို ကွဲကြပြဲကြ စတဲ့ နိုင်ငံရေးခေတ်ကြီးကို ငါက ကြုံခဲ့ဖူးတယ်။ တစ်ပြည်လုံးဟာ ထမင်းအိုးပွက်သလို ရေနွေးအိုးဆူသလို နေရာလွတ် မကျန် သောင်းကျန်းသူတွေပြည့်နှက်နေတဲ့ ငါတို့ဗမာပြည်ကြီးကို ပြန်ပြီး သတိရမိတယ်။ တကယ်ဆိုတော့ အဲ့ဒါတွေဟာ 'ခန္တီစ'နဲ့ ဝေးကွာခဲ့လို့ ဖြစ်ကြရတာပဲ။

ကဲလေ ထားလိုက်ပါတော့။ မင်းကော ငါရော ပြန်ပြီး စဉ်းစားဖို့





သင့်တာက ငါတို့မှာ ခန္တီတရား၊ ဘယ်လောက်များရှိသလဲ၊ မင်း ကျောင်း တက်နေတယ်ဆိုပါစို့၊ ပညာရပ်တစ်ခုကို ဆည်းပူးနေတယ်ဆိုပါစို့၊ အခက်အခဲအမျိုးမျိုးကို မင်းသည်းခံပြီး မင်းပညာခရီးကို လှမ်းနိုင်ပါရဲ့ လား။ တစ်ပါးသော သူငယ်ချင်းတွေက ကျောင်းပိတ်ရက်မှာ စနေ တနင်္ဂနွေ စသည်တို့မှာ ပျော်ပွဲစားထွက်ကြ၊ ပွဲလမ်းသဘင်သွားကြ၊ လွတ်လပ်စွာ ပျော်ပါးနေကြတာကို အားမကျဘူးလား။ အဲ့ဒီစိတ်ကို ပျော်ချင်ပါးချင်တဲ့ စိတ်ကို မင်း တွန်းလှန်နိုင်ရဲ့လား။ အဲ့ဒီစိတ်ကို သည်းခံတော်လှန်နိုင်ပါရဲ့ လား။ သည်းခံတော်လှန်ပါတယ်ဆိုရင် ဘယ်နှခါလောက် အောင်မြင်ခဲ့ ဖူးသလဲ။ ဘယ်နှကြိမ်လောက် ချုပ်တည်းသည်းခံနိုင်ခဲ့သလဲ။ ကိုယ့် ကိုယ်ကိုယ်ပြန်ပြီး သုံးသပ်ဖူးပါသလား။ ဘဝမှာ အောင်မြင်ချင်ရင် အဲ့ဒီလို သည်းခံစိတ်တွေကို မွေးမြူပျိုးထောင်ရတယ်။

ဒီကနေ့ သတင်းစာထဲမှာ ခဏခဏတွေ့နေရတာက ဆိုင်ကယ်ချင်း ရင်ဆိုင်တိုက်တာတွေ၊ မော်တော်ကားချင်း ရင်ဆိုင်တိုက်တာတွေကြောင့် ဘဝတွေ အသက်တွေ ဆုံးရှုံးသွားတာတွေကို မှန်းကြည့်ပေါ့။ သည်းမခံခြင်း ကြောင့်ဖြစ်ရတဲ့ ပြစ်မှုတွေပေါ့ကွယ်။

ဆိုကြပါစို့ ဒီခေတ်မှာဆိုရင် ကွန်ပျူတာဂိမ်းတို့လို အီလက်ထရောနစ် ပျော်စရာပါးစရာ မက်မောစရာတွေကလည်း ပတ်ဝန်းကျင်မှာ တစ်ပုံကြီး ဖြစ်နေတယ်။ အဲ့ဒါတွေရဲ့ သွေးဆောင်မှု ဖျားယောင်းမှုကို မင်း သည်းခံ တော်လှန်နိုင်ပါရဲ့လား။

ဘောလုံးပွဲကောင်းပြီဆိုရင် ရုပ်ရှင်ကားကောင်း လဲပြီဆိုရင် ကြည့်ချင်စိတ်က မရိုးမရွဖြစ်လာတာပဲ။ အဲ့ဒီဆန္ဒမျိုးတွေကို မင်း ဘယ် နှကြိမ်လောက် ကျော်လွှားခဲ့ဖူးသလဲ၊ ကိုယ့်ဘဝ အောင်မြင်မှုနဲ့ ဘာမှ မပတ်သက်တဲ့ မဆီမဆိုင် မက်မောမှုတွေ အပျော်အပါးတွေကို မင်း သည်းခံတော်လှန်ခဲ့ဖူးသလား။ မင်းကိုယ်မင်း ညံ့ရင် ညံ့ကြောင်းကို သတိပြုမိပါရဲ့လား။ မင်းကိုယ်မင်း သတိပြုမိပါတယ်ဆိုရင် "ငါညံ့တယ်" လို့ ဘယ်နှခါ စွပ်စွဲဖူးသလဲ၊ ဘယ်နှကြိမ်ဝန်ခံခဲ့ဖူးသလဲ။ ဝန်ခံရဲသူကော



www.burmeseclassic.com

www.burmeseclassic.com



မိမိညံ့တာကို အပြစ်ပေးတဲ့အနေနဲ့ ငါ ဒီနေ့ လက်ဖက်ရည်မသောက်ရဘူးလို့၊ ငါ ဒီနေ့ မုန့်မစားတော့ဘူးလို့ စသည်အားဖြင့် ဘယ်နှခါလောက် ဒဏ်ခတ် အပြစ်ပေးခဲ့ဖူးသလဲ။

ဒါတွေကို ရေးနေတာက ခပ်ပေါ့ပေါ့လေး 'စာဖြစ်ရုံ' ရေးနေတာ မဟုတ်ဘူး။ ငါကိုယ်တိုင်လည်း အဲ့ဒီလို ညံ့ခဲ့ဖူးတာကြောင့် ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း ရှက်စိတ်နဲ့ အပြစ်ပေးချုပ်တည်းသည်းခံခဲ့တာတွေ လုပ်ခဲ့ဖူးပါတယ်။ ဆိုပါစို့ကွယ် ရုပ်ရှင်တစ်လတိတိမကြည့်ရဘူး ဆိုတာမျိုးတွေ၊ တက္ကသိုလ်ကျောင်းသားဘဝမှာ ကျောင်းသူတွေ လမ်းလျှောက်တဲ့ အင်လျားကန်ဘောင် ညနေခင်းကို တစ်လတိတိ မသွားရဘူးလို့ အပြစ်ပေးခဲ့တာမျိုးတွေပေါ့။ အဲ့ဒါတွေအားလုံးဟာ 'ခန္တီစ'ဆိုတဲ့ မဂ်လာဖြစ်နေကြောင်း နောင်အခါကျမှ သတိထားမိလာပါတယ်။

သပြေကန်ဆရာတော်ဘုရားက ဘုရားရှင်ရဲ့ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနဲ့ ပတ်သက်လို့ ဘုရားအလောင်းဘဝက ကျင်လည်ခဲ့တာတွေကို ပုံဝတ္ထု၊ နိပါတ်တွေနဲ့ ဖော်ပြထားပါတယ်။ အဲ့ဒီလိုတွေးလိုက်တော့ 'ခန္တီစ'နဲ့ စိတ်အားသတ္တိနဲ့ဟာ ဒွန်တွဲလျက်ရှိနေကြောင်း သတိထားမိလာပြန်ပါတယ်။ သဒ္ဓိတ္ထမင်းသား တောထွက်တာတွေ ဆင်းရဲပင်ပန်းလှတဲ့ ဒုက္ကရစရိယကျင့်တာတွေ "ငါသည် ဘုရားမဖြစ်သမျှ ဤနေရာကမထ" ဆိုတဲ့ အဓိဋ္ဌာန်ကျင့်စဉ်တွေ အားလုံးဟာ 'ခန္တီစ' နဲ့ ရောယှက်နေတာကို တွေ့ရပြန်တယ်။ ဒါတွေအားလုံးရဲ့ အရင်းအမြစ်က ရဲရင့်ဝံ့စားခြင်း၊ စွန့်စားခြင်းဆိုတဲ့ 'သတ္တိ'ပေါ်မှာ အခြေခံနေပါလားလို့ တစိမ့်စိမ့် သဘောပေါက်လာပါတယ်။

အဲဒီတော့ မင်းတို့ သတိပြုမိစေချင်တာက တစ်ပါးသူက ထိပါးစော်ကားတာကို သည်းခံတာမျိုးမှ 'ခန္တီစ'မဟုတ်ဘူး။ မင်းရဲ့ ဘဝကြီးမြင့်မှုကို နှောင့်ယှက်ဖျက်ဆီးနေတဲ့ အကျင့်ဆိုးတွေ ကျင့်သုံးမိနေရင် မင်းကိုယ်မင်း ထိပါးစော်ကားနေခြင်းဖြစ်တယ်။ အဲ့ဒီ အကျင့်ဆိုးကို ဖျောက်နိုင်ဖျက်နိုင်ရင် ခုခံတော်လှန်နိုင်ရင် အဲ့ဒါ 'ခန္တီစ'လို့ အောက်မေ့ပါ။





'မင်္ဂလာတရား'လို့ အောက်မေ့လိုက်ပါ။

ဘုရားရှင်ကတော့ အဲ့ဒီလို မတော်လောဘ ဆန္ဒဆိုးတွေကို ချုပ်တည်းနိုင်ရင် အနုမောဒနာ ပြုတော်မူလေ့ရှိတယ်။ ဒီပြင့်ဟာကို မပြောနဲ့၊ ရဟန်းတို့ရဲ့ အသုံးအဆောင် ပရိက္ခရာရှစ်ပါးရှိရင် ရဟန်းဘဝမှာ လုံလောက်ပြီ။ ဆွမ်း၊ ကျောင်း၊ ဆေး၊ သင်္ကန်း စတာတွေ ပြည့်စုံရင် ဘာမှမလိုတော့ဘူးလို့ ပညတ်တော်မူတယ်။ အရေးကြီးတာက နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးဆိုတဲ့ အောင်ပွဲကြီးကို ဆင်နိုင်ဖို့သာလျှင် ပဓာနထားကြပါလို့ ဆုံးမပညတ်တော်မူခဲ့တယ်။

**ဒီနေရာမှာ မင်းတို့ စဉ်းစားသင့်တာက မင်းတို့ကိုယ်မင်းပဲ့ မညာမတာ စစ်ဆေးကြည့်သင့်တာက "ငါ့မှာ ဘဝအဓိဋ္ဌာန်ရှိသလား၊ ငါ့မှာ ဘဝရည်မှန်းချက် မြင့်မြင့်မားမားရှိသလား" ဆိုတဲ့ မေးခွန်းတွေနဲ့ မင်းကိုယ်မင်း စစ်ဆေးကြည့်ဖို့ ဖြစ်တယ်။**

**ရိုးသားဖြောင့်မတ်တဲ့** ဘဝကြီးမြင့်မှုကို လူငယ်တိုင်းရှိသင့်တယ် မဟုတ်လား။ အဲ့ဒါမျိုးဟာ ချမ်းသာကြွယ်ဝဖို့လည်း ဖြစ်နိုင်တယ်၊ အတတ်ပညာရှင်၊ အသိပညာရှင် ဖြစ်လာဖို့လည်း ရည်မှန်းချက်ရှိနိုင်တာပဲ။

ပြောမယ်သာပြောနေရတယ်။ အဲ့ဒီလို ရည်မှန်းချက်မျိုး လူငယ် ၁၀၀ မှာ တစ်ယောက် မရှိနိုင်ဘူး။ အခု ဒီစာတွေကို ဖတ်နေတဲ့ မင်းကတော့ အဲ့ဒီတစ်ယောက်ထဲမှာ မင်း ပါနိုင်ဖို့ ငါ ရေးလိုက်တာပဲ။

ဒီစာကို ဖတ်နေချိန်မှာ မင်းအဖို့ ပြတ်သားရှင်းလင်းတဲ့ ဘဝရည်မှန်းချက် ရှိချင်မှ ရှိပါလိမ့်ဦးမယ်။ သို့သော် မှတ်သားတွေးခေါ်စရာပါတဲ့ စာတွေကို ဆက်ဖတ်ပါ။ စဉ်းစားပါ။ မိမိကိုယ်ကို မိမိ သုံးသပ်ကြည့်ပါ။ "ငါဟာ ဘယ်လုပ်ငန်းမှာ စိတ်ဝင်စားတယ်၊ ဘယ်ဘက်မှာ ဝါသနာထုံတယ်" ဆိုတာတွေကို တစ်စတစ်စ တွေ့လာပါလိမ့်မယ်။ အဲ့ဒီဘက်မှာ ကြိုးစားအားထုတ်ပါ။ ဘဝအောင်မြင်မှုကို ကြိုးစားအားထုတ်တဲ့အခါမှာ အနှောင့်အယှက် အဖျက်အဆီးတွေ ပါလာလိမ့်မယ်။ ပြင်ပက ပေါ်လာတာ တွေထက် မင်းကိုယ်မင်း အကျိုးမဲ့စေတဲ့ အပျော်အပါး မွေ့လျော်မှု၊ ပျင်းရိမှု



www.burmeseclassic.com

www.burmeseclassic.com



စတဲ့ အဖျက်အဆီးတွေက ပိုကြီးပါတယ်။ အဲဒါတွေကို 'ခန္တီစ' ချုပ်တည်းတွန်း‘လှန်နိုင်ခြင်း အားကြီးလာလေလေ မင်းရဲ့ စိတ်တန်ခိုး စိတ်အားသတ္တိက ပိုမိုကြီးမားထက်မြက်လာလေ ဖြစ်လာပါလိမ့်မယ်။

ကဲ–ဒီတော့ ဘုရားရှင်ဟောခဲ့တဲ့ 'ခန္တီစ' ဆိုတဲ့ မင်္ဂလာကို စတင်ထူထောင်ပါတော့လို့ တိုက်တွန်းလိုက်ပါတယ်။

*

သောဝစဿတာ။ ။ 'ပြောဆိုဆုံးမသည်ကို ခံယူတတ်ခြင်း'ဆိုပါတော့ကွယ်။ လူကြီးသူမများက ''ဒီကလေးဟာ အလွန်ပြောရဆိုရ ခက်တဲ့ကလေးပါလား။ ပြောတာဆိုတာကို နားကိုမလည်ဘူး'' စသည်အားဖြင့် လူကြီးတွေ ပြောတာဆိုတာ ရေရွတ်တာကို မင်းတို့ ငါတို့ ငယ်ငယ်က ခဏခဏ ကြားခဲ့ရဖူးပါတယ်။ အဲဒီလိုမဟုတ်ဘဲ ပြောဆိုဆုံးမတာကို လွယ်ကူစွာ နာယူတတ်ခြင်းဟာ မင်္ဂလာတစ်ပါးပဲပေါ့။ တစ်နည်းအားဖြင့် ကောင်းမြတ်တဲ့ အရည်အချင်းတစ်ခုပဲပေါ့။

ခုခေတ်စကားနဲ့ ပြောရင်တော့ ဝေဖန်တာကို သည်းခံတတ်ခြင်း၊ မိမိကိုယ်ကို မိမိ ပြုပြင်တတ်ခြင်း စသည်တို့ဟာ အလွန်အရေးကြီးတယ် မဟုတ်လား။ အဲဒါဟာ အလွန်ကောင်းတဲ့အရည်အသွေးတစ်ခုပါပဲ။

ဒီနေရာမှာ ငါကိုယ်တွေ့ကြုံခဲ့ရတာတွေကို ပြန်လည်စဉ်းစားပြီး ပြောချင်ပါတယ်။ ဒီနေရာမှာ ပြောဆိုဆုံးမသူရဲ့ စေတနာပေါ်မှာလည်း၊ အတော်လေးမူတည်တယ်လို့ ထင်ပါတယ်။ ပြောဆိုဝေဖန်သူရဲ့ စေတနာက အပြစ်ရှာတဲ့သဘောမျိုး ပြောလာရင် အရွဲ့တိုက်ပြီး ပိုလို့တောင် သည်းပြုလိုက်ချင်တယ်။ အဲဒီအမှားမျိုး ထပ်ခါထပ်ခါ လုပ်ချင်တယ်။ အဲဒါဟာ လူငယ်တွေရဲ့ သဘာဝပဲ ထင်ပါရဲ့ကွယ်။ တစ်နည်းအားဖြင့် ''ငါတကား'' ရယ်လို့ မာန်ထောင်ချင်တဲ့ အတ္တစိတ်ပေါ့ကွယ်။ အဲဒီအတ္တစိတ်ကို မင်းတို့ ငါတို့ နားလည်ထားဖို့လိုတယ်။ ဒီတော့ သူတစ်ပါးရဲ့အပြစ်ကို ထောက်ပြပြောဆိုတဲ့အခါမှာ တကယ့်မေတ္တာ စိတ်စေတနာကောင်းနဲ့ အေးဆေး





ညင်သာစွာ ပြောတတ်ဖို့ လိုပါတယ်။ စကားအသုံးအနှုန်းသာမက ပြောတဲ့ဆိုတဲ့လေသံပါ ချိုပြေအေးဆေးအောင် ပြောတတ်ဖို့လည်း လိုပါတယ်။ အဲဒီတော့ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေထဲမှာ လူချစ်လူခင်များတဲ့သူတွေ၊ အချင်းချင်းလေးစားစွာ အတိုင်ပင်ခံရတဲ့သူတွေဟာ တစ်ပါးသူရဲ့ ဝေဖန်ထောက်ပြမှုကို လေးလေးစားစားနာယူတတ်သူ တစ်ပါးသူတွေရဲ့ ချို့ယွင်းချက်အပြစ်တွေကို ပြောပြန်ရင်လည်း မေတ္တာထားပြီး သင့်လျော်တဲ့ အချိန်အခါမျိုးမှာ အေးချမ်းညင်သာစွာ ပြောဆိုတတ်သူ အဲဒီလိုလူတွေဟာ ခေါင်းဆောင်ဖြစ်လာတတ်လေ့ရှိတယ်။

ငါကိုယ်တိုင် ကြုံခဲ့ဖူးတာတစ်ခုကို ပြောချင်တယ်။ ထောင်ထဲမှာ နေရတုန်းက ကြုံခဲ့ရတာဖြစ်ပါတယ်။ ငါ့ကို ချို့ယွင်းချက်တွေ ထောက်ပြပြီး ပြောဆိုဆုံးမခဲ့သူဖြစ်ပါတယ်။ သူက ငါ့ထက် ၁၀ နှစ်လောက်ကြီးပါတယ်။ သို့သော် ထောင်သားအချင်းချင်းမှာ ဗိုလ်လုပ်ချင်လို့ ရတာမဟုတ်ဘူး။ ကိုယ့်သတ္တိနဲ့ကိုယ် ရပ်တည်နေကြတာ မဟုတ်လား။ အဲဒီလူရဲ့ နာမည်ကိုတော့ ကိုဘသန်းလို့ပဲ ဆိုလိုက်ကြပါစို့။ သူ့အမည်ရင်းမဟုတ်ပါဘူး။ အဲဒီမှာ တစ်နေ့တော့ နှစ်ယောက်သား အေးအေးဆေးဆေး စကားစမြည် ပြောနေရင်းက သူက ငါ့ကို ဘာပြောသလဲဆိုတော့ ''ဒါထက် ကိုအောင်သင်းကို တစ်ခုပြောပြဦးမယ်။ ကျွန်တော် ခပ်ငယ်ငယ် ခင်ဗျားအရွယ်လောက်က 'သံလိုက်ဓာတ် ပျိုးထောင်ခြင်း' ဆိုတဲ့ စာအုပ်ကလေး တစ်အုပ်ဖတ်ဖူးတယ်။ ခင်ဗျားကို သတိထားမိတော့ အဲဒီစာအုပ်ကလေးကို မကြာခဏ သတိရမိတယ်။ ခင်ဗျားမှာ သံလိုက်ဓာတ်ပျိုးထောင်နည်းနဲ့ ဆန့်ကျင်တဲ့အချက်တစ်ခုကို မကြာခဏ တွေ့ရတယ်။ စိတ်မဆိုးနဲ့နော် ကိုအောင်သင်း သံလိုက်ဓာတ် လျော့ပါးစေတဲ့ အချက်တစ်ခုက မိမိခန္ဓာကိုယ် အစိတ်အပိုင်း ဘယ်တစ်ခုကိုမှ အကြောင်းမရှိဘဲ လှုပ်လှုပ်ရှားရှား မဖြစ်စေရဘူး။ အဲဒီလို အမှတ်မထင် အင်္ကျီခြေလက် လှုပ်ရှားနေခြင်းဟာ သံလိုက်ဓာတ်လျော့ပါးစေတယ်လို့ ဆိုတယ်။ အလကားနေရင်း ဒူးလှုပ်လှုပ် ပေါင်လှုပ်လှုပ် ဆိုတာမျိုး မနေရဘူး။ ကလေးသူငယ်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အလကားနေရင်း ခြေလှုပ်၊ ခေါင်းလှုပ် ရှုပိုးထိုးနေတတ်တာပေါ့။ သူတို့မှာတော့ လူလားမမြောက် အရွယ်မရောက်သေးတဲ့အားလျော်စွာ ခန္ဓာကိုယ်ရဲ့ စွမ်းအင်တွေက ပိုမိုတိုးတက်နေတဲ့အတွက် မနေနိုင် မထိုင်နိုင် ရှုစိရှုစိ ဖြစ်နေတာပေါ့။ အရွယ်ရောက်လာပြီးတဲ့အခါမှာ အဲ့ဒီစွမ်းအင်ကို ထိန်းချုပ်နိုင်တဲ့သတ္တိ ရှိလာရတယ်။ အဲ့ဒါကို ထိန်းချုပ်နိုင်ခြင်းဟာ တန်ခိုးသတ္တိတစ်မျိုးပဲ။ အဲ့ဒီလို ထိန်းချုပ်နိုင်ရင် လူရဲ့ သံလိုက်ဓာတ်စွမ်းအင်တစ်မျိုးပဲလို့ ဆိုပါတယ်။ ကိုအောင်သင်းကို ကျွန်တော် သတိထားကြည့်မိတယ်။ စိတ်မဆိုးနဲ့နော် ခင်ဗျားမှာ အဲ့ဒီစွမ်းအင်ချို့တဲ့နေတဲ့သဘောတွေ့ရတယ်။ ဒူးလှုပ် ပေါင်လှုပ် နေတတ်လေ့ရှိတယ်။ အဲ့ဒီအကျင့်ကို ထိန်းနိုင်ရင် ကောင်းမယ်။ ဆိုလိုတာက အမှတ်မထင်၊ အမှတ်မထင် ဆိုတာက ကိုယ်မသိလိုက်ဘဲ ဘယ်အင်္ဂါအစိတ်အပိုင်းကိုမှ မလှုပ်ပါစေနဲ့။ မျက်တောင်ခတ်တာမျိုးကတော့ အသက်ရှူတာလို ခန္ဓာကိုယ်က သူ့သဘောသူ ဆောင်နေတာ၊ လက်ခြေဆိုတာကတော့ ကိုယ်ကမသိဘဲ လှုပ်ချင်လှုပ်နေတာ။ ဒီတော့ အရေးကြီးတာက အလကားနေရင်း ဒူးလှုပ်၊ ပေါင်လှုပ် ဖြစ်နေတာမျိုး ခင်ဗျားမှာ အလေ့အထ ဖြစ်နေတယ်။

"ဒီတော့ အဲ့ဒါကို အမှတ်မထင် ကိုယ်မသိဘဲ လှုပ်နေတာမျိုး မဖြစ်အောင် ထိန်းကြည့်ပါလား။ စိတ်တန်ခိုးသတ္တိ သံလိုက်ဓာတ်တက်လာမှာပါပဲ။ နောက်တော့ အမှတ်မထင် စကားပြောတာတွေ၊ အမှတ်မထင် စကားမှားတာတွေ မဖြစ်တော့ဘူးပေါ့"

ငါက အသက် ၂၀ ကျော်ကျော်ပဲရှိပါသေးတယ်။ ပင်ကိုအားဖြင့်လည်း လှုပ်ချင်ရှားချင် တက်ကြွနေတဲ့ ဇီဇမျိုးပါတယ်ဆိုတော့ သူပြောသလို ရှုစိရှုစိဖြစ်နေတတ်ပါတယ်။ နောင်အခါမှာ ဗုဒ္ဓဘာသာရဲ့ ဝိပဿနာကျင့်စဉ်တွေ တွေ့လာရတော့ သဘောက သတိပဋ္ဌာန်တရားကျင့်စဉ်တွေပါပဲ။ ဒါပေမဲ့ ဒီအချိန်က ငါ့အဖို့မှာ ဝိပဿနာ၊ သတိပဋ္ဌာန်ဆိုတာတွေနဲ့ အလှမ်းဝေးကွာခဲ့ပါတယ်။ ဒါကြောင့် အဲ့ဒီကိုဘသန်း ပြောပြတဲ့ သံလိုက်ဓာတ် ပျိုးထောင်ခြင်းကို လိုက်နာပြီး ငါ့စိတ်ကို အတော်ကြီး သတိထားနေ





တတ်တဲ့အကျင့်ကောင်းလေး ရခဲ့ပါတယ်။ အခုပြောချင်တာက မိမိအားပြောဆိုဆုံးမသည်ကို နှလုံးသွင်း နာခံတတ်တယ်လို့ ဆိုရမှာပေါ့။ ကိုဘသန်းကလည်း မေတ္တာအရင်းခံနဲ့ ချိုသာစွာ ပြောဆိုဆုံးမတတ်သူလို့ ဆိုရမှာပဲ။ ဘာပဲပြောနေနေ မင်းတို့ ငါတို့ဟာ တစ်ဖက်သား ပြောဆိုဆုံးမသည်ကို နာခံတတ်သော တစ်ဖက်သားကို နာခံချင်လာအောင် ပြောဆိုဆုံးမတတ်သူတွေဖြစ်လာအောင် သတိထားကြိုးစားရမယ် မဟုတ်လား။

ငါက ဒီစာကိုရေးနေတဲ့အချိန်ဟာ ၂၀၁၃ ဩဂုတ်လ ၁၅ ရက်နေ့ဖြစ်ပါတယ်။ လောလောဆယ်အားဖြင့် သမ္မတဦးသိန်းစိန်နဲ့ အစိုးရအဖွဲ့က စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ချောမွေ့စွာ ကူးပြောင်းနိုင်ဖို့ ကြိုးစားနေချိန်ဖြစ်ပါတယ်။ ဒီတော့ အဖွဲ့အစည်းပေါင်းစုံနဲ့ အစိုးရနဲ့ ညှိနှိုင်းနေကြဆဲကာလပါ။ တခြားကိစ္စရေးရာတွေကိုထားလိုက်တော့ 'မီဒီယာ' လို့ ခေါ်ကြတဲ့ သတင်းထုတ်ပြန်ပြောဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ အစိုးရနဲ့ ညှိနှိုင်းနေရတဲ့ကာလ ဖြစ်ပါတယ်။ အတိုချုပ်ပြောရရင်တော့ စာနယ်ဇင်းသမားတွေနဲ့ စာနယ်ဇင်းဥပဒေသမားတွေ အပြန်အလှန် ဝေဖန်ညှိနှိုင်းနေကြတဲ့အချိန်ပေါ့။

တစ်နည်းအားဖြင့်ဆိုရင် ဝေဖန်သူနဲ့ ဝေဖန်ခြင်းခံရသူတို့ တစ်ဖက်နဲ့ တစ်ဖက် နားလည်မှုရှိလာအောင် တစ်ဖက်နဲ့ တစ်ဖက် 'သောဝစသတာ'ဖြစ်အောင် မင်္ဂလာတရားနဲ့ ညီညွတ်အောင် ညှိနှိုင်းကြတယ် ဆိုရမှာပေါ့။

ကဲ– တွေ့ကြပြီမဟုတ်လား ဘုရားဟောခဲ့တဲ့ မင်္ဂလာတရားတော်ဟာ အခါမလင့် လူ့လောကကို ကျေးဇူးပြုနေတာပါပဲ။ ဒါကြောင့် မင်းတို့လူငယ်တွေ သတိပြုတတ်ကြစေဖို့ တန်ဖိုးထားတတ်ကြစေဖို့ ဒီ 'မင်္ဂလာပါ' ဆောင်းပါးတွေကို ငါရေးနေရခြင်း ဖြစ်ပါတယ်။ ငါက ကြိုးစားပမ်းစားရေးနေသလို မင်းတို့ကလည်း အလေးအနက်ထားပြီး စဉ်းစားသုံးသပ်ကြစေချင်ပါတယ်။

ကဲ–နောက်မင်္ဂလာတစ်ပါးကို သွားကြဦးစို့။



www.burmeseclassic.com

www.burmeseclassic.com



'သမဏာနဥ္စ ဒဿနံ' ဆိုတဲ့ ပုဒ်ကို သပြေကန်ဆရာတော်ဘုရားကြီး ဖွင့်ထားတာကို ကြည့်လိုက်ပါဦး။

*'သမဏဒဿနံ။ ။ သမဏ – ကိလေသာတို့ကို ငြိမ်းစေတတ်သူ။ ကိလေသာလုံးဝငြိမ်းပြီးသော ရဟန္တာများနှင့် ကိလေသာငြိမ်းအောင် ကြိုးစားနေကြသော ရဟန်းတော်များအားလုံးကိုပင် သမဏ ဆိုရသည်။ ကောင်းစွာကျင့်ကြံအားထုတ်နေသော ပုထုဇဉ်ရဟန်းတော်များမှာ ကိလေသာငြိမ်းအောင် ပြုနေသူများဖြစ်၍ သမဏပင်၊ သဒ္ဒါတရားရှိသူမှာ အကျင့်ကောင်း၍ သိက္ခာဂုဏ်ရှိသော ရဟန်းတော်တို့ကို ဖူးမြင်ရလျှင် စိတ်ကြည်လင် ကုသိုလ်တိုး၍ မင်္ဂလာဖြစ်ရသည်။'*

နှိုင်းယှဉ်စဉ်းစားကြည့်လိုက်ပေါ့ကွယ်။ ကျက်သရေရှိတာနဲ့ ကျက်သရေမဲ့တာ မင်းရဲ့အတွေးမှာ ဝင်မလာပေဖူးလား။

ကဲ– နောက် မင်္ဂလာတရားတစ်ပါးကို ဆက်ကြဦးစို့။

*'ဓမ္မသာကစ္ဆာ'–'တရားဆွေးနွေးရခြင်းသည် မင်္ဂလာတစ်ပါး'* ဖြစ်တယ်လို့ ဘုရားက ဟောကြားခဲ့ပါတယ်။ ဘုရားရှင်က နိဗ္ဗာန်ရောက်ကြောင်း ကိလေသာလျှော့ပါးကြောင်း စတဲ့ မြင့်မြတ်သော တရားစကားများကို ပြောဆို ဆွေးနွေးရခြင်းသည် မင်္ဂလာတစ်ပါးလို့ ဆိုတယ်။

အဲ့ဒီမှာ မင်းတို့ငါတို့လို ပုထုဇဉ် လူငယ်တွေက ဘာတွေ ဆွေးနွေးကြသလဲ။ အလကားနေရင်း အားလပ်နေတဲ့အချိန်တွေမှာ ဘာအကြောင်းတွေ ပြောမိတတ်ကြသလဲ စဉ်းစားကြည့်ပေါ့။ ဘယ်ရုပ်ရှင်က ဘယ်လို ဘယ်မင်းသမီး ဘယ်မင်းသားက ဘာဖြစ်တာပဲ ဘယ်သူဝတ်စားဆင်ယင်လာတဲ့စတိုင်လ်က ဘယ်သို့ဘယ်ညာ စသည်အားဖြင့် ဒါမျိုးတွေကိုပဲ ပြောတတ်ကြတယ် မဟုတ်လား။

သို့သော်လည်း အပြစ်ကြီးရယ်လို့ မဆိုသာပါဘူး။ ပုထုဇဉ်လူငယ်





တို့ရဲ့ သဘာဝ မဟုတ်လား။ နိဗ္ဗာန်ရောက်ကြောင်းတွေ ဝိပဿနာတွေ ဘယ်မှာဆွေးနွေးရကောင်းမှန်း သိပါ့မလဲ။

ငါတွေ့ရသလောက် လူငယ်တွေရဲ့ စကားဝိုင်းမှာ ထွေရာလေးပါး ပေါက်တတ်ကရ ပြောနေကြတဲ့ စကားဝိုင်းတွေကိုလည်း တွေ့ဖူးတယ်။ ကျောင်းသင်စာပေနဲ့ ပတ်သက်လို့ အပြန်ပြန်အလှန်လှန် မေးမြန်းဆွေးနွေးကြတာတွေကိုလည်း တွေ့ဖူးတယ်။ ငါ့သဘောအရ ပြောရရင်တော့ ဒုတိယဆွေးနွေးပွဲမျိုးကို မင်္ဂလာတစ်ပါးလို့ ပြောလိုက်ချင်တာပဲ။ ကြားနာသူလည်း အကျိုးရှိ ပြောသူမှာလည်း အကျိုးရှိ အပြန်အလှန် ကျေးဇူးပြုနေတဲ့အတွက်ကြောင့် မင်္ဂလာတရားလို့ ပြောချင်တယ်။

အဲ့ဒီလိုပဲ ကဗျာအရေး၊ ဇာတ်အရေးဆိုတာမျိုးတွေကို သတင်းဖလှယ်ပြီး ဆွေးနွေးကြတာတွေဟာလည်း နိဗ္ဗာန်ရောက်ကြောင်း လောကုတ္တရာတရားဆွေးနွေးပွဲ မဟုတ်သော်လည်း အသိဆင်ခြင်ဉာဏ်တိုးပွားစေတဲ့အတွက် မင်္ဂလာတစ်ပါးလို့ ပြောလိုက်ချင်တယ်။

ဒီတော့ မင်းတို့လူငယ်တွေမှာ အကျိုးရှိသော အသိဉာဏ် ဗဟုသုတတိုးပွားစေသော ဆွေးနွေးပွဲတွေဟာ လောကုတ္တရာမင်္ဂလာ မဟုတ်သော်လည်း လောကီမင်္ဂလာတစ်ပါးရယ်လို့ အသိအမှတ်ပြုကြစေချင်တယ်။ ဒီတော့ နိဗ္ဗာန်ရောက်ကြောင်း လောကုတ္တရာမင်္ဂလာကို မကြိုးပမ်းနိုင်လင့်ကစား အသိဉာဏ်ပညာကို ဖွံ့ဖြိုးစေတဲ့ ဆွေးနွေးပွဲ လောကီမင်္ဂလာကိုတော့ နိုးနိုးကြားကြား ကြိုးစားစေချင်တယ်လို့ ပြောလိုက်ပါတယ်။

သပြေကန်ဆရာတော်ဘုရားကြီးကတော့ လူငယ်များ လောကမှာလည်း တရားစကားဆွေးနွေးခြင်းကို ပြုအပ်ကြောင်းနဲ့ မင်္ဂလာတစ်ပါးဖြစ်ကြောင်း တိုက်တွန်းထားတယ်။ ဖတ်ကြည့်ပါဦး။

*'တရားဆွေးနွေးခြင်းကို လူကြီးများသာ ဆွေးနွေးလေ့ရှိရာ ယခုခေတ်လူငယ်များ မဆွေးနွေးကောင်းသလို ဖြစ်နေ၏။ အမှန်က တရားမည်သည် စိတ်ကောင်းထားတတ်ခြင်း၊ မတရားကို ရှောင်၍ တရားကို*



www.burmeseclassic.com

www.burmeseclassic.com



လေးစားတတ်ခြင်း၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စသော တရားများ တိုးပွားစေခြင်းဖြင့် လောကကြီးပွားရေး ဓမ္မကြီးပွားရေး နှစ်ဖက်လုံး အားပေးတတ်ရာ အဘယ်မှာ လူငယ်များ မသိထိုက်ဘဲ ရှိပါအံ့နည်း။ ထို့ကြောင့် တရားဆွေးနွေးသော အစည်းအဝေး (ဓမ္မသာကစ္ဆာသဘင်) ကလေးများ မကြာမကြာ ကျင်းပ၍ ပြောသူကပြော နားထောင်သူက နားထောင်လျှင် အလွန်အကျိုးရှိမည်သာ။ ထိုသဘင်မျိုးမှာ မင်္ဂလာရှိသော သဘင်မျိုးတည်း။'

## (၃၃)

တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံ မင်္ဂလ မုတ္တမံ။

မင်္ဂလာလေးပါး စကားပြေ–'နတ်သား၊ တပခေါ် အကျင့်ကို ကျင့်ခြင်း၊ ဗြဟ္မစရိယအကျင့်ကို ကျင့်ခြင်း၊ အရိယသစ္စာ တို့ကို သိမြင်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ ဤလေးပါး ကား ကောင်းမြတ်သော မင်္ဂလာတည်း။'

အဲ့ဒီမှာ ဒါကတော့ မင်းတို့ ငါတို့သိနေတဲ့ 'တပသီ' ဆိုတာ သတိထားမိရပါလိမ့်မယ်။ 'ဝိဇ္ဇာ ဇော်ဂျီ တပသီ' ဆိုတဲ့ စကားတွေကို ငါတို့ဗမာတိုင်း ကြားဖူးကြပါတယ်။ အဲ့ဒီအကျင့်တွေကို အားလုံး ခြုံလိုက်ရင် 'ဒုက္ကရစရိယ' အလွန်ခက်ခဲ ငြိုးငြင်သော အကျင့်ဆိုပါစို့။ ဘုရားရှင် ကိုယ်တော်တိုင်လည်း 'ဒုက္ကရစရိယ'ကို ခြောက်နှစ်တိုင်တိုင် ကျင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ နိဗ္ဗာန်ရောက်ကြောင်း တရားအမှန်ကိုရသွားတယ်ဆိုတာ မင်းတို့လည်း သိကြမှာပါ။

'တပ' အကျင့်ဆိုတာကတော့ အဲဒီလို ခက်ခဲစွာ ခြိုးခြံတဲ့ အကျင့်ပါပဲ။ 'အရိယာ' ဆိုတာဟာလည်း အဲဒီလို အကျင့်ကျင့်တဲ့ သူတော်စင်တွေပါပဲ။

ဘုရားလက်ထက်က ပေါ်ပေါက်ခဲ့တဲ့ 'တိတ္ထိ' ဆိုတာတွေဟာ တကယ်ဆိုတော့ သူတို့လည်း မိမိတို့မှာရှိတဲ့ ကာမတဏှာကိလေသာဆိုတဲ့ အညစ်အကြေးတွေ သန့်စင်အောင် ပြင်းပြင်းပြင်ပန်းဆင်းရဲစွာ ကျင့်ကြံခြိုးခြံနေထိုင်ခဲ့တဲ့ သူတော်စင်တွေဖြစ်တယ်။

အိန္ဒိယပြည်မှာဆိုရင် ဒီကနေ့ထိအောင် အဲဒီလို သန့်ရှင်းစင်ကြယ်မှုရအောင် လေ့ကျင့်အားထုတ်နေတဲ့ တစ်နည်းအားဖြင့် 'တပ' အကျင့်ကို ကျင့်နေကြတဲ့ သူတော်စင်တွေ အဆက်မပြတ်ရှိနေကြဆဲပါပဲ။ သူတို့ရဲ့ ကျင့်စဉ်တွေကလည်း အမျိုးမျိုးပါပဲ။ တစ်ခုတည်းသော ရည်ရွယ်ချက်က အာသဝေါကုန်ခန်းပြီး သန့်စင်လူးမြတ်သောအဖြစ်သို့ ရောက်စေရေး မဂ်တရား ဖိုလ်တရားကို ရစေရေးပဲ ဖြစ်ပါတယ်။ ကျင့်ပုံကျင့်နည်းတွေကတော့ အဲဒီ ယောဂီ၊ ဘုန်းကြီး၊ ရသေ့ စသည်တို့ဟာ တစ်ဦးနဲ့တစ်ဦး မတူကြဘူး။ အိန္ဒိယမှာ နှစ်ရှည်လများ သီတင်းသုံးဖူးတဲ့ တို့မြန်မာဘုန်းတော်ကြီးတွေ ပြန်လည်မိန့်ကြားလို့ ငါလည်း ထိုက်သင့်သလောက် ရိပ်စားခဲ့မိပါတယ်။ သူတို့ရဲ့ မိန့်ကြားချက်ကို အခြေခံပြီး မှန်းဆကြည့်ရရင် တစ်ချို့ယောဂီတွေဆိုရင် သူတို့ကိုယ်ကိုယ် သန့်ရှင်းစေချင်လို့ အဝတ်အထည် စသည်တို့ကိုတောင်မှ ခြုံလွှမ်းဝတ်ဆင်ခြင်းမပြုတော့ဘူး။ ကိုယ်လုံးတည်းပဲ နေကြတယ်။ နွေမိုးဆောင်း မည်မျှထိအောင် ပူစေအေးစေတော့ အကာအကွယ်မယူဘူး။ ကိုယ်ခန္ဓာကြီးကို သက်သာအောင် မပြုဘူး။ ပကတိရှိနေတဲ့ သဘာဝပတ်ဝန်းကျင်ကို သည်းခံပြီးနေကြတယ်။ ဒါပေမဲ့ သူတို့တစ်တွေကို အများပြည်သူတွေက ရိုသေကြတယ်။

တစ်ချို့ဆိုရင် မတ်တတ်ရပ်ပြီးနေတယ်။ ဘယ်တော့မှမထိုင်ဘူး၊





လဲလျောင်းခြင်းမပြုဘူး။ အိပ်စက်ရင်လည်း မတ်တတ်ပဲ မှေးတယ်။ လဲလျောင်းအိပ်စက်ခြင်း မပြုဘူး။ ကြာလာတော့ သူတို့ရဲ့ ခြေသလုံး၊ ပေါင် စသည်က သွေးကြောတွေဟာ အထုံးလိုက် အဖုလိုက်ကြီးတွေ ဖြစ်လာတယ်။ ဒါပေမဲ့ သူတို့ဘယ်တော့မှ လဲလျောင်းခြင်း၊ ထိုင်ခြင်း မပြုတော့ဘူး။ အလွန်ပင်ပန်းဆင်းရဲခြင်းကြီးတဲ့ အကျင့်ပေါ့။

သူတို့ကို 'အရိယာ' လို့ ခေါ်တယ်။ 'အရည်ဝါသီ တောရမှီ' ဆိုတဲ့ စကားကို မင်းတို့ ကြားဖူးပါလိမ့်မယ်။ အဲဒီလိုကျင့်တဲ့ ပုဂ္ဂိုလ်တွေကို 'တပ'လို့ပဲ ခေါ်ကြတယ်။ သူတို့အားလုံးဟာ ကာမတဏှာကိလေသာတွေ သန့်ရှင်းအောင် ပင်ပန်းကြီးစွာ အားထုတ်ဆေးကြောနေကြသူတွေ ဖြစ်တယ်။ ဒါကြောင့် အဲဒီလိုပုဂ္ဂိုလ်တွေကို တွေ့ဆုံပူဇော်ရခြင်း၊ သူတို့ထံမှ စကားကြားနာရခြင်း စသည်တို့ကို မင်္ဂလာတရားတွေပဲလို့ ဘုရားရှင်က မိန့်ကြားခဲ့တာပေါ့။

ဒါတွေကို ရေးနေရင်း သတိရမိတာတစ်ခုကတော့ ငါတို့နိုင်ငံမှာ ပုဂံခေတ်က ပေါ်ပေါက်ခဲ့တဲ့ 'အရည်းကြီးသာသနာပါပဲ'။ 'အရည်းကြီး' ဆိုတာဟာ တကယ်ဆိုတော့ 'အရိယာ' 'အရည်ဝါသီ' စတဲ့ ဝေါဟာရတွေက ဆင်းသက်လာတယ်လို့ ထင်မိတာပဲ။

အဲဒီ 'အရည်းကြီး' ဝါဒီတွေရဲ့ အလေ့အထကို မြန်မာ့သမိုင်းနောက်ပိုင်းမှာ ရယ်စရာလိုလို လှောင်စရာလိုလို ရေးတတ်ကြတယ်။ 'ရေငုပ် မီးလှုံ တုံးခုန် ဖယ်ခတ်' အကျင့်မျိုးတွေကို ကျင့်တယ်လို့ အထင်သေးအောင် ရေးတတ်ကြတယ်။ တကယ်ဆိုတော့ နောက်ပိုင်း 'ဟီနယာန' လို့ ခေါ်တဲ့ 'ဗုဒ္ဓသာသနာ' ဝင်လာတော့ အဲဒီ မဟာယာနခေါ်တဲ့ သာသနာဝင်တွေကို နှစ်သက်ယုံကြည်ခြင်းမရှိကြောင်း ပြတဲ့စကားတွေလို့ ဆိုချင်ပါတယ်။ တကယ်ဆိုတော့ ဒီစကားမျိုးတွေကို မပြောချင် မရေးချင်ဘူး။ မလွှဲသာလို့ မင်းတို့တစ်တွေ ဆက်လက်စူးစမ်းလေ့လာနိုင်အောင် ထည့်ပြီးရေးလိုက်ရတာပါ။

ဒီနေရာမှာ တစ်ခုသတိထားဖို့ ပြောချင်တယ်။ ငါတို့ရဲ့ ဗုဒ္ဓမြ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဟာ တခြားယောဂီတွေ 'တပ'အကျင့်ကို ကျင့်တဲ့သူတွေကို ကိုယ့်ရဲ့ကျင့်စဉ်အယူအဆနဲ့ မတူသော်လည်း သူတို့ရဲ့ ကြိုးပမ်းမှုတို့ မှန်မြတ်တယ်လို့ အသိအမှတ်ပြုကြောင်း ထင်ရှားတယ်။ သူတို့ကို တွေ့ရ မြင်ရ ကြားနာရခြင်းကိုပဲ မင်္ဂလာတစ်ပါးရယ်လို့ သတ်မှတ်တယ်။

ဗုဒ္ဓဝင်ထဲမှာဆိုရင် ဗုဒ္ဓဘုရားနဲ့လာပြီး ပါဒယှဉ်ပြိုင်တဲ့ အတွေး အခေါ် အပြန်အလှန်လာပြီး ဆွေးနွေးကြတဲ့ 'တိတ္ထိ'ကြီးတွေအကြောင်း ခဏခဏ တွေ့ရတယ်။ အဲ့ဒီ 'တိတ္ထိ'ကြီးတွေဟာ တကယ်ဆိုတော့ 'ဒုက္ကရစရိယာ' ပင်ပန်းကြီးစွာ လေ့ကျင့်နေကြသူတွေဖြစ်တယ်။

အဲ့ဒီမှာ ဘုရားရှင်ကို ရန်ပြုပြီး သေကြောင်းကြံခဲ့တဲ့ 'ရှင်ဒေဝဒတ်'လို လူမျိုးနဲ့ အဲ့ဒီ 'တပ'ပုဂ္ဂိုလ်တွေနဲ့ ရောထွေးမသွားစေချင်ဘူး။ 'ဒေဝဒတ်'က ကိလေသာတရားကလွတ်ကြောင်း အားထုတ်တာမဟုတ်ဘူး။ ကြိုးပမ်းတာ မဟုတ်ဘူး။ ဘုရားရှင်ကို ဝန်တိုစိတ်နဲ့ လိုက်လံနှောင့်ယှက် အသက်ကို ထိအောင် သတ်ဖို့ ဖြတ်ဖို့ ကြိုးပမ်းခဲ့တာ။

အားလုံးကိုခြုံပြီး ပြောလိုက်ရရင်တော့ မိမိတို့ကိုယ်ကို သန့်ရှင်း အောင် လောဘ တဏှာ ကာမ ကိလေသာတို့မှ လွတ်ကင်းအောင် နည်းမျိုးစုံနဲ့ ပင်ပန်းကြီးစွာ ခြိုးခြံနေထိုင်ကျင့်ကြံတော်မူကြတဲ့သူတွေ အားလုံးကို ဘုရားရှင်က လေးစားကြောင်း အသိအမှတ်ပြုကြောင်း ပြလိုက်တာပါပဲ။ ဒါကြောင့် ဒီလိုသူတော်စင်တွေနဲ့ တွေ့ဆုံရခြင်းကို မင်္ဂလာတစ်ပါးလို့ သတ်မှတ်ခဲ့တာပေါ့။

မင်းတို့တစ်တွေ မကြာသေးမီက အလွန်ခေတ်စားခဲ့တဲ့ သိုင်းဝတ္ထု တွေကို သတိရကြလိမ့်မယ် ထင်ပါတယ်။ အဲ့ဒီမှာ တွေ့ရတတ်တဲ့ 'ထုံ' ကျင့်စဉ် 'အတွင်းအား'ကျင့်စဉ်ဆိုတာတွေကိုလည်း ပြန်ပြီး စဉ်းစား ကြည့်ကြပေါ့။ ဒီနေရာမှာ တစ်ခုပဲ ပြောချင်တာက တဏှာ လောဘ ကာမ ကိလေသာ နည်းပါးအောင် ပင်ပန်းကြီးစွာ အားထုတ်လေ့ကျင့်နေ ကြတဲ့သူတွေကို ဖူးတွေ့ရခြင်းသည် မင်္ဂလာတစ်ပါးလို့ ယူဆလိုက်ကြဖို့ ပါပဲ။

●

# (၃၄)

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

မင်္ဂလာလေးပါး စကားပြေ – လောကဓံတရားတို့နှင့် တွေ့ ကြုံရသော ပုဂ္ဂိုလ်၏ စိတ် မတုန်လှုပ်ခြင်း၊ စိုးရိမ်ပူဆွေးမှု မရှိခြင်း၊ ရာဂ စသော မြူမရှိခြင်း၊ ဘေးရန်ကင်းခြင်း၊ ဤလေးပါးမှာ ကောင်းမြတ်သော မင်္ဂလာပင်။

ရှေးရှေးက ဆရာတော်ကြီးများက ဒီမင်္ဂလာတရားတော်မှာ ဖော်ပြ တဲ့ မတုန်လှုပ်ခြင်း၊ ကြံ့ခိုင်သော စိတ်ရှိခြင်းတို့ကို အလေးအနက်ထားပြီး သတိပေးစကားအဖြစ် ဟောပြောမိန့်ကြားလေ့ရှိကြတယ်။ တရားနာသူ တွေကလည်း အလေးအနက် မှတ်သားနာယူလေ့ရှိကြတယ်။ ဒါကြောင့် ဒီကဗျာပိုဒ် (ဂါထာ)လေးဟာ လူတွေရဲ့ နှုတ်ဖျားဖြစ်ပြီး ဘေးအန္တရာယ်ကြုံရင်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ကရွတ်ရဆိုရတဲ့ အစွမ်းထက်သော ဂါထာလေးတစ်ပုဒ် ဖြစ်လာတယ်။ 'ဂါထာ' ဆိုတာဟာ လင်္ကာပါပဲ။ တစ်နည်းအားဖြင့် ကဗျာပိုဒ်လေးဆိုပါတော့၊ ဘုရားဟောတဲ့တရားတွေကို သေချာဖတ်ကြည့်ရင် ပါဠိလိုစီကုံးထားတဲ့ ကဗျာတွေပါပဲ။ သေချာဖတ်တတ် ရွတ်ပြတတ်မယ် ဆိုရင်အလွန်နားဝင်ချိုတဲ့ လင်္ကာလေးတွေပါပဲ။ ရှေးခေတ်ကတော့ အဲဒီလိုသံနေသံထားနဲ့ ရွတ်ပြလေ့ရှိတယ်။ ဒါကြောင့် အာဂုံဆောင်ရွတ်ဆိုကြပြီး မိမိစိတ်ကို ထိန်းသိမ်းကြတဲ့ လင်္ကာလေးလို့ ဆိုရမှာပေါ့။

လူတို့ရဲ့ဘဝ လောကမှာမှာ မလွဲမသွေကြုံကြရတဲ့ တရားတွေက ရှစ်ပါးရှိတယ်။ လောကဓံတရားရှစ်ပါးလို့ ခေါ်ကြတယ်။ အဲ့ဒီတရားတွေကို ဘုရားရှင်ကိုယ်တိုင်သော်မှ ကြုံခဲ့ရတယ်။ အဲ့ဒီအကြောင်းတွေကို ဘုရားရှင်ရဲ့ ဇာတ်ကြောင်းကို ဖတ်ကြည့်ရင် တွေ့နိုင်ကြပါတယ်။ လောကဓံတရားရှစ်ပါးဆိုတာက –

(၁) လာဘ = လာဘ်ရခြင်း
(၂) အလာဘ = လာဘ်မရခြင်း
(၃) ယသ = အခြွေအရံပေါများခြင်း
(၄) အယသ = အခြွေအရံ မရှိခြင်း
(၅) နိန္ဒာ = ကဲ့ရဲ့ခံရခြင်း
(၆) ပသံသာ = ချီးမွမ်းခံရခြင်း
(၇) သုခ = ချမ်းသာခြင်း
(၈) ဒုက္ခ = ဆင်းရဲခြင်းတို့ကား လောကဓံများတည်း။

အဲ့ဒီလောကဓံတရားရှစ်ပါးကို ခွဲခြမ်းကြည့်လိုက်ရင် ကောင်းတာလေးပါး ဆိုးတာ လေးပါးရှိနေတာကို တွေ့ကြလိမ့်မယ်။ တစ်နည်းအားဖြင့် မင်းတို့ ငါတို့ ကြိုက်နှစ်သက်တဲ့ တရားလေးပါး၊ မကြိုက်မနှစ်သက်နိုင်တာ လေးပါးဖြစ်နေတာကို တွေ့ရလိမ့်မယ်။

ဥစ္စာ ပစ္စည်း ဝင်ငွေ စသည်အားဖြင့် ချမ်းသာစီးပွားဝပြောတက်နေ





တယ်ဆိုရင် ငါတို့တစ်တွေ အလွန်စိတ်ချမ်းသာပျော်ရွှင်ကြတယ်။ အဲ့ဒီလိုမဟုတ်ဘဲ ချမ်းသာ စီးပွားဝင်ငွေလျော့နည်းကျဆင်းသွားရင် စိတ်ဆင်းရဲတတ်ကြတယ်။ ညှိုးငယ်သွားတတ်ကြတယ်။ ချမ်းသာစီးပွားဖွံ့ဖြိုးနေတဲ့အခါမှာ အမှတ်မထင် ပျော်ရွှင်ကြည်နူးနေတတ်ကြသော်လည်း ဆင်းရဲသွားတဲ့အခါမှာ စိတ်ညှိုးငယ်ဒုက္ခရောက်သွားတတ်ပြန်တယ်။ နှစ်မျိုးလုံးဟာ စိတ်ဓာတ်တုန်လှုပ်ခြင်းတွေပါပဲ။ နှစ်သက်သော တုန်လှုပ်ခြင်းနဲ့ မနှစ်သက်သော တုန်လှုပ်ခြင်းတွေပါပဲ။

အဲ့ဒါတွေကို ကျော်လွှားသွားနိုင်အောင် မိမိကိုယ်ကို မိမိ ဆည်တန့်နိုင်ခြင်းကို မတုန်လှုပ်သော စိတ်ဓာတ်၊ တည်တံ့သော သမာဓိ(နကမ္ပတိ) လို့ ခေါ်တာပါပဲ။ ငါတို့ လူသာမန်တွေကတော့ လောကဓံတရားတွေကို ကြုံလိုက်ရင် အနည်းနှင့်အများ တုန်လှုပ်ကြတာချည်းပါပဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်ပင်လျှင် အဲ့ဒီလောကဓံတရားရှစ်ပါးကို ဘဝတစ်လျှောက်လုံး ကြုံတွေ့သွားရတာပါပဲ။ သို့သော် အဲ့ဒီတရားတွေကြုံရတဲ့အတွက် ဘာမျှစိတ်တုန်လှုပ်ချောက်ချားခြင်း မရှိဘဲ ပကတိနိုင်မာတည်ငြိမ်တဲ့ သမာဓိစိတ်နဲ့သာ ဆည်တန့်တော်မူတယ်။ ရဟန္တာအရိယာပုဂ္ဂိုလ် စတဲ့ သူတော်စင်တွေဟာလည်း အဲ့ဒီလို မတုန်မလှုပ်နကမ္ပတိဖြစ်အောင် အားထုတ်တော်မူခဲ့ကြပါတယ်။

မင်းတို့တစ်တွေ ဗုဒ္ဓဘာသာမဟုတ်စေဦးတော့ ဗုဒ္ဓဘာသာလွှမ်းမိုးတဲ့ မြန်မာ့ပတ်ဝန်းကျင်မှာ နေရတာဖြစ်လို့ တစ်နည်းအားဖြင့် မြန်မာစာပေလောကမှာ ကျင်လည်ခဲ့ရတာမို့ မိမိစိတ်ကို 'သတိ' နဲ့ စောင့်ထိန်းကြရတယ်။ စောင့်ကြည့်ရတယ်ဆိုတာတွေကို ကြားဖူးနားဝရှိနေကြမှာပါ။ 'သတိဟူသည် ပိုသည်မရှိ'ဆိုတဲ့ စကားကိုလည်း ကြားဖူးကြမှာပါ။ ဒီက ရှေ့လျှောက်ပြီး ဆက်လိုက်လျှင် 'ဝိပဿနာတရားတော်'ကို ရောက်သွားတော့မှာပဲ။

ငါတို့တစ်တွေမှာ ချမ်းသာတဲ့လောကဓံကို ကြုံရရင် ပီတိတွေတဝေဝေနဲ့ ဖြစ်နေတတ်သော်လည်း ဆင်းရဲတဲ့လောကဓံကို ကြုံရရင်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေတတွေတွေနဲ့ တုန်လှုပ်ချောက်ချားခံစားမိတတ်ကြတယ်။ စိတ်ကို တည်တံ့နိုင်မာစွာ မတုန်မလှုပ် ပကတိရှိနေအောင် မထိန်းသိမ်းနိုင်ကြဘူး။

ဆိုကြပါစို့ကွယ်။ နေ့စဉ်တွေ့နေရတာလေးတွေကို ပြောပြလိုက်ချင်ပါတယ်။ ကိုယ့်ကို ဘယ်သူဘယ်ဝါက ဘယ်လို ချီးကျူးလိုက်တယ်လို့ ပြောလိုက်ရင် ပီတိဖြစ်သွားတာပဲ။ အဲ့ဒီလိုမဟုတ်ဘဲ ဘယ်သူဘယ်ဝါက ဘယ်လိုကဲ့ရဲ့လိုက်တယ်ဆိုရင် ဒေါသဖြစ်ရင်ဖြစ် ဒေါသမဖြစ်ရင်လည်း သောကရောက်ပြီး စိတ်ဆင်းရဲကြတယ်။ အဲ့ဒီ အတွေ့အကြုံကတော့ မလွတ်ကင်းနိုင်ဘူး။

မင်းတို့ငါတို့ ကြုံတွေ့နေရတဲ့ မျက်မှောက်ခေတ်ကြီးမှာဆိုရင် အပြောင်းအလဲတွေက အလွန်များပါတယ်။ မြန်လည်း မြန်တတ်ပါတယ်။ အရေးအခင်းကြီးတွေကလည်းပဲ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင် မြင်ရအောင် ရုပ်ရှင်ပြလိုက်သလိုပါပဲ။ အဲ့ဒီအပြောင်းအလဲတွေမှာ ဘဝအမျိုးမျိုး ပြောင်းလဲတာတွေကို မြင်တွေ့နေရကြတယ်။ ဒီနေ့ထိပ်တန်း နောက်တစ်နေ့ အချုပ်ခန်းဆိုတာမျိုးတွေကိုလည်း မြင်ကြတွေ့ကြရတယ်။ ဒါက လူကြီးမိဘတွေမှာသာ ကြုံရတာမဟုတ်ဘူး။ မိဘတွေက 'မြင့်ပြန် နိမ့်ပြန် လောကဓံ'ကို ကြုံရတော့ သားသမီးတွေမှာလည်း တစ်ဆက်တည်း ကြုံရတော့တာပေါ့။

ဒီလောကဓံတရားတွေကို တုန်လှုပ်ချောက်ချားခြင်းမရှိ ပကတိခံနိုင်ရည်ရှိတဲ့စိတ်ကို ဘုရားရှင်က ချီးကျူးတော်မူတယ်။ မင်္ဂလာတရားလေးပါးပေါ့။

ရှေးပညာရှိ ရဟန်းတော်ကြီးများ လူပညာရှိများက နည်းအမျိုးမျိုးနဲ့ သတိပေးဆုံးမတော်မူခဲ့ကြပါတယ်။ မင်းတို့ သတိထားမိကြပါလိမ့်မယ်။

*ဥစ္စာဆင်မြင်း ပေါများခြင်းကား၊ ယိုယွင်းနောက်ဆုံးရှိမည်တည်း။*
*နနယ်ရုပ်ဆင်း ပျိုမျစ်ခြင်းကား၊ အိုခြင်းနောက်ဆုံးရှိမည်တည်း။*
*ဝိဉာဉ်ထင်လင်း သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံးရှိမည်တည်း။*





*ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံးရှိချေ၏။*
*တက်ကြွားကြွကြွ မြင့်လွန်းကလည်း၊ လျှောကျနောက်ဆုံးရှိချေ၏။*
*ခံမင်ခယ ချစ်လွန်းကလည်း၊ သောကနောက်ဆုံးရှိချေ၏။*

အဲ့ဒီလင်္ကာလေးတွေကိုဆိုရင် နားဝင်ချိုရုံမက သံဝေဂယူစရာလည်း ဖြစ်လို့ ပုံနှိပ်ပြီး ဒါနပြု ဝေငှကြတယ်။ ငါတို့ငယ်ငယ်က အိမ်တိုင်းလိုလိုမှာ နံရံမှာကပ်ထားတာတွေ့လို့ ကလေးဘဝကတည်းက အလွတ်ရနေခဲ့ပါတယ်။

*

*ဖောဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။*
*အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။*

*စကားပြေ – ဤဆိုခဲ့ပြီးသော မင်္ဂလာတို့ကို ပြုကြလျှင် ရန်သူမှန်သမျှ အောင်နိုင်ကြ၍ ဘယ်အရပ်မှာမဆို ချမ်းသာခြင်းသို့ ရောက်ရ၏။ ၃၈ ဖြာ မင်္ဂလာသည် ထိုမင်္ဂလာမှုပြုကြသူတို့၏ ကောင်းမြတ်သော မင်္ဂလာသာပင်တည်း။*

နိဂုံးချုပ် ချီးကျူးချက်။ ။ ဆိုခဲ့ပြီး ၃၈ ဖြာ မင်္ဂလာတို့ကို နိဂုံးချုပ်အနေအားဖြင့် အကျိုးပြုချီးကျူးတော်မူလို၍ 'ဧတာဒိသာနိ ကတွာန' စသည် မိန့်တော်မူသည်။

သဗ္ဗတ္ထ အပရာဇိတာ။ ။ 'ပါရာဇိကော ဟောတီတိ ပရာဇိတော ဟောတိ။ ပရာဇယမာပန္နောတိ ဝုတ္တံ'။ ကင်္ခါအဋ္ဌကထာအရ အပရာဇိတာ–မရှုံးခြင်း (အောင်ခြင်း)သို့ ရောက်သည်ဟူသော အနက်ရနိုင်ရာ ထိုအနက်အရ သဗ္ဗတ္ထသည် အာဓာရဖြစ်နိုင်သောကြောင့် အာဓာရအနက်ပေးခဲ့သည်။ 'သဗ္ဗတ္ထ–ခပ်သိမ်းသော ရန်သူတို့၌။ အပရာဇိတာ–မရှုံးခြင်း (အောင်ခြင်း)သို့ ရောက်ကြကုန်သည်ဖြစ်၍' ပေး။



www.burmeseclassic.com

www.burmeseclassic.com



နိဂုံး။ ။ ဤမင်္ဂလာသုတ်ကို မြတ်စွာဘုရားဟောကြားပြီးနောက် အရှင်အာနန္ဒာအား သင်ပေး၍ ရဟန်းများကို ပို့ချပေးရန် မိန့်တော်မူ၏။ အမိန့်တော်အတိုင်း မိမိသင်ယူထားသော မင်္ဂလသုတ်ကို ရဟန်းတို့အား သင်ပေးခဲ့၏။ ဤသို့ဖြင့် ဆရာအဆက်ဆက် သင်ကြားမှတ်သားခဲ့သော မင်္ဂလသုတ်ဒေသနာတော်မှာ ယနေ့တိုင် ကမ္ဘာတစ်ဝှမ်းလုံး၌ အထင်အရှား တည်ရှိရပေသည်။ ထို ၃၈ဖြာ မင်္ဂလာတရားသည် တစ်နေ့ထက် တစ်နေ့ တိုးတက်ထွန်းကားပါစေသတည်း။

အောင်သင်း

၅-၉-၂၀၁၃

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းမှုမရှိရင်
စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး
ဘာမှမပြည့်စုံနိုင်တော့ဘူး . . . လို့သာ
ပြောချင်တော့တာပဲ။
ဒါကြောင့် ငြိမ်းချမ်းတဲ့ အရပ်ဒေသသည်သာလျှင်
ပတိရူပဒေသ ဖြစ်နိုင်စကောင်းတယ်
ပြောချင်ပါတယ်။

BURMESE CLASSIC .com

# အောင်သင်း

## လူငယ်များသို့ မင်္ဂလာပါ

Win Myint Oo
2 0 1 5

Aung Thin
Mingalar To Youth
ZP034 300ks

www.burmeseclassic.com